
www.burmeseclassic.com

ပခုက္ကူဦးအုံးဖေ စာပေဆုရ

# လောကအလှ ဘဝကြေးမုံ

## ဝတ္ထုတိုများ

နေမျိုးသန့်



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၆ ခုနှစ်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု
ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ

# လောကအလှ ဘဝကြေးမုံ ဝတ္ထုတိုများ

ရေးသူ–နေမျိုးသန့်

စီစဉ်တည်းဖြတ်သူ – ဦးညွန့်ဟံ (ညွန့်ဟံ ကြူတော)
စာတည်း (တာဝန်ခံ)
– ဒေါ်တင်မွေး (မွေးငယ်ငယ်)
စာတည်း
အဖုံးပန်းချီ – ကံကောင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁,၅၀၀

တန်ဖိုး (၅၀၀) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ခွေငယ်) ၏
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လောကအလှ ဘဝကြေးမုံ | ... ၁ |
| ၂။ | အမေ့ရွာက ငွေလမင်း | ... ၃ |
| ၃။ | မိသခင်မြင်လာစေချင်စမ်းပါဘိ | ... ၂၀ |
| ၄။ | အလှည့်ကျ မန္တလေးကြိစတမ်း | ... ၃၄ |
| ၅။ | ပုံတော်ပုံညာ ကေရီ | ... ၄၆ |
| ၆။ | ထန်းညိုတောက ပွဲတင်သံ | ... ၅၉ |
| ၇။ | ကိုကျိုးညိုနှင့် ရွှေမင်းသမီး | ... ၇၃ |
| ၈။ | တောလားကဗျာ | ... ၈၈ |
| ၉။ | ဟိုဘက်အိမ် သည်ဘက်အိမ် | ... ၁၀၁ |
| ၁၀။ | သနပ်ခါးပေးတော့ ကိုအဝ့ါ | ... ၁၁၆ |
| ၁၁။ | အဘွားကြွယ်ကို ပြောလိုက်ပါ | ... ၁၃၄ |
| ၁၂။ | ရွှေရတုအလွမ်း | ... ၁၄၈ |
| ၁၃။ | ညအမှောင် လရောင်ထင်မိမှား | ... ၁၆၅ |
| ၁၄။ | နှင်းမိုးစင် ရိပ်ဝယ် | ... ၁၈၀ |
| ၁၅။ | အမေကမြေ အဖေကမိုး | ... ၁၉၆ |


www.burmeseclassic.com

www.burmeseclassic.com

## လောကအလှ ဘဝကြေးမုံ

လူ့ဘဝသည် ရခဲလှ၏။ လူ့ဘဝဆိုသည်မှာ ဇာတိအစ၊ မရဏာအဆုံး ဖြစ်ပျက်ပြုပြင်ပြောင်းလဲနေသော အစဉ်သာဖြစ်သည်။ ဘဝအစဉ်တွင် အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးကြ၏။ အရွယ်တို့သည် တစစပြောင်းလဲကြ၏။ မြန်မာမှုနယ်ပယ်တွင် အရွယ်ကိုသုံးပိုင်းခွဲခြားထား၏။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူ၍ ဖြစ်သည်။ ပညာသင်အရွယ်၊ ဥစ္စာရှာအရွယ်၊ ဘဝနာပွားသည့်အရွယ်တို့ဖြစ်သည်။ အနောက်တိုင်းစာရေးဆရာ၊ ပြဇာတ်ဆရာ ရှိပ်စပီးယားကမူ ဘဝကို ခုနစ်ပိုင်းပိုင်းခြားထားသည်။ မိခင်ရင်ခွင်မှ နို့အန်သောအရွယ်၊ ကလေးငယ်အရွယ်၊ ကျောင်းသွားစအရွယ်၊ ချစ်သူအရွယ်၊ ဂုဏ်သရေရှိအရွယ်၊ အဘိုးကြီးအရွယ်၊ သူငယ်ပြန်အရွယ်ဟူ၍ဖြစ်သည်။

လူသား၏ ဗိဇစိတ်တွင် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အဆိုးတရားတို့သည် ရှိကုန်၏။ မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာ၊ မုဒိတာတည်းဟူသော အမြတ်တရားတို့သည်လည်းရှိကြသည်။ လောကဓံတရားတို့သည်၊ လူ့ရပ်မြေသို့ ရစ်သိုင်းဖွဲ့ချီ၍ရောက်လာတတ်ကြသည်။ ကာလ၊ ဒေသ၊ ပယောဂနှင့် ယှဉ်၍ လောကဓံလှိုင်းများအကြားတွင် လူသားတို့လှုပ်ရှားရုန်းကန်ကြရသည်။ အနောက်တိုင်းကဗျာဆရာတစ်ဦးက "ဘဝဟူသည်၊ မွေးဖွားခြင်း ဤမှာဘက်ကမ်းမှ သေဆုံးခြင်းဟိုမှာဘက်ကမ်းသို့ လှိုင်းလေများအကြားတွင် လှုပ်ရှားကူးခတ်နေရသော လှေငယ်တစ်စင်းဖြစ်သည်" ဟုဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝအစဦးတွင် လူ့ပ်ရှားရှန်းကန်မှုတိုင်းသည် ဇာတ်လမ်းဇာတ်ကွက်ဖြစ်လာကြသည်၊ ဇာတ်လမ်း ဇာတ်ကွက်တိုင်းတွင် အဆိုးတရားများနှင့် အကောင်းတရားတို့သည် အားပြိုင်ကြ၏။ လူကောင်းနှင့်လူဆိုးတို့သည် ပဋိပက္ခဖြစ်လာတတ်ကြသည်။ လူကောင်းနှင့် လူဆိုး၏စိတ်ကောင်းနှင့်စိတ်ဆိုးတို့သည် သရုပ်သကန်ကွဲလာကြ၏။ ထိုစဉ်မှာပင် "ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုတ်၊ ကြောက်ရွံ့၊ ရဲရင့်၊ အံ့ဩ၊ နောအရသာ" ဟူသော ရသကိုးပါး စိတ်အာရုံပန်းတို့လည်း ပွင့်ဖူးလာကြတော့သည်။ လူ့ဘဝတွေထဲမှာပင် ဘဝသင်ခန်းစာများကို ထုတ်ယူပွားများ၍ အနာဂတ်လူ့ဘောင်သစ်ခရီးကို ဆက်ကြရပြန်သည်။

စာရေးသူသည် ဘဝခရီးမှာ ရုန်းကန်လှုပ်ရှားရင်း မိမိပတ်ဝန်းကျင်တွေ့မြင်ရာရာကို လေ့လာမှတ်သားခဲ့မိပါသည်။ ကျောင်းဆရာတစ်ဦး ပီပီ မှတ်ဖွယ်မှတ်ရာ ကောင်းနိုးရာရာဘဝသင်ခန်းစာများကို မှတ်ယူပါသည်။ တောင်ပေါ်တစ်ခွင် မြေပြင်တစ်ဝှမ်းတွင် နေထိုင်ကြသော မြန်မာပြည်သူပြည်သားတို့သည် လောဘ၊ ဒေါသ၊ မောဟ မကြီးမားလွန်းကြပါ၊ မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာ၊ မုဒိတာတရားများကိုသာ ရင်မှာထွေးပိုက်၍ ဘဝအရေး၊ အမျိုးသားရေးတိုးတက်အောင်ကြိုးပမ်းလျက်ရှိကြ၏။ အောင်မြင်သည်လည်းရှိသည်။ ရှုံးနိမ့်သည်လည်းရှိသည်၊ စာရေးသူကမူ ဘဝထိုထိုကို အရသာချိုချိုဖြင့် ခံစား၍ စိတ်စေတနာကောင်းဖြင့် အနုပညာဂုဏ်မြောက်အောင် ဝတ္ထုတိုများကို ကြိုးစားရေးဖွဲ့ပါသည်။

သို့ဖြစ်၍ ဤစာစုအမည်ကို "လေကအလှ ဘဝကြေးမုံ" ဟု အမည်ပေးလိုက်ပါသည်။ သင့်မသင့် ချင့်တွက်ဝေဖန်ကြပါကုန်။

နေမျိုးသန့်

www.burmeseclassic.com

www.burmeseclassic.com

# အမေ့ရွာက ငွေလမင်း

စာသံပေသံ ဆုံးမသံနှင့်
အောင်သံကြွေးဟစ်၊ အလှသစ်၍
မေတ္တာ၊ စေတနာ၊ လွှမ်းရစ်ဖြာသည့်
အညာကျောင်းက ခေါင်းလောင်း သံ

"ကျုပ်ပြည့်" ဆိုသော အညာဒေသက ရွာကလေး။ အိမ်ခြေက ကျိုးတိုကျဲတဲ။ ရွာနီးဝန်းကျင်ကျုပ်တိုး၊ အုန်းတော၊ အနောက်တော၊ ရွှေကုန်း၊ ဖျည်းရွာကလေးတွေနှင့် ပေါင်းလိုက်မှ တစ်အုပ်စုဖြစ်သည်။ ရွာကလေးတွေက ခပ်ငယ်ငယ် ရွာကလေးတွေကို ကွေ့ပတ်စီးဆင်းသွားသော သဲချောင်းငယ်တစ်ခုရှိ၏။ မိုးတွင်းမှာ ရေတစ်ခါနှစ်ခါလာတတ်သည်။ ရွာရိပ်ဝန်းကျင်မှာ ထန်းပင်ကြီးတွေက မိုးတိုးမတ်တတ်။ မိုးခေါင်သဖြင့် ထန်းလက်ခြောက်တွေက တို့လိုတွဲလဲ၊ သဲစပ်မြေယာကွက်ကလေးများက ခပ်ကျဉ်းကျဉ်း။ ယာစည်းနှင့်ခင်တန်းတခိုမှာ ချုံပင်နွယ်ကလေးများကလည်း ခပ်ခြောက်ခြောက်ပင်။

ကျုပ်ပြည့်ရွာကလေး၏ ထိပ်မှာ စာသင်ကျောင်းရှိသည်။ အုပ်စုတွင်း ရွာကလေးများမှီခိုအားထားရာကျောင်း။ ကျယ်ဝန်းခံ့ထည်လှသည်။ ဆယ်ငကာကျော်ကျယ်မည်။ အုတ်တံတိုင်းကြီးတွေခတ်ထား၏။ အဝင်မုခ်ဝ မြန်မာ့ပန်းလက်ရာဟန်ကလည်း တင့်တယ်လှ၏။ ကျောင်းဝင်း အတွင်းမှာ ကိုးခန်းတွဲအုတ်နံရံကပ် သွပ်မိုးကျောင်းကြီး လေးခုကလည်း ရှင်းပြိုင် ဆောက်လုပ်ထားသည်။ ကျောင်းရင်ပြင်မှာ ရွှေသပြေခင်း သစ်ဆိမ့်တော၊ စိန်ပန်းနီဝါပြာတွေနှင့် မြေအောက်စက်ရေတွင်းက

www.burmeseclassic.com



ရေတွေ ဖွေးဖွေးလှုပ်နေသည်။ ပင်မကျောင်းဆောင်ရှေ့မှာ အလံတိုင် မြန်မာ့ပညာရေးမျှော်မှန်းချက်ကမ္ပည်းကျောက်စာတိုင်၊ ပညာရေး ဆောင်ပုဒ်ကမ္ပည်းတိုင်၊ ကွန်ပျူတာခန်း၊ စာကြည့်ခန်း၊ ရုံးခန်းတွေ ဆရာခန်းတွေနှင့် ပြည့်ပြည့်စုံစုံ။

သည်ရွာနှင့်သည်ကျောင်း၊ သည်ကျောင်းနှင့်သည်ရွာ၊ ဩော် .. အံ့သြလောက်ပါပေ၏။

မိုးကလေးတစ်ပြိုက် နှစ်ပြိုက်ရွာချလိုက်သဖြင့် မြေသင်းနံ့ကလေး တွေ သင်းကြိုင်နေသည်။ နွေအလှက သစ်လွင်နေပြီ၊ ရွာရိပ်ဝန်းကျင် သစ်ပင်ပန်းပင်တို့မှာ ရွက်နုကလေးများထ၍ စိမ်းမြမြဝေနေကြသည်။ ထန်းဖိုဦးကာလဖြစ်၍ ထန်းပွင့်ထန်းခိုင်တို့ ရွှန်းမြိုင်မြိုင်နှင့် ထန်းချိုနံ့သင်း နေသည်။ တောင်လေတဖြူးဖြူးတွင် ထန်းရွက်ထန်းလက်ကလေးများ ဝှေ့ရမ်းလှုပ်နေသကဲ့သို့ပင် ကျပ်ပြည့်ရွာတစ်ရွာလုံး လှုပ်ရှားမြူးကြွနေကြ သည်။

ကျပ်ပြည့်ရွာအခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲနေ့။ ကျောင်း ဖွင့်ပွဲက ထူးထူးခြားခြား စည်ကားလှပါသည်။ ရွာနီးဝန်းကျင်ကလည်း လာကြသည်။ မကွေး၊ ပခုက္ကူမြို့ပြတွေကလည်းလာကြသည်။ ကျောင်း ဖွင့်ပွဲမှာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးတို့ တက်ရောက် ဖွင့်လှစ်ပေးမည်ဟု ကြားရသည်။ တိုင်း၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ လည်း ရောက်လာကြသည်။

"ဒီလို ရွာသိမ်ရွာငယ်ကလေးက ကျောင်းဖွင့်ပွဲကို ဝန်ကြီးချုပ်နဲ့ ပညာရေးဝန်ကြီးတို့က လာပါ့မလားကွယ်ပြောတတ်ဘူးနော်"

"လာမှာပါကွဲ့ ကျောင်းကလဲကျောင်းကောင်း၊ ဒီနယ်တစ်ဝိုက်မှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ အဆောက်အဦတွေကလည်း ပြည့်စုံတယ်၊ ဆရာ၊ ဆရာမလေးတွေနဲ့ ကျောင်းသူကျောင်းသားကလေးတွေကလည်း ဘက်စုံတော်ပေသကိုးကွဲ့" ဟု ရွာသူရွာသားအချို့က အကဲခတ်ကြသည်။ အနောက်တောက ရောင်းရင်းတစ်စုကမူ လောင်းကြေးစားကြေးလုပ်မယ်ကွာဟု ပြောကြသည်။

နိုင်ငံတော်အစိုးရက မြို့ပြနှင့် ကျေးလက်ကွာဟမှုနည်းစေရမည်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အားပေးရမည်ဟုချမှတ်ထားပါသည်။ မျှော်လင့်ထားသည့်အတိုင်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးတို့ ရောက်လာကြသည်။

ကျောင်းရင်ပြင်တစ်ခုလုံး စံပယ်ပန်းခက်ကလေးတွေ ဖြန့်ကြဲထားသကဲ့သို့ အဖြူအစိမ်းကျောင်းဝတ်စုံကလေးများနှင့် ကျောင်းသားကျောင်းသူကလေးတွေပြည့်နေသည်။ ဝတ်ကောင်းစားလှနှင့် ရွာသူရွာသားတွေကလည်း ကျောင်းရှေ့မှာပြည့်နေသည်။ အရေးကြီးပုဂ္ဂိုလ်များရောက်လာကြသောအခါ ရွာသူရွာသားများကတစ်ဖက်၊ ကျောင်းသူကျောင်းသား ဆရာ၊ ဆရာမများကတစ်ဖက်တန်းစီ၍ ကြိုဆိုကြသည်။ "ကျန်းမာပါစေ" ဟူသော ကြွေးကြော်သံတွေကလည်း လှိုင်နေသည်။

ပင်မကျောင်းဆောင်ကြီး၏ ရှေ့မျက်နှာစာတွင် ကျောင်းသားကလေးများ၏ ဘင်ခရာတပ်ဖွဲ့က တီးမှုတ်ဖျော်ဖြေသည်။ ကျောင်းသူကလေးများ၏ ပန်းပွားအကကလည်း မြိုင်ပါဘိသည်။ လှပါဘိသည်။ အရေးကြီးသော ပုဂ္ဂိုလ်တို့၏ မျက်နှာများက ကြည်သာရွှင်ပျနေကြသည်။ သည်ဒေသမှာ သည်မျှကြီးပမ်းဆောင်ရွက်နေကြသည်ကို မြင်၍ ဝမ်းမြောက်ဝမ်းသာရှိနေကြသည်။

ခန်းမဆောင်အတွင်းဝင်လိုက်သောအခါ ရွာသူကြီးများ၊ ဆရာ၊ ဆရာမများ ဧည့်သည်တော်များက ခန်းမအပြည့်နေရာယူပြီးပြီဖြစ်သည်။ အရေးကြီးပုဂ္ဂိုလ်များဝင်လာသောအခါ ဂါရဝပြုကြိုဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ်က ကြည်သာရွှင်လန်းစွာ နှုတ်ခွန်းဆက်စကားပြော သည်။

ပညာရေးဝန်ကြီးက ရွာသူရွာသားများနှင့် ဆရာ၊ ဆရာမများ သိသင့် သိထိုက်သော ပညာရေးအချက်အလက်များကို ပြောသည်။ ထို့နောက် ကျပ်ပြည့်ကျေးရွာ၏ အလယ်တန်းကျောင်းခွဲကို အခြေခံပညာအလယ် တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်လိုက်ကြောင်း ကြေညာသည်။

လက်ခုပ်သြဘာသံများသည် မိုးယံသို့လွင့်ပျံ့သွား၏။ ထန်းပင်များ ပေါ်ရှိ ထန်းရွက်ကြီးများပင်လှုပ်ရမ်းသွားသည်ဟု ထင်ရသည်။ သည်လို ပွဲမျိုး၊ သည်မျှပျော်စရာကောင်းသည့်ပွဲမျိုး သည်နှယ်စည်ကားသည့်ပွဲမျိုး သူတို့ရပ်၊ သူတို့ရွာမှာ တစ်ခါမျှ မမြင်စဖူး။ ရွာသူရွာသားများ၊ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ၊ သူ့တာဝန်၊ ကိုယ့်တာဝန်နှင့် ညီညီညွတ်ညွတ် ပျားပန်းခတ်သလို လှုပ်ရှားနေကြသည်။

ရှိုးရှိုးသားသား ကြိုးကြိုးစားစား၊ တက်တက်ကြွကြွ၊ လှလှပပ၊ ကျေးလက်မြင်ကွင်းသစ်ပင်ဖြစ်သည်။ အလယ်တန်းကျောင်း၏ ကျောင်း ဆောင်တစ်နေရာ ဘုရားခန်းအတွင်းမှာ ခေတ္တသီတင်းသုံးလျက် ဤ မြင်ကွင်းကို တစိမ့်စိမ့်ကြည့်နေသော ရဟန်းတော်တစ်ပါးသည်၊ ဝါဂွမ်း ဆီထိ၊ ပီတိဝှန်းလှိုက် ဘဝင်သို့ ဆိုက်မတတ်ဝမ်းမြောက် ဝမ်းသာ ဖြစ်နေ တော်မူရှာသည်။

◇

ကျောင်းဖွင့်ပွဲအပြီး ပတ်စာခွာ ဖျာသိမ်းသောအခါ ရဟန်းတော်နှင့် အတူ ပညာညွှန်ကြားရေးမှူးတို့ ကျပ်ပြည့်ရွာအရှေ့တောင်ဖွန်းပွန်း ရွှေမြင်တင်ဘုရားနှင့် ရွှေမြင်တင်ဘုန်းတော်ကြီးကျောင်းသို့ ပြန်ခဲ့ကြ သည်။ ညနေပိုင်းနေဝင်ရီတရောမှ မန္တလေးသို့ အေးအေးဆေးဆေး ပြန်ကြရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသို့ရောက်လျှင် ရဟန်းတော်သည် သူငယ်စဉ်က စာအံခဲ့ရသော ထရံကာဝါးကပ်မိုး ကျောင်းငယ်ကလေးရှေ့ကွပ်ပျစ်သာမှာ သီတင်းသုံးသည်။ ဒကာ၊ ဒကာမများနှင့် စကားစမြည်ပြောနေသည်။ ကျောင်းဝင်းက သန့်ရှင်းလှသည်။ မန်ကျည်းပင်ကြီးများ၏ အရိပ်က ကောင်းလှသည်။ အေးမြနေသည်။ ရွှေမြင့်တင်ဘုရားက ဆည်းလည်းသံကလေးတွေ ကြားနေရသည်။ မနီးမဝေးက တိန်ညင်ကြက်ကလေးများ၏ တွန်သံကိုလည်း တစ်ခါတစ်ရံကြားရသည်။ သာတောင့် သာယာရှိသော တောကျောင်းကလေး၊ သူတော်ကောင်းတို့ အောင်းမွေ့စရာ အေးရိပ်သာကလေးဖြစ်သည်။

ရဟန်းတော်ရှိရာသို့ ရွာကဆွေမျိုးသားချင်းတွေလာကြသည်။ ဘကြီး ဘထွေး ဦးကြီးဦးလေး၊ အရီးကြီးအကြီးလေး၊ ဒေါ်ကြီးဒွေးလေးတို့ စုံလှသည်။ သားတွေ၊ သမီးတွေ၊ မြေးတွေကလည်း ပါလာကြ၏။ တစ်ခါတစ်လေမှ မြို့ကကြွလာတတ်သော သူတို့အဘိုးရဟန်းတော်ကို ကြည်ညိုလေးမြတ်ခြင်းပြုကြ၏။ ပါလာသော ထန်းလျက်ခဲကလေးတွေ၊ ဖဲကလေးတွေ၊ ပျားရည်ပုလင်းတွေလှူကြ၏။ ကန်တော့ကြ၏။

အကြားခဏတွင် ရွာဘက်ဆီမှ အမေအိုတစ်ဦး မြေးမကလေးကို ဆွဲပြီး လက်တစ်ဘက်က တောင်ဝှေးကလေး ထောက်ကာ၊ ထောက်ကာဖြင့် ခပ်သုတ်သုတ်ကလေးလျှောက်လာသည်ကို မြင်ရသည်၊ အမေကြီးရောက်လာ၍ လူငယ်တွေက နေရာဖယ်ပေးကြသည်။ အမယ်ကြီးသည် ရဟန်းတော်၏ ရှေ့တည့်တည့်အနီးကပ်ပြီး ကျုံ့ကျုံ့ကလေး ပုဆစ်တုပ်ထိုင်လိုက်၏။ မောလာသဖြင့် ဘာမျှမပြောနိုင်သေး။ အတန်ကြာမှ တဘက်ကလေးနှင့်ပတ်၍ ယူလာသောအထုပ်ကလေးကို ဖြေချကာ သုံးကြိမ်ကန်တော့လိုက်သည်။

"ဘာတွေတုန်း မယ်တော်ကြီးရဲ့"

"အိမ်အပင်က ဦးဦးဖျားဖျားသီးတဲ့သရက်သီးကလေးလုံးလုံးပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်သည် မယ်တော်ကြီးအား ကြည်လင်လေးမြတ်သော အကြည့်ဖြင့်ကြည့်၏။ အမေ၏အတိုင်းအဆမရှိသော စေတနာကို မြင်လိုက်ရသည်။

"ကဲဗျာ .. ကျုပ်ကလဲ မယ်တော်ကြီးကို ကန်တော့ဖို့ပါသဗျာ။ ဟောဒါက မုန့်သေတ္တာ၊ ဟောဒါက နို့မှုန့်ဘူး" ဟူ၍ ပြောပြောဆိုဆို အနီးရှိ အိတ်အတွင်းမှ ထုတ်ယူကာ မယ်တော်ကြီးအား လေးမြတ်စွာ ကန်တော့လိုက်သည်။

"ညွှန့်ကြားရေးမှူးကြီး ဟောဒါက ကျုပ်ရဲ့မွေးသမိခင်ကြီးဗျာ၊ ဒေါ်လုံး တဲ့ ခမည်းတော်ကြီးက ဦးရွှေတဲ့။ မရှိရှာတော့ဘူး၊ မယ်တော်ကြီးက စာမတတ်ရှာဘူး၊ ဘာသာရေးတော့ ကိုင်းရှိုင်းတယ်။ ဘုရားရှိခိုးတွေ၊ ပရိတ်တွေတော့အများကြီး ရွတ်တတ်တယ်"

အမယ်ကြီးမှာ ပိန်ပါးပါး အသားညိုညို အညာသူမိခင်တို့၏ ရုပ်သွင် ပီသလှသည်။

"မယ်တော်ကြီးက မြို့ကိုခေါ်လို့လဲ မရပါဘူးဗျာ၊ သူ့သားသမီး သူ့မြေးတွေ၊ သူ့ဆွေးသူ့မျိုးတွေနဲ့ ရွာမှာပဲပျော်နေတယ်"

ရဟန်းတော်က သူ၏ မယ်တော်ကြီးအကြောင်းပြောပြီး အခြား ပုဂ္ဂိုလ်တွေနှင့် ရွာအကြောင်းရပ်အကြောင်း၊ ပညာရေးအကြောင်းတွေ ပြောနေသည်။

ညနေဆီ နေခြည်ဖျော့ညှိုး၍ မိုးချုပ်တော့မည်။ မန္တလေးသို့ ပြန်ရန် ပြင်ဆင်နေကြရတော့သည်။ ရဟန်းတော်စီးသည့် ပတ်ဂျရိုကားကလေး သည် ရွှေမြင်တင်ကျောင်းမှ တအိအိကလေး မောင်းထွက်လာခဲ့သည်။

"ဒီနေရာက ကျုပ်တို့ ငယ်ငယ်ကစာသင်ခဲ့ရတဲ့ ပြည်တော်သာ ကျောင်းကလေး နေရာပေါ့ဗျာ" ဟု ရွာဘေးကမြေကွက်လပ်ကလေး တစ်ခုကို ညွှန်ပြရင်း မိန့်တော်မူသည်။

ကားကလေးသည် တောတန်းခင်တန်းကလေးများတစ်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



သနှင့်မဲမဲထန်းပင်ကြီးများအောက် သဲဖြူလွလွ၊ ချောင်းငယ်ကလေးများ မြစ်ကို ဖြတ်၍ ငြိမ့်ငြိမ့်ကလေးပြေးနေသည်။

ရဟန်းတော်သည် မိမိပြုခဲ့ပြီးဖြစ်သော ပညာရေးကုသိုလ်တော်ကို တစိမ့်စိမ့်ကြည်နူးရင်း အတိတ်က ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ရသော ခရီးကို ပြန်၍တွေးနေမိဟန်ရှိသည်။

အညာနွေသည် ပူပြင်းလှ၏။ တောစပ်ကွင်းပြင်တစ်ခွင်လုံး ခြောက်သွေ့နေသည်။ ဆီးခလောက်ပင်၊ ဆီးပင်၊ ခံပင်၊ ဘောင်ပုံ့ပင်၊ ရခြိုင်းပင်များ မိုးနံ့ပင်တို့လောက်သာရှိသည်။ ထိုတောခြောက်တောမှာ "မောင်ကောင်း" က ဆိတ်ကျောင်းရသည်။

ရေဘူးတစ်လုံး၊ ပုဆိုးတစ်ထည်နှင့် မန်ကျည်းပင်ရိပ်မှာ နေခိုရင်း ရွာဘက်သို့ လှမ်းမျှော်ကြည့်လိုက်လျှင် သစ်ပင်တွေက ကျိုးတိုးကျဲတဲ၊ ထန်းပင် တွေက မိုးတိုးမတ်တတ်၊ ရွာဦးထိပ်ဆီမှာ ရွှေမြင်တင်ဘုရားကို ထုံးဖွေးဖွေးနှင့်မြင်ရသည်။ လေအဝှေ့တွင် ဆည်းလည်းသံကလေးများ တစ်ချက်တစ်ခါကြားရ၏။ ရွာလယ်ပိုင်းဆီမှ အသံချဲ့စက်သံကြားရ၏။ ကိုမြဒင်တို့ ဒေါ်အေးမေတို့အလှူဖြစ်သည်။ သူတို့သား ရွှေဒေါင်းက မောင်ကောင်းနှင့် ကျောင်းနေဘက်။

ဆိတ်ကျောင်းမန်ကျည်းပင်မှ ရွှေမြင်တင်ကျောင်းဆီသို့ လှမ်းမျှော်ကြည့်ရင်း မောင်ကောင်းလွမ်းမိသလိုလိုရှိသည်။

"အသေဝနာစ ဗာလာနံ
ပဏ္ဍိတာနဉ္စ သေဝနာ
ပူဇာစ ပူဇနေယျာနံ
ဧတံမင်္ဂလ မုတ္တမံ" မင်္ဂလသုတ်တက်စဉ်က ကျက်ခဲ့ရသော စာတစ်ပိုဒ်ကိုပင် ပြန်ရွတ်ကြည့်မိသည်။ မင်္ဂလသုတ်ပြီးသော့ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ရသည်။ အမေတို့က အမေကြီး ဒေါ်မယ်တင့်၏ ဆိတ်တွေကို အကျောင်းခိုင်းသည်။

ကိုမြဒင်တို့ အလှူကအတော်စည်သည်။ ရွာမှာအလှူကြီးဖြစ်၏။ အလှူက ရှင်လောင်းလှည့်ပါသည်။ ရွှေထီးတွေတဝင်းဝင်း မြင်းကြီးတွေ တမားမားနှင့်ဖြစ်သည်။ မင်းသမီးခင်ထွေးရီ၏ အကလည်းပါသည်။ မောင်ကောင်း ကြည့်ချင်၏ သို့သော် ဆိတ်တွေကို ပစ်ထားခဲ့၍ မဖြစ်။ နေစုတ်စုတ်ဝင်မှ ရွာခြေကို ကပ်ခဲ့ရတော့သည်။

အိမ်သို့ရောက်လျှင် ဒွေးလေးတောမယ်ကို တွေ့ရသည်။ ဒွေးလေး တောမယ်က ခွေမျိုးတွေထဲမှာ ခေါင်ချုပ်။ တစ်ရွာလုံးနှင့် ရွာနီးချုပ် စပ်ကလည်း သူ၏ ဘာသာရေး၊ လူမှုရေး၊ စွမ်းဆောင်ရည်များကြောင့် လေးစားခံရသူဖြစ်သည်။ အလှူပွဲ၊ မင်္ဂလာပွဲတို့မှာ သူမပါလျှင် မပြီး အခန်းစုံ၊ ခေါင်းပေါင်းကြီးဖြစ်၏။

နေ့လယ်က သူ့မြေးတော် မောင်ကောင်းကို အလှူပွဲမှာ လိုက်ရှာသည်။ မတွေ့။ သူရထားသော မုန့်ဆီကြော်ကလေးကျွေးချင်၍ ညနေ စောင်းအိမ်ရောက်လာ၏။ သူမြေးကိုမတွေ့။ တစ်နေကုန်တောထဲမှာ ဆိတ်ကျောင်းနေရသည်။ မျက်စိကြီးနားကြီး လူရေးလူရာဝင်ဆန့်သော ဒွေးလေးတောမယ်သည် အတွေးတစ်ခုပေါက်သွားဟန်ရှိ၏။ သူ၏တူနှင့် တူမဖြစ်သော အဖေနှင့်အမေကို ဆူပူကြိမ်းမောင်းနေသည်။

မောင်ကောင်းရောက်လာသောအခါ အနီးသို့ခေါ်၍ မုန့်ဆီကြော်နှစ်ခု ကျွေးသည်၊ ဆာလောင်မွတ်သိပ်စွာဖြင့် မောင်ကောင်းမုန့်ဆီကြော်ခဲနေစဉ် ဒွေးလေးတောမယ်ဆက်၍ ဆူပြန်သည်။

"နင်တို့ဒါလောက်စီးပွားရေးသောင်းကျန်းရသလား ပိုက်ဆံမက်ရသလား၊ ဒီကလေး မလောက်လေးမလောက်စားကို ဆိတ်ကျောင်းခိုင်းရသလား၊ ဒီကလေးကို စာဆက်အသင်ခိုင်း၊ ရှင်ပြုနိုင်အောင်လဲ နင်တို့ကြိုးစားကြ ငါ့စကားနားမထောင်ရင်နင်တို့ ငါနဲ့တွေ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ခွေးလေးတောမယ်၏ ဆုံးမမှုကြောင့် အဖေနှင့်အမေ ကုပ်နေရသည်။ တစ်အိမ်လုံးတိတ်ဆိတ်နေသည်။

ဤသို့ဖြင့်ပင် မောင်ကောင်း ရွှေမြင်တင်ကျောင်းဆရာတော်ဦးကုသလ ထံမှောက်သို့ ပြန်ရောက်ရပြန်သည်။

ပရိတ်ကြီးဆယ့်တစ်သုတ်ကို ဆက်၍ တက်ရပြန်သည်။ လောကနီတိဆက်တက်ရသော ကာလမှာ သင်္ကန်းတောင်းကိုကျက်ရသည်။ အနောက်တောရွာ၊ ကိုရွှေ မလုံးတို့၏သား ရှင်ပြုအလှူပွဲက ဆွေလာမျိုးဝတ်နှင့် စည်ပါသည်။ ဆွေစုံ၊ မျိုးစုံ၊ ကျူနှယ်ရုံ၍ ဝိုင်းဝန်းကူညီကြသည်။ ရှင်မယ် ခံအပြီး၌ မောင်ကောင်းသည် သာမဏေငယ်ဘဝသို့ရောက်ရ၏။

သာမဏေငယ်သည် ဆရာတော်ဦးကုသလထံမှာ လောကုတ္တရာစာများသင်ရသည်။ ဘုန်းကြီးကျောင်းနှင့် မနီးမဝေးပြည်တော်သာမူလတန်းကျောင်းတွင် ဆရာကြီး ဦးခင်အောင်ထံ လောကဓာတ်စာများသင်ရသည်။ မြန်မာစာ၊ သင်္ချာ၊ ပထဝီ၊ အထွေထွေသိပ္ပံ၊ သမိုင်းနှင့်ပြည်သူ့နီတိတို့သင်ရသည်။ ဆွမ်းခံပြန်တစ်ချိန်၊ ဆွမ်းစားပြီးတစ်ချိန်ကျောင်းနေသက်များနှင့်အတူ မူလတန်းကျောင်းသို့ပြေးရ၏။ လောကုတ္တရာစာကိုမူ နံနက်စောစောနှင့် ညနေပိုင်းမှာ သင်ရသည်။

သင်္ဂြိုဟ်တက်ပြီးလျှင် မန္တလေးပို့မည်ဟု ဆရာတော်ဦးကုသလက မိန့်ခဲ့ဖူးသည်။ သင်္ဂြိုဟ်လည်းကုန် လေးတန်းအောင်သောနှစ်မှာပင် သာမဏေသည် မန္တလေးမြို့ကြီးသို့ သွားချင်စိတ်ပေါက်နေ၏။ ညခွံမှ ပေါက်ပြီး အတောင်အလက်ကလေးတွေပေါက်လာသောအခါ အသိုက်၏နှုတ်ခမ်းကို မေးတင်၍ အပြင်လောကကို ကြည့်ချင်နေသော ငှက်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့သူ့အတွေးကလည်း ကျယ်လာပြီ။ လောကုတ္တရာပညာတွေ အစုံသင်နိုင်သည်။ စာအုပ်စာတမ်းတွေလည်း ပေါသည်ဟု မန္တလေးက ပြန်လာသော ဦးပဉ္စင်းတွေက ပြောဖူးသည်။ သာမဏေငယ်သည် အလွန် သွားချင်နေသည်။

ကြောက်ကြောက်နှင့်ဆရာတော်ကို လျှောက်တော့ ဆရာတော်က ခွင့်ပြုသည် သင်္ကန်းတစ်စုံနှင့် ငွေခုနစ်ကျပ်ချီးမြှင့်လိုက်သည်။ ရွာခံဆရာ တော်များရှိရာ စတုတိုက်သို့သွားရန်စီစဉ်ပေးလိုက်သည်။ အဖေနှင့် အမေတို့ကို ပြောတော့ အမေကသားကြီးနှင့် သိပ်ခွဲချင်ဟန် မရှိ၊ အဖေကတော့ သူလိုက်ပို့မည်ဟု ဆိုသည်။

သာမဏေသည် မခွဲချင်ခွဲချင်နှင့် ရွာနှင့်ခွဲခဲ့သည်။ သမင်လည်ပြန် ကြည့်၍ ရွာနှင့်အမေကိုလွမ်းခဲ့မိပါသည်။ တကယ်သွားပြီဆိုတော့လည်း အမေကမျက်ရည်ကလေး စမ်းစမ်းနှင့် ငွေငါးကျပ်ပေးသည်။ ထန်းလျက် ထုပ်ကလေးလည်း ပေးလိုက်သည်။ ကျပ်ပြည့်ရွာမှ မန္တလေးသို့သွားရန် ကိစ္စမှာမလွယ်လှပါ။ လှည်းတစ်တန်၊ ကားတစ်တန်၊ သင်္ဘောတစ်တန် ဖြင့် လာခဲ့ရသည်။ မန္တလေးနေပြည်တော်ကြီးသို့ တက်ခဲ့ပြီဆိုသော်လည်း ပြည့်ပြည့်စုံစုံနှင့် လာခဲ့ရသည်မဟုတ်၊ စောင်ကလေးခေါင်းအုံးကလေး ပါသော အထုပ်တစ်ထုပ်၊ သင်္ကန်းနှစ်စုံနှင့် စာအုပ်စာတမ်းကလေး၊ ထန်းလျက်ထုပ်ကလေးပါသော လွယ်အိတ်ကလေးတစ်လုံး စီးလက်စ သားရေဖိနပ်ကလေးသည်ပင် ဖနောင့်နားကပါးနေပြီ။

မန္တလေးမြို့ရောက်တော့ တိုက်တာတွေ ကတ္တရာစေးလမ်းတွေ၊ ဆိုက်ကားတွေ၊ မြင်းလှည်းတွေ၊ ဂျစ်ကားတွေ အနီးကပ်မြင်ဖူးပြီး ခင်မကန်တိုက်၊ မိုးကောင်းတိုက်၊ စကုတိုက်စသော ဘုန်းကြီးကျောင်း တိုက်ကြီးများကိုမြင်ရသောအခါ သာမဏေငယ်တုန်လှုပ်မိသည်။ စကုတိုက် အလယ်က ခံ့ထည်မြင့်မားသော အုတ်ကျောင်းကြီးကို မော့ကြည့် ရင်းနှင့် သူနေရမည့် ဆရာတော်ဦးနာရဒကျောင်းသို့ ရောက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေရှာပြန်သောနေ့က ထိုင်၍ငိုချင်၏။ သို့သော် မငိုနိုင်အား အခြားသော ကိုရင်များနှင့်အတူ သာမဏေငယ် ကိုရင်ကောင်းသည့် သပိတ်ကိုပွေ့လျက် မန္တလေးမြို့၏ နံနက်ခင်းမှာ ဆွမ်းခံထွက်ခဲ့ရပြီ။

သာမဏေငယ်ဘဝတွင် ဆွမ်းခံရသည်မှာ လေးရပ်လေးပြင် အနှံ့သွားရသည်။ အချို့နေရာများတွင် ဘတ် (စ်) ကားကို တွယ်၍ လိုက်ရသည်။ တစ်ခါတစ်ရံ ဘုံဆွမ်းလောင်းပွဲနှင့်တွေ့လျှင်တော့ အဆင်ပြေပါသည်။ ပိုက်ဆံကမရှိ ဘောလုံးပွဲတော့သွားမကြည့်နိုင်၊ ကျောင်းတိုက်နှင့်လည်း ဝေးသည်။ ကျောင်းတိုက်နှင့်မနီးမဝေး ကထိန်ပွဲအငြိမ့်တွေကြည့်ရသည်မှာတော့ ပျော်သည်။ တစ်ခါတစ်ရံတော့ ဈေးချိုညဈေးတန်းက တစ်ကျပ်ဆိုင်ကိုရောက်သည်။

"ညဈေးတန်းက တစ်ကျပ်ဆိုင်
မအေးချမ်းတို့ မပြတ်ထိုင်
တစ်ကျပ်တစ်ကျပ် ကြိုက်တာယူပါ တစ်ကျပ်တစ်ကျပ်"

တစ်ကျပ်ဆိုင်သွား၍ ခဲတန်၊ ပေတန်ကလေးတွေ မန်းမြို့ရိုးဓာတ်ပုံကလေးတွေဝယ်ရသည်ကိုပင် ကျေနပ်ရသည်။

သာမဏေဘဝနှင့် တစ်ဆယ့်ရှစ်နှစ်ကိုးနှစ်အရွယ်ရောက် ဆွမ်းခံအိမ်ကလေးတွေရလာပြီ သွားရလာရ ဣန္ဒြေရလာသည်။ တိုက်တာအတွင်းမှ စာတတ်ပေတတ်ဆရာတော်ကြီးများ၏ သင်ကြားပို့ချမှုကို ခံယူရသဖြင့် လောကုတ္တရာစာပေဘက်တွင် အောင်မြင်စပြုလာသည်။ စာမေးပွဲတွေလည်း အောင်ခဲ့ပြီ၊ ထန်းတပင်ဆရာတော်ကြီး၏ အဆုံးအမ ဩဝါဒ၊ လောကီ၊ လောကုတ္တရာ၊ ပညာနည်းနိသျှကို ခံယူနိုင်ခဲ့သည်။

သာမဏေသည် ကျုံးဘေးတစ်လျှောက်နံနက်စောစော ဆွမ်းခံရင်း မြို့နှင့် သက်တူရွယ်တူ ကျောင်းသားကျောင်းသူကလေးများ ကျောင်းဝတ်စုံ

www.burmeseclassic.com



ကလေးများဖြင့် လှုပ်ရှားသွားလာ၊ ပညာရှာနေကြသည်ကို မြင်ရသောအခါ ရွာမှာနေခဲ့ရစဉ်က စာသင်ကျောင်းကလေးကို လွမ်းမိ၏။ လောကဓာတ်စာပေများကိုလည်း ဆက်လက်သင်ယူချင်သော စိတ်ကပေါ်လာသည်။

မန္တလေးမှာ အလွတ်ပညာသင်ကျောင်းတွေက ပေါသည်။ မိမိကဲ့သို့ လောကဓာတ်ပညာကို ဆက်သင်ချင်သော ကိုရင်တွေလည်း တွေ့ရသည်။ သာမဏေသည် မိမိနှင့်ရင်းရင်းနှီးနှီးကျွမ်းဝင်၍ မိမိအားကြည်ညိုရင်းရှိသော ကျောင်းဆရာတစ်ဦး၏ အကူအညီဖြင့် အတန်းပညာတွေဆက်သင်ဖို့ စာမေးပွဲတွေဖြေဖို့ တစ်ဖက်တစ်လမ်းအားထုတ်တော့သည်။ ခေတ်မီလောကဓာတ်ပညာတွေကိုလည်း တက်ရမည်။ ကမ္ဘာ့သုံးအင်္ဂလိပ်စာကိုလည်း ကျွမ်းကျင်ရမည်။ သို့မှသာ ဘာသာသာသနာ တိုးတက်ပြန့်ပွားရေးကို ဆောင်ကြဉ်းလိုသော ရဟန်းတစ်ပါးအတွက် ပြီးပြည့်စုံမည်ဟု သာမဏေကယုံကြည်သည်။

လောကီ၊ လောကုတ္တရာနှစ်ဖြာသော ပညာရေးအတွက် အားသွန်ခွန်စိုက်လုပ်နေရသည်လည်းရှိ၏။ အနီးကပ်နေရသော ဆရာတော်ဘုရားကြီးကို အလုပ်အကျွေးပြုနေရသည်လည်း ရှိ၏။ သာမဏေမှာများစွာပင်ပန်းလှပါသည်။ အသက်တစ်ဆယ့်ကိုးနှစ်ကျော်လာ၍ ရဟန်းပြုဖို့အရေးလည်း တွေးမိလာသည်။ ရွာကအဖေနှင့် အမေသည် သူ့ကိုရဟန်းခံမပေးနိုင် သို့သော်စိတ်မပျက် သူ့အကြောင်းနှင့်သူ ဖြစ်လာလိမ့်မည်ဟု စိတ်ကိုဖြေသိမ့်ရသည်။

အချိန်တန်တော့ ရွာကအမေကြီး ဒေါ်မယ်တင့်ကပင် ရဟန်းခံပေးသဖြင့် ရဟန်းဘောင်သို့ တက်နိုင်ခဲ့သည်။ ရဟန်းဘဝအရောက်တွင် ဆယ်တန်းစာမေးပွဲအောင်သည်။ ပရိယတ္တိစာမေးပွဲတွေလည်းအောင်သည်။ မိမိလုပ်သမျှအောင်မြင်လျှင် ဘဝင်အေးမြရစမြဲဖြစ်သည်။ ရဟန်းသည်အားတက်ရွှင်လန်းနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်က ဘွဲ့တစ်ခုရအောင်ယူဦးမည်ဟု အားခဲထားသည်။ ထိုသတ္တိစာမေးပွဲတို့အတွက် နေ့ဝါညဝါစာတွေကလည်း လိုက်ရသေးသည်။ မန္တလေးတက္ကသိုလ်ညနေသင်တန်းသို့လည်း တက်ရသေးသည်။ အနောက်ပြင်မှ ဈေးချိုဘတ်(စ်)ကားမီအောင်လှမ်းရသည်။ အညာသား တောသားဖြစ်၍ ပင်ပန်းမည်ကိုတော့ မကြောက် တစ်ခါတစ်ရံ အနောက်ပြင်မှ မန္တလေးတက္ကသိုလ်အထိ ခြေကျင်လျှောက်ရသည်။ ရယူမည့်ဘွဲ့က ဥပဒေဝိဇ္ဇာဘွဲ့၊ ကာလက ငါးနှစ်ခရီး။

ပတ်ဂျရိုကားကလေးက လရောင်အောက်ကတ္တရာလမ်းပေါ်တွင် တရိပ်ရိပ်ပြေးနေသည်။ ကွင်းပြင်များကို ဖြတ်တိုက်လာသော လေနအေးသည် ပို၍လန်းဆန်းစေသည်။

"ကျုပ်စာချတန်းပြီးတဲ့နှစ်မှာပဲ ဥပဒေဝိဇ္ဇာဘွဲ့လဲရခဲ့ပါတယ်ဗျာ" ဟု ရဟန်းတော်က ပညာရေးခရီးသည်တစ်ဦးဖြတ်သန်းခဲ့ရသော အယောင်းလမ်းကို နိဂုံးချုပ်လိုက်သည်။ အတန်ကြာခပ်မဆိတ်နေပြီးမှ ရဟန်းတော်ကဆက်၍ မိန့်ဆိုပြန်သည်။

"လောကမှာ ပညာတွေသင်၊ ပညာတွေတတ်ရုံနဲ့မပြီးသေးဘူးဗျ။ သင်ထားတဲ့ ပညာတွေကို အခြေခံပြီး လူ့လောကမှာ အမျိုးဘာသာ သာသနာအကျိုးတစ်ခုခုတော့လုပ်ပေးနိုင်မှ ပညာဟာအဓိပ္ပာယ်ရှိတယ်၊ ရှေးလူကြီးတွေ ဆိုရိုးစကားကတော့ လူ့ရယ်လို့ဖြစ်လာရင် လူ့ရပ်ရွာကောင်းကျိုးအတွက် အနည်းဆုံး သစ်ပင်တစ်ပင်တော့စိုက်နိုင်ခဲ့ရမယ်တဲ့ ဆိုတယ်။ အဲဒီအချိန်ကစပြီး ကျုပ်လဲကိုယ့်ပြည်ကိုယ့်ရွာ ကိုယ့်အမျိုးဘာသာ၊ သာသနာအတွက် တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ဦးမယ်လို့ ဆုံးဖြတ်ခဲ့တာပဲ"

ထိုစဉ် ကားလမ်းဘေးရွာလေးတစ်ရွာ အလှူမင်္ဂလာပွဲ အသံချဲ့စက်က

www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံသည် ည၏တိတ်ဆိတ်ခြင်းကို ဖြိုခွင်း၍ လွင့်ပျံ့လာသည်။

"ရွာအကြောင်းကို သတိရနေတယ်သူငယ်ချင်းရေ ●● ဒို့များငယ် ငယ်တုန်းက ရွာအဝင်လမ်းဆီကလေ ●● လက်ချင်းယှက်ကာ ပြေးကာ လွှားကာ ကျောင်းတက်လာခဲ့တာတွေ ●● မေ့နိုင်ပါပဲ မေ့နိုင်ပါဲ သူငယ်ချင်းရေ" တွံ့တေးသိန်းတန်၏ အသီးတစ်ရာအညှာတစ်ခု သီချင်း သံအဆုံးတွင် ပညာညွှန်ကြားရေးမှူးက သူ့အတွေးနှင့်သူ ဆက်၍ ပြော လိုက်သည်။

"အခုလို ဆင်းရဲနွမ်းပါးပြီး ခြောက်ခန်းတဲ့ ကျေးရွာအုပ်စုကလေးက ဘက်စုံပြည့်စုံတဲ့ အလယ်တန်းကျောင်းကလေးတစ်ကျောင်း ဖွင့်ပေးလိုက် နိုင်တာကလဲ ပညာရေးသစ်ပင်ပါပဲ ဘုရား ကျေးဇူးကြီးလှပါတယ်"

"ကျုပ်တို့ဒေသမှာ မိုးခေါင်ရေရှားတဲ့အထဲ ရွာသူရွာသားတွေ ကလေးလူငယ်တွေ စာတတ်ပေတတ်ပညာတတ်လွန်းလို့ဗျာ၊ ကျောင်း ကလေးတစ်ကျောင်းဖြစ်အောင်ကြိုးပမ်းဆောင်ရွက်ပေးရပါတယ်။ မြေဆယ့်ခြောက်ဧကကို ကျုပ်နဲ့ရွာက အနွယ်ဘုန်းကြီးတွေက စုပေါင်း ဝယ်ပေးခဲ့တယ်၊ ကိုးခန်းတွဲကျောင်းဆောင်တစ်ဆောင်သာ အစိုးရဆီက လျှောက်ထားပြီး ကျန်ကိုးခန်းတွဲကျောင်းဆောင် သုံးဆောင်ကိုတော့ ကျုပ်အစီအစဉ်နဲ့ပဲ ဆောက်လုပ်ခဲ့ပါတယ်။ ဆရာ၊ ဆရာမကလေးတွေ ဆိုရင်လဲ ပညာရေးဌာနက ခန့်ပေးပြီးလုပ်ငန်းခွင်မှာ အဆင်ပြေအောင် ပျော်အောင် ကျုပ်အထောက်အပံ့တွေပေးထားပါတယ်"

ပတ်ဂျရိုကားကလေးသည် တရိပ်ရိပ်ပြေးနေ၏။ စစ်ကိုင်းတံတား သို့ ကျော်ကာ မန္တလေးမြို့ပင် ဝင်တော့မည်။ ကမ်းနားလမ်းအတိုင်း မောင်းကာ အနောက်ပြင်စကုတိုက်သို့ဝင်ခဲ့ပြီး။ စကုတိုက်၏ ပင်မကျောင်း ကြီးကို လက်ျာရစ်လှည့်၍ ဝင်လိုက်သောအခါ ခေတ်မီသံကူကွန်ကရစ်ဖြင့် ဆောက်လုပ်ထားသော ခြောက်ထပ်ကျောင်းဆောင်ကြီးတစ်ဆောင်ကို တွေ့ရသည်။ လျှပ်စစ်မီးတွေ ထိန်ဝင်း၍ ရဟန်း သာမဏေတို့၏ စာကျက်သံတို့နှင့် လှိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ထပ်ကျောင်းကြီး၏ ရှေ့လက်ယာဘက်တွင် ကျောင်းငယ်တစ်ခုရှိ၏။ ထိုကျောင်းငယ်၏ အောက်ထပ်တွင် ရဟန်းတော်သီတင်းသုံးသည်၊ ခရီးရောက်မဆိုက်ပင် ရဟန်းပျိုတစ်ပါးက စာသင်တိုက်၏ တစ်နေ့တာအခြေအနေကို လာလျှောက်သည်။ ယနေ့ရဟန်း၊ သာမဏေများ စာတတ်စာအံမပျက်ကြကြောင်း အားလုံးကျန်းမာရေးနှင့်ညီညွတ်ကြကြောင်းတို့ဖြစ်သည်။ မနီးမဝေးတွင် အသင့်စောင့်နေသော ကပ္ပိယကြီး အင်ဦးကလည်း မနက်ဖြန် စာသင်သား ရဟန်းသာမဏေတို့အတွက် အရုဏ်ဆွမ်းကိုစီစဉ်ပြီးဖြစ်ကြောင်း ပဲနီပြုတ်၊ ငါးခြောက်ကြော်၊ သရက်ချဉ်တို့နှင့် ကပ်မည်ဖြစ်ကြောင်းကို လျှောက်သည်။

"ဒီမှာလဲ ကျုပ်စာသင်တိုက်ဖွင့်ထားသဗျ စာသင်သား သာမဏေ ငါးဆယ်၊ ရဟန်းနှစ်ဆယ်ရှိတယ်။ အနယ်နယ်အရပ်ရပ်က တောမြို့ ကျေးရွာက မန္တလေးတက်ပြီး စာလိုက်ချင်တဲ့ရဟန်း သာမဏေလေးတွေကို ကျွန်းတော်နဲ့အညီ လက်ခံသင်ပေးနေတယ်။ ဓမ္မာစရိယအောင်ပြီး ကိုယ်တော်လေးပါးက ကြီးကြပ်သင်ပေးနေတယ်။ လာဗျာ ညွှန်ကြားရေးမှူးကြီး တက်ကြည့်ပါဦး စောပါသေးတယ် ပြီးမှ အိမ်ပြန်တာပေါ့"

ကျယ်ဝန်းခံ့ညားသော ကြွေပြားခင်း ကွန်ကရစ်လှေခါးကြီးများ အတိုင်း ကျောင်းတိုက်ကြီးပေါ်သို့တက်ခဲ့ကြသည်။ ရဟန်းတော်က အစီအစဉ်တကျလိုက်လံပြသ၏။ ဤအထပ်ကား ဆွမ်းစားဆောင်၊ ဤအထပ်ကား သာမဏေငယ်များ ကျိန်းစက်သည့်အဆောင်၊ ဤအထပ်ကား ရဟန်းများကျိန်းစက်နားနေဆောင်၊ ဤအထပ်ကား စာသင်ခန်း၊ စာကြည့်ခန်း၊ ဤအထပ်ကား အာဂန္တုများ တည်းခိုဆောင်၊ အထပ်တိုင်းတွင် လျှပ်စစ်မီး၊ ပန်ကာ၊ ရေချိုးခန်း၊ ရေကူဋီတို့ရှိသည်။

အပေါ်ဆုံးအထပ်တွင်ကား ဘုရားခန်းရှိသည်။ မြန်မာ့ပန်းပုလက်ရာ ပန်းနွယ်ပန်းခက်များနှင့် မွမ်းချယ်ထားသော တံကဲနှင့် ပလ္လင်တော်တွင် ရွှေကသွန်းဘုရားတစ်ဆူရှိသည်။ ဘုရားကို ကြည်ညိုဝတ်ပြုပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်လသာဆောင်သို့ ထွက်ခဲ့ကြသည်။ ရဟန်းတော်နှင့် မနီး မဝေးတွင် ကျောင်းဆောင်ကြီးအပေါ် လိုက်လံပြသလေ့ရှိဟန်တူသော စောစောကတွေ့ရသည့် ရဟန်းပျိုတစ်ပါးလည်းပါလာသည်။

ကျောင်းတိုက်ကြီး၏ အပေါ်ဆုံးထပ် လသာဆောင်တွင် လရောင် သည် ရွှန်းမြမြသာနေ၏။ နွေဦးလေနုအေးကလည်း ချမ်းမြမြရှိသည်။ ခေတ္တမျှ အနားယူရင်း မန္တလေးမြို့၏ ညဆည်းဆာအလှကို ကြည့်နေ မိသည်။ ပညာညွှန်ကြားရေးမှူး၏ စိတ်တွင် တင့်တယ်ပြည့်စုံသော အလယ်တန်းကျောင်းကလေးကိုလည်းကောင်း၊ ဝင့်ထည်မြင့်မားသော ပရိယတ္တိစာသင်တိုက်ကြီးကိုလည်းကောင်း၊ ထပ်တလဲလဲတွေးမြင်၍ ဘဝင်ချမ်းမြေ့နေသည်။

"လောကီပညာရေးအတွက် စာသင်ကျောင်းပြုစုပျိုးထောင်ပေးရုံ သာမက၊ လောကုတ္တရာစာသင်တိုက်ကြီး တစ်ခုကိုပါ၊ ဖွင့်လှစ်ပြီး တစ်ပြိုင်နက်တည်း နှစ်ဖက်နှစ်သွယ် ကြိုးပမ်းအားထုတ်ပေးတော်မူ တဲ့ အရှင်ဘုရားရဲ့အတွေးအမြင်နဲ့ စွမ်းဆောင်ရည်ကို လေးမြတ်ကြည်ညို ပါတယ်ဘုရား။ ပြီးပြည့်စုံအောင် ဖန်တီးရင်နိုင်တဲ့ အရှင်ဘုရားတန်ခိုးကို လည်း အံ့သြကြည်ညိုပါတယ်ဘုရား" ပညာညွှန်ကြားရေးမှူးက လှိုက် လှဲစွာလျှောက်ထားလိုက်သည်။

ရဟန်းတော်က တည်ငြိမ်လေးနက်သော အသံတော်ဖြင့်–

"ဘုရား၊ တရား၊ သံဃာရတနာသုံးပါးရဲ့ တန်ခိုးတော်ပါ ဒကာကြီး ရယ်" ဟုသာ မိန့်တော်မူသည်။

ကျောင်းဆောင်ကြီး၏ အပေါ်ဆုံးထပ်မှ အောက်ထပ်များသို့ ဖြည်း ဖြည်းဆင်းလာခဲ့ကြသည်။ အတူပါလာသော ရဟန်းပျိုတစ်ပါးက ပညာညွှန်ကြားရေးမှူး၏ အနီးသို့ ကပ်၍

"ဆရာတော်က နေ့စဉ်အရုဏ်တက်ချိန်မှာ ဘုရားဝတ်ပြုပြီး ဝိပဿနာရှုပွားများတယ်၊ ညဆိုရင် ဘုရားဂုဏ်တော်ကို အနုလုံ ပဋိလုံ

www.burmeseclassic.com



ဒုတိယတစ်ရာ့ရှစ်ပတ်စိတ်ပြီး ဝေနေယျသတ္တဝါတွေကို မေတ္တာပို့တယ်၊ အမျှဝေတယ်၊ ဒီရတနာတန်ခိုးတွေကြောင့် ဒကာ၊ ဒကာမတွေ စုပေါင်းအားနဲ့ ပညာ့ဗိမာန်တွေဖြစ်ပေါ်အောင်မြင်လာတယ်လို့ ဦးဇင်းတော့ ယုံကြည်တာပဲဗျာ" ဟု လေသံတိုးတိုးဖြင့်ပြောသည်။

မြေပြင်အရောက်တွင် ရဟန်းတော်က ညှိသည်အား ကျောင်းတခါးဝ ကားပေါ်အရောက်လိုက်လံပို့ဆောင်သည်။ ထိုနောက် ခြောက်ထပ်ကျောင်းဆောင်ကြီး၏ ရှေ့လက်ယာဘက်ဆီတွင်ရှိ ကျောင်းငယ်တလေး၏ အောက်ထပ်အခန်းကျဉ်းကလေးသို့ ဝင်သွားသည်။ ထိုရဟန်းတော်မှာ အောင်မင်္ဂလာကျောင်းဆရာတော် "အရှင်ပညိန္ဒာဘိဝံသ" ဖြစ်ပါသည်။

မေတ္တာ၊ စေတနာလွှမ်းရစ်ဖြာသည့်အမေ့ရွာက ငွေလမင်းအစဉ်ထွန်းလင်းနိုင်ပါစေသတည်း။

www.burmeseclassic.com

## မိသခင်မြင်လာစေချင်စမ်းပါဘိ

ရှမ်းရိုးမတောင်တန်းကြီးများက မှိုင်းတမှိုင်မှိုင် ဆိုင်းဆိုင့်ဆိုင့်နှင့် ညို့ညို့ ရည်မှောင်နီလာရောင်ခြယ်လျက်ရှိသည်။ တောင်တန်းလေပြည်ဝယ် ထင်းရှူးနံ့၊ ယူကလစ်နံ့တို့ သင်းနေ၏။ တောင်ကျချောင်းကလေးတို့၏ ရေစီးသံက သာလှသည်။ တောပန်းတောင်ပန်းကလေးတို့က ကြည့်၍ မဝ၊ မြင်တိုင်းလှနေကြသည်။

ရင်မောစဖွယ်အဆင်းအတက် အကွေ့အကောက် မြွေလိမ်မြွေတွန့် တောင်ပေါ်လမ်းကလေးအတိုင်း ရှမ်းပြည်နယ်သို့ ကျွန်တော်တို့ ပညာရေး ဌာန လုပ်ငန်းတာဝန်တစ်ခုနှင့်တက်ခဲ့ကြသည်။ ကျွန်တော်တို့စီးလာ သော ကားကလေးက တငြိမ့်ငြိမ့်ကလေး ပြေးနေသည်။ တောင်ပေါ် လေကလည်း တစိမ့်စိမ့်အေးလာသည်။

စည်ကားလှပသော တောင်ပေါ်မြို့က တက္ကသိုလ်မှာ သူ့ကို ကျွန်တော် မမျှော်လင့်ဘဲ အမှတ်မထင်တွေ့လိုက်ရသည်။ သူသည် ကျွန်တော့်ထံသို့ ခြေလှမ်းခပ်သွက်သွက်ကလေးလှမ်း၍ ချဉ်းကပ်လာ ကာ –

"ဆရာ နေကောင်းတယ်နော်၊ ကျွန်တော့်ကို မှတ်မိသေးလား ဆရာ"

ကျွန်တော်သည် မျက်ခုံးနှစ်ဖက်ကိုတွန့်၍ စဉ်းစဉ်းစားစားနှင့် အတန်ကြာကြည့်နေမိသည်။ သူ့ငယ်ရုပ်ကလေးနှင့် အမူအယာကလေး တွေက တဖြည်းဖြည်းပေါ်လာသည်။

"မှတ်မိပြီကွ မင်း •• မင်းလေ •• မောင်ကြာညိုမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ့တပည့် မောင်ကြာညိုပါဆရာ"



www.burmeseclassic.com

www.burmeseclassic.com


"အခု မင်းဘယ်မှာ နေလဲ"

"ကျွန်တော် ဒီတက္ကသိုလ်မှာ မော်ကွန်းထိန်းတာဝန်နဲ့ပါဆရာ။ ကျွန်တော် ဆရာတည်းတဲ့နေရာလာခဲ့ဦးမယ်။ ဆရာ့ကို ကန်တော့ဦးမယ်။ ဆရာနဲ့လဲ စကားတွေအများကြီးပြောချင်သေးတယ်"

ဩော် .. ကျွန်တော့်တပည့်က ကဗျာဆရာ မောင်ကြာညို။

ဧရာဝတီမြစ်ကမ်းကမြို့ကလေးတစ်မြို့မှာ ကျွန်တော်အထက်တန်းပြဆရာအဖြစ်စတင်အမှုထမ်းခဲ့သည်။ မြန်မာစာဆရာတစ်ဦးဖြစ်၍ အထက်တန်းကျောင်းမှာ ကျောင်းစာကြည့်တိုက်ကလေးတစ်ခုပီပီပြင်ပြင် ဖွံ့ဖြိုးတိုးတက်လာအောင် ဝါသနာတူဆရာ၊ ဆရာမတချို့နှင့် ကျွန်တော်တို့ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြသည်။ စာကြည့်တိုက်နှင့်အတူ ကျောင်းနံရံကပ်စာစောင်တစ်ခုထုတ်ဖို့လည်း စီစဉ်ခဲ့ကြသည်။

၁၉၆၀ ခုနှစ်တဝိုက်လောက်ဆီက တောမြို့၊ တောကျောင်းကလေးတို့မှာ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးမှုအားနည်းပါသေးသည်။ စာကြည့်တိုက်တွင် ဗုဒ္ဓဝင်၊ မဟာဝင်ဇာတ်နိပါတ်များ၊ စာပေဗိမာန်မှ ထုတ်ဝေသော လူထုသိပ္ပံစာအုပ်များ၊ လူထုပညာပေးစာအုပ်များသာ ရှိသည်။ ဆရာများနှင့် မိဘများကလည်း ကျောင်းသားသည်ကျောင်းစာကိုသာဖတ်ရမည်။ ပြင်ပကထုတ်ဝေသော ကာလပေါ်ဝတ္ထုများ၊ ကဗျာများလစဉ်ထုတ်မဂ္ဂဇင်းများ၊ ဂျာနယ်များကို မဖတ်စေလိုကြ။ နေ့စဉ်သတင်းစာသည် ကျောင်းသားလူငယ်တို့ ဖတ်ရန်မလိုသေးဟု ယူဆနေကြဆဲကာလဖြစ်သည်။

ကျွန်တော်တို့ကမူ ပညာရေးတက္ကသိုလ်က ညွှန်ပြလိုက်သည့်အတိုင်း ခေတ်မီရှင်သန်ဖွံ့ဖြိုးသော စာကြည့်တိုက်ကလေးနှင့် နံရံကပ်စာစောင်ကလေးထုတ်ဖို့ ကြိုးစားကြသည်။ ဝါသနာတူဆရာတွေ၊ တပည့်တွေ

www.burmeseclassic.com

www.burmeseclassic.com



တရစ်ထွေးထွေးနှင့် ပျော်စရာကောင်းလှသည်။ ကျွန်တော်နှင့် ဆရာဦးကျော်အေးက ကျောင်းသားလေးများ စာဖတ်ချင်လာအောင် စာဖတ်တတ်လာအောင် လေ့ကျင့်ပြောပြပေးရသည်။ နံရံကပ်ရေးအတွက် စာမူများစုဆောင်း၍ စစ်ဆေးတည်းဖြတ်ပေးရသည်။ လက်ရေးလှသော ကျောင်းသားများ ရွေး၍ စာစောင်ရေးစေသည်။ ပန်းချီဆရာဦးဝင်းကိုနှင့် ဦးသန်းတို့က ပန်းချီဝါသနာရှင်ကျောင်းသားလေးများနှင့် သရုပ်ဖော်ပုံဆွဲကြသည်။ ခေါင်းစည်းကလေးတွေရေးပေးသည်။ ကျောင်းနံရံကပ်စာစောင်အမည်ကို "သည်မြေ သည်ပန်း" ဟု အမည်ပေးလိုက်ကြသည်။ သည်နယ်မြေက သည်ပန်းဂုဏ်လေးတွေ ရနံ့မွှေး၍ အသွေးလှလှပွင့်စေရမည်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။

နံရံကပ်စာစောင်ထွက်ပြီဆိုလျှင် ကျောင်းသားကျောင်းသူကလေးတွေ ဝိုင်းအုံတိုးဝှေ့၍ ဖတ်ကြသည်။ သူတို့ဘဝ၊ သူတို့အတွေးနှင့်နီးစပ်သော ကဗျာလှလှ၊ စာလှလှကလေးများကို ဖတ်ကြရသောအခါ သူတို့ကျေနပ်ဝမ်းသာနေကြသည်။ ဆောင်းပါးကဗျာအရွေးခံရသော ဝါသနာရှင်ကလေးတို့က ပြုံးတုံ့ပြုံးယောင်နှင့် ဝမ်းသာပီတိဖြစ်နေကြသည်။ စာပေအနုပညာပိုးသည် သူတို့၏ နှလုံးသားမှာ တိုးဝင်နေကြပြီ။

အပတ်စဉ်ထုတ်၊ လစဉ်ထုတ် "သည်မြေ သည်ပန်း" နံရံကပ်စာစောင်ကလေးမှာ တစ်နှစ်သား၊ နှစ်နှစ်သား၊ သုံးနှစ်သားအရွယ်သို့ ရောက်လာသောအခါ ကျောင်းနှင့်ဝန်းကျင်မှာ ကဗျာသမား၊ စာသမားကလေးတွေပြန့်လာတော့သည်။

နှင်းမှုန်ကလေးများ ဝေ့ဝဲ၍ ကျနေသောအညာဆောင်း၏ တစ်နံနက်ခင်းဖြစ်သည်။ ဆရာဦးကျော်အေးက နံရံကပ်စာစောင်ရှေ့မှာ ရပ်၍ ကျွန်တော့်ကိုလှမ်းအသံပြုလိုက်သည်။

"ဗျို့ ဆရာမြင့် ဒီကိုလာဦးဗျ။ စာစောင်မှာ ကဗျာကောင်းကလေး တစ်ပုဒ်ခင်ဗျား သတိထားဖတ်မိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com


သူညွှန်ပြရာသို့ ကျွန်တော် သေသေချာချာကြည့်၍ သရုပ်ဖော်ပုံကလေးနှင့် ယှဉ်၍ ဖော်ပြထားသော ကဗျာကလေးကို ကြည့်မိသည်။

"ဘဝလေ့ငယ်ရှင်"

* ဘဝအမှောင်
လရောင်မထွက်၊ ကြယ်မလက်။
* ဘဝခရီး
မိုးကြီးလေထန်၊ ရေအဆန်။
* လှေငယ်ကိုပြင်။ တက်ကိုင်၍
လှလင်စွန့်စား၊ ဖွဲ့မာန်အားနှင့်
လှိုင်းများကိုခွဲ၊ ရဲရဲချီတက်
ခရီးဆက်လျှင်
ရှေ့ဘက်ဆီမှာ ရောင်နီဦး။ ။

မောင်ကြာညို

"ကဗျာကို ရွေးတုန်းကတော့ သာမန်ပါပဲ၊ အခုဖတ်ကြည့်တော့မှ အတော်ကောင်းတဲ့ ကဗျာလေးဗျ"

"အလင်္ကာလည်းပါတယ်။ ရသလည်းပေါ်လွင်တယ်။ နိမိတ်ပုံနဲ့ ရေးတဲ့ကဗျာလေးနော်"

"အဓိကကတော့ လူငယ်တွေဘဝအခက်အခဲတွေကို ရဲရဲရင်ဆိုင်ဖို့ သတ္တိ မွေးပေးတဲ့ ကဗျာဗျ"

"ကျုပ်တို့ နံရံကပ်စာစောင် ဒီလောက်သက်တမ်းနုနုကလေးနဲ့ ဒီလို ကဗျာသမားလေးတွေ ပေါ်လာတာတော့ ဝမ်းသာစရာပဲဗျို့"

"ဒီကောင်ကလေးက မောင်ရင့်အတန်းထဲက မဟုတ်လား"

"ဟုတ်တယ်၊ သူကိုကြည့်ရတာ ခပ်အေးအေး၊ ခပ်ရိုးရိုးကလေး ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ဒေသခံဆရာမ ဒေါ်သောင်းတင်ရောက်လာသည်။ ကျွန်တော်တို့စကားကို နားထောင်ရင်း သူကဝင်၍ဆွေးနွေးပြန်သည်။

“ဒီကောင်လေးက ကျွန်မတို့အရပ်ထဲကပါ၊ ရိုးရိုးအေးအေးသာမက ဘူးဆရာရဲ့ ညှိုးညှိုးငယ်ငယ်သဘောလေးလည်းပါတယ်။ သူ့မိဘများက ဆင်းရဲရှာတယ်။ သူ့မိဘက အကြော်သယ်လေ၊ သူကမနက်စောစော အကြော်ပို့ရတယ်”

“ဪ .. ဒါကြောင့် မနက်စောစော ကျွန်တော်လမ်းလျှောက်တိုင်း ဒီကောင်လေးတွေ့တွေ့နေရတာကိုး” ဟု ဦးကျော်အေးက ဆိုသည်။ ဆရာမက ဆက်ပြောရန်သင့်မသင့် အတန်ငယ်တွေ၍ စဉ်းစားပြီးမှ–

“အခု မိဘတွေကလဲ သူ့မိဘအရင်းတွေမဟုတ်ဘူးလို့ ကျွန်မ ကြားဖူးတယ်။ ဆရာတို့စိတ်ဝင်စားရင် ဆက်လေ့လာကြည့်ပါလား”

သူတို့နှစ်ဦးစလုံးက ကျွန်တော့်ကို အဓိပ္ပာယ်ရှိရှိကြည့်လိုက်ကြ၏။ အတန်းပိုင်ဆရာဖြစ်သော ကျွန်တော့်တို့တွက် မောင်ကြာညို၏သည် ပဟေဠိတစ်ပုဒ်ဖြစ်ခဲ့ပါတော့သည်။

ကျန်းမာရေး ဆရာမကြီးဒေါ်လေးမေအိမ်သို့ ကျွန်တော်လာခဲ့သည်။ ကျောင်းက ဆရာမတစ်ဦး၏ပြောပြချက်အရ ကျွန်တော်လာရောက်ရ ခြင်းအကြောင်းကို ဆရာမကြီးအတတ်သိနေပြီးဖြစ်သည်။

“ထိုင်ပါဆရာ ဆရာသိချင်နေတဲ့ ကျောင်းသားကလေးဘဝကို ကျွန်မသိသလောက်ပြောပြပါ့မယ်။ တခြားလူဆိုရင်တော့ ကျွန်မပြော ဖို့မလိုပါဘူး။ ကျွန်မထိန်းသိမ်းရမယ့် ဝတ္တရားရှိလို့မပြောနိုင်ပါဘူး။ ဆရာ ကတော့ ပညာရေးဌာနက မဟုတ်လား၊ ဆရာဆိုတာ မိမိတပည့်ရဲ့ဘဝ အခြေအနေမှန်ကို သိထားဖို့လိုတာပေါ့”

“ဟုတ်ပါတယ် ဆရာမကြီး။ ကျွန်တော်ကလည်း သူ့အတန်းပိုင်ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအနေနဲ့ ပညာရေးစိတ်ပညာအရ သိကိုသိသင့်လို့ဆရာမကြီးတို့ထံ အကူအညီတောင်းရတာပါ"

"ကောင်းပါလေ့ဆရာရယ်။ ကျွန်မသိသလောက် အတတ်နိုင်ဆုံးပြည့်ပြည့်စုံစုံပြောပြမယ်နော်" ဟု အစချီကာ ကျန်းမာရေးဆရာမကြီးဒေါ်လေးမေက ပြောပြရှာသည်။

၁၉၅၃ ခုနှစ်လောက်ကဖြစ်သည်။ နှင်းမြူများမှုန်မှိုင်းနေသောအညာဆောင်း၏ ချမ်းအေးလှသော နံနက်စောစောတွင် ဝါစက်ရုံဝါရွေးအလုပ်သမများလှုပ်လှုပ်ရှားရှားနှင့် အလန့်တကြားဖြစ်သွားကြသည်။ ဝါစက်ရုံ၏ ခြံစည်းရိုးတောစပ် ဝါလေဝါလွင့်များထားသည့် ဂိုဒေါင်ဘက်ဆီမှာ စူးစူးဝါးဝါးကလေးငိုသံကြားရသောကြောင့်ဖြစ်သည်။

တရွေရွေခြောက်သလား။ တစ်စုံတစ်ဦးကလေးမွေးနေသလား စူးစူးစမ်းစမ်းသွားကြည့်ကြသောအခါ မွေးကင်းစရက်သားကလေးငယ် တစ်ဦးအားပိတ်အနီးဖြင့် ကျကျနနထွေးရစ်၍ ဝါဂွမ်းပုံအစပ်တွင် ချထားသည်ကို တွေ့ကြရသည်။ သူလိုလို၊ ကိုယ်လိုလို သံသယတွေနှင့် ကြည့်ကြသည်။ အစအနမတွေ့၊ မြို့ထဲမှာ နားစွင့်စုံစမ်းကြသည်။ တစ်စွန်းတစ်စမှ မသိရ။

နောက်ဆုံးဝါစက်ပိုင်မှတစ်ဆင့် စကားတွေပျံ့နှံ့သွားသည်။ လွတ်လပ်ရေးနေ့ ကလေးပြိုင်ပွဲအတွက် အလုပ်များနေချိန်ဖြစ်သည်။ ကလေးငယ်ကို ကျန်းမာရေးဆရာမကြီးဒေါ်လေးမေက ကောင်းစွာသန့်ရှင်းပေး၍ အနီးသစ်ကလေးနှင့်ထွေးကာ ကလေးပြိုင်ပွဲ မဏ္ဍပ်ထဲသို့ ယူလာခဲ့သည်။

"ယောကျာ်းလေးတော့ မျက်ခုံး၊ မျက်လုံးကွင်းကွင်းရှင်းရှင်းနဲ့ အလှလေးတော့"

www.burmeseclassic.com



အားလုံးက ဝိုင်းကြည့်ကြသည်။ စုတ်တသပ်သပ်နှင့် ကလေးကို သနားနေကြသည်။

"ကဲ ။ ။ ပုံသကူရတဲ့ကလေး ဘယ်သူယူကြမလဲ" ဟု ဒေါ်လေးမေက မေးသောအခါ အရာရှိကတော်၊ သူဌေးကတော်များဖြစ်သော်လည်း ကြောင်းအမ်းအမ်းငေးကြည့်နေကြသည်။ ချမ်းသာသူတို့က နိုင်ငံခြား ခွေးလှလှတစ်ကောင်ကို လွယ်လွယ်နှင့် ငွေကြေးပေးဝယ်ကောင်းဝယ် ကြမည်ဖြစ်သော်လည်း မိဘမဲ့ကလေးတစ်ယောက်ကို ကောက်ယူ ကျွေးမွေးဖို့တော့ တွန့်နေကြဟန်ရှိသည်။

"ကဲ ဘယ်သူမှ ယူမဲ့သူမရှိရင်လည်း ကျွန်မထိန်းသိမ်းပြီးအစီ အစဉ်လုပ်မယ်။ သားသမီးမရှိ သားသမီးလိုချင်နေတဲ့ မိသားစုတစ်ခုခု ကို ပေးလိုက်မယ်။ သဘောတူကြရဲ့လား"

"သဘောတူပါတယ်။ ကောင်းပါတယ်ဆရာမကြီး"

ထိုသတင်းကိုကြားသောအခါ အရပ်ထဲက သားသမီးမထွန်းကား သော အကြော်သည်လင်မယားက ဆရာမကြီးဒေါ်လေးမေထံလာ၍ တောင်းသည်။ ဆရာမကြီးက အတန်တန်စဉ်းစားသည်။ ဆင်းရဲသား လင်မယားက တကယ့်မေတ္တာ၊ စေတနာတွေနှင့် လာတောင်းခြင်းဖြစ် သည်။ ကလေးအတွက် မိဘမေတ္တာတွေပြည့်ပြည့်ဝဝရနိုင်သည်ဟု ယုံကြည်ကာ ပိတ်အနီး၊ နို့မှုန့်ဘူးအပြည့်အစုံနှင့်ပေးအပ်လိုက်သည်။

"သူ့ဘဝဇာတ်ကြောင်းကလေးကတော့ ဒါပါပဲ ဆရာရယ်၊ ကျွန်မ ဒီထက်ပိုပြီး ဘာမျှမသိရပါဘူး"

"သူ့မိခင်ကို စုံစမ်းမကြည့်မိဘူးလား"

"မစုံစမ်းပါဘူး ဆရာရယ်၊ မိမိရင်သွေးကို လူမသိ၊ သူမသိစွန့်ပစ် ရတဲ့ မိခင်ဟာ ကိုယ်မချို၊ အမိတော်လဲ သားတော်ခဲဆိုသလို သူ့ခမျာ ဘယ်လောက် လူမှုရေး၊ စီးပွားရေးအခက်အခဲတွေရှိရှာမလဲ။ အဲဒီနေ့က ကျွန်မတွေးမိတာ တစ်ခုရှိတယ်၊ လွတ်လပ်ရေးနေ့ကလေးပြိုင်ပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



သူများတွေ ကိုယ့်ကလေးကို ပျော်ပျော်ပါးပါးလာပြနေချိန်မှာ ကိုယ့်ကလေးကိုယ်စွန့်ပစ်ခဲ့ရရှာမိတဲ့ မိခင်က ဘယ်လောက်ရင်နာရှာမလဲ။ ဘယ်လောက်ကြိတ်ငိုနေရှာမလဲ။ ကျွန်မတွေးရင်း သနားမိခဲ့ပါတယ်။ ခုတော့ ကလေးက ဆယ်တန်းကျောင်းသားကလေးဖြစ်နေပြီဆိုတော့ ဝမ်းသာပါတယ်''

နောက်တစ်နေ့ ကျောင်းအရောက်တွင် ကျွန်တော့်အတန်းထဲက မောင်ကြာညိုကို အာရုံစိုက်၍ကြည့်လိုက်မိပါသည်။ ရိုးရိုးအေးအေး ညိုညိုးငယ်ငယ်လေးနှင့် မောင်ကြာညို

ဪ .. နွံထဲက ကြာတစ်ပွင့်ပါတကား။

သူ့နာမည်ရင်းက မောင်ကျော်မြင့်ဖြစ်သည်။ သို့သော် ကျွန်တော်တို့ မြို့နယ်စာပေဖွံ့ဖြိုးရေးအသင်းက ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကမူ သူ့ကို ကဗျာဆရာဟုအသိအမှတ်ပြုကာ သူ့ကလောင်နာမည် ''မောင်ကြာညို'' ဟု ခေါ်ကြသည်။

မောင်ကြာညိုက လိမ္မာသည်။ မိဘကိုကူသည်။ စာကြိုးစားသည်။ အဆင့်အတင့်စာတော်ပါသည်။ အားကစားလည်းဝါသနာပါသည်။ နံနက်စောစောအကြော်ဖိုမှာ မီးထိုးရသည်။ ရေနွေးအိုးတည်ရသည်။ အကြော်ပို့ရသည်။ အကြော်ပန်းကန်ချရသည်။ ကျောင်းရောက်လျှင် စာကြည့်တိုက်နှင့် နံရံကပ်စာစောင်အနီးအပါးတို့မှာ သူ့ကိုတွေ့ရသည်။ ညနေခင်းအခါတော့ ဘတ်တံကလေးတစ်ခုနှင့် စားပွဲတင်တင်းနစ်ကစားနေတတ်သည်။

မောင်ကြာညို အခြေခံပညာအထက်တန်းစာမေးပွဲမှာ ပထမတစ်နှစ်ကျသည်။ မျက်နှာကလေးငယ်ငယ်နှင့် ကျွန်တော့်ဆီ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဝဆိုတာ ဒီလိုပါပဲကွ၊ အခက်အခဲ၊ အကျအရှုံးဆိုတာ တွေ့ တတ်ပါတယ်။ အားမငယ်နဲ့၊ ဖွဲမလျှော့နဲ့၊ ဘဝကိုအရှုံးမပေးနဲ့ ဆက်ကြိ စားကွာ" ဟု ကျွန်တော်မန်းမှုတ်၍ အားပေးလိုက်သည်။

နောင်နှစ်ကျောင်းအဖွင့်မှာ မောင်ကြာညို ကျောင်းသို့ပြန်ရောက် လာသည်။ တည်ငြိမ်သွားသည်။ စာပို၍ တော်လာသည်။

"မင်း ဒီနှစ်အောင်မှာပါကွ"

"ဟုတ်ကဲ့ ကျွန်တော်ကြိုးစားပါတယ်ဆရာ"

ထင်ကြေးပေးထားသည့်အတိုင်းပင် နောက်တစ်နှစ်အခြေခံပညာ အထက်တန်းစာမေးပွဲအောင်စာရင်းထွက်တော့ မောင်ကြာညို ဂုဏ်ထူး တစ်ဘာသာဖြင့် အောင်မြင်သည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ဆရာ တပည့်နှစ်ယောက်ဝမ်းသာမဆုံး တပြုံးပြုံးဖြစ်နေကြသည်။

"ဆရာ ကျွန်တော် အလုပ်လုပ်ချင်ပြီဆရာ"

"အေး အလုပ်ရှာကြည့်သေးတာပေါ့ကွာ"

သုံးလေးလအကြာမှာတော့ မောင်ကြာညို ကံကောင်းလာပြီ အလုပ်ခေါ်သောအစီအစဉ်တစ်ခုကို ကျွန်တော်နှင့် ဆရာဦးကျော်အေး သိလိုက်ရ၏။ မောင်ကြာညိုကို ခေါ်လိုက်သည်။

"ကြာဖြူ၊ ကြာနီ၊ ကြာညိုနှောလို့ တို့လယ်တောမှာ ပွင့်တော့မယ် ဟေ့"

"ဟုတ်ကဲ့ဆရာ"

"မင်း နယ်စပ်မှာသွားပြီး ကျောင်းဆရာလုပ်မလား"

မောင်ကြာညိုသည် အတန်ငယ်စဉ်းစားပြီးမှ အေးဆေးတည်ငြိမ်စွာ ဖြေရှာသည်။

"ကျွန်တော်နယ်စပ်မှာ ကျောင်းဆရာ လုပ်ပါ့မယ်ဆရာ"

"ကောင်းပြီ ဒါမှ ငါ့တပည့်ကွ မင်းသတ္တိကြောင့်ပို့တော့မရဘူး စွန့်လွှတ်စွန့်စားရမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဆရာ"

ထိုနှစ်က စစ်ကိုင်းတိုင်းအတွင်း လမ်းစဉ်လူငယ်ရုံးများမှတစ်ဆင့် အခြေခံပညာအထက်တန်းအောင်ပြီးသော လူငယ်တို့အား မိမိဆန္ဒအလျောက် လျှောက်လွှာခေါ်ယူ၍ ဟုမ္မလင်း၊ ခန္တီး၊ လေရှီး၊ လဟယ် မြို့နယ်များသို့ မူလတန်းပြဆရာအဖြစ်ခန့်အပ်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ခရီးထွက်ခါနီး မောင်ကြာညိုကျွန်တော့်အား လာကန်တော့သော အခါ ကျွန်တော်က ကျောင်းဆရာသင်္ကေတ ကျောင်းစိမ်းလုံချည် တစ်ထည်ပေးလိုက်သည်။ နောက်နှစ်များတွင် သူနှင့်ကျွန်တော်အဆက် အသွယ်မရတော့။

သုံးနှစ်ခန့်ကြာသွားသည်။

ဆရာဖြစ်သင်တန်းတက်ဖို့ မောင်ကြာညို မြေပြန့်သို့တစ်ခေါက် ဆင်းလာသည်။ သူလူရာဝင်လာပြီ။ တစ်သွေးတစ်မွေးကျောင်းဆရာ ရုပ်ပေါက်လာသည်။ သူ့မှာ အတွေ့အကြုံတွေအများကြီးရလာပြီ။ အဆင်းအတက်၊ အတက်ကြမ်းကြမ်း၊ ချင်းတွင်းမြစ်ညာ တောင်တန်းခရီး အကြောင်းတွေပြောသည်။ နာဂတိုင်းရင်းသားတို့၏ ဓလေ့သဘာဝတွေ အကြောင်းပြောပြသည်။ ချစ်စရာ၊ သနားစရာကောင်းသော သူ့ကျောင်းက ကညွန့်တလေးများအကြောင်း စီကာပတ်ကုံးပြောပြသည်။ သူကိုယ်တိုင် မှတ်တမ်းရေး၍ ယူလာသော ဗလာစာအုပ်ကလေးတစ်အုပ် ကျွန်တော့်ကို လက်ဆောင်ပေးသည်။

မောင်ကြာညို သင်တန်းဆင်းသောအခါ ကျွန်တော်နှင့် မတွေ့လိုက်ရ။ ကျွန်တော်အခြားမြို့နယ်သို့ တာဝန်နှင့်ပြောင်းရွှေ့ခဲ့ရပါသည်။ ထိုနှစ်ကစ၍ သူနှင့်ကျွန်တော်မတွေ့ရတော့ပါ။ စာအဆက်အသွယ်လည်းမရ။ မိတ်ဆွေဟောင်းများနှင့် တွေ့သောအခါမှ သူ့သတင်း သူ့အတင်းတို့ကို ကြားသိကြပါသည်။

မောင်ကြာညို စာပေးစာယူစနစ်ဖြင့် ဘွဲ့ရသွားသည်ဟုသိရသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းပြ ကာယဆရာဖြစ်သွားသည်ဟုလည်း သိရသည်။ ငယ်ငယ်က ပုဆိုးတိုတိုဝတ်ကာ စွပ်ကျယ်လက်ပြတ်ကလေးနှင့် ဘတ်တံကလေးတကိုင်ကိုင် ပိန်ပေါင်ကလေး တမြှောက်မြှောက်နှင့် ကစားနေတတ်သော သူ့အလေ့အကျင့်များက သူ့ကို အတက်တံခါးဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

ဝန်ထမ်းတို့၏ဘဝ ဝန်ထမ်းတို့၏ လောကက ကျဉ်းကျဉ်းလေးဖြစ်သည်။ ဆရာတပည့်နှစ်ဦး ဝန်ထမ်းသံသရာတွင် တစ်ခါလာ၍ဆုံရပြန်သည်။ ပြန်လည်ဆုံတွေ့ချိန်မှာတော့ သူက တက္ကသိုလ်မော်ကွန်းထိန်း၊ ကျွန်တော်က အခြေခံပညာ ဒုတိယညွှန်ကြားရေးမှူး။

ကျွန်တော်တည်းခိုရာ ဟိုတယ်သို့ မောင်ကြာညိုရောက်လာသည်။ တိုက်ပုံအင်္ကျီ၊ မန္တလေးပိုးတွဲလုံချည်၊ ကတ္တီပါဖိနပ်နှင့် သပ်သပ်ယပ်ယပ်ဝတ်ဆင်ထားသဖြင့် တပည့်ကျော်မှာ တသွေးတမွေးဖြစ်နေသည်။ ငယ်စဉ်ကလို အတန်းထဲမှာ ညိုးညိုးငယ်ငယ်အသွင်မျိုးမတွေ့ရတော့၊ ဆရာ့မေတ္တာစိတ်ဖြင့် ကျွန်တော်ဝမ်းသာခဲ့ရသည်။

ဆရာတပည့်နှစ်ယောက်သား ဟိုတယ်မှ ထွက်ခဲ့ကြသည်။ စမ်းချောင်းငယ်ကလေးနံဘေး ထင်းရှူးပင်ရိပ်များအောက်မှာ ဖွင့်ထားသော ကော်ဖီဆိုင်တွင် ထိုက်လိုက်ကြသည်။ ထင်ရှူးပင်ရိပ်စိမ်းမြသော မြက်ခင်းတစ်နေရာ လွတ်လပ်သော စားပွဲငယ်ကလေးမှာ နှစ်ယောက်သား ထိုင်လိုက်ကြသည်။

အတွေးကိုယ်စီနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြသည်။ သူ့ကိုကြည့်ရသည်မှာ တည်တည်ငြိမ်ငြိမ်နှင့် ကျေနပ်သိက္ခာရှိနေသည်။ ငယ်ငယ်က မောင်ကြာညိုနှင့်မှ တခြားစီ ...

"ဆရာ့ကို တွေ့ရတာ သိပ်ဝမ်းသာတယ်ဆရာ။ ဆရာကျန်းကျန်းမာမာနဲ့ ပညာရေးတာဝန်တွေထမ်းဆောင်နေဆဲ တွေ့ရလို့ စိတ်ချမ်းသာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလိုလဲ မင်းကို ဒီရာထူး၊ ဒီတာဝန်နဲ့ တွေ့ရလို ဆရာပီတိဖြစ်ပါတယ်"

ထင်းရှူးပင်ရိပ်မှာ ကမ္ဘာ့ဇ ကော်ဖီနံ့သင်းသင်းကလေးကို တစ်ကြိမ်မျှသောက်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိ၍ဖွာရှိုက်လိုက်သည်။ မောင်ကြာညို၏ ဘဝပုံရိပ်ကတရေးရေးထင်လာသည်။

"ကြာညို"

"ဆရာ"

"မင်းနဲ့ငါနဲ့က နောက်တစ်ခါပြန်ဆုံကြဖို့ မလွယ်ဘူးကွ။ ဒါကြောင့် အခြားတစ်မ်းတွေ မရှိတုန်း ဆရာတခုမေးချင်တယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီလိုကွဲ့ မင်းဘဝဇာတ်ကြောင်း အစစ်အမှန်ကို မင်းသိသလား"

မောင်ကြာညိုသည် ခေတ္တမျှငိုင်သွား၏။ သို့သော် သူ့မျက်နှာမှာ ဝမ်းနည်းဝမ်းသာနှစ်ဖြာရောယှက်နေသည်။ ဘဝကံအဖြစ် ဆိုးသော်လည်း ဘဝအောင်ပွဲကို သူကျေနပ်နေဟန်ရှိသည်။

"သိပါတယ်ဆရာရယ်။ ကျွန်တော့်ဘဝက မွေးကထဲက အပယ်ခံဘဝပါ"

ကျွန်တော့်ရင်မှာ နင့်သွားသည်။ သူ့မျက်နှာကိုကြည့်လိုက်သောအခါ ဝမ်းနည်းသောအရိပ်အရောင်ကလေးများကို တွေ့ရသည်။

"ဆရာလဲသိပါတယ်ကွာ၊ မင်းဘဝဖြစ်စဉ်ကို ဆရာအားလုံးသိပါတယ်။ မင်းကို ဆရာနားလည်ပါတယ်၊ ဒါကြောင့်လဲ ဆရာမင်းကို အများကြီးကူညီခဲ့တာပါ"

"ဟုတ်ပါတယ်ဆရာ၊ ဆရာသမားများနဲ့ ကောက်ယူကျွေးမွေးကြတဲ့ မိဘတို့ရဲ့ မေတ္တာ၊ စေတနာတွေနဲ့ ကျွန်တော်လူလားမြောက်ခဲ့ရတာပါ"

"ဆရာ သိချင်နေတဲ့ ကွက်လပ်ကလေးတစ်ခုတော့ မင်းကိုမေးချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မေးပါဆရာ"

"မင်းအမေရင်းနဲ့ အဖေရင်းကို သိသလား"

မောင်ကြာညိုသည် ခေတ္တမျှငိုင်သွား၏ စိတ်မချမ်းမြေ့ခြင်းနှင့် ကြုံသွားရှာသည်ထင်ပါသည်။

"သိပါတယ် ဆရာ"

သူက ဝမ်းနည်းသံပါနေ၏။ ကျွန်တော်ကလည်း ဘာမျှဆက်မပြောမိ။ ခပ်လှမ်းလှမ်းစမ်းချောင်းက ရေစီးသံကလေးများကြားနေရသည်။ ယူကလစ်နှံ့၊ ထင်းရှူးနံ့တို့ကလည်း သင်းပျံ့နေသည်။

ကျွန်တော်အမေ့ဆီကို ရောက်ပါတယ်။ အမေ့မှာ မျက်ရည်စတွေနဲ့ သူ့သားဆိုတာကို ဝန်ခံရှာပါတယ်။ သူစွန့်ပစ်မိခဲ့တဲ့အတွက် ယူကျုံးမရ ဖြစ်ရှာပါတယ်။ ကျွန်တော့်ဘဝဖြစ်စဉ်ကို သူသိနေပါတယ်။ ဒါပေမဲ့ ကျွန်မသားပါလို့ မပြောရဲတဲ့ဘဝ၊ ကြေကွဲခြင်းကို ရင်မှာပိုက်ပြီးဝေးကို ပြေးခဲ့ရတဲ့ဘဝ။ ကျွန်တော်အမေ့ကို တွေ့အောင်ရှာပြီး ကန်တော့တော့ အမေရှိုက်ကြီးတငင် ငိုပါတယ်တယ်ဆရာ။ အမေ့ကို ကန်တော့မနေပါနဲ့ အမေဟာ ကန်တော့ခံထိုက်တဲ့ မိန်းမမဟုတ်ပါဘူးလို့ပြောရှာပါတယ်"

"မင်းအမေကို စိတ်မနာဘူးလား"

"စိတ်မနာပါဘူးဆရာ၊ အမေ့ကိုသနားပါတယ်။ မိန်းမတစ်ဦးအဖို့ လင်နဲ့သားနဲ့၊ အိမ်နဲ့တင့်တင့်တယ်တယ် နေချင်ရှာမှာပေါ့၊ ဒါပေမဲ့ သူတို့ခေတ်၊ သူတို့အခါ သူတို့ လူမှုပတ်ဝန်းကျင်မှာ ငွေတွေ၊ ကြေးတွေ၊ ဂုဏ်ပကာသနတွေ အသိုင်းအဝိုင်းရဲ့ အတွေးအခေါ်အယူအဆတွေ၊ လိမ်လည်လှည့်ဖြားမှုတွေ၊ ခက်ထန်ကြမ်းကြုတ်မှုတွေက မိခင်ကောင်း တစ်ဦးရဲ့ မျှော်လင့်ထားတဲ့ မေတ္တာကို ဘယ်လောက်နှိပ်စက်ဖျက်ဆီး ကြမယ်မှ မသိဘဲ၊ ကိုယ်မရှိ၊ အမိသော်လည်းသားစွန့်ခဲ့၊ ကမ္ဘာ မီးလောင် သားကောင်ချနင်းဆိုတဲ့ အဖြစ်မျိုးနဲ့ အမေကြုံခဲ့ရရှာမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းမှာ မျက်ရည်ကလေးတွေစို့နေသည်။ သူ့အသံက တုန်ယင်နေသည်။

"ကျွန်တော် ကျောင်းဆရာဖြစ်လို့ ပထမဆုံးရတဲ့ လခကလေး အမေ့ကို ကန်တော့မယ်လို့ ကျောင်းပိတ်ရက်မှာ နာဂတောင်တန်းက ဆင်းလာပြီး အမေ့ဆီဒုတိယအကြိမ်သွားတော့ အမေဆုံးရှာပြီတဲ့ ဆရာ"

ကျွန်တော်သည်ပင် မျက်ရည်ဝဲလာသည်။ ရင်ထဲမှာ တင်းကျပ်ကျပ် ဖြစ်လာသည်။

"ကျွန်တော့်ဘဝမှာ အခက်အခဲပေါင်းများစွာနဲ့ ရုန်းကန်ခဲ့ရပါတယ် ဆရာ။ မရှိဆင်းရဲကျပ်တည်းခြင်းကို အခြေခံပြီးကြိုးစားရလို့လဲ ပင်ပန်း ခဲ့ပါတယ်။ ယုယုယယကြင်နာမှုနဲ့ ထွေးပိုက်မခံဖူးပေမယ့် အမေ့ရဲ့ မေတ္တာကို ညစဉ်တမ်းတရှိုက်ရင်းကြိုးစားခဲ့ရပါတယ်။ အခုကျွန်တော့်ဘဝ အောင်မြင်တော့ အမေမရှိတော့ဘူး"

ညနေဆီနေခြည်ညိုးပြီ။ ရှမ်းရိုးမတောင်ပြာတန်းကြီးပေါ်မှာ နေလုံး နီနီက မေးတင်နေပြီ။ ဆရာတပည့်နှစ်ယောက်သား ကော်ဖီဆိုင်မှထ၍ စိမ်းလဲ့သော မြက်ခင်းပြင်များပေါ်မှာ ဖြတ်လျှောက်၍လာခဲ့ကြသည်။ မောင်ကြာညိုက ကျွန်တော့်လက်ကို ဖေးဖေးမမ တွဲ၍လာသည်။ ကျွန်တော်၏ စိတ်မှာ ချမ်းမြေ့ပါ၏။

ဘဝလှေငယ်ရှင်ကတော့ သူ့အားသူ့မာန်၊ သူ့ဖွဲ့သန်လျက် လေမုန် တိုင်းနှင့် ရေလှိုင်းတို့ကို ကျော်နိုင်ခဲ့ပြီ။

ဩဘ် ‥ မိသခင် မြင်စေချင်စမ်းပါဘိ

www.burmeseclassic.com

www.burmeseclassic.com

# အလုည့်ကျ မနွဲ့ကြစတမ်း

"ခင်ဗျားတို့ စာတွေထဲမှာတော့ အလုပ်ရှင်၊ အလုပ်သမားလို့ ရေးကြသည်မဟုတ်လား၊ ကျုပ်တို့ထန်းဒေသ၊ ယာဒေသအညာမြေတကြောမှာတော့ စာရင်းဒိုင် (သူရင်းဒိုင်) နဲ့ စာရင်းငှား (သူရင်းငှား) လို့ခေါ်ကြတယ်။ သူရင်းဒိုင်ဆိုတာကတော့ လုပ်ငန်းပိုင်ရှင်များပေါ့ဗျာ၊ သူက သူ့လုပ်ငန်းလုပ်ဖို့ သူ့မိသားစုအင်အားနဲ့ မနိုင်တဲ့အတွက် အခြားလူတစ်ယောက်ကို ငှားလိုက်ရင် အဲဒီလူကို သူရင်းငှားလို့ခေါ်သဗျ"

"သူရင်းဒိုင်က လက်ညှိုးထိုးပြီး သူ့အလုပ်တွေပြီးအောင် သူရင်းငှားကို ခိုင်းရတာပေါ့။ သူရင်းငှားက သူ့အလုပ်ကို တာဝန်ခံရတယ်။ သူခိုင်းသမျှပြီးအောင်လုပ်ရတယ်။ သူရင်းဒိုင်ရဲ့မျက်နှာကိုကြည့်ပြီး သူမငြိုငြင်အောင်၊ သူကျေနပ်အောင်အလုပ်လုပ်ပေးရတယ်။ အသွင်သဏ္ဍာန်အားဖြင့်ပြောရရင်တော့ သူရင်းဒိုင်က ဂိုက်နဲ့ဆိုက်နဲ့ ရှိုးစမိုးနဲ့နေနိုင်တယ်ပေါ့ဗျာ။ သူရင်းငှားကတော့ အလုပ်လုပ်ရတဲ့လူကိုဗျ ရှိုးရိုးကုတ်ကုတ် ခပ်နွမ်းနွမ်းပေါ့ဗျာ"

ဦးလေးသိန်းက ပြုံးချိုသောမျက်နှာနှင့် ကျွန်တော့်ကို ခပ်ရွှန်းရွှန်းကလေးပြောပြနေသည်။ ဦးလေးသိန်းအပြောကို ကျွန်တော်သဘောပေါက်ပါ၏။ ကျွန်တော်ငယ်စဉ်က ရွာမှာနေစဉ် သူရင်းဒိုင်ဆိုသော လူကြီးတွေနှင့်လည်း အတူနေခဲ့ဖူး၏။ သူရင်းငှားဆိုသူတွေနှင့်လည်းအတူနေခဲ့ဖူးသည်။ ထန်းတောပိုင်ရှင်ကြီးများ သောက်ရန်အတွက် ငှက်ပျောတောင်ပင်ကျရည်ကို မြူအိုးအသစ်မှာထည့်၍ အမဲခြောက်ဖုတ်ကန်းကန်လေး

www.burmeseclassic.com



နှင့် တည်ခင်းပြုစုရှာသော ခါးတောင်းမြှောင်အောင်ကျိုက်ထားသည့် ထန်းသမားကြီးကိုလည်းမြင်ဖူးသည်။ မြေပိုင်ရှင်ကြီး စားဖို့အတွက် [illegible]ထွန့်ရင်းရခဲ့သော *ချိုးကလေးနှစ်ကောင်နှင့် တောကြက်ဥကလေး* သုံးလုံးလာပေးသော သူရင်းငှားကြီးတစ်ဦးကိုလည်းမြင်ခဲ့ဖူးသည်။

ဦးလေးသိန်းက ခပ်ပြုံးပြုံးပင်ဆက်၍ ပြောပြန်သည်။

"ဒီဒေသမှာတော့ မိဘနဲ့သားသမီးဟာ ဒီလိုပါပဲကွာ။ မိဘက သူရင်းငှား သားသမီးက သူရင်းဒိုင်ကွ၊ မိဘရဲ့မေတ္တာရိပ်မှာ သားသမီး ဘဝဟာ အချမ်းမြေ့ဆုံးပျော်စရာအကောင်းဆုံးပဲကွ၊ မိဘဆိုတာ ကတော့ သားတို့ရုပ်ရည်၊ သီတာမည်သားဆိုတဲ့အတိုင်း သားသမီးကို အရိပ်တကြည့်ကြည့်နဲ့ ကျွေးဖို့မွေးဖို့ ပြုစုပျိုးထောင်ဖို့ ကြိုးစားရုန်းကန် ရှာပေါ့ကွာ"

ကျွန်တော်က ဦးလေးသိန်း၏ ဥပမာသဘော ခွန်းချိုသော အပြော ကို အာရုံကျ၍ နေမိသည်။

"ဦးလေးသိန်းတို့ ငယ်ငယ်ကလည်း မိဘလက်ထက်မှာ အလွန် ပျော်သပေါ့ကွာ ပိုက်ဆံဆိုတာ အမေ့ကို ခေါင်းနဲ့ငှေ့လိုက်ရင် "ချလွင်" ဆို အမေ့ဘောအိပ်ထဲက ထွက်လာတာပဲ၊ အဲဒီတုန်းက ဒင်္ဂါးခေတ်ကိုကွ။ မြို့ကြီး လောကဓာတ်ကျောင်းထားတယ်၊ ခုနစ်တန်းအောင်ခဲ့တယ်၊ ကောင်းပေဆိုတဲ့ ပစ္စည်းမှသုံးတယ်။ ရန်ကုန်ရိုးကုမ္ပဏီကမှာပြီးသုံးတယ် အစားအသောက်ဆိုလည်း ပြောမနေနဲ့ အင်္ဂလန်ကလာတဲ့ မုန့်သေတ္တာ ကို စာကြည့်စားပွဲပေါ်တင်ထားပြီး ဝါစေ့ဆိတ်စားသလို တပြုတ်ပြုတ် စားနေတာပဲ၊ စာမေးပွဲဂဇက်ထွက်လို့အောင်တိုင်း ဘကြီးက စိန်လက်စွပ် ဆင်တွင်းဆုချသေးသကွ၊ အဲဒီတုန်းကတော့ မိုးမမြင်လေမမြင် ပျော်ခဲ့တဲ့ ဘဝဆိုတာ အရာသာ ချိုချိုပါကလားလို့ အောက်မေ့ခဲ့တယ်၊ အဲဒီ တုန်းက ဒီမှာအဖေက ပင်နီအကျီကြီးနဲ့ ဖျင်တဘက်ခေါင်းပေါင်းလို့ [illegible]ဆေးလိပ်ကြီးနဲ့ပေါ့ကွာ။ စာရင်းတွေတွက်ချက်ရ မြင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



စီးနဲ့မြို့သွားရ၊ တောသွားရမောလို့၊ အမေကလည်း နှစ်နံ့စပ်ထဘီကြီးနဲ့ ပဲတွေ၊ ပြောင်းတွေ၊ စပါးတွေကိုကိုယ်တိုင်ဝင်ပြာတယ်မောင်ရေ့''

ဦးလေးသိန်းသည် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို အားရပါးရသောက်ချလိုက်၏။ သနက်ဖက်ခေးလိပ်အတုတ်ကြီးကို တစ်ရှိုက်နှစ်ရှိုက်ဖွာလိုက်ကာ ဆက်၍ပြောပြန်သည်။

''အင်း ကျောင်းကထွက်တော့လည်း မျိုးတူ၊ နွယ်တူ၊ ဂုဏ်ရည်တူသူသူဌေးသမီးနဲ့ မိဘတွေက လက်ဆက်ပေးပြန်တော့လည်း ရွှေနဲ့မြနေနဲ့လ ပျော်စရာပေပေါ့ကွာ၊ ဟော သားရတနာ၊ သမီးရတနာဆင်ကောင်၊ မြင်းကောင်တွေရလာပြီဆိုတော့ သူတို့စားဖို့၊ ဝတ်ဖို့၊ နေဖို့ထိုင်ဖို့၊ တက္ကသိုလ်ကျောင်းထားဖို့ ကြိုးပမ်းရပြီပေါ့ကွာ''

ဦးလေးသိန်းသည် စကားကို ခဏကြာဖြတ်ထားလိုက်ပြီးမှ စေ့စေ့တွေးရင်း –

''အင်း အခုတော့ ဦးလေးသိန်းတို့က သူရင်းငှား၊ သူတို့က သူရင်းဒိုင်ပေါ့ကွာ'' ဟု ပြောကာ သူ့အပြောကို သူသဘောကျ၍ တဟဲဟဲရယ်နေသည်။

---

နံနက်လင်းလျှင် ဦးလေးသိန်းက အိမ်ဝင်းသန့်ရှင်းပြီးဖြစ်နေသည်။ အိမ်ဝင်းအတွင်းမှာ အမှိုက်တစ်ပင်မှမရှိစေရ၊ အိမ်ဝင်းအတွင်း စိုက်ထားသော သစ်ပင်ပန်းပင်တို့မှာလည်း ရေလောင်းပြီးဖြစ်နေသည်။ သောက်ရေအိုးကို ဦးလေးသိန်းက ဂရုစိုက်၏။ အသန့်အရှင်းမှုကြိုက်သည်။ ခေါကြည်ခံထားသော စဉ့်အိုးမှ ရေကြည်သန့်သန့်ကို ရေအိုးစင်ပေါ်မှ ခေါစိမ့်၍ ရွှဲနေသော ဖျဉ်းအိုးတွင် ရေစစ်သန့်သန့်ဖွေးဖွေးခံ၍ နံနက်တိုင်း လောင်းထည့်သည်။ အိမ်၏ ကျက်သရေကို ဖန်ဆင်းသူမှာ ဦးလေးသိန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်ဖက်ခြောက်ကောင်းကောင်းနှင့် လက်ဖက်ရည် ကြမ်းအိုးခပ်ကာ အညာမလေ့၊ ရွာမလေ့၊ ပဲပြုတ်နီနီဆီကို ဆမ်းလို့ လက်ဖက်ရည်ကြမ်းနှင့် "အဟာမ်း" ဟု ဆိုရလောက်အောင် အနေအထိုင် အစားအသောက်စနစ်ကျလှသည်။

နံနက် (၈) နာရီထိုးလျှင် ဦးလေးသိန်း စက်ဘီးနှင့် ပွဲဝိုင်းသို့သွား တော့သည်။ သူ့စက်ဘီးက ရာလေးအမျိုးအစားစက်ဘီး၊ လက်ထဲရောက် သည်မှာ (၁၅) နှစ်ခန့်ရှိပြီး အရောင်မညှိုးသေး တစ်လက်ကိုင်နေ့စဉ် အသွား တစ်နေ့ကုန်ပွဲဝိုင်းအလုပ်တွေလုပ်သည်။ ညနေမှာ တရင်း တွေတွက်ရ ချက်ရသည်။ ရန်ကုန်တင်ဖို့စီစဉ်ရသည်။ ညမှာတော့ ကုန် ရှေးနှန်းသတင်းက နားထောင်နေကျ။

သားကြီးကြည်ထွန်းနှင့် သမီးမသူဇာကိုတော့ ဦးလေးသိန်းက အလွန် ချစ်သည်။ ဖူးဖူးမှုတ်ထား၏။ ရွှေပေါ်မြတင်ထား၏။ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထား၏။ စာကြိုးစားဖို့၊ လိမ္မာကြဖို့၊ ကျောင်းမှန် မှန်တက်ကြဖို့အားပေး၏။ သူတို့ ဆယ်တန်းအောင်သည့်နှစ်က ဦးလေးသိန်းအလွန်ပျော်နေသည်။ တပြုံးပြုံးနှင့် ပီတိဖြစ်နေသည်။

ကြည်ထွန်းနှင့် ကျွန်တော်မှာ သက်တူရွယ်တူကျောင်းနေဘက်၊ တက္ကသိုလ်ရောက်တော့လည်း အတူတူ။

"သားသမီးတွေ တက္ကသိုလ်ရောက်ပြီဆိုတော့လည်း မိဘတွေမှာ ဝန်ထုပ်ဝန်ပိုးတွေတက်လာတာပေါ့နော်"

ကျွန်တော်ဦးလေးသိန်းနှင့် စကားပြောနေကျဖြစ်၍ လက်ဖက်ရည် ကြမ်းဝိုင်းမှာ စကားစလိုက်သည်။

"ဟာ ဘယ့်နှယ်ပြောပါလိမ့် ကိုမျိုးရာ၊ မိဘဆိုတာ အဲဒီဝန်ထုပ်ဝန်ပိုးမျိုး ထမ်းချင်နေတာ၊ သားသမီးတွေ ဆယ်တန်းအောင်ရင်ဝမ်းသာတယ်၊ တက္ကသိုလ်ဆက်ထားချင်တယ်၊ အဲဒါမိဘတိုင်းရဲ့ မေတ္တာစေတနာဗျ။ ထောက်ပံ့နိုင်ဖို့ကတော့ ပိုပြီးအလုပ်လုပ်မယ်၊ ပိုပြီး ချွေတာမယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသိန်းက ကျွန်တော့်ကို သားသမီးလို သဘောထား၍ ချစ်ပါသည်။ ကျွန်တော့်ကို ကဗျာသမား၊ စာသမားမှန်းသိ၍ တန်းတူရည်တူပွင့်ပွင့်လင်းလင်း အခြေအတင် အပြန်အလှန်စကားပြောခွင့်ပေးပါသည်။ ဤသည်မှာ ကျွန်တော်နှင့် ဦးလေးသိန်း၏ကြားတွင် ထူးခြားသော မေတ္တာတရားပင်ဖြစ်ပါ၏။

"အကယ်၍ သားသမီးတွေက ပြန်ပြီး ကျေးဇူးမဆပ်နိုင်ဖူးဆိုရင်ကော၊ မိဘတွေ ဘယ်လိုခံစားကြမလဲ"

ဦးလေးသိန်းသည် ပြုံးရွှင်သော မျက်နှာဖြင့် . . .

"ဟ ကိုမျိုးရ မိဘမေတ္တာဆိုတာ စုန်ရေကွ၊ ဆန်ရေကို ပြန်ပြီးမျှော်လင့်တဲ့ မေတ္တာမျိုးမဟုတ်ဘူး။ မိဘမေတ္တာမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတွေအားလုံးပါဝင်နေပါတယ်။ ဒါကြောင့် မြင်းမိုရ်တောင်ဦးမကကျူးသည့် ကျေးဇူးတော်ရှင် မွေးသမိခင်၊ မွေးသဖခင်လို့ စာဆိုရှိတယ်မဟုတ်လား"

ပြောသည့်အတိုင်း ဦးလေးသိန်းဆောင်ကြဉ်းခဲ့သည်။ ကြည်ထွန်းတို့၊ မသူဇာတို့ တက္ကသိုလ်ရောက်သောအခါ လိုလေသေးမရှိထားခဲ့သည်။ ကျွန်တော်က ရန်ကုန်တက္ကသိုလ်ပင်မကျောင်းဆောင်များမှာနေရပြီး ကြည်ထွန်းတို့က သမိုင်းကကျောင်းဆောင်သစ်တွေမှာ နေရသည်။ ကြည်ထွန်းအခန်းမှာ သပ်ရပ်တောက်ပြောင်နေသည်။ စားပွဲခင်းတွေ၊ လိုက်ကာတွေ၊ ပန်ကာတွေနှင့်ဖြစ်သည်။ ထိုစဉ်ကပင် သူ့အခန်းမှာ ရေဒီယိုနှင့် တိတ်ရီကော်ဒါရှိနေသည်။ ကြည်ထွန်းကိုယ်တိုင်ကလည်း လူချောလူခန့်၊ သပ်သပ်ရပ်ရပ်နေတတ်သည်။ ဘောင်ဘီရှည်ပင်နက်ကတိုင်နှင့် ရှူးဖိနပ်နှင့် ကျောင်းတက်သည်။ တစ်ခါတစ်ရံ ပိုးဒိုက်ပုံနှင့် ကတ္တီပါဖိနပ်နှင့်ကျောင်းတက်သည်။ ထိုစဉ်က ကျွန်တော်တို့ တစ်လတစ်ရာကျပ်နှင့် လောက်အောင်သုံးနေချိန်တွင် ကြည်ထွန်းက တစ်လ နှစ်ရာကျပ်လောက်ကုန်သည်။ နှစ်စဉ်စာမေးပွဲအောင်တော့လည်း အဖေဖြစ်သူက ကျေနပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော သီတင်းကျွတ်ကျောင်းပိတ်ရက်ဖြစ်သည်။ ကျွန်တော်က ဦးလေးသိန်းတို့အိမ်ရောက်နေ၏။ ကြည်ထွန်းတို့ မောင်နှမက သူတို့အမျိုးမင်္ဂလာဆောင်သို့သွားရန် ပြင်ဆင်နေကြသည်။ ကြည်ထွန်းက ခိုတ်ပုဆိုးနှင့် ရှိုးအပြည့် သူ့နှမ မသူဇာကလည်း စိန်တွေ၊ ရွှေတွေ အွတ်နေအောင်ဝတ်ထားသည်။ ကျွန်တော့်ကို "မင်းဦးလေးနဲ့ စကားပြောရစ်ဦး" ဟု မှာကာထွက်သွားကြသည်။ ဦးလေးသိန်းက စွပ်ကျယ်အကျႌကြီးနှင့် သနပ်ဖက်ဆေးလိပ်ကြီးဖွာကာ သားနှင့်သမီးကို အရိပ်တကြည့်ကြည့်နှင့် ကျန်ရစ်သည်။

"ဦးလေးသိန်းသားက ဂိုက်ဆိုက်အဖြောင့်ဗျ"

"ဟုတ်ပဗျာ ရှိုးအပြည့်ပါပဲ။ အခုသူဝတ်သွားတဲ့ ပုဆိုးက ထောင်ကျော်တန်ဆိုကိုးဗျ။ ကျုပ်တို့ဖြင့် ဆယ့်ခြောက်ကျပ်ခွဲတန် မာဆရိုက်ပုဆိုးနဲ့ ပြီးခဲ့ရတာပါပဲဗျာ"

ကျွန်တော်က တဟဲဟဲရယ်သည်ကို ဦးလေးသိန်းက သဘောကျနေသည်။

"ဦးလေးသိန်းသားက အတွဲတွေ ဘာတွေတောင် ရှိနေပြီကြားတယ်"

"ဟုတ်လောက်သပေါ့ဗျာ၊ ဖိုင်နယ်ရောက်ပြီလေ၊ သူလုပ်ရမယ့်အလုပ်ဆက်လုပ်တော့မှာပေါ့၊ လုပ်ပေ့စေ လုပ်ပေ့စေ ဒါမှ ကျုပ်ပြောတဲ့ သူရင်းဒိုင်၊ သူရင်းငှား သူတို့နားလည်လာကြမှာပေါ့"

ဦးလေးသိန်းသည် ပြုံးပြုံးကြီးလုပ်၍ လက်ထဲမှ သနပ်ဖက်ဆေးလိပ်တိုကြီးကို ထွေးခံတွင်စိုက်ကာ ငုံ့ထားသောလက်ဖက်ရည်ကြမ်း တစ်ခွက်ကို မော့ချလိုက်ရင်း ကျွန်တော့်ဘက်သို့လှည့်ကာ ကြည်ထွန်းတို့ပြောရင်း ကျွန်တော့်ကိုပါ ရောသိပ်လိုက်သည်။

"အင်း အလှည့်ကျရင်တော့ မနွဲ့ကြစတမ်းဗျ"

www.burmeseclassic.com

www.burmeseclassic.com



ကြည်ထွန်းက တက္ကသိုလ်မှ ဘွဲ့ရပြီးလျှင်ပြီးချင်း ကိုယ့်မြို့ ကိုယ့်ရွာ မှာအလုပ်ရသည်။ မကြာမီအထက်တန်းပြဆရာမတစ်ဦးနှင့် လက်ထပ် လိုက်သည်။ ကြည်ထွန်းကလေးနှစ်ယောက် ဖခင်ဖြစ်သည်အထိ ကျွန်တော့်မှာ တစ်ကိုယ်တည်းလူပျိုကြီးဘဝနှင့်ပင် ရှိနေသေးသည်။ ကျွန်တော်က အခြားတစ်မြို့မှာသွား၍ အလုပ်ရသည်။ ကျောင်းရက် ရှည်ပိတ်တိုင်း ကိုယ့်မြို့ကိုယ့်ရွာ ပြန်လာတတ်သည်။ မြို့ကို ပြန်လာ တိုင်း ဦးလေးသိန်းနှင့်စကားတွေ ဖောင်ဖွဲ့၍ ပြောနေကျ။

နွေရာသီ၏ တစ်ခုသော နေ့လယ်ခင်းဖြစ်သည်။ ဦးလေးသိန်းနှင့် ကျွန်တော်လက်ဖက်ရည်ကြမ်းအိုးတစ်လုံးနှင့် စကားလက်ဆုံကျနေစဉ် ကြည်ထွန်းရောက်လာသည်။ ကျွန်တော့်ကို မျက်ရိပ်မျက်ခြည်ပြ၍ နှုတ်ဆက်ကာ တိုက်နောက်ဖေးသို့ဝင်သွားသည်။ ဦးလေးသိန်းက အကဲ ခတ်ကြည့်နေ၏။ ကြည်ထွန်းသည် တိုက်နောက်ဖေး စပါးကျီကြား၊ ပန်းမိုးစင်အောက် သူငယ်စဉ်က စာကျက်ခဲ့သော ကွပ်ပျစ်ကလေးတွင် သင်ဖြူးခင်း၍ ခေါင်းအုံးကလေးတစ်လုံးနှင့် ပုန်းအိပ်နေသည်။

ကျွန်တော်နှင့် ဦးလေးသိန်းသည် လက်ဖက်ရည်ကြမ်းတစ်ကြိုက်၊ ဆေးတစ်ရှိုက်နှင့် စကားတွေဆက်ပြောနေသည်။ ရှေးဟောင်းနှောင်း ဖြစ် မြန်မာစာ၊ မြန်မာမှုပဟုသုတများကို ဦးလေးသိန်းက ပေးသကဲ့သို့ ကာလပေါ် နိုင်ငံတကာရေးရာ၊ မြန်မာ့ရေးရာ၊ မြန်မာမှုတို့ကိုလည်း သူက ယူတတ်သည်။ အရိုးဒေါ်ခင်သန်းကမူ ကျွန်တော်တို့ စားပွဲနှင့် မနီးမဝေးမှာ ပက်လက်ကုလားထိုင်ကြီးနှင့် မှိန်းနေသည်။

မကြာမီ ကြည်ထွန်း၏ ဇနီးမချို စက်ဘီးကလေးနှင့် ရောက်လာ သည်။ ဒေါ်နှင့်မောနှင့် လင်ပျောက်ရှာထွက်လာပုံရ၏။ တွေ့လျှင်တော့ တီးတော့မည့်ဟန်ဖြစ်သည်။ သို့သော် တိုက်ရှေ့မှာ ယောက္ခမနှစ်ဦးနှင့် ဧည့်သည် ကျွန်တော့်ကို တွေ့လိုက်ရသောအခါ ကိုယ့်ရှိန်သတ်သွား သည်။ ယောက္ခမများရှေ့တွင် ချွေးမ၏ အယဉ်ကျေးဆုံးအမူအရာနှင့်

www.burmeseclassic.com

www.burmeseclassic.com


အသာအယာ လှမ်းဝင်လာသည်။ ဦးလေးသိန်း၏ မျက်နှာကို ကျွန်တော် ငုံ့ကြည့်လိုက်သောအခါ တည်တည်ငြိမ်ငြိမ် ဣန္ဒြေဆည်ထားသည် ကို တွေ့လိုက်ရသည်။ မချိုသည် အရိုးဒေါ်ခင်သန်းအနီးဝင်ထိုင်လိုက် ၍ မျက်နှာကို အချိုဆုံးထားကာ "ဒေါ် ဒေါ် ကိုကြည်ထွန်းတစ်ယောက် အိမ်မလာဘူးလား"

အရိုးဒေါ်ခင်သန်းကလည်း အလွန်ပါးနပ်၏။ သူ့သားကြည်ထွန်းကို အချစ်ဆုံး မလွှဲသာ၍သာ သူ့ဇနီးအိမ်ထည့်လိုက်ရသော်လည်း အနားက တစ်ဖဝါးမှ ခွာစေချင်သောသားမဟုတ်။ မိန်းမချင်းတော့ ခြေမြင်သည်။ အိမ်ချင်းမူးတူးပုံစံဖြင့်

"ဟင် ဒီသွားမလို့တဲ့လား။ ငါဖြင့်မေးကနဲပျော်သွားတာနဲ့ မသိလိုက် ပေါင်အေ"

မချိုသည် ရှာဖွေရေးမျက်လုံးဖြင့် တိုက်ထဲသို့ ဟိုဟိုဒီဒီကြည့်၏။ အဆင်ချောအောင်တိုက်ထဲဝင်၍ စားစရာ၊ ကြောင်အိမ်ရှင်းသလိုလို၊ အအုပ်ရှာသလိုလိုနှင့် ဝင်သေးသည်။ ကြာမှ ပြန်ထွက်လာသည်။

"ဦးလေး ဒေါ်ဒေါ် ပြန်တော့မယ်"

"အေးအေး ပြန်ရှော့တော်"

အရိုး ဒေါ်ခင်သန်းက လေသံအေးအေးကလေးနှင့် ပြန်ပြောရင်း ဘုလားထိုင်မှာ မှိန်းနေသည်။

မချိုသည် စက်ဘီးကလေးကို ဒေါက်ပြန်တင်၍ ဝင်းပေါက်ဘက် သို့ အလှည့်တွင် ဦးလေးသိန်းက လှမ်း၍ ...

"ဟဲ့ သမီး မိချို ဘာတွေအရေးကြီးနေတာတုန်းဟဲ့၊ ပြန်တော့ မလို့လား"

"ဟုတ်တယ်ဦးလေး အိမ်မှာ ညည်းသည်တွေကလည်းရောက်နေတယ် ကျွန်မကလေးနှစ်ယောက်နဲ့ မနိုင်ဘူး၊ ကလေးတစ်ယောက်ကလည်း ဖျားနေတယ်၊ ကိုကြည်ထွန်း ဘယ်သွားမှန်းလည်း မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချွေးမ၏ ချွဲသံနောက်တွင် ယောက္ခမဖြစ်သူ ဦးလေးသိန်းက ..

"ကြည်ထွန်းပျောက်လို့ လိုက်ရှာနေတာလား"

"ဟုတ်တယ် ဦးလေးရဲ့"

"သမီးက ဦးလေးမှ မမေးဘဲ ညီးဒေါ်ဒေါ်ကိုသာ ကပ်မေးနေတာကိုး၊ သူအိပ်ပျော်နေတာ သူ့ဘာမှ မသိလိုက်ဘူး၊ လာလာ ဦးလေးသိန်း ပြောမယ်"

ချွေးမ မိချိုသည် စကီဘီးကလေးကို ပြန်ထောက်၍ ဦးလေးသိန်းဆီသို့ ကြို့ကြို့ကလေးလာသည်။

"ဟော ဟို ကျီတိုက်ကြားက ပန်းမိုးစင်အောက်က ကွပ်ပျစ်မှာဗျာ ညီးလူပုန်းအိပ်နေလေရဲ့ သွားနှိုးပေတော့" ဟု ညွှန်လိုက်သည်။

ဝမ်းသာမြူးကြွသွားသော မချိုသည် ကျီတိုက်တက်ဆီသို့ ခပ်သွက်သွက်ကလေးလှမ်းသွားသည်။ ကျီတိုက်ကြား ပန်းမိုးစင်အောက်က ကွပ်ပျစ်သာတွင် လင်ပျောက်ရှာ မင်းသမီးကလေးနှင့် မင်းသားတို့တွေ့သည်။

မည်သို့နှိုးခဲ့သည်မသိ၊ ခဏအကြာတွင် မချိုပြန်ထွက်လာသည်။ နောက်က ဝါးတစ်ရိုက်ခန့်အကွာတွင် အိပ်ချင်မူးတူးနှင့် မင်းသားကြည်ထွန်းပါလာသည်။ ကျွန်တော့်အား လှမ်းအကြည့်တွင် ကျွန်တော်က လျောင်ပြုံးကလေး တစ်ချက်ပြုံးပြလိုက်သည်။ သူတို့လင်မယားနှစ်ယောက်စက်ဘီးအတူစီးကာ ပြန်သွားကြတော့သည်။

ဦးလေးသိန်း၏ မျက်နှာမှာ ရွှင်ပျကျေနပ်နေဟန်ရှိ၏။ အရိုးဒေါ်ခင်သန်းကမူ ဦးလေးသိန်းထံ မျက်စောင်းတစ်ချက်ခဲလျက် ..

"တော့နှယ်တော် မနေတတ်၊ မထိုင်တတ်၊ နေရာတကာပါလို့" ဟု ခပ်ထန်ထန်ကလေးပြောလိုက်သည်။

"ဟ ညီ့သားဘော်ကြော့ နေချင်လို့မရတော့ဘူး၊ သူကသူ့ရင်းငှားဖြစ်သွားပြီ ဟား ..ဟား ..ဟား ..ဟား" ရယ်သွမ်းသွေးရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးသိန်း ကျွန်တော်ပြန်ဦးမယ်ခင်ဗျ" ဟု ဆိုကာ ကျွန်တော် အသာပြန်ခဲ့သည်။

ဦးလေးသိန်းတို့လင်မယားဆက်၍ ရန်ဖြစ်ကောင်းဖြစ်နေပေဦးမည်။

မိုးမှသည်ဆောင်း၊ ဆောင်းမှသည်နွေ ရာသီတွေအလီလီပြောင်းပြီး ပိတောက်မှသည် သရဖီ၊ ရာသီပန်းတွေ ပွင့်လေတိုင်း ဝေးမြေရပ်ခြားမှာ နေရသူတို့အဖို့ ဇာတိရပ်မြေကို သတိရမြဲဖြစ်ပါသည်။ မွေးရပ်မြေကို သတိရလျှင် ရွာက ရှေးဟောင်းနှောင်းဖြစ်တို့ကိုလည်း သတိရမြဲဖြစ်သည်။

ဦးလေးသိန်းကို ကျွန်တော် မကြာခဏသတိရပါသည်။ ဦးလေးသိန်းနှင့် ပြောမိခဲ့သမျှ လောကရသတို့က တဖြည်းဖြည်းမှ ပေါ်လာသည်။ ဦးလေးသိန်းပြောခဲ့သည့် မိဘသံသရာ၊ ဘဝဝန်တာကမှု အထူးသတိရရာဖြစ်ပါသည်။ ကြည့်ထွန်းအိမ်ထောင်ကျပြီး နောက်သုံးနှစ်ကျော်အကြာမှာ ကျွန်တော်အိမ်ထောင်ကျပါသည်။

ကျွန်တော် ဖခင်ဘဝသို့ရောက်ခဲ့ရသည်။ အိမ်ထောင်ရှင်တစ်ဦးဖြစ်လာ၍ အိမ်ထောင်တာဝန်ထမ်းရတော့သည်။ ပထမပြဿနာမှာ နေစရာအိမ်ဖြစ်၏။ အိမ်တစ်ဆောင်၊ မီးတစ်ပြောင်ဖြစ်ဖို့မှာ လွယ်ကူသောကိစ္စမဟုတ်ပါပေ။ သီးသန့်အိမ်ကလေးတစ်ဆောင်နှင့် နေနိုင်အောင် ဘက်ပေါင်းစုံ ကြံဆရသည်။ ကြိုးပမ်းရသည်။ များစွာခေါင်းကိုက်၍ စိတ်ပူရပါသည်။ အိမ်ကလေးရပြန်တော့ လုံခြုံပြီးပြည့်စုံဖို့ ကြိုးပမ်းရပြန်၏။ အိမ်ထောင်ရေးဆိုသည်မှာ အစကတည်းက မလွယ်သော အလုပ်ဖြစ်သည်။

ကျွန်တော့်အဖို့ အမေ့အိမ်မှာလို နေမြင့်အောင် အိပ်၍မရတော့။ နံနက်စောစောထရသည်။ အိမ်သန့်ရှင်းရေးလုပ်ရသည်။ တောမြို့ကလေး

www.burmeseclassic.com



ဖြစ်၍ ရေခပ်ရသည်။ ရေဆွဲရသည်။ ပြီးလျှင် စက်ဘီးကလေးတခြောက် ချက်ချက်နှင့် ကျောင်းသို့ထွက်ခဲ့ရသည်။ တစ်နေကုန်စာသင်ရသည်။ ညနေချိန်အိမ်ပြန်ရောက်တော့ ကလေးထိန်းရသည်။ ကလေးထိန်းရင်း စာဖတ်ရသည်။ တစ်ခါတစ်ရံ စာရေးရသည်။

သည်ကနေ့လည်း သားငယ်နှင့် သမီးငယ်ကို ထိန်းရင်းကြမ်းပြင်ပေါ်မှာ ခြေဆင်းထိုင်၍ တစ်ဖက်က သမီးငယ် တစ်ဖက်ကသားငယ်ကို ထား၍ နှစ်ယောက်တစ်ပြိုင်နက်ထိန်းရသည်။ သူတို့နှစ်ယောက်က တစ်နှစ်ခွဲလောက်ကွာသည်။ သမီးက အကြီး၊ သားက အငယ် သူတို့ကိုထိန်းရင်း ကျွန်တော်စာဖတ်သည်။ ရန်ကုန်ဘဆွေ၏ "မြန်မာပြည်သား" ဝတ္ထုကြီးကလည်း ဖတ်၍ကောင်းနေပါသည်။ ရှေးဟောင်းမြန်မာမှုတွေ ဖတ်ရတိုင်း ဦးလေးသိန်း၏ သူရင်းဒိုင်၊ သူရင်းငှား လူမှုဓလေ့က ပေါ်လာပြန်သည်။ စာအုပ်ကြီးကို လက်ကကိုင်လျှင်ပင် ဦးလေးသိန်းသရုပ်ပြ အမွှန်းတင်ခဲ့သည့် သူရင်းဒိုင်၊ သူရင်းငှားဇာတ်လမ်းကြီးကို တစိမ့်စိမ့်တွေး၍ သဘောကျနေမိသည်။

"ဝါး " ခနဲ အော်၍ ငိုလိုက်သော သားငယ်၏အသံ "ဂွမ်း" ခနဲ လွှင့်ပစ်လိုက်သော နို့ဘူးအသံတို့ကြောင့် ကျွန်တော်လန့်၍ အတွေးပျက်သွားသည်။ သမီးငယ်ကစားနေသော အရုပ်ကို သားငယ်ကလှမ်းလု၏။ သမီးကပြန်လုသောအခါ ဒေါသဖြစ်၍ နို့ဘူးကိုလွှင့်ပစ်ကာ ဝါးခနဲငိုချလိုက်ခြင်းဖြစ်သည်။ သူ့ခြေထောက်ကို နို့ဘူးထိမှန်သွား၍ သမီးငယ်က ငိုပြန်သည်။

မီးဖိုချောင်ထဲတွင် ထမင်းဟင်းချက်နေသော ဇနီးသည်က အပြေးကလေး ထွက်လာ၍ သားငယ်ကို ကောက်ချီကာ–

"ကိုနေမျိုးတို့များ ကလေးလည်း မထိန်းတတ်၊ ထမင်းလည်းမချက်တတ်၊ သူ့စာအုပ်တွေနဲ့ပဲ ပြီးနေတာပဲ။ ကဲပါ ကလေးတွေထားခဲ့ပါ။

www.burmeseclassic.com



ကျွန်မ ချော့လိုက်ပါ့မယ်။ ခဏနေရင်ကလေးတွေ ရေချိုးဖို့ ရေသွားဆွဲပြီး ကျောက်ခွက်ထဲရေဖြည့်ထားလိုက်ပါ"

ကျောက်ခွက်ထဲ ရေဖြည့်ထားလိုက်ပါဆိုကတည်းက ကလေးနှစ်ယောက်နှင့် မအေပါချိုးဖို့ဆိုသည်ကို ကျွန်တော်နားလည်လိုက်ပါ၏။ ကလေးနှစ်ယောက်ရလာပြီဆိုတော့လည်း ဇနီးသည်၏ အပြောကို နားကမချိုချင်တော့။ သို့သော် တာဝန်ကရှိနေသဖြင့် အိမ်နောက်ဖက် ရေတွင်းရှိရာသို့ ကျွန်တော်ကူးခဲ့ရပါသည်။ ထိုစဉ် ဦးလေးသိန်းပြောခဲ့သော စကားများက ခေါင်းထဲသို့ ပြေးဝင်လာသည်။

"သူရင်းဒိုင်မဟုတ်တော့ဘူးဗျ။ သူရင်းငှားဖြစ်ပြီဗျ"

"အလှည့်ကျရင်တော့ မခွဲကြစတမ်းဗျ"

www.burmeseclassic.com

www.burmeseclassic.com

# ပုံတောင်ပုံညာ ဧကရီ

ရှစ်ခွင်တိုင်းမှာ မြူခြေဆိုင်း၍ မှိုင်းပြာရီမှောင်လျက်ရှိသည်။ အနောက်ဘက် ပုံတောင်ကြီးက ညို့ညို့မဲမဲနှင့် ထီးထီးခန့်ခန့်ရပ်နေသည်။ အရှေ့ဘက်မြေပြန့်လွင်ပြင်ကို လှမ်းမျှော်လိုက်သောအခါ ကမ္ဘာလာအနက်ကြီး ခင်းထားသည့်နှယ်ရှိနေသည်။

ကျွန်တော်တို့ရောက်နေသော ပုံတောင်တန်းပေါ်တွင်ကား အနောက်ဘက်တောင်စွယ်ရိုးပြတ်ကို ထိကပါးရိကပါးလုပ်နေသော နေမင်း၏အလင်းရောင်က ခပ်ဖျော့ဖျော့ကျနေသေးသည်။ နေခြည်ချုပ်တည်းညဥ့်အားနည်း၍ ညဆည်းဆာရောင်ရီမှောင်မှောင်ရှိနေသည်။

ဆောင်းနှောင်းရာသီဖြစ်၍ သီတာကြည်လဲ့ ငှက်သံနွဲ့နှင့် လွမ်းဖွယ်မြိုင်ခြေဖြစ်သည်။ တောအုပ်ညိုညိုပင် တိုတိုမှာလည်း မြူအသွေးရွှေရေးလှ၍ ရတုအညီလွမ်းရေးသီကြပြီ။ တောင်ခြေဆီမှ ကျားဟိန်းသံ၊ ဆင်အော်သံတွေကြားရသောအခါ ကျောချမ်းမိသလိုလိုရှိသော်လည်း ဖိုးခေါင်ငှက်၏မြည်သံကမူ လွမ်းစရာဖြစ်သည်။ တောင်ရိုးတောင်ကြောတစ်လျှောက် တိုက်ခတ်လာသော ညနေခင်းလေပြည်တွင် အင်ကြင်းပန်း၊ သရဖီပန်းရနံ့တို့ သင်းပျံ့လာသည်။

ကျွန်တော်တို့ထိုင်နေကြသော ဆင်လုပ်သားတဲပေါ်မှ ကြည့်လိုက်လျှင် မြောက်ဘက်တောစပ်ဆီမှ တရွေ့ရွေ့တက်လာသော ဆင်တစ်ကောင်ကိုမြင်ရသည်။ ခပ်ဖျော့ဖျော့ဖျန်းပက်ထားသော ဆည်းဆာနေရောင်တွင် ရွှေအိုရောင်ပမာဖြစ်နေသည်။ တအိအိကလေးလှမ်းတက်လာ၏။

www.burmeseclassic.com



အနဲ့ကလျက်ကလေးလျှော့ကလာသည်။ ဆင်မယဉ်သာလှမ်းအကြွ ခြေတစ်လှမ်း ကုဋေ့တစ်သန်းတန်ပါရဲ့ဖျာဆိုသည်မှာ ဤဟန်မျိုးကို ပြောဟန်ရှိပါသည်။ မလှမ်းမကမ်းရောက်မှ ဆင်ပျိုမတစ်ကောင်ဟု သိလိုက်ရပါသည်။ သူ့မျက်နှာမှာ မှုန်တေတေမဟုတ် ကြည်ကြည်လင် လင်ရှိနေသည်။ အစွယ်မှာ ဆင်မအစွယ်ဖြစ်၍ ခပ်သွယ်သွယ်နှင့် ကော့ ဖြူဖြူးကလေးရှိသည်။ ဦးကင်းလှ၍ နှာမောင်းအရင်းမှာ ခပ်မောက် မောက်နှင့် အဖျားမှာ ညွတ်သွယ်၍နေသည်။ ကိုယ်လုံးကိုယ်ထည်မှာ နိမ့်မမြင့်တင့်တယ်ပြေပြစ်လှသည်။ ကျွမ်းကျင်သော ပန်းပုဆရာထု သော ဆင်ရုပ်ကဲ့သို့ ကြော့ကြော့မော့မော့ကလေးရှိသည်။ သန့်ရှင်း လှပသော နားရွက်အစုံကို ညင်သာစွာ လှုပ်ခတ်၍ မျက်ခင်းဘေးက ထွေသွားလမ်းကလေးအတိုင်း လျှောက်လာသည်။ လမ်းဘေးက ပန်းပွင့် ကလေးများကို ခူးလိုက်၊ သစ်ကိုင်းဖျားက အင်ကြင်းခိုင်ကလေးများ ကို ချိုးလိုက်နှင့် စိတ်ရွှင်လန်းချမ်းမြေ့စွာ ဆင်ဝိုင်းသို့ပြန်လာဟန်ရှိ သည်။

ဆင်ပျိုမသည် သူ့သခင်ရှိရာ တဲစုများဘက်ဆီသို့ တစ်ချက်လှမ်းကြည့် ၍ ဟန်မပျက်ဆက်လျှောက်သွားသည်။ တောင်စွန်းက တောင်ကမူ အမြင့်ကလေးပေါ်သို့တက်သွား၏။ ကြော့ကြော့မော့မော့ကလေးရပ်ကာ နှာမောင်းကလေးတရမ်းရမ်းနှင့် လေညင်းခံနေ၏။ အတန်ကြာလျှင် နှာမောင်းကလေးကို အထက်မြှောက်၍ ခေါင်းကလေးမော့နေသည်။

"ဘောင်းကင်လေကို ရှူလေသလား သစ္စာဆိုလေသလားတော့ မသိဘူးဗျာ၊ နေ့စဉ်သူ့အမူအကျင့်ပါပဲ" ဟု ဆင်ဦးစီးတစ်ယောက်က ပြောသည်။

"ဆင်ပျိုမဗျ အသက်က သုံးဆယ်လောက်ရှိပြီ။ ဘယ်ဆင်ထီးနှင့် မှလည်း မဆက်ဆံဘူး သူ့ဘာသာ သီးသန့်ကလေးနေတယ်။ သစ်ဆွဲ

www.burmeseclassic.com



တဲ့ လုပ်ငန်းခွင်မှာတော့ အားမန္တဲ့ဘူး။ ဆင်ပေါက်ကြီးတွေနဲ့ အပြိုင်ကြ နိုင်သဗျ"

ဆင်ခေါင်းကြီး ဦးအောင်ဘုကမူ သူ၏ ဝါးဆေးတံကလေးကို တစ်ဖွာနှစ်ဖွာဖွာလိုက်ရင်း ...

"အတော်လိမ္မာပါးနပ်တဲ့ဆင်မဗျ။ သူ့နာမည်က "ငွေသူဇာ" တဲ့။ ကျုပ်တို့ ယမားနယ်ဆင်ဝိုင်းတွေကတော့ သူ့ကိုနာမည်လှလှကလေးပေး ထားတယ်။ "ပုံတောင်ပုံညာဧကရီ" တဲ့ "

"လုံမလေးကို သူ့အမေရိုက်ပါလို့
လာလာလေလိုက်ခဲ့တော့ မောင်တို့ရွာ
ဝေးသီခေါင်ပါတဲ့ ပုံတောင်ပုံညာဆီး"

ငယ်စဉ်က ဆရာကန်တော့ပွဲ ဒိုးပတ်ဝိုင်းမှာ ကျွန်တော်ကိုယ်တိုင် သီဆိုခဲ့ရသော ဗုံထောက်သံကလေးတစ်ပိုင်းတစ်စကို ပြန်၍သတိရနေ မိသည်။ ရှေးအခါက လှည်းတစ်တန် ခြေလျင်တစ်တန် ညအိပ်နေနိ သွားရသော ခရီးဖြစ်သည်။ အရောက်ခက်ပါဘိ။ အနောက်ဘက်က တို့ယောရွာဟုဆိုရလောက်သည်။ ကျွန်တော်တို့ ရောက်ချိန်မှာတော့ ပုလဲ– ဂန့်ဂေါလမ်းမကြီးပေါက်ပြီ။ သစ်ထုတ်လုပ်ရေး ကားတွေလည်း ပုံတောင်ပုံညာတစ်ကြောမှာ ဝင်ထွက်သွားလာနေကြပြီ၊ သို့သော် ကြည့်လေ တိုင်းမှာ တောင်ပတ်လည် ခွေဝိုင်း၍ မှိုင်းမှိုင်းပျပျရှိနေသေးသည်။ တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်နှင့် ခရီးဆက်သွားရသော တော တောင်လမ်းတွေလည်းရှိနေသေးသည်။ နိုင်ငံတော်က ပေးအပ်သော တာဝန်ဖြင့် သီချင်းထဲက ပုံတောင်ပုံညာဒေသကို ကျွန်တော်ရောက် ရခြင်းဖြစ်သည်။

ဆင်အပျိုကြီး ငွေသူဇာက ကျွန်တော်နှင့် မိတ်ဆွေဖြစ်နေပြီ၊ သူတို့ ဆင်ဝိုင်းသို့ ကျွန်တော်ရောက်တိုင်း အေးဆေးတည်ငြိမ်၍ စိတ်ချမ်းမြေ့ စွာ နေတတ်သော သူ၏အမူအကျင့်ကို တွေ့ရသည်။ တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com


သမ်းလျှောက်ချင်းဆုံနေလျှင် ငွေသူဇာ၏ မျက်လုံးများက ရန်သူလိုအကဲ ခတ် ရင်းနှီးသောအကြည့်ဖြင့် ကြည့်သွားသည်။ အသိအမှတ်ပြု သွားသည့်အကြည့်ဖြင့် ကြည့်သည်။ တစ်ခါတစ်ရံလုပ်ငန်းခွင်မှာ တွေ့ရ ၏ အချိန်လေးစားသည်။ စည်းကမ်းရှိသည်။ အလုပ်ကြိုးစားသည်။ ဆင်ထိန်းကြီးနှင့်အပြိုင် သစ်ဆွဲနိုင်သည်။

ညနေခင်းအလုပ်သိမ်းလျှင် တောထဲသို့ အစာစားသွားသည်။ နေဝင်လုနီးလျှင် လိုက်ကောက်ရန်မလို။ သူ့ဘာသာပြန်လာသည်။ တစ်ခါ တစ်ရံကျွန်တော် ငွေသူဇာကို အစာကျွေးပါသည်။ သခွားသီးကျွေးသည်။ ငှက်ပျောသီးကျွေးသည်။ သူ့အစွယ်နှစ်ခုကြားက နှာရောင်ကလေးကို အသာအယာ တယုတယပွတ်သပ်၍ အစာကျွေးလျှင် ငွေသူဇာအလွန် ကျေနပ်သည်။

ပုံတောင်တန်းမြောက်ဖျားက မြောက်ယမားနယ်သို့ တာဝန်နှင့်ခရီး သွားရ၍ ဆင်ခေါင်းကြီး ဦးအောင်ဘုက ဆင်နှင့်လိုက်ပို့မည်။ ငွေသူဇာ နှင့် စီစဉ်ထားသည်ဟု ပြောသဖြင့် ကျွန်တော်ဝမ်းသာနေသည်။ ငွေသူဇာ နှင့် ခရီးအတူသွားရတော့မည်။

“မက် ‥ မက် ‥ မက်” ဟု ဆင်ဦးစီးက အမိန့်ပေးလိုက်လျှင် ဆင်မ ငွေသူဇာသည် ပုဆစ်တုပ်ကလေးဝပ်၍ ပေးသည်။ သူ့ကိုယ် ပေါ်မှာ “က” ဟုခေါ်သည့် လူစီးရန် ကျောကုန်းကိုခွ၍ တင်ထားသော ဆောင်ပန်းပုခက်တင်ပြီး စနစ်တကျချည်နှောင်ထားသည်။ ကျွန်တော် တို့က သူ၏ရှေ့လက်ကလေးကိုနင်း၍ “က” အတွင်းသို့ရောက်အောင် တက်ရသည်။ ကျွန်တော်နှင့်အတူ အဖော်အဖြစ် ဒေသခံကျောင်းဆရာ ဦးချစ်ပေါ၊ တပည့်ကျော်အောင်မိုးနှင့် ဆင်ခေါင်းကြီး ဦးအောင်ဘုတို့ ပါသည်။ ငွေသူဇာ၏ ဆင်ဦးစီးမှာ ပေါက်ကျော်ဖြစ်သည်။ “တေး ‥ တေး ‥ တေး” ဟု ဆင်ဦးစီးကအမိန့်ပေးလိုက်လျှင် ဆင်မငွေသူဇာ မှာ ခြေလှမ်းခပ်သွက်သွက်ကလေးနှင့် ခရီးစ၍ နှင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝက်ကျရွာမှ မြောက်စူးစူးသို့ထွက်ခဲ့ကြ၏။ တောင်အဆင့်ဆင့်ကို ကျော်ရသည်။ တောအထပ်ထပ်ကိုဖြတ်ရသည်။ ဆင်မငွေသူဇာသည် ကျောပေါ်က ခရီးသည်များငြိမ့်ငြိမ့်ကလေးလိုက်ပါနိုင်အောင် ကျောကုန်း မလှုပ်ပဲ ခြေထောက်များကသာ ခပ်သွက်သွက်ကလေးလှမ်းနေ၏။ ဤသည်မှာ ဆင်လိမ္မာတို့၏ သွားဟန်တစ်မျိုးဖြစ်၏။ ရေအိုးရွက်သော မိန်းမပျိုသည် ခေါင်းပေါ်ကရေအိုးမဖိတ်စေဘဲ ခပ်သွက်သွက်ကလေး လှမ်းဟန်မျိုးဖြစ်၏။ တောင်ပေါ်တက်လျှင် ဦးမော့၍မတက်၊ တောင်ပတ် လှသွားလမ်းကလေးအတိုင်း ကွေ့ပတ်၍တက်သည်။ အလွန်သေချာ သော ခြေလှမ်းများဖြစ်သည်။

"ငွေသူဇာက ခရီးသွားအလွန် ကျွမ်းကျင်တာပဲနော်"

"သိပ်လိမ္မာတဲ့ ဆင်မဗျ။ သူ့အလုပ်အားရက်တွေမှ သူ့ကို တမင်ရွေး ခေါ်ခဲ့တာ" ဟု ဦးအောင်ဘုက ပြောသည်။

တောင်အဆင်းလမ်းရောက်လျှင် ငွေသူဇာသည် ဦးစိုက်၍မဆင်း၊ ဦးခေါင်းကလေးမော့ကာ နောက်ခြေနှစ်ဖက် အသာညွတ်၍ ဆင်းသည်။ သို့မှသာ ကျောပေါ်ကခရီးသည်တို့ ဟန်မပျက်လိုက်ပါနိုင်ကြမည်။

"ငွေသူဇာက ဗီဇလည်းကောင်းသဗျ။ ပေါက်ကျော် အဖေ ဦးဘဂျမ်း ဆင်ဦးစီးဘဝတုန်းက စနစ်တကျလေ့ကျင့်ပေးခဲ့တာဗျ။ အဖိုးကြီး ကလည်း ဝါရင့်ဦးစီးကြီး။ သူ့သမီးငွေသူဇာကလည်း လိမ္မာတာဆိုတော့ သူတို့သားအဖက နာမည်ကြီးပဲ။ ဆင်လုပ်သား ဆုပေးပွဲဆိုရင် သူတို့ ချည်းပထမရတာပဲ"

စကားတပြောပြောနှင့်လာခဲ့ကြရာ တောစပ်တစ်နေရာအရောက် တွင် ငွေသူဇာသည် တုန့်ခနဲရပ်လိုက်၏။ နားရွက်ကလေးများကို အသာငြိမ်၍ တစ်စုံတစ်ရာကို စူးစမ်းသောအကြည့်မျိုးကြည့်သည်။ နှာမောင်းကို မြှောက်၍အနံ့ခံသည်။ ပြီးလျှင်တစ်ဖက်သို့လုံးဝဟိမ်းသွား အောင် အော်လိုက်သည်။ အနီးရှိ သစ်ပင်ကို ပြောင်းခနဲမြည်အောင်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းဖြင့်ရိုက်လိုက်သည်။ ခွာကို ရုပ်၍အသံပေးလိုက်သည်။ ထိုစဉ် ထမ်းသားချုံအောက်က ကျားတစ်ကောင်ခုန်၍ ထွက်ပြေးသွားသည်ကို ကျွန်တော်တို့မြင်ရသည်။

"ကျားသစ်ဗျ။ ကျွန်တော်သေသေချာချာမြင်လိုက်တယ်၊ သူ့ကိုယ်မှာ အစက်အပြောက်တွေနဲ့၊ ကျားကြီးလောက်ကြောက်စရာမရှိပါဘူး။ ကောင် ဆင်ကလေးလေးပါသလားလို့ ချောင်းတာပါ။ ဆင်ကြီးတွေ ကတော့ သူရင်မဆိုင်ရဲပါဘူး" ဟု ဆရာဦးချစ်ပေါက ပြောပြသည်။ ကျွန်တော်အနည်းငယ်တုန်လှုပ်သွားသည်။ ငွေသူဇာ၏ သတ္တိနှင့် သခင် တို့အပေါ် စောင့်ရှောက်မှုကိုလည်း နားလည်လိုက်ရသည်။

ဆောင်းနှောင်းရာသီဖြစ်၍ ခရီးသွားရသည်မှာ ကြည်နူးဖွယ်ဖြစ် သည်။

"ပင်ခြေကျည်းကျည်း ပန်းအင်ကြင်းလည်း ရွက်ချင်းခိုက်ထိ၊ စောင်း ကြီး ညှိသို့၊ နှမိနမြော လွမ်းဖွယ်မောစွ" ဟူသော ရှင်မဟာရဋ္ဌသာရ ၏ ရွှေစက်တော်သွားတောလားကဗျာထဲက တစ်ပိုင်းတစ်စကို တီးတိုး ရေးရွတ်မိသည်။ လမ်းတကြောမှာ အင်ကြင်းပင်တွေလည်း ပေါပါဘိ။

တစ်နေရာအရောက်တွင် ဝါးရုံကြီးနှစ်ရုံကြား၌ ဖြတ်သွားရ၏။ ဆင်မ ငွေသူဇာသည် ခေတ္တမျှတန့်၍ ဝါးပင်တစ်ပင်၏အဖျားပိုင်းကို ဖြောင်း ခနဲချိုးလိုက်သည်။ နောက်တစ်ပင်ချိုးပြန်သည်။ ချိုးပြီးသမျှအပိုင်း အစ တို့ကို လမ်းဘေးသို့ပစ်သည်။

"အဲဒါ ကျောပေါ်က ကျုပ်တို့တွေနဲ့ မလွတ်လို့ချိုးပေးတာ" ဟု ဆင်ဦးစီးပေါက်ကျော်က ဂုဏ်ယူ၍ပြောလိုက်သည်။

"သိပ်လိမ္မာတာပဲနော်" ဟု တပည့်ကျော်အောင်မိုးကလည်း ချီးကျူး ပြန်၏။

"ဆင်မငွေသူဇာက မင်းထက်လိမ္မာတယ် မဟုတ်လားကွ" ဟု ကျွန်တော်က စလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေသူဇာက ကျုပ်တပည့် ပေါက်ကျော်ထက်လည်း လိမ္မာသဗျ" ဟု ဦးအောင်ဘုက ဆက်၍ပြောပြန်၏။ အားလုံးတဟဲဟဲရယ်နေကြရသည်။ ကျွန်တော်တို့တတွေ စကားတပြောပြောနှင့်ခရီးပန်းသည်မရှိ။ စိတ်ချမ်းသာပါ၏။

ကျောက်ဆောင် ကျောက်တုံးများကို ကွေ့ပတ်စီးဆင်းနေသော သဲဖြူဖြူစမ်းချောင်းကလေးကို ကျော်လိုက်လျှင် ကျွန်တော်တို့သွားလိုသော စခန်းသို့ရောက်ပြီ။ ငွေသူဇာကို ကျေးဇူးတင်ပါသည်။ ချိုသော၊ မွေ့သော ခရီးကြောပင်။

⁂

စိမ့်ချက်များ၊ ဖိုင်တွဲများဖြင့် ရှုံးမှာခေါင်းမဖော်နိုင်အောင်ရှိနေခဲ့သည်။ ရောင်စုံကျင်းသော မြို့ပြ၏မြင်ကွင်းများ၊ ဆူညံလှုပ်ရှားသော မြို့ပြ၏ အသံဗလံများနှင့် မွေးချိုညှိဟောက်သော မြို့ပြ၏ရနံ့များကြားမှာ နေရသည်က ငြီးငွေ့စရာဖြစ်လာသည်။ တစ်ခါတစ်ရံသဘာဝတောရိုင်းမြေ အလှကို ခံစားချင်လာသည်။

"သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့်

လွမ်းဖွယ့်မြိုင်ခြေ မြူနှိုးဝေခဲ့" ဟု ဆိုသည့်အတိုင်း စမ်းရေကကြည်သည်။ ဖြန်းလေကသန်းသည်။ ပန်းတွေက မွှေးသည်။ ကျေးငှက်က သာယာသည်။

တစ်နှစ်ခန့်အကြာတွင် ကျွန်တော်သည် ပုံတောင်ပုံညာသို့တက်ခဲ့ပြန်ပါ၏။ ပုလဲဂန့်ဂေါလမ်းကြီးအတိုင်းထွက်လာခဲ့သည်။ လွန်ခဲ့သော နှစ်လေးဆယ်ကျော်က တည်ထားခဲ့သော လမ်းဖောက်လုပ်သားရဲဘက်ကြီးများ၏ လွမ်းစေတီကို ပုံတောင်တန်းအတက်မှာ ဖူးခဲ့ရသည်။ ငွေဆည်းလည်းသံအေးအေး ထုံးဖွေးဖွေးနှင့် လွမ်းရေးတိမ်နှယ်ကျယ်ခဲ့ကြရှာမည်။ ထိုမှတစ်ဆင့် ငါးဆယ့်ငါးမိုင်စခန်းသို့ ခရီးဆက်ခဲ့သည်။



ငါးဆယ့်ငါးမိုင်စခန်းမှ မြောက်ရူးရူးတောင်ပြာတန်းများဆီသို့ ခရီးဆက်ခဲ့ရသည်။

တောင်ယမားနယ် ဆင်ဝိုင်းသို့ရောက်ရပြန်ပြီ။ ဆင်ဝိုင်းဆိုသည်မှာ ဆင်လုပ်သားများစုဝေးနေထိုင်ရာ တဲစုကလေးဖြစ်သည်။ တဲဆယ်လုံး၊ ဆယ့်နှစ်လုံးလောက်တော့ရှိသည်။ သစ်ဝါးပေါသည်ကတစ်ကြောင်း၊ ...သားသားရဲတို့ကို ကြောက်ရသည်ကတစ်ကြောင်း ထိုကြောင့်မြေ...ရှည် အမြင့်ကလေးများဆောက်ကာ လှေခါးဘေးတိုက် တပ်ထားကြသည်။ ဤတဲစုဆင်လုပ်သားမိသားစုများက ကျွန်တော့်မိတ်ဆွေများဖြစ်နေကြပြီး သူတို့က နွေးထွေးစွာကြိုဆိုကြပါသည်။

ကျွန်တော်နှင့်တပည့်ကျော် အောင်မိုးတို့ ညနေခင်းမှာ စမ်းချောင်းသို့ ရေချိုးဆင်းခဲ့ကြသည်။ စမ်းရေအေးအေး၊ ပန်းမွှေးမွှေးနှင့် စိတ်ချမ်းမြေ့...ကောင်းလှပါသည်။ စမ်းချောင်းကပြန်အတက်မှာတော့ တောင်မကြီး...ဆီမှ ပြန်လာသော ဆင်မငွေသူဇာကို လှမ်းမြင်လိုက်ရသည်။ ...မ်းနေခြည်အောက်တွင် နှာမောင်းကလေးတရမ်းရမ်းနှင့် အေးအေး...ဆေးလျှောက်လာသည်။ သည်တစ်ခါတော့ သူ့နောက်က ဆင်...လေးတစ်ကောင်ပါလာသည်။

ညလသာသာမှာ လက်ဖက်ရည်ကြမ်းဝိုင်းရှိသည်။ ညှို့သည်လာ...သူတို့ပျော်ပျော်ပါးပါးညှို့ခံသည့်သဘောပင်ဖြစ်သည်။ တန်ဆောင်မုန်း...ညည်ညဖြစ်သဖြင့် လမင်းက ထိန်နေအောင်သာသည်။ သူတို့ဆီမှာ ...ရည်ရှိသည်။ ထန်းရည်ရှိသည်။ ကျွန်တော်ရောက်လျှင်တော့ လက်...ရည်ကြမ်းဝိုင်းနှင့် ညှို့ခံတတ်ပါသည်။ ယနေ့လက်ဖက်ရည်ကြမ်း...ကိုတော့ တဲစုအနီးကတောင်မှာ အင်ကြင်းပင်ကြီးအောက်တွင် စီစဉ်...သည်။ အလယ်မှာမီးဖိုကြီးဖိုထား၏။ ဘေးကဖျာကြမ်းတွေ ခင်း...သည်။ တစ်ကိုယ်လုံးမည်းနေသော လက်ဖက်ရည်ကရားအိုးကြီးနှင့် ...စ်ခွက်ချောချောကလေးတွေချထားသည်။ အမြည်းက ...ကျည်တောက်နှင့် ဂျိသားခြောက်ဖုတ်။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုပိုင်းမှာ စောင်တစ်ထည်ကိုခြုံ။ တဘက်ကို ခေါင်းပေါင်း၍ အားပါးရ လက်ဖက်ရည်ကြမ်းကို သောက်ရင်းတောပျော် မိတ်ဆွေတွေနှင့် စကားတွေ ဖောင်အောင်ပြောရသည်မှာ အရသာရှိလှသည်။ ကျွန်တော်တို့ထွေရာလေးပါးစကားတွေစုံအောင် ပြောကြ၏။ အတော်ကလေးကြာတော့ ဆင်မ ငွေသူဇာအကြောင်းရောက်သွားသည်။

"ဆင်အပျိုကြီး ငွေသူဇာ သနားပါတယ်နော်" ဟု ကျွန်တော်က အစပျိုးလိုက်၏။

"ဘာပြုလို့လဲ ဆရာ"

"သြော် သူ့ခမျာ လင်ရသွားပြီမဟုတ်လား၊ ညနေက ကလေးတစ်ကောင်နဲ့မြင်လိုက်တယ်လေ"

ဆင်လုပ်သားကြီးများက တခစ်ခစ်၊ တဟဲဟဲရယ်ကြသည်။ ကျွန်တော် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဦးဘဂျမ်းကြီးရဲ့သမီး ငွေသူဇာလင်မရသေးပါဘူးဆရာရဲ့"

"သူ့ ကလေးရတာပါ"

"နားရှင်းအောင်ပြောကြစမ်းပါဦး ဆင်ဦးစီးကြီးတို့ရယ်"

"ဆင်တွေကလည်း လူတွေလိုပဲဆရာရဲ့" ဟု အစချီကာ အငြိမ်းစားဆင်ဦးစီးကြီး ဦးဘဂျမ်းက ကျကျနနရှင်းပြသည်။

ဆင်မတစ်ကောင်သည် ကိုယ်ဝန် (၁၂) လ ဆောင်ရသည်။ မီးဖွားချိန်တန်လျှင် လူသူနှင့်ဝေးသော တောစပ်တစ်နေရာသွားသည်။ အခြားဆင်မများ၊ ဆင်ထီးများကလိုက်၍ စောင့်ရှောက်ကြသည်။ တွင်းချိုင့်ကြီးတစ်ခုအတွင်းမှာ သစ်ရွက်သစ်ခက်တွေခင်းပေးကြသည်။ ဆင်မသားဖွားနေချိန်တွင် အခြားဆင်မများ၊ ဆင်ထီးများက စောင့်ရှောက်ပေးကြသည်။ ခြသေ့်ရန်၊ ကျားရန်၊ ဝံပုလွေရန်တို့မှ ကာကွယ်ရန်ဖြစ်သည်။ တစ်ခါတစ်ရံတောဆင်ရိုင်းများကပင် လာရောက်စောင့်ရှောက်ပေးတတ်ကြသည်ဟု ဆိုပါသည်။



ဆင်ခေါင်းကြီး ဦးအောင်ဘုကလည်း ဝင်၍ရှင်းပြသည်။

"မီးဖွားပြီးရင် သားခင်တဲ့ဆင်မလည်းရှိတယ်။ သားမခင်တဲ့ ဆင်မလည်းရှိတယ်။ မီးဖွားပြီး ကျန်းမာရေးချို့တဲ့သွားတဲ့ ဆင်မတွေလည်း ရှိတယ်။ မိပုဆိုတဲ့ဆင်မကြီးက မွေးတယ်ဆရာ၊ ဆင်ချင်းတော့ သိတယ်၊ ငွေသူဇာတို့လည်း သွားစောင့်ရှောက်ကြတယ်။ လေးလကြာတော့ ဆင်မကြီး မိပုကျန်းမာရေးယိုင်လာတယ်။ မိပုကို ဆေးကုဖို့ ဆင်နာရုံကို ရှုလိုက်တဲ့အခါ ငွေသူဇာက အဲဒီဆင်ကလေးကို ထိန်းသိမ်းပေးတော့တာပဲဗျ"

"ဆင်တွေကလည်း လူနဲ့တူတယ်နော်"

"တူတယ်ဆရာ ငွေသူဇာက ကလေးထိန်းတတ်တယ်။ ဟိုတစ်ခါကလည်း ဆင်ပေါက်ကလေးတစ်ကောင်ကို ထိန်းပေးဖူးတယ်"

"ငွေသူဇာက မိခင်မေတ္တာစိတ်တော့အပြည့်ရှိတယ်နော်"

"ကျုပ်သမီး ငွေသူဇာက အလွန်ယဉ်ကျေးလိမ္မာတဲ့ဆင်မလေးဗျ" ဟု ဦးဘဂျမ်းက ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သည်။

"ဘယ်ဆင်ထီးနဲ့မှလည်း အကပ်မခံဘူး၊ ခင်ဗျားသမီး ငွေသူဇာ တစ်သက်လုံးပဲ အပျိုကြီးဖြစ်မှာပါ" ဟု ဆင်ခေါင်းကြီး ဦးအောင်ဘုက [illegible]လိုက်သည်။

သို့ဖြင့်ပင် ညဉ့်အတော်နက်သွားပြီ။ လမင်းကသာသာဆဲ တဲခေါင်မိုးပေါ်က ကြက်ဖကြီးတွေ သန်းခေါင်ကြက်တွန်ကြပြီ။ ကျွန်တော်တို့ တဲနားဆီသို့ပြန်ခဲ့ကြ၏။

လွမ်းဆွေးဖွယ်ဖိုးခေါင်ငှက်၏ မြည်သံကို နားထောင်ရင်းတစ်ည [illegible]ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိတောက်တွေ ပွင့်ပြန်ပြီ။

ပုံတောင်ပုံညာတစ်ကြောမှာဆိုလျှင် တစ်တောလုံးပိတောက်ပန်းရနံ့တွေ မွှေးနေတော့မည်။

နံနက်စောစောကပင် ပုံတောင်ပုံညာကို သတိရနေမိသည်။ ရုံးရောက်သောအခါ ဝင်စာထွက်စာတွေ၊ အစီရင်ခံစာတွေ၊ စီမံချက်တွေနှင့်တွေ့တော့ ပုံတောင်ပုံညာကို မေ့သွားရပြန်သည်။ မိမိစားပွဲမှာထိုင်၍ စီမံချက်တစ်စောင်ကို ရေးနေစဉ် ရုံးလုလင်ကလေးတစ်ယောက်ဝင်လာသည်။

"အောက်မှာ ဧည့်သည်တွေရောက်နေတယ်ဆရာ၊ ဆရာနဲ့တွေ့ချင်လို့တဲ့"

"အေးအေး လွှတ်လိုက်ပါကွာ"

ခဏအကြာတွင် ဧည့်သည်နှစ်ဦးတက်လာသည်။ ဆရာဦးချစ်ပေါနှင့် ဦးအောင်ဘတို့ဖြစ်နေသည်ကိုတွေ့ရသည်။

"ဟာ ဝမ်းသာလိုက်တာဗျာ၊ မနက်ကတောင် သတိရနေသေးတယ်။ ခဏကလေးထိုင်ဦးနော်၊ စီမံချက်ကလေး လက်စသတ်ဦးမယ်"

ဦးအောင်ဘတို့က အေးအေးဆေးဆေးထိုင်နေကြသည်။ ကျွန်တော်က သူတို့နှင့်စကားပြောချင်၏။ ရေးလက်စစီမံချက်ကလေးကို နိဂုံးချုပ်ကာ သက်ဆိုင်ရာသို့ပို့လိုက်သည်။

"နေကောင်းကြတယ်နော်"

"ဟုတ်ကဲ့"

ထိုစဉ် တပည့်ကျော် အောင်မိုးက ကော်ဖီနှင့်စားစရာတွေလာချပေးသည်။ ဧည့်သည်များကိုလည်း သူကဖော်ရွေစွာနှုတ်ဆက်၏။

"ဆရာ့တပည့်ကျော် အောင်မိုးကတော့ ကျန်းကျန်းမာမာရှင်ရှင်သန်းသန်းပဲဗျို့။ ကျုပ်တပည့်ပေါက်ကျော်တော့ သေရှာပြီ"

"ဗျာ ... ကျုပ်တို့ကို လိုက်ပို့တဲ့ပေါက်ကျော်"



"ဟုတ်တယ် ပေါက်ကျော်သေပြီ"

"ဘာဖြစ်လို့"

"ကျုပ်တပည့် ပေါက်ကျော်က မိုက်သဗျာ။ မိုက်သမှ တူးနေအောင်မိုက်တာ ဒီကောင်အရက်သောက်တယ်။ အစက အပျော်သောက်၊ ကြာတော့ အကြိုက်သောက်။ သူ့အရက်စွဲလာတယ်။ နောက်ဖဲရိုက်တယ်။ အိမ်ထောင်ရေးလည်း မပြေလည်ဘူး။ သူယူထားတဲ့ ကောင်မကလေးက သနားစရာ။ ငတ်တလှည့်၊ ပြတ်တလှည့် နေရရှာတယ်"

"ကောင်ကလေးက အတော်မိုက်တာဆရာရဲ့၊ သူ့အဖေဦးဘဂျမ်းကြီးလည်း စိတ်မချမ်းသာရရှာဘူး" ဟု ဆရာဦးချစ်ပေါက ဝင်ထောက်သည်။

"ပေါက်ကျော်က ဒါတွင်ဘယ်ကမဦးမလည်း၊ မိန်းမပွေချင်ရှုပ်ချင်သေးတယ်၊ ဖအေဦးဘဂျမ်းရှိသလောက် ဒီကောင်ကျတော့ ဆန်းလွန်းတယ်။ သစ္စာမဲ့တဲ့အကောင် သူ့တပါးသားမယားကိုလည်း ကြာခိုချင်သေးတယ်"

"ခင်ဗျား ကိုယ့်တပည့်ကို မဆုံးမဘူးလား။ တပည့်မကောင်း ဆရာ့ခေါင်းတဲ့"

"ဆရာ ခေါင်းမွေးဆွဲဆွဲနုတ်နေတာပါပဲဗျာ။ လိုက်လိုက်တောင်းပန်ရတာလည်း မနည်းပါဘူး။ ပြောဆို ဆုံးမလို့လည်း နားမထောင်ဘူးဆရာရဲ့ သွားလေရာအိမ်ထောင်ကျစေရတဲ့ ကျိန်စာကသူ့မှာ သင့်နေတာများလား မသိ။ ရှက်ကျပင်ပေါက်၊ ရောက်လေရာအမြစ်တွယ်တဲ့ အကောင်၊ အခုတော့ သေရှာပါပြီ"

ဆင်ခေါင်းကြီး ဦးအောင်ဘ၏ အပြောကို ကျွန်တော်တို့စိတ်ဝင်စားစွာ နားထောင်နေမိကြသည်။ ပေါက်ကျော်၏ ပုံရိပ်လွှာကလည်း သူ့စကားနှင့် ထင်ပေါ်ပါသည်။ အမြင်ကတတ်စရာလည်းကောင်းပါသည်။ သနားစရာလည်းကောင်းပါသည်။

"ပေါက်ကျော်ကို ဘယ်သူသတ်တယ် ထင်သလဲဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးချစ်ပေါ်၏ မေးခွန်းကြောင့် ကျွန်တော်အံ့အားသင့်သွားသည်။ ပဟေဠိဆန်လွန်းသဖြင့် အဖြေရလည်းခက်ပါသည်။

"ပေါက်ကျော်ကို ဆရာ့အချစ်တော် ငွေသူဇာက သတ်လိုက်တာ"

"ဗျာ"

ကျွန်တော်စိတ်မကောင်းဖြစ်ရပါသည်။ အတန်ကြာမှ ဆင်ခေါင်းကြီး ဦးအောင်ဘုက စိတ်မချမ်းမြေ့စွာဖြင့် ပြောသည်။

"ဝက်ကျွန်ရွာနဲ့မနီးမဝေး တောင်ကြောတစ်နေရာမှာ ပေါ့ဆရာ၊ ဆင်ပေါ်က ထိုးကျပြီးသူ့ခေါင်းနဲ့ ကျောက်ဆောင်နဲ့ ရိုက်မိလို့ ပေါက်ကျော် သေသွားတယ်။ ကျုပ်တို့ပြေးကြည့်တော့ သူ့ခေါင်းကသွေးတွေထွက်နေတယ်။ သူ့ပါးစပ်က အရက်နံ့လည်းရတယ်။ အမူးလွန်ပြီး ဆင်ပေါ်က ထိုးကျတာဖြစ်မယ်လို့ တချို့ကပြောကြတယ်။ တချို့ကတော့ ငွေသူဇာက သတ်ပစ်လိုက်တာဖြစ်မှာလို့ ယူဆကြတယ်။ ပေါက်ကျော် မိုက်မိုက်မူးမူးနဲ့ သစ္စာတွေပျက်နေလို့ ငွေသူဇာက သုံးကြိမ်လောက် ပန်းပန်ပြပြီး သတိပေးဖူးတယ်တဲ့ဗျ။ သူ့အဖေဦးဘဂျမ်းကတော့ ဆင်ဆိုတာ ရတနာကောင်ကွ။ ငါ့သားပေါက်ကျော်ကို ဆင်ဦးစီးခိုင်းမိတာ ငါ့အမှားပဲလို့ ပြောရှာတယ်။

"စိတ်မချမ်းသာစရာပါဘဲဗျာ" ဟုသာ ကျွန်တော်ညည်းလိုက်နိုင်သည်။ ခဏအကြာမှာတော့ ဧည့်သည်တွေ နှုတ်ဆက်ပြန်သွားကြသည်။ အခန်းထဲမှာ ကျွန်တော်တစ်ယောက်တည်းကျန်ရစ်၏။ ကုလားထိုင်နောက်မှီကို မှီရင်းအတန်ကြာငြိမ်နေမိသည်။ ခေါင်းထဲသို့ ပုံတောင်ပုံညာဧကရီဆင်မ ငွေသူဇာ၏အကြောင်းက ဝင်လာသည်။

ငွေသူဇာသာ စကားပြောတတ်လျှင် သူ့ဘာတွေပြောမှာပါလိမ့်။

## ထန်းညိုတောက ပွဲတင်သံ

မွေးရပ်မြေသို့မရောက်မိခဲ့သည်မှာ ကြာပြီ။ အသက်အရွယ်ကလေး ...က်လာတော့လည်း မွေးရပ်မြေကို ရောက်ချင်သောဝေဒနာကလေး ...တွလာသည်။

...သည်ကား ဖိုးပြောင်ကန်၊ သည်ကား ဖိုးပြောင်ဇရပ်၊ သည်ကား ...ောင်သာဘုရား၊ သည်ကား တောင်ဆည်ကြီး၊ သည်ကား ...တာ ညိုညိုတွေ ရွာကိုပတ်ဝိုင်း၍ မှိုင်းညို့ညို့ရှိနေသည်။

...ရွာတိုရောက်တော့လည်း ဦးပန်းမွှေးကြီး၏ ထန်းတဲသို့ အရောက် ...ခဲ့သည်။ မရောက်ဖြစ်ခဲ့သည်မှာ ကြာတောင်ကြာပြီဖြစ်၍ ဦးလေး ...ကြီး၏ရုပ်သွင်မှာ အတော်အိုဇာသွားပြီ။ ထိုစဉ်က ထိုးကွင်း ...င် ရွှေသျှောင်ဘယ်ဝဲ့ ရင်အုပ်ကားကားနှင့် ခြင်းလုံးခတ်ကစား ... ကိုရင်ပန်းမွှေးသည် ယခုအခါ ကတုံးနှင့်နံရိုးပြိုင်းပြိုင်း၊ ...တိုင်း အဘိုးကြီးဖြစ်နေပြီ၊ ထိုးကွင်းမင်ကြောင်ပေါ်အောင် ပုဆိုးကို ...တ တင်ပျဉ်ခွေချိတ်၍ တဲရှေ့ကကွပ်ပစ်မှာ ထန်းလျှော်သပ်နေသည်။ ...သည် ကျွန်တော့်ကို မျက်မှောင်ကြုတ်၍ လက်တစ်ဖက်က ...င်ကာပြီး အတန်ကြာကြည့်နေပြီးမှ

"...တင် ဖိုးခွေးလားကွ၊ မလာတာကြာပါပြီဘဲ"

"...ွာနဆိုင်ရာအလုပ်တွေကများသဗျာ၊ အားတယ်လို့ မရှိပါဘူး ...လာချင်စိတ်ပေါက်လို့ ပိတ်ရက်ကလေးမှာ အပြေးလာခဲ့ရသဗျ"

"...လာနမှာပေါ့ဗျာ.. မွေးရပ်မြေဆိုတာ မမေ့ကောင်းပါဘူး၊ ရပ်ရေးရွာ... ...ာလေးတွေဆိုတာကလည်း ချစ်စရာလွမ်းစရာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်။ မိတဆိုးသားလေးမို့ အလိုလည်းလိုက်တယ်။ ဂရုလည်းစိုက်
ရှာပါတယ်။

လှမိုးကို ဘုန်းကြီးကျောင်းပညာရေး လောကဓာတ်ပညာပါ သင်ပေး
တယ်ကွ။ လှမိုးမြို့တက်ပြီး ကျောင်းနေရသေးတယ်။ ခုနစ်တန်းအော
အထိတော့ သင်ခဲ့ရသေးတယ်ထင်တယ်။ ခေတ်အပျက်၊ ဂျပန်တွေတ
အလာ ကျောင်းတွေပိတ်တော့ သူရွာပြန်ရောက်ခဲ့ရပြန်ရော–

လှမိုးက လူချော၊ လူရည်သန့်ကွ၊ မိတဆိုးကလေးလည်းဖြစ်ပြ
သူဘိုးအေကြီးမျက်နှာကလည်းရှိပြန်ဆိုတော့ တစ်ရွာလုံးက သူ့ကိုချစ်ကြ
ပါတယ်။ သူကလည်း အမျိုးတွေအပေါ်သာ ဂျစ်ကပ်ကပ်လုပ်တာ
ကျန်တဲ့ရွာသူရွာသားတွေအပေါ်တော့ ချောနေတာပဲ။ လူချစ်အော
လည်းပြောတတ်တယ်။ ဘယ်သူ့အိမ်ဝင်ပြီးဘာပဲစားသွားသွား၊ ဘာ
ယူသွားသွား ဘာမှမပြောကြဘူး။ တစ်ခါတလေ မင်းအမေအိမ်မှာ လှမိုး
နဲ့ ဒို့သူငယ်ချင်းတစ်စုသွားပြီး မီးဖိုဘေးမှာ ဆီပုံးကြီးချ၊ ဘဲဥခြင်းကြီး
ချပြီး အလုံးနှစ်ဆယ်၊ အစိတ်လောက်ကြော်ယူသွားကြတယ်။ ထန်းရည်
မြီးဖို့ပေါ့ကွာ။ မင်းအမေကလည်း ကျေနပ်နေတယ်။

တစ်ခါကလည်း မြေဖြူကျင်းက ထန်းသမားတစ်ယောက်
သူ့ဘိုးအေကြီးဆီ ထန်းခပေးဖို့ ငွေဒင်္ဂါးထုပ်ကြီးနဲ့လာတာ၊ လမ်းမှာ
တွေ့တော့ လှမိုးယူထားလိုက်တယ်။ ချောင်းဆုံရွာရောက်တော့
ထန်းသမားက ဘိုးအေကြီးကို အကျိုးအကြောင်းပြောတော့ စာရင်း
စာအုပ်မှာ ယခုနှစ်အတွက် ထန်းခကျေပြီလို့ရေးပေးလိုက်သတဲ့''

လှမိုးက မွေးကတည်းက ချမ်းသာတဲ့ကောင်၊ ထင်ရာလုပ်နိုင်တဲ့
ကောင် . . .



ခေတ်အကြောင်းကြောင့်လို့ပဲပြောရမလား။ အပေါင်းအသင်းကြောင့်လို့ပဲဆိုရမလား။ ငွေကြေးမနေကြောင့်လို့ဆိုရမလား၊ လှမိုးတစ်ယောက်ကတော့ အတော်ပျက်စီးသွားတယ်။ ထိုရွာကလည်း တကယ့်ရွာကွ၊ ဈေးရွာကြီး။ သိပ်စည်တယ်၊ လိုတာရတယ်။

လှမိုးပျက်စီးမှာစိုးလို့ သခင်ကျော်ရှိန်က ပတ္တလားတီးသင်ပေးတယ်ကွ။ လှမိုး ပတ္တလားတီးသိပ်ကောင်းတယ်။

''ချစ်ခြင်းငယ်ပြိုင်၊ မြစ်မင်းပိုင် အဏ္ဏဝါက ပြန်တစ်ရာကဲ။
ယှင်းစေဝသုန်၊ ငွေဝန်းသော်တာယုန်သို့၊ ကမ္ဘာကုန်ကျယ်သရွေ့
ငယ်မှာဘယ်မေ့လိမ့်လဲ'' ဆိုတဲ့ သဖြန်ကလေးပါတဲ့ ''ချစ်သမျှကို''
ပတ်ပျိုးတီးပြတာများ သိပ်ကောင်းပါတယ်။

စိတ်ဆိုတာက မကောင်းတဲ့ဆီမှာ မွေ့လျော်တတ်တာမျိုးမဟုတ်လား။ လှမိုးထန်းရည်သောက်လာတယ်၊ ဖဲရိုက်လာတယ်၊ နောက်တော့ ဘိန်းစားလာတယ်။ ဘိန်းရှူလာတယ်။ အဲဒီတုန်းက တို့ရွာမှာ ပိုက်ဆံချမ်းသာတဲ့လူတွေ ဘိန်းစားကြတာပါပဲ။ ဘိန်းမဲကလည်း သူ့ခေတ်နဲ့သူတော့ ဆိုးတာပါပဲ။ ရှိသမျှစည်းစိမ်ကုန်တတ်တာမျိုး . . .

လှမိုးကို ငါမနိုင်တော့ဘူး၊ ငါ့ထက်သာတဲ့ သူတွေနဲ့ပေါင်းမိသွားပြီ။ တို့များက ထန်းရည်လောက်သောက်တတ်တာကွ။ လှမိုးက သနားကမားနဲ့ ချစ်စရာကောင်းပေမယ့် လူပေကလေးတော့လို့ ပြောလာကြပြီ။ လူရည်တတ်အသိုင်းအဝိုင်း၊ သူ့ဆွေမျိုးတွေကလည်းကြဉ်လာကြပြီ။ ရှိသမျှထန်းတောတွေ၊ ရွှေငွေတွေကလည်း ကုန်သလောက်ဖြစ်သွားပြီ။ ဆွေမျိုးတွေအိမ်ကလိုချင်တာ-ထမ်းယူသွား၊ လုပ်ချင်ရာလုပ်၊ မြှုန်းချင်ရာမြှုန်းတဲ့ ကောင် . . .

ငါ့နှမ၊ သူ့ဇနီး သင်းမြကတော့ သနားစရာကောင်းပါတယ်။ စိတ်ရှည်သည်းခံနိုင်ခြင်းလည်းရှိပါပေတယ်။ သူ့ယောက်ျားသူလည်း အတော်ချစ်ရှာပါတယ်။ လင်ဆိုးမယားတဖားဖားဆိုပေမဲ့ သူ့စိတ်မပျက်ရှာပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



လူရည်တတ်အလွှာတောမှာ လိုင်းပုတ်တဲ့လှေငယ်လို ကမောက်ကမ လူးလွန့်လူးလှိမ့်ရှားနေတဲ့ လှမိုးရဲ့ဘဝကို အနီးကပ်ပြုစုထိန်းသိမ်းပေးနိုင်သူကတော့ အောက်တန်းလွှာက ထန်းသမားသမီး သင်းမြ။ အိမ်ထောင်ရေးသဘောတွေဟာ ဘယ်လောက်စိတ်ဝင်စားဖို့ ကောင်းသလဲ။

လှမိုက်လို့ခေါ်နိုင်ပေမဲ့ အိမ်ထောင်ရေးသစ္စာတရားနဲ့ ကြည့်ရင် လှမိုးဟာ လူကောင်းတစ်ယောက်ပါ။

"လွတ်လပ်ရေးရပြီး ရောင်စုံသောင်းကျန်းသူတွေ ထကြွတဲ့ကာလမှာတော့ တို့များချောင်းဆုံရွာကို အလံနီကွန်မြူနစ်တပ်တွေ ရောက်လာတယ်။ မြို့နဲ့လည်းမနီးမဝေး ဈေးရွာကြီးလည်းဖြစ်တော့ အလံနီတွေ အခြေစိုက်သပေါ့ကွာ၊ ရွာက ဘိန်းစားတွေ၊ အရက်သမားတွေ၊ ဖဲသမားတွေကိုလည်း နှိပ်ကွပ်လိုက်တယ်။ နွားခိုးတွေ ပြန်ပေးတွေလည်းရှင်းလိုက်တယ်။ တို့ဒေသတစ်ဝိုက်မှာ ငြိမ်းချမ်းသွားတာပဲ။ တကယ်လုပ်ရင် အဟုတ်ဖြစ်သကွ။ ရွာကလူငယ် လူရွယ်ကာလသားတွေလည်း အလံနီတပ်ထဲမဝင်မနေရဆိုတော့ လှမိုးတစ်ယောက်လည်း အလံနီပေါက်စဖြစ်လာရတော့တာပေါ့"

ဦးလေးပန်းမွှေးသည် စကားပြောရလွန်း၍ မောသွားဟန်ရှိ၏။ ရွာအကြောင်း၊ ရပ်အကြောင်းဆိုလျှင် နှံ့နှံ့စပ်စပ်၊ ခရေစေ့တွင်းကျပြောတတ်သူဖြစ်သည်။ ထို့ကြောင့်လည်း သူငယ်ချင်းများက ရွာအဘိဓာန်ကြီးဟုခေါ်ကြသည်။ လေ့လေ့လာလာမှတ်မှတ်သားသားရှိသော အဘိုးကြီးဖြစ်၍လည်း ကြာလေလေ အဖိုးတန်လာလေဖြစ်၏။ ကျွန်တော်က ရွာကိုပြန်တိုင်း သူ့တဲကိုရောက်ပါသည်။

ထန်းသမားဟောင်းကြီးဖြစ်သော ဦးလေးပန်းမွှေးက ထန်းရည်ချို၊ ထန်းလျက်ခဲတို့မကြိုက်၊ ဒေါ်လေးခင်လာချပေးထားသော မြေကရား



အိုးကြီးမှ လက်ဖက်ရည်ဖန်ဖန်တစ်ခွက်ငှဲ့ သောက်လိုက်ကာ ထန်းဖူးဆေးလိပ်ကြီးကို ဖွာလိုက်၏။

ရွာမှာ သူပုန်တပ်တွေရောက်လာတော့ ကျွန်တော်ဘုန်းကြီးကျောင်းသားဘဝရောက်နေပြီ။ ကိုကြီးလှမိုးကို ကျွန်တော်ကောင်းကောင်းသိနေပြီ။ သူ့အကြောင်းကို ခင်ဗျားမပြောနဲ့တော့ ကျွန်တော်ဆက်ပြောမယ်။ ဦးလေးပန်းမွှေးက ခေါင်းကလေးငုံ့ကာ ထန်းဖူးဆေးလိပ်ကြီး ဖွာလျက် နားထောင်နေဟန်ပြုသည်။

ဘိန်းလည်းပြတ်၊ အရက်လည်းပြတ်၊ ဖဲလည်းပြတ်ဆိုတော့ ကိုကြီးလှမိုးက လူရည်သန့်ပြီး လူခန့်လူချောတစ်ယောက်ဗျ။ တိုက်ပုံအကျီနဲ့၊ လွယ်အိတ်နဲ့၊ သူ့နိုင်ငံရေးသမားစိတ်ပေါက်နေပြီ။ ကိုလှမြိုင်၊ ကိုကြီးခိုင်၊ ကိုမှန်ရောင်၊ ကိုကောင်းတို့နဲ့ တတွဲတွဲ။

ရွာဦးကဇရပ်ကြီးပေါ်မှာ မြေရှင်ပဒေသရာဇ်တိုက်ဖျက်ရေးတရားတွေဟောတော့လည်း နားထောင်လို့ အကောင်းသား၊ ကျွန်တော်တို့က ဘုန်းကြီးကျောင်းသားဆိုတော့ ပြေးရင်လွှားရင်း၊ ကစားရင်းနဲ့စပ်စပ်စုစု နားထောင်ကြတယ်။ သူ့ပြောပုံဆိုပုံကို ကျွန်တော်သဘောကျတယ်။ အထင်ကြီးသဗျ။ ရွာမှာရှိတဲ့ မြေရှင်ယာရှင်တွေ၊ ထန်းပိုင်ရှင်တွေ၊ သူဌေးသူကြွယ်တွေကတော့ မြို့ကိုပြေးကြပါပြီ။ မြေရှင်ပဒေသရာဇ်အနွယ်ဆိုလို့ သူတစ်ယောက်ပဲကျန်ရစ်တယ်။ သူလဲ မြေမဲ့ယာမဲ့၊ ပစ္စည်းမဲ့လူတန်းစားဖြစ်နေပါပြီ။

၁၃၁၀ ခုနှစ်ရောက်တော့ အခြေအနေအကြောင်းအမျိုးမျိုးတွေနဲ့ ရွာတွေရွှေ့ရမယ်၊ မီးရှို့ခံရမယ်ဆိုတော့ ရွာသူရွာသားတွေ ရွာရိုးကိုးပေါက်တွင်တောစပ်တွေမှာ ခိုအောင်းနေကြရတယ်။ ကျွန်တော်တို့ကျောင်းသားစုအတော်များများကတော့ ရွာရဲ့အနောက်ဘက်တောစပ်မှာရှိတဲ့ ထန်းလျက်ချောင်တဲ့ ကျိုတန်းကြီးတွေမှာ ခိုအောင်းနေရတယ်။ ကိုကြီးလှမိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



အစ်မ မသင်းမြတို့လည်းလာနေကြတယ်။ သူတို့မှာ လင်ကိုယ်မယားပဲ။ သားသမီးမထွန်းကားသေးဘူး။

ကျွန်တော်သိပ်အမှတ်ရနေတာက ညအချိန်များမှာဆိုရင် ကိုကြီးလှမိုးက ကျိုက်တိုက်တန်းမှာ ခိုအောင်းနေကြတဲ့ မိသားစုတွေရဲ့ ကလေးတွေကို ရုပ်ပြပုံပြင်တွေပြောတယ်။ ရယ်စရာတွေပြောတယ်။ ဇာတ်သဘင်ထဲက နောက်ပိုင်းဇာတ်ထုပ်တွေပြောပြီး မင်းသားလိုဆိုပြ ငိုပြတယ်။ ကိုလှမြိုင်တို့၊ ကိုကြီးခိုင်တို့ကလည်း လာကူကြတယ်။

ကျွန်တော့်ကို ပထမဆုံး အင်္ဂလိပ်စာသင်ပေးသူက ကိုကြီးလှမိုးပဲ။ အလွယ်ဆုံးစာလုံးပေါင်းကလေးတွေသင်ပေးတယ်။ ဝါကျလွယ်လွယ်လေးတွေသင်ပေးတယ်။ အဲဒီတုန်းက ကျုပ်တို့ ရွယ်တူကလေးတွေ နှစ်ဆယ်လောက်ရှိသပဲ။ ညကိုးနာရီလောက်သင်စရာ၊ ပြောစရာကလေးတွေပြီးရင် ကိုကြီးလှမိုးက ချိုချဉ်ဝေတယ်၊ မုန့်ကျွေးတယ်၊ ကော်ဖီတိုက်တယ်။ ကျွန်တော်တို့လည်း အဲဒီတုန်းကမှစပြီး ကော်ဖီသောက်ဖူးတာပဲ။ အစ်မ မသင်းမြကလည်း ပြုံးပြုံးရယ်ရယ်နဲ့ အလွန်သဘောကောင်းတာကိုး။

ပျော်စရာကောင်းတဲ့ ဒီလိုညပေါင်းများစွာကြာတော့ ကျွန်တော်တို့ရွာမှာ ယမ်းခိုးတွေလည်းဝေ၊ မီးတွေလည်းအရှို့ခံရတယ်။ ကျွန်တော်တို့ကလည်း ပုရွက်ဆိတ်အုံ၊ တုတ်ဆွခံရသလို တကွဲတပြားစီပြေးခဲ့ကြရတာပါပဲ။

နွေဦးလေပြည်ဝယ် သရက်ဖူးရနံ့ ထန်းပွင့်ထန်းခိုင်တို့၏ ရနံ့များက ရောထွေး၍သင်းချိုချိုမွှေးနေသည်။ ဝေးကွာနေခဲ့ကြသော ငယ်ပေါင်းရောင်းရင်းတွေ ပြန်ဆုံမိကြသောအခါ ခေါင်းကလေးတခါခါ၊ လည်ကလေးတငြိမ့်ငြိမ့်နှင့် ရှေးဟောင်းနှောင်းဖြစ်တွေပြန်ပြောရသည်မှာလည်း အရသာရှိလှပါသည်။ ဦးလေးပန်းမွှေးက တွေးတွေးခေါ်ခေါ်နှင့် ပြောနေပြန်သည်။



လူ့ဘဝဆိုတာက တခဏကလေးပါကွာ၊ ဒါပေမဲ့ ဖြစ်ပြန်ပျက်ပြန် လောကဓံတရားတွေက မြန်ဆန်လွန်းလှတယ်။ လှမိုးရဲ့ဘဝက မွေးကတည်းက မလိုင်အထက်ကဆီ၊ တိမ်လွှာတွေအထက်က လမင်းကွ ဆွတ်ခူးရလို့သုံးနိုင်ခဲ့တဲ့ လူတစ်ယောက်ပါ။ ရှောင်ပုန်းသောင်းကျန်းသူတွေ ထခဲ့တဲ့ ဆယ်နှစ်တာကာလအတွင်းမှာ သူ့ဘဝပြောင်းပြန်ဖြစ်သွား တယ်။ အထက်ဆုံးအလွှာက အောက်ဆုံးအလွှာ သာမန်လုပ်စားကိုင်စား ဆင်းရဲသားဘဝပေါ့ကွာ။

ငါ့နမ သင်းမြကတော့ ချီးကျူးစရာပေါ့ကွာ၊ မိန်းမကောင်းပီသတယ်။ အိမ်ထောင်ဘက်ကောင်းပီသတယ်လို့ ဆိုရမှာပေါ့။ လှမိုးပိုက်ဆံတွေ တအားပေါတုန်းကလည်း ရိုးရိုးသားသား အိမ်ရှင်မကောင်းတစ်ယောက် လိုနေတယ်။ လှမိုးဆိုးမိုက်နေတော့လည်း သူ့တတ်နိုင်သမျှသည်းခံ ထိန်းသိမ်းပေးတယ်။ ဆင်းရဲသားဘဝရောက်တော့လည်း အေးအတူ ပူအမျှ ရေပူရေချမ်းကမ်းလှမ်းလိုက်ပါခဲ့တယ်။ မြန်မာ့အိမ်ထောင်ရေး ဆိုတာ အဲဒါမျိုးကွ ရာသက်ပန်ရိုးမြေကျ ထင်းပုံခေါင်းချသံယောဇဉ် ရှိ။ သင်းမြက ချမ်းသာလည်းမဝင့်ကြွားဘူး ဆင်းရဲလည်း မညည်းတွား ဘူး။ လှမိုးကလည်း အခြားနေရာသာမိုက်တာ၊ အိမ်ထောင်ရေးနဲ့ပတ်သက် လို့တော့ သိက္ခာရှိတယ်။ သူများသားမယားထိပါးတာမျိုး၊ သူများသမီး ဖျက်ဆီးတာမျိုး မလုပ်ခဲ့ဘူးကွ။

နေမင်းသည် အနောက်ဘက်သို့ တိမ်းစပြုပြီ။ နွေဦးရာသီဖြစ်၍ [illegible]ငှက်ကလေး၏ အော်မြည်သံကိုကြားရသည်။ ထန်းတောအတွင်း [illegible]ထပ်သဖြင့် ပို၍လွမ်းစရာဖြစ်နေသည်။ ဦးလေးပန်းမွှေးသည် သူ [illegible]လက်စ ထန်းလျှော်ကို သပ်ပြန်၏။ အလုပ်နှင့်လက် ကြားမပြတ်၍ နေတတ်သော အညာကျေးတောသူ၊ ကျေးတောသားတို့၏ သဘာဝ အတိုင်း ဓားမောက်ကလေး၏ အသွားထိပ်မှာ လက်ညှိုး လက်မ [illegible]နှင့် ထန်းလျှော်ပြားကို ထိန်းကာ လျှော်ဆယ်ကျွမ်းကျင်စွာနှင့်

www.burmeseclassic.com

www.burmeseclassic.com



လျှော်ပြားကလေးများကို ဆွဲ၍ဆွဲ၍သပ်သည်။ ထန်းဖိုဦးမှာ ထန်းလျှော်တွေများများလို၏။ ရင်းထောင်ရင်းဆွဲတွေ ချည်ရတုပ်ရဦးမည် မဟုတ်ပါလော။ အလုပ်ကလည်းလုပ်လျက်၊ စကားပြောကလည်းမပျက်၊ ပြောစရာတွေကလည်း တစ်ပုံတစ်ပင် ပြောပြချင်သည်ကလည်း အကုန်အစင်ဖြစ်သည်။

လှမိုးဘဝ ဒီလောက်ပြောင်းလဲသွားရတာ ငါတော့အကြောင်းသုံးချက်မြင်သကွ။ ပထမအကြောင်းကတော့ ခေတ်စနစ်ကွ၊ လွတ်လပ်ရေးမရခင်က တို့ဟာ ကျွန်ဘဝကိုကွ။ ဒို့မှာ ခေတ်မီလောကဓာတ်ပညာတွေမသင်ခဲ့ရဘူး၊ ခေတ်မီအတွေးအခေါ်မြင့်မားတဲ့စာတွေ မဖတ်ခဲ့ရဘူး။ အလုပ်လုပ်မယ်၊ ထမင်းဝအောင်စားမယ်၊ လူငယ်တွေက ပျော်ပျော်ပါးပါးနေမယ်ဆိုတဲ့ အသိလောက်ရှိတာကိုကွ။ လှမိုးက ထန်းရှင်မြေရှင်ရဲ့သားမွေးကတည်းက လက်ဖျားငွေသီးနေတာဆိုတော့ သုံးမယ်၊ ဖြုန်းမယ်၊ ထင်ရာလုပ်မယ်ဆိုတာကလွဲလို့ ဘာရှိလို့တုန်း။

မျိုးရိုးဗီဇသဘောလည်း ငါတွေးမိသကွ၊ မျိုးရိုးဗီဇဆိုတာပျောက်ခဲတယ်။ ချောင်းရိုးမြောင်းရိုးသာ တိမ်ကောမယ်။ လူ့မျိုးရိုးကတော့ မတိမ်ကောဘူးတဲ့။ သစ်ပင်တွေ တိရစ္ဆာန်တွေမှာလည်း မျိုးရိုးဗီဇဆိုတာရှိတယ်၊ ချိုတဲ့သရက်ပင်မျိုးဟာ ချိုတယ်၊ ချဉ်တဲ့အပင်မျိုးက ချဉ်တယ်၊ ဒို့ဘုန်းကြီးကျောင်းတုန်းက ကျက်ခဲ့ရတဲ့စာပိုဒ်မှာကွာ –

"ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်သား

သရက်ပင်မင်း၊ သီးချိုကင်းသို့" လို့ ဆိုတယ်မဟုတ်လား။ လှမိုးရဲ့အမေ့ဘက်ကတော့ ဘုရားတရား၊ သီတင်းသီလနဲ့ နေကြတဲ့ သူတွေချည်းပါပဲ။ အဖေ့ဘက်ကတော့ သောက်သောက်စားစား ရဲရဲမိုက်မိုက်လုပ်တတ်တဲ့ သူတွေပါတယ်လို့ ကြားဖူးတယ်။ လှမိုးမှာလည်း ဒီဗီဇကလေးကပါတယ်။ ငါတို့နဲ့ ငယ်ငယ်က သောက်ဖော်စားဖက်ပဲ။ တို့ထက်သူက ရဲရဲမိုက်မိုက်လုပ်ခဲ့တယ်။ ထန်းရည်သောက်ရင်လည်း



တို့လို အချဉ်ကလေးတစ်တို့တစ်ဖဲ့နဲ့ သောက်မယ်မထင်နဲ့။ ကြက်သားကြော်၊ ယုန်သားကင်တို့နဲ့မှ ဒေါင်ချာစိုင်းအောင်သောက်တာ၊ ဖဲရိုက်ရင်လည်း ပါလာတဲ့ငွေဒင်္ဂါးထုပ်ကုန်မှ ထတာ။

ပတ်ဝန်းကျင်ရောင်းရင်း အပေါင်းအသင်းမကောင်းတာလည်း ပါပါတယ်ကွာ။ လူမိုက်တွေလက်သုံးအဆို တစ်ခုရှိတယ်။ "သောက်သောက်စားစား လူမင်းသား၊ မသောက်မစား လူငနွား" တဲ့။ လှမိုးလူမင်းသားဖြစ်နေချိန်မှာ လူကောင်းသူကောင်းတွေကတော့ ဘယ်မြောက်စားမလဲ။ ပြောဆိုဆုံးမလို့မကောင်းတော့ အသာကြည့်နေကြရတာပေါ့။ "ချိုကုပ်ရှိရာ၊ ချိုထောင်မလာ" တဲ့။ သူလို သောက်သောက်စားစားတွေကတော့ သူ့အနားမှာ ဝိုင်းဝိုင်းလည်လို့ပေါ့။ သောက်ကြစားကြ၊ ကစားကြနဲ့ ကြာတော့ သူလည်းအမိုက်သံသရာမှာ မထွက်နိုင်တော့ဘူးပေါ့။ ကြာတော့ ငါတောင် သူ့နားမကပ်နိုင်တော့ဘူး။ တို့ထက်သာတဲ့ ငမိုက်သားတွေနဲ့ သူပေါင်းတော့တယ်။

ဘဝဆိုတာ ဒီလိုပါပဲကွာ။ လှိုင်းတွေလေတွေကြားမှာ ကူးရတဲ့လှေငယ်လိုပါ။ နိမ့်ချီမြင့်ချီ၊ ချမ်းသာဆင်းရဲ ဝမ်းသာဝမ်းနည်းပေါ့။ လှေရဲ့လယ်မှာ လှေငယ်မပျက်အောင်တော့ ရွက်ကြိုးကိုနိုင်နိုင်၊ တက်မကိုနိုင်နိုင်ကိုင်ထားနိုင်ဖို့က အရေးကြီးတယ်။ လှမိုးက သူ့မိသားစုကလေးကို သက်ဆုံးတိုင် ထိန်းသိမ်းသွားရှာပါတယ်။

ရွာရိပ်ဝန်းကျင်ပြောပြချင်စရာ၊ ဘဝပုံပြင်တွေများစွာရှိသည်။ သနားညှိုးတောမှာ ပဲ့တင်သံတွေများစွာရှိသည်။ ခေတ်တူ၊ ဘဝတူ၊ ... တွေ့အမြင်ရှုချင်းမှလည်း ပြောရဆိုရအရသာတွေ့သည်။ ဘဝပုံရိပ်လွှာတွေကို ကြည့်တတ်မှမြင်သည်။ နာတတ်မှလည်း ကြားရသည်။

www.burmeseclassic.com



ဦးလေးပန်းမွှေးက ထန်းသမားဟောင်းကြီးတစ်ဦးဖြစ်သော်လည်း ဘုန်းတော်ကြီးကျောင်းသားဘ၀က စာတွေတော်တော်တတ်ခဲ့သည်။ သူခေတ်သူ့အခါ၊ သူ့ရပ်သူ့ရွာမှာ နိုင်ငံရေး၊ လူမှုရေးအသင်းအဖွဲ့တွေမှာ ပါဝင်ဆောင်ရွက်ခဲ့ဖူးသည်။ ထို့ကြောင့်လည်း သမိုင်းကိုသိ၏။ ဘဝကို မြင်တတ်၏။ သူ့အတွေး၊ သူ့အယူအဆဖြင့် ကောက်ချက်ချတတ်ပါ၏။

နေလုံးနီနီက အနောက်ဘက်ထန်းပင်တန်းများဆီသို့ ငုံ့လျှိုးပျောက်ကွယ်တော့မည်။ ရှည်ရှည်မျောမျော ထန်းပင်ရိပ်ကြီးများက ထိုးဆင်း၍ နေပြီ။ ကျွန်တော့်ခေါင်းထဲမှာလည်း ကိုကြီးလှမိုးနှင့်ပတ်သက်၍ ရှည်လျားသော အတွေးတွေဝင်နေပါသည်။ ဦးလေးပန်းမွှေး၏ ကောက်ချက်ဆွဲသံများကိုကျော်လွန်၍ ကိုကြီးလှမိုးမသေခင် ကျွန်တော်နှင့် နောက်ဆုံးတွေ့ဆုံခဲ့ရသော အဖြစ်အပျက်ကလေး ခေါင်းထဲသို့ ဝင်လာသည်။

ကျွန်တော်တက္ကသိုလ်မှ ဘွဲ့ရသောနှစ်က မှတ်မှတ်ရရ ကိုကြီးလှမိုးနှင့်ဆုံခဲ့သည်။ သူတို့မိသားစု၏ ထန်းရွက်မိုး၊ ထန်းလက်ကာတဲကလေးသို့ရောက်ခဲ့သည်။ ချောင်းဆုံရွာတစ်ရွာလုံး မီးရှို့ခံရပြီး မီးလောင်ပြင်မှာ ထန်းရွက်တဲကလေးတွေဖြစ်လာသည်။ နှစ်အတန်ကြာကွဲကွာနေသော ကျွန်တော့်ကို တွေ့သောအခါ ကိုကြီးလှမိုး အတော်ဝမ်းသာသွား၏။ သူ့မျက်နှာရွှင်၍ကြည်လာသည်။ သို့သော် အရွယ်ကစကားပြောလာ၍ ပါးချောင်ကျကျ၊ ခါးကိုင်းကိုင်း၊ နှုတ်ခမ်းပြိုင်းပြိုင်းနှင့် အသိုးကြီးပုံပေါက်နေရှာပြီ။ အစ်မ မသင်းမြကတော့ ဘဝမပျက်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်သည်။ သူတို့မှာ သားကလေးတစ်ယောက်ရပြီ။ အသက်မွေးဝမ်းကြောင်းအလုပ်ကတော့ မြေပဲနုတ်၊ ကောက်သင်းကောက်၊ ပေါင်းသင်ဟု ပြောရှာသည်။ ကျွန်တော်နှင့်သူတို့ဆုံတဲ့နေ့က စကားတွေများစွာ ပြောဖြစ်ခဲ့ကြသည်။



...ဖြစ်သွားတာ၊ ငါတော့ ...ခေတ်ပညာတတ်ဘွဲ့ရတစ်ယောက်ဖြစ်သွားတာ၊ ငါတော့ ...ဝမ်းသာတယ်ကွ၊ တို့ရွာက ခေတ်ပညာတတ်လူငယ်တွေ အများ ...တ်စေချင်တယ်။ ပညာရဲ့တန်ဖိုးကို အသက်ကြီးလာမှသိတယ် ... ငါ့ယ်စဉ်က ထန်းတွေ၊ မြေတွေ၊ ရွှေငွေတွေအများကြီးအမွေတွေ ...ခဲ့တာပေါ့။ ပညာအမွေသာရရင် ဘယ်လောက်ကောင်းမလဲ။ ဥစ္စာ ...ည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုးဆိုတာ တကယ် ...ပါတယ်။

...ဘဝကံအကြောင်းကိုက ဆိုးပါတယ်ကွာ၊ ငါ့မှာ မွေးကတည်းက ...တို့ မမှတ်မိလိုက်ဘူး။ အမေ့နို့မဖို့ခဲ့ရဘူး။ အဖေနဲ့လည်း အတူမနေ... အဖေကလည်း မကြာခင်ဆုံးသွားတယ်။ နွေးထွေးမွေ့ပိုက်တဲ့ ...မေတ္တာဆိုတာ ငါမခံစားလိုက်ရဘူး။ လူတစ်ယောက်ရဲ့ဘဝရှင်သန် ...တက်ဖို့ဆိုတာ မိဘ မိစုံဖစုံတို့ရဲ့ လုံလောက်တဲ့ မေတ္တာရဖို့လိုတယ်။ ပညာ ...ကြားခွင့် ရဖို့လည်းလိုတယ်လို့ ငါတွေးမိပါတယ်။

...ဘဝအတွက်တော့ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး။ ပစ္စုပ္ပန်ဘဝမှာ ...ယ်ကလေးအတွက်ပဲ အားခဲနေရပါတယ်။ နေ့စဉ်ဘုရားရှိခိုးပြီး ...ည်း ငါဆုတောင်းတယ်။

ဘုရားတပည့်တော်၏ သားငယ်သည် မိဘမေတ္တာကို ကောင်းစွာ ...ပါစေဘုရား။ မိဘတို့၏ မေတ္တာကို လုံလောက်စွာခံစားနိုင်ပါ... ...ရား၊ လုံခြုံသော မိဘမေတ္တာအောက်တွင် လိမ္မာယဉ်ကျေးသော ...တတ်သော သားတစ်ယောက်ဖြစ်ပါစေဘုရား''

ထိုစဉ် အသက်ခုနစ်နှစ်အရွယ်၊ ဘောင်းဘီတိုကလေးနှင့် သား... ...တလေး ကျောင်းမှပြန်လာသည်။ ခေါင်းကလေးတစ်ခါခါ၊ ... ...တလေးတရမ်းရမ်းနှင့် သူ့နှုတ်ဖျားက ကဗျာတစ်ပုဒ်ပေါ်...သည်။

"ပညာမျက်စိ မြင်မရှိ၍ အသိတရား၊ အယူမှားလျက်၊ စီးပွားမဖြစ်...

www.burmeseclassic.com

www.burmeseclassic.com

ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်
မကြိုက်မချစ်၊ ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍၊ အမြဲခွာ
ဖဲကြဉ်မင်း''

အဘိုးကြီးတစ်ဦး၏ ပီတိအပြုံးကို ကျွန်တော်အမှတ်ထင်ထင် မြ
ရပါသည်။

နေခြည်ဖြာညိုး လေပြည်တိုး၍ တမိုးချုပ်တော့မည်။ ဦးလေးယန်
နှင့် စကားပြောရသည်မှာ ကောင်းပါ၏။

ဩော် .. မိမိမွေးရပ်မြေကို တစ်ခေါက်တစ်ခါပြန်၍ ငယ်ပေ
ရောင်းရင်းများနှင့် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရသည်မှာလည်
လောကတွင် အရသာတစ်မျိုးပါတကား။

---

## ကိုကျိုးညိုနှင့် ရွှေမင်းသမီး

တပေါင်းလဆန်းတစ်ရက်နေ့ လေတိုက်သည်။ နှစ်ရက်နေ့ လေငြိမ်
သုံးရက်နေ့လေတိုက်သည်။

အိမ်ရှေ့က တမာပင်ရိပ်တွင် ထွန်တုံး၊ ထွန်သန်နှင့်ထွန်သွားများ
နေသော ကိုကျိုးညိုက သူ့စိတ်ကူးနှင့်သူ ကျေနပ်နေသည်။ ယခုနှစ်
ကြိုနှစ်ကလည်း မိုးဦး၊ မိုးနှောင်းကောင်းအံ့၊ မိုးလယ်တန့်အံ့လို့
ထားသဖြင့် ကိုကျိုးညို သူ့စီမံကိန်းနှင့်သူ သဘောကျနေသည်။
နှစ်အဖို့ မိုးဦးနှမ်းလျှင်ကလေးရမည်။ မိုးနှောင်းသိမ်းလျှင် ဂျုံလည်း
သည်။

ညနေစောင်းတော့ မိုးသားတိမ်တိုက်ကလေးတွေ မြင်ရသည်။
သံကြားရသည်။ တပေါင်းတန်ခူးမိုးသားကျူးဆိုသည့်အတိုင်း မိုး
တော့မည်။ မိုးအကျနှင့် ကိုကျိုးညို၏လုပ်အားအလုပ်တို့ တွေ့ကြတော့
။

ခောင်းဆုံအနားတွင် ဆန်ပြာနေသော ဇနီးသည် မမြခင်ကလည်း
အကိုင်အဖြစ်၊ မောင်တစ်ထမ်း၊ မယ်တစ်ရွက်လုပ်နိုင်သည်။
ရည့်ရေ ဆည်သည့်ကန်သင်း'' လုပ်နိုင်သည်။ အိမ်ထောင်အထိန်း
ကောင်း၏။ မိဘများအိမ်မှ ခွဲခဲ့စဉ်က အိုးတစ်လုံး၊ ဖျာတစ်ချပ်
ခဲ့သော်လည်း ယခုအခါ ကိုကျိုးညိုတို့လင်မယားမှာ အိမ်နှင့်
နှင့် လှည်းနွားနှင့်ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းဘက်ဆီမှ ပြေးလာသော သားကို ဇော်ဇော်သည် စာအော်ဖတ်လိုက်၊ အိမ်မှာမွေးထားသော ခွေးကို ရန်လုံ့နှင့်ကစားလိုက် ပြေးလွှားလိုက်နှင့် သူတို့အိမ်မှာ အိမ်ဆည်းလည်ကလေးဖြစ်နေသည်။

မမြခင်က သားကို လှူဖို့အားခဲနေသည်။ တစ်နှစ်၊ နှစ်နှစ်အတွင်း အလှူကြီးပေးနိုင်လိမ့်မည်ဟု သူမျှော်လင့်ထားသည်။ လင်တော်မောင် ကိုကျီးညိုကလည်း တော်ပါ၏။ သူထိန်းသလိုရသည်။ အရက်မသောက်၊ ဖဲမရိုက်၊ လေးကောင်ဂျင်မကစား၊ ကွမ်းမစား၊ ဆေးလိပ်မသောက် မိန်းသားသူတစ်ယောက်မဟုတ်ပါလား။

ထနောင်းမြိုင်ရွာတွင် ကိုကျီးညို မမြခင်တို့ဇနီးမောင်နှံသည် တင့်တောင်းတင့်တယ်ရှိ၏။ ရွှေတွဲလဲ၊ ငွေတွဲလဲနှင့် စီးပွားကလေးတက် နေ၏။ အညာရွာမြန်မာ့အစဉ်အလာဓလေ့စရိုက်နှင့်အညီ နေထိုင်ကြသော အညာရွာမိသားစုကလေးဖြစ်သည်။

ရွာမှာအလှူရှိလျှင် ကိုကျီးညိုတို့က သံဃာစင်ရှေ့က လက်ဖက်ရည်ကြမ်းဝိုင်းမှာ ထိုင်သည်။ ရွာမှာ ပစ္စည်းကလေးအသင့်အတင့်ရှိလာ၍ လူရာဝင်လာသည်။ သံဃာစင်ပေါ်မှာ နှုတ်ခမ်းမွေးဖြူဖြူ၊ ခေါင်းဖြူဖြူ အဘိုးကြီးတွေက ဘုရားအကြောင်း၊ တရားအကြောင်းပြောကြစဉ်တွင် သံဃာစင်ရှေ့နား ဖျာပေါ်က လက်ဖက်ရည်ကြမ်းဝိုင်းမှာ လူလတ်ပိုင်းတွေ ထွေရာလေးပါး တောအကြောင်း၊ တောင်အကြောင်း၊ မိုး အကြောင်း ချိုးအကြောင်းပြောနေကြသည်။

ကိုမြသီးတို့ အလှူပွဲမှာ ခါတိုင်းဆုံနေကြအဖွဲ့တွေဆုံကြသည်။ လက်ဖက်ရည်ကြမ်းတစ်ကြိုက်၊ ဆေးတစ်ရှိုက်၊ လက်ဖက်တစ်ရိုး ကွမ်းမှုံ့ တစ်ညှာနဲ့ စကားဝိုင်းစုံပြည့်နေသည်။

"လုံထမ်းလာတာမြင်ရပေမဲ့ ကံထမ်းလာတာကိုမမြင်နိုင်ဘူးကွ။ ကြွေတစ်လက်၊ ကြက်တစ်ခုန်တဲ့။ ချဲတစ်ခါပေါက်ရင် သူဌေးပဲမောင်ရဲ့"



မြို့ကို မကြာခဏအရောက်အပေါက်များသော ကိုမြကျော်က အားရပါးရပြောနေသည်။

"ချဲက ပေါက်ရင်အဆခြောက်ရာ ရော်သတဲ့ကွ။ တစ်ရာဖိုးထိုးရင် ခြောက်သောင်း။ တစ်ထောင်ဖိုးထိုးရင် ခြောက်သိန်းဆိုတော့လည်း အတော်အဆင်ပြေတာပေါ့ကွ" ဟု နှုတ်ခမ်းမွေး ဘကြည်က ထောက်ပြလိုက်သည်။ အာရုံစိုက်နားထောင်နေသော ကိုကျီးညိုသဘောကျနေသည်။ သူ့အတွေးမှာ သူ့ပီတိဖြစ်နေသည်။ လက်ထဲမှာ သောင်းဂဏန်း လော်က် ကိုင်နိုင်လာပြီဖြစ်၍ သိန်းကိုသူမျှော်မှန်းလာပြီ။

"နေပါဦးကွ ချဲဆိုတာဘာတုန်း။ ခုခေတ်လူတွေပြောကြ ငါဖြင့် နားမလည်ပေါင်ကွာ" ဟု အူတူတူ လုံးထွေးထွေး ကိုမှိုင်ဥက ဝင်ပြောသည်။

ဥပမာ နိုင်းနှိုင်း၍ ပုံတိုပတ်စနှင့်ပြောတတ်သော ကိုကျော်အေးက တဟဲဟဲရယ်ရင်း ...

'ဟိုတုန်းက ဒို့ရွာမှာ မမင်းပုံမြို့သွားဈေးဝယ်သလို ဖြစ်နေပါဦးမယ်ကွာ။ မမင်းပုံ ဈေးသွားတော့ အိမ်နီးချင်းအချို့တွေက ကလော်ဆံမှာ လိုက်ကြသတဲ့။ ကလော်ဆံဆိုတာ ဘာမှန်းမသိတော့ မမင်းပုံက ကလော်ဆံဆိုတာ အရည်လား၊ အဖတ်လားမသိ။ ပေးလိုက်ကြ။ မိုလ်အိုးတစ်လုံးလို့ပြောသတဲ့။ ကောင်မလေးတွေက ဝိုင်းရယ်ကြတာပေါ့။ ကလော်ဆံဆိုတာ အဲဒီခေတ်က အပ်ချိတ်ကိုပြောတာကွ။ သူပြောတဲ့ မိုလ်အိုးဆိုတာ ဆွမ်းဟင်းခွက်ထည့်တဲ့ မြေအိုးကလေး တစ်လုံးကို ပြောတာ" ဟု ရှင်းပြလိုက်သည်။ အားလုံးကရယ်ကြ၏။

ရွာမှာ ဗဟုသုတစုံသော ဗေဒင်ဆရာ ကိုရွှေအိုးက ...

"ချဲဆိုတာ အရှေ့ပြူဗ္ဗာပူရ နေပြည်တော်က သိရိက[illegible]ဆိုတဲ့ ရွှေမင်းသမီးက စီစဉ်တာတဲ့ကွ။ ခေတ်မီကွန်ပျူတာစက်ခလုတ်တွေနဲ့ စီစဉ်ပြီးတွက်နည်းတစ်ထောင်နဲ့ တွက်လို့တောင်မရအောင် အထူးလျှို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားသတဲ့။ တော်တော့ လူတော့ ပေါက်ခဲပါတယ်။ ပေါက်ရင်တော့လည်း အဆခြောက်ရာလျော်ကြေးရသတဲ့''

မဏ္ဍပ်ထဲမှာ ကာလသားတွေ၊ ကာလသမီးတွေ၊ ကလေးတွေ များပန်းခပ်သလို လှုပ်ရှားနေကြသော်လည်း သံယာစင်ရှေ့က ကိုကျိုးညိုတို့ စကားဝိုင်းမှာ စိတ်ဝင်စားဖွယ်ခေတ်ရေးအကြောင်းအရာတွေနှင့် ဝိုင်းဖွဲ့နေသည်။ လက်ဖက်ရည်ကြမ်းကရားမှာ တစ်လုံးပြီးတစ်လုံး ပြောင်းသွားသော်လည်း ဝိုင်းဖွဲ့နေသူတို့မှာ မပြောင်း။ တိုး၍သာ လာနေသည်။

''ချဲဆိုတာကွာ ကာလပေါ်လောင်းကစားတစ်မျိုးပါပဲ။ လူ့ဝှက်ဆန်းကြယ်မှုတော့ ရှိသပေါ့။ မသိကျော်သွား သိသူဖော်စားပါပဲ'' ဟု ဗေဒင်ဆရာကိုရွှေအိုးက အဆုံးသတ်လိုက်သည်။

အလှူကရှင်လောင်းလှည့်တော့မည်။ ကိုကျိုးညိုတို့စကားဝိုင်းလည်း သိမ်းခဲ့၏။ အသီးသီးအလှူတာဝန်ထမ်းရန် လက်ဖက်ကြမ်းဝိုင်းမှ ထခဲ့ကြတော့သည်။

''သံယောဇဉ် စကားလေးလုံးခွန်းမို့ ညွှန်းဆိုချက်လည်း နည်းမယ် မထင်ဟူသော ငယ်ငယ်ကကြားခဲ့ရသည့် ဓာတ်ပြားသီချင်းကလေး ကိုကျိုးညိုပြန်၍ ကြားယောင်နေမိသည်။ ချဲဆိုသော ဂဏန်းကလေး သုံးလုံးကလည်း သူ့ရင်မှာ သံယောဇဉ်တွယ်လာမိသည်ကို ကိုကျိုးညို သတိထားလိုက်မိပါ၏။ အလှူ၏ပြောသံက ရင်ထဲမှာခုန်သကဲ့သို့ ချဲဖွင့်မည့်ရက်များမှာ ရင်ခုန်ရမည်ကို ကိုကျိုးညို မသိရှာသေး။

ညနေစောင်းတော့ ကျောင်းဆင်းခေါင်းလောင်းထိုးသံ ကြားရပြီ။ ဆရာလေးဦးတိုး ဝင်ရောက်လာတော့မည်ကို ကိုကျိုးညိုသိနေ၏။



လုပ်လက်စ အလုပ်ကလေးများကို ဖြတ်ကာဆရာနှင့် ဆွေးနွေးဖို့ အဆင်သင့်ပင်ဖြစ်နေတတ်သည်။ ဇနီးသည် မမြခင်ကလည်း သဘောကောင်းပါ၏။ အိမ်ရှေ့ဝဲလင်းဆောင်မှာ နှီးချောဖျာသစ်သစ်ကလေးခင်း၍ လက်ဖက်ရည်ကြမ်းတစ်အိုး၊ ထန်းလျက်တစ်ပန်းကန်၊ ဆေးလိပ်တစ်ခွက်နှင့် အသင့်ပြင်ပေးထားသည်။ မမြခင်ကလည်း သူ့ယောကျ်ားတောမှာ တကုတ်ကုတ်အလုပ်လုပ်ရုံမျှမက ရပ်ထဲရွာထဲမှာ ယခုလိုအပေါင်းအသင်း စကားပြောဘက်တွေ ရှိစေချင်သည်။ ချဲထိုးရာမှာလည်း တွတ်ကလေး တစ်ကြိမ် နှစ်ကြိမ်ပေါက်ထား၍ တွက်တတ်ချက်တတ်သော ဆရာလေးကို အလေးထားလျက်ရှိသည်။

ကိုကျိုးညိုကလည်း ဆရာလေး ဦးတိုးဝင်းကို ကြည်ညိုသည်။ ဆရာလေးက အတွက်အချက်ကောင်း၏။ ''ကလင်ဒါ'' တွက်နည်းဖြင့် တွက်သည်။ အတော်စေ့စပ်သေချာလှ၏။

''ဒီတစ်ပတ်တော့ ၄၂၂ တွက်ရသဗျ။ ခွင်အတော်ကောင်းပါတယ်''

''ကျုပ်လည်းကြိုက်တယ်ဆရာလေး။ ပတ်လည်ရိုက်ရမလား''

''အို ဗျာ သိက္ခာကျပါတယ်။ တစ်ကွက်ကောင်း တဲ့တဲ့သာ ရိုက်လိုက်စမ်းပါ''

ချဲဖွင့်မည့်ရက်ကနီးကပ်လာသဖြင့် ဆရာလေးနှင့် ကိုကျိုးညိုတို့ အကြိတ်အနယ် ဆွေးနွေး၍ခေါင်းချင်းရိုက်ကြသည်။ ညမီးခွက်ထွန်းချိန်မှာတော့ ရွာလယ်က သာကြွယ်ရောက်လာပြန်သည်။ သနပ်ဖက်ဆေးလိပ်တိုကလေးတဖွာဖွာနှင့် ချဲစကားအပြောကောင်းပါဘိ။ သူက လက်တွက်သမားဖြစ်သည်။ သူတို့ ရွာထနောင်းမြိုင်မှာတော့ သာကြွယ်ကလည်း နာမည်တစ်လုံးနှင့်ဖြစ်သည်။ ''ကြိုးကြာရေမသောက်၊ သာကြွယ်ချဲမပေါက်'' ဟု ကလေးတွေက လှောင်ကြသည်။ သို့သော် ကိုကျိုးညိုကမူ သာကြွယ်သည် သူ့အတွက် ဆရာတစ်ဆူဖြစ်သည်။

''ကိုကျိုးရေ ဒီတစ်ပတ်တော့ ၄၂၄ ရသဗျ။ ဆယ်တန်ရိုက်၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်အလယ်ထိုင်လေ''

''လုပ်ထားလိုက်မယ်။ ပတ်လယ်ရိုက်ရမလား။ တခြားအရံကွက်ကလေးတွေရော ထားရဦးမလား''

''ရံထားတာတော့ မလွန်ဘူးပေါ့ ငါ့လူရာ''

နှစ်ယောက်သား ညဥ့်အတော်နက်သည်အထိ ကြိတ်၍တိုင်ပင်ဆွေးနွေးကြသည်။ နံနက်စောစောယာထွန်ပျက်မည်စိုး၍ မြခင်က သတိပေးရသည်။ သန်းခေါင်ကြက်တွန်မှ ကိုသာကြွယ် သူတို့အိမ်မှ ပြန်သွားသည်။

ဟိုတုန်းကဆိုလျှင် ကြက်ဦးတွန်ချိန်လောက်မှာ အိပ်ရာထ၍ လက်ဖက်ရည်ကြမ်းနှင့် ထမင်းကြော်ကလေးလွေးကာ မှောင်ရိုပိုးဝါးမှာ ယာထွန်ထွက်နေကျ ကိုကျီးညိုသည် ယခုတလော နေထွက်တပြူမှ အိမ်က ထွက်နိုင်တော့သည်။

ကိုကျီးညိုမှာ လေးကန်ထိုင်းမှိုင်းသောစိတ်များနှင့် ယာတောသို့ ထွက်ခဲ့သည်။ ခေါင်းထဲမှာ ရီဝေဝေဖြစ်နေသည်။ ယာတောရောက်လျှင် နွားနှစ်ကောင်ကို လှည်းမှချွတ်၍ထွန်မှာတပ်သည်။ မိုးအကျတွင် အပင်ကလေးတွေ ထောင်လာသော နှမ်းခင်းကို မှုန်းရသည်။ နှမ်းမှုန်းရင်း ညက မက်ခဲ့သော အိမ်မက်ကပေါ်လာပြန်သည်။

အိပ်မက်တွင် ရက္ခစိုးကြီးနှင့်တွေ့၏။ ဝတ်ဖြူစင်ကြယ်နှင့်ဖြစ်သည်။ ကျောက်ဆင်ကြီးနှစ်ကောင်ကြားမှာ ပုတီးစိတ်နေသည်။ အိပ်မက်ထဲမှာ အချိန်အတော်ကြာမြင်ရ၏။ အိပ်ရာကနိုးတော့ ခုဂဏန်း ၄၂၄ သေချာပေါက် ထွက်တော့မည်ဟု ကိုကျီးညိုအမိပ္ပာယ်ကောက်လိုက်သည်။

နှမ်းခင်းကို မှုန်းနေရသော်လည်း ကိုကျီးညိုစိတ်မပါ။ နေ့လယ်ဆိုင်ကယ်ဝင်းရွှေလာလျှင် ဆယ်ကွက်လောက်တော့ နှိပ်လိုက်ရဦးမည်ဟု စိတ်ကူးထားသည်။

ကိုကျီးညိုအဖို့တော့ မိုးဦးနှမ်းလျှင်ခင်းက မသေချာမရေရာပါ။



ချောင်းမြနှင့် နှမ်းပင်နှင့် ကာရံသင့်ရသည်။ မိုးဦးနှမ်းလျှင်စိုက်ရသည်မှာ အရှေ့ကို လင်လုပ်ရသလို ထင်ချင်မှဟုတ်မည်။

ဆယ်ကွက်လောက်နှစ်သောင်းဖိုး ထိုးထားသော ခဲလက်မှတ်များအမှ ဟုတ်ကောင်းဟုတ်နိုင်သည်ဟု မျှော်လင့်ထားရှာသည်။

ကိုကျီးညို ခဲဝါသနာပါခါစက တွတ်ရသဖြင့် ငွေနှစ်သောင်းထုတ်ရသည်။ မှတ်မှတ်ရရ နွားမဒန်းကလေးတစ်ကောင်ဝယ်ထားခဲ့၏။ နွားဒန်းကလေးပင် သားစပ်သဖြင့် ပထမတစ်သားကျခဲ့သည်။ ကိုကျီးညိုခဲမပေါက်သေး။ တစ်လုံးလွဲ၊ နှစ်လုံးလွဲနှင့် ကတုံးမွဲရသည့် ကိန်းဆိုက်ခဲ့သည်။

နွားမသားအမိကို ရောင်းလိုက်ရသည့်နေ့က မြခင်အတော် စိတ်ဆင်းရဲရသည်။ နွားမကလေးကို အိမ်သားတစ်ယောက်လို သံယောဇဉ်ကြီးနေမိသည်။ သားကြီးဖော်ဖော်ကလည်း သူကျောင်းနေကျ နွားမဖြစ်၍ ရောင်းမယ်ဆိုတော့ တရှုံ့ရှုံ့ငိုရှာ၏။

သည်နှစ်သူတို့ဒေသမှာ မိုးခေါင်သည်။ မိုးဦးနှမ်းလျှင်ကမရ။ မိုးလယ်မှာ ပျိုးထောင်ဖို့လည်း ရေကနည်းသည်။ မိုးမကောင်း ချောင်းမစီး၊ မိုးပေါ်က ရွှေပိန်ညင်းငှက်သည် မိုးကြိုးတေးကို မဆိုနိုင်။ မိုးတိမ်ညိုသို့မမဲ၊ မိုးပုလဲတို့ မရွာချေ။ တောရိပ်ဝန်းကျင် မစိမ်းလန်း။ ပျားတို့လည်းမချို၊ မှိုတို့လည်းမပေါက်ပါချေ။

ယခုနှစ်တွင် ယာထွက်သီးနှံတို့ကမရ။ သားကြီး ဖော်ဖော်၏ကျောင်းစရိတ်ကလည်း တက်လာသည်။ စတုတ္ထတန်းအောင်၍ ရွာကျောင်းမှာ နေမရ။ အလယ်တန်းကျောင်းရှိရာ မြို့သို့သွားရသည်။ အဝတ်အစားဖိုး၊ စက်ဘီးဖိုးတွေပို၍ ကုန်လာပြီ။ စာအုပ်ဖိုးတွေကလည်း ရှေ့တန်းအဆင့်နှင့်မတူတော့။

www.burmeseclassic.com

www.burmeseclassic.com



သည်နှစ်ထဲမှာ မမြခင်၏အဖေကလည်း နေမကောင်း၊ ချောင်းဆိုးသွေးပါအဆုတ်နာဟုဆိုသည်။ လအတန်ကြာပြီ။ ဆေးဖိုးဝါးခငွေက ကုန်လှသည်။ မိဘအတွက်ဆိုတော့လည်း နောက်ဆုတ်၍မရ။

မမြခင်စိတ်ညစ်လာသည်။ မိသားစုစားကြွေးတွေက တရစ်ရစ်တက်လာသည်။ ကိုကျီးညိုဝါသနာအိုးကလည်း ချဲထိုးမလျော့။ ချဲဖိုးတွေက တက်သည်။ ရှိသမျှငွေကလေး၊ ရွှေကလေးတွေထဲက တစ်ရစ်တစ်ရစ် နှုတ်သွားသည်။ ကြာလျှင် ခက်တော့မည်ကို မမြခင်ခံစားမိလာ၏။ ရင်ထဲမှာ ပူလာသည်။ လောကဓံကို ကြောက်လာသည်။ ကြိတ်၍ငိုရှာသည်။

ကိုကျီးညိုကို သူမထိန်းနိုင်ပြီ။ မူလကတော့ ရိုးရိုးအအ၊ ထန်းသမားတောင်သူ၏ သားတစ်ယောက်၊ ကိုရင်ကြီးဘဝကလည်း စာတတ်ပေတတ်။ ထနောင်းမြိုင်ရွာမှာ လူရိုးလူကောင်းဟု အများက သတ်မှတ်ထားကြသည်။ မမြခင်ငယ်စဉ်ကပင် ကြည်ညိုလေးစားခဲ့ရသည်။ မမြခင်ကို ချစ်ရေးဆိုစဉ်ကလည်း ရိုးရိုးစိုက်စိုက်ပင်ဖြစ်၏။ မမြခင်တို့အိမ်နှင့် မျက်နှာချင်းဆိုင်ရှိသော ကြီးဒေါ်တို့အိမ်ရှေ့ကွပ်ပျစ်မှာ ငူငူကြီးလာထိုင်၍ မမြခင်ကိုကြည့်နေတတ်သည်။ သူ့ပါးစပ်က ဘာမျှမပြောရဲ။ ကြာတော့ ကြီးဒေါ်တို့က မေးမှ ..

"ဟုတ်သဗျ .. ကျုပ်မြခင်ကို မေတ္တာရှိသဗျ" ဟုပြောသည်။

"ကျုပ် မြခင်ကို ရာသက်ပန်ရိုးမြေကျပေါင်းပါ့မယ်ဗျာ" ဟု ဇာတ်မင်းသားကြီးလိုပြောနေသည်။ နောက်တော့ နှစ်ဖက်မိဘများသဘောတူပေးစား၍ အကြင်လင်မယားဘဝရောက်ခဲ့ကြရသည်။

ကိုကျီးညိုက တောအလုပ်ဖြစ်ပါသည်။ ထယ်ထိုးထွန်ယက်ရာမှာ လုံ့လဝီရိယရှိသည်။ အရုဏ်တက်သည်မှ မိုးစုတ်စုတ်ချုပ်သည်အထိ သူအလုပ်လုပ်သည်။ စိုက်ရေးပျိုးရေးမှာ စနစ်ပါသည်။ မိုးရိပ်မိုးခင်ကို ကြည့်၍ အောင်မြင်အောင်စိုက်ပျိုးနိုင်သည်။ တစ်နှစ်တစ်ခါ အိုးပြည့်ခွက်ပြည့်၊ ပုတ်အပြည့်သီးနှံတွေရပါသည်။ မမြခင်ကလည်း ထိန်းတတ်



သိမ်းတတ်၍ စီးပွားကလေးတက်လာသည်။ ထနောင်းမြိုင်ရွာမှာတော့ ထူတန်းစေ့နေနိုင်သော မိသားစုကလေးဖြစ်လာသည်။

အားနည်းချက်တစ်ခုရှိသည်မှာ ကိုကျီးညိုတွင် အပေါင်းအသင်းနည်း၏။ သူကိုယ်တိုင်က ဆေးလိပ်မသောက်၊ ကွမ်းမစား၊ လက်ဖက်ရည်ချိုမသောက်၊ အရက်မသောက်ဆိုတော့လည်းဘာက်ကမရှိ။ စီးပွားကလေးတက်လာတော့ အပေါင်းအသင်းကလေးတွေနှင့် လူရာဝင်စေချင်သည်မှာ မမြခင်၏ဆန္ဒဖြစ်သည်။ သို့ဖြစ်၍ အလှူပွဲ၊ မင်္ဂလာပွဲရွာထဲမှာရှိလျှင် ကိုကျီးညိုကိုလွှတ်ရသည်။ လက်ဖက်ရည်ကြမ်းဝိုင်းမှာ ခင်ဆွေအပေါင်းအသင်းတွေ ရှိလာပြီ။

လေလာလျှင် ပန်းရနံ့လည်းပါလာ၏။ အမှိုက်သရိုက်လည်းရောက်လာတတ်သည်။ အပေါင်းအသင်းရှိလာတော့ ရွာမှာခေတ်စားနေသည့် ချဲရောဂါက ကိုကျီးညိုကိုကပ်လာပြီ။ အိမ်ခေါင်းရင်းမှာ သူစိုက်ထားသော ဝက်မလွှတ်အုန်းပင်ကလေးပင် သီးကင်းဝင်နေပြီ၊ ကိုကျီးညိုချဲထိုးဝါသနာပါခဲ့သည်မှာ ငါးနှစ်ရာသီရှိပြီကော။

မမြခင်သက်ပြင်းတစ်ချက်ချလိုက်၏။ ကိုကျီးညိုကို ချဲမထိုးဖို့ အတန်တန်ပြော၏။ မရပါချေ။ ချော့ကြည့်ပါ၏။ မပျော့ပါချေ။ နောက်ဆုံးတော့အဖြစ်မှန်ကို ဖွင့်ပြောရသည်။

"အကြွေးတွေက ပူလာပြီတော့ ... အိမ်ကလှည်းနဲ့နွားရောင်းရတော့မယ့်ကိန်း ဆိုက်နေပြီ"

ကိုကျီးညိုသည် ခေတ္တမျှငိုင်သွား၏။ တွေ၍စဉ်းစား၏။ ပြီးမှ ..

"အိုကွာ အခိုက်အတန့်၊ အခက်အခဲတော့ ဒီလိုပဲဖြေရှင်းရမှာပေါ့။ လာမဲ့မိုးဦးကျမှ နွားတစ်ရှဉ်းငှားပြီး ထွန်ကြတာပေါ့။ ချဲဆိုတာကတော့ ကံ၊ ဉာဏ်၊ ဝီရိယကွ။ ကြွေတစ်လက်၊ ကြက်တစ်ခုန်တဲ့။ ပေါက်လိုက်ရင် သိန်းပေါင်းရာချီကိုင်ရမှာပါ"

မမြခင်သည် ဟာစ်၍သာ ငိုလိုက်ချင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလည်းတစ်စီးနှင့် နွားတစ်ရှဉ်းကို ရောင်းလိုက်ရသဖြင့် ကိုကျီးညိုစိတ်မချမ်းမြေ့ပါ။ နှမြောစိတ်ကြောင့် ရင်ထဲမှာနင့်လာသည်။ မိမိလက်ထက်ရှာဖွေစုဆောင်းခဲ့ရသော ပစ္စည်းဖြစ်၍လည်း ဆုံးရှုံးရသောအခါ ရင်ထဲမှာ ပူဆွေးမိသည်။ အလယ်တန်းကျောင်းသားကြီးအဆင့် ရောက်နေပြီဖြစ်သော သားကြီးဖော်ဖော်၏မျက်နှာကလည်း မကောင်းပါ။ ညှိုးငယ်နေရှာသည်။ ဇနီးသည် မမြခင်၏တရှုံ့ရှုံ့ငိုနေရှာသော အဖြစ်ကိုလည်း သူမကြည့်ရက်ပါ။ ကိုကျီးညိုမှာ ယောက်ျားရင့်မကြီး တစ်ယောက်ဖြစ်၍သာ မျက်ရည်မကျ။ အပူရှပ်ကိုဟန်နှင့်ဖုံးထားရသည်။ လုံးလုံးမခံစားရသောအဖြစ်မျိုးမဟုတ်ပါ။

ကိုကျီးညိုသည် သူ့ယာခင်းထိပ်မှ ထိန်ပင်ကြီးအောက်တွင် ငူငူကြီး ရပ်၍နေသည်။ ကောင်းကင်ကိုမော့ကြည့်၏။ တိမ်ဖြူငွေသား၊ ဇလွှာ ပါးကလေးတို့က တအိအိလွင့်မျောနေသည်။ ထိန်ပင်ကြီးပေါ်တွင် ငှက်ကလေးတွေ တေးဆိုနေကြသည်။ သူတို့ကိုကြည့်၍ ကိုကျီးညိုစိတ် ချမ်းသာသလိုလိုရှိသည်။ သို့သော် သူတို့လို လွတ်လပ်စွာမပျော်နိုင်သေး။ ကိုကျီးညိုရင်ဆိုင်နေရသော ဘယ်သူမပြုမိမိမှုဆိုသည့် ဘဝ ပြဿနာကြီးက ရှိနေသည်။

ဆရာလေးဦးတိုးဝင်းက စေတနာနှင့်ပြောခဲ့သော စကားများကိုလည်း ပြန်၍ကြားယောင်နေမိသည်။

ကိုကျီးညို ကျွန်တော်ကခဲ့တွက်တယ်ဆိုပေမဲ့ တွက်ချင်ချက်ချင်တဲ့ ဝါသနာကလေးကြောင့်လုပ်နေတာ။ ခဲ့ထိုးတယ်ဆိုတာလည်း အပျော်တမ်း လောက်ပါ။ ငယ်ငယ်တုန်းက ခေါင်းလားပန်းလားကစားသလောက်ပဲ။ ခင်ဗျားကိုလည်း ဒီလောက်ဖြစ်စေချင်တာ ခင်ဗျားက အပျင်းပြေ မိတ်ဆွေဖြစ်မဟုတ်တော့ဘူး။ လောင်းကစားစိတ်ဆန်လာပြီ၊ စီးပွားဖြစ် လုပ်လာပြီ။ လောဘဦးစီးလာရင် မကောင်းတော့ဘူးဗျ။ ဒုစရိုက်ဖြစ်လာ



ပြီး ခင်ဗျားမှာ တဖြည်းဖြည်းစီးပွားတွေယုတ်လျော့လာတာကိုလည်း မြင်နေရပြီ။ ဒီလုပ်ငန်းကို ဖြတ်လိုက်တော့။ ကျွန်တော်အားမပေးတော့ ဘူး။ ကျွန်တော့်စကားအလေးမထားရင်တော့ ခင်ဗျားအိမ်ကိုလည်း ကျွန်တော်မလာတော့ဘူး''

ဆရာလေး ဦးတိုးဝင်းပြောသည့်စကားတို့မှာ မှန်ပါ၏။ ခဲ့နောက် ကိုလောဘနှင့်လိုက်ရင်း နယ်ကျွံလာခဲ့သည်။ မတိုးသည့်အပြင် ဥစ္စာ များတွေကလည်း လျော့လာသည်။ နွံသမား၏ပါးကွဲသို့ ပိန်သည့် အခါပိန်၊ ဖောင်းသည့်အခါ ဖောင်းနှင့် နောက်ဆုံးတော့ ပါးချောင်ကျန်ရစ် သည့်အဖြစ်မျိုးနှင့် ရင်ဆိုင်နေရပြီ။

''စီးပွားပျက်တာထက် စိတ်ဓာတ်ပျက်တာက ပိုဆိုးသဗျ။ ခဲ့ဂဏန်း တွေထဲ စိတ်ဝင်စားတော့အချိန်တွေလည်း တန်ဖိုးထားရမှန်းမသိတော့ ဘူး။ ခဲ့ဂဏန်းအတွေးကလေးတွေနဲ့ပဲ ယစ်နေချင်တော့တယ်။ တရား သဖြင့်ဝင်ငွေရဖို့ အသက်မွေးဝမ်းကျောင်းအလုပ်တွေ ကြိုးစားမလုပ်ချင် တော့ဘူး။ အချောင်ပွဖို့လောက်ပဲ စိတ်ကူးနေမိတယ်။ ကျွန်တော်လည်း ဒီပြဿနာကို သည်နေ့ကစပြီး စွန့်လိုက်ပါပြီဗျာ။ ခင်ဗျားလည်း စွန့် လိုက်တော့''

ဆရာလေး ဦးတိုးဝင်းပြောသမျှ အမှန်ချည်းသာဖြစ်ပါ၏။ ကိုကျီးညို ခေါင်းထဲသို့ စိမ့်၍ဝင်လာပါပြီ။

ကိုကျီးညိုသည်။ ငူငူကြီးရပ်နေရာမှ ထိန်ပင်ကြီးအောက် ယာကန် သင်းတစ်လျှောက် ခေါက်တုံ့ခေါက်ပြန်လျှောက်နေပြန်၏။ ရွက်ခြောက် များကို နင်းမိသည့် အသံက ချိုးချိုးချွတ်ချွတ်မြည်နေပြန်သည်။ လေရူး က တစ်ချက်တစ်ခါဝှေ့လာသည်။ ခပ်လှမ်းလှမ်း ချုံရိပ်ဆီမှ ''တောက် တက်တူး–ခါးခါး'' ဟု ခါငှက်၏မာန်ဝင့်သံကလည်းကြားနေရသည်။ ကိုကျီးညို၏ စိတ်တွေကလည်း ဝေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်တစ်စီးနှင့် လူးလာခတ်နေတတ်သော ဝင်းရွှေ၏ စကား များကိုလည်း ပြန်၍ကြားယောင်မိပြန်သည်။

"ကိုကျီးညို ခင်ဗျားဘာသတ္တိကြောင်နေရမှာလဲဗျ။ အတွေ့အကြုံ တွေ ဒီလောက်ရလာပြီပဲ။ ဒါလောက်ကုန်တာများ ဘာဆန်းသလဲ လေ မျောလေနဲ့လိုက်။ ငွေမျောငွေနဲ့လိုက်လို့ အဆိုရှိတယ်မဟုတ်လား အထွက်ရှိမှ အဝင်ရှိတယ်။ ခင်ဗျားကုန်ခဲ့တာတွေလည်း မနည်းတော့ဘူး ဆိုတာ ကျုပ်သိပါတယ်။ သတ္တိရှိရှိဆက်လုပ်ရမှာပဲဗျ။ ကြွေတစ်လက် ကြက်တစ်ခုန်တဲ့။ တစ်ချီထဲအောပြီးပေါက်လိုက်ရင် ဘဝမှာပြီးမြောက် သွားပြီ။ မစားရက်၊ မသောက်ရက်၊ ကျစ်ကျစ်ပါအောင်စုပြီး ချမ်းသာ စီးပွားရေးပုံစံက ခေတ်နောက်ကျပါပြီဗျာ။ ဒီနေ့ခေတ်မှီ စီးပွားရေး အလျော်အစားပဲဗျ။ ဒိုင်းနမိုက်ခေတ်ဗျ၊ လျင်မြန်ရမယ်။ ပြင်းထန်မယ် ပေါက်ကွဲရမယ်"ဆိုင်ကယ်ဝင်းရွှေ၏ ပြောစကားများကလည်း ကိုကျီးညို၏ ခေါင်းထဲသို့ ဒိုင်းခနဲဝင်လာပြန်သည်။

ကိုကျီးညိုသက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်၏။ အနီး၌ သစ်ငုတ်ကြီးပေါ်မှာထိုင်၍ တွေတွေကြီးစဉ်းစားနေပြန်သည်။ အလေး အနက်စဉ်းစားလိုက်၊ သက်ပြင်းရှည်ကြီးချလိုက်၊ ခေါင်းကုတ်လိုက်၊ ချွေးသုတ်လိုက်နှင့် ဆုံးဖြတ်ချက်ချရန်ခက်နေဟန်ရှိသည်။ ဆေးတစ်အိုး ကျွမ်း၊ ကွမ်းတစ်ယာညက်အကြာတွင်မှ ကိုကျီးညိုသည် တစ်စုံတစ်ရာ ကို ရဲရဲတွေးရဲရဲဆုံးဖြတ်သည်။ ထိုင်ရာမှထလိုက်သည်။ ရင်ကိုဖွင့်၍ ခပ်မတ်မတ်ရပ်လိုက်သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ အရှေ့စူးစူးသို့ကြည့်၏။ တောင်စူးစူးသို့လှည့်၏ ပြီးမှ အနောက်တောင်ယွန်းယွန်းတွင်ရှိသော ရွာဘက်ဆီသို့ ခပ်သွက် သွက်ကလေး လျှောက်သွားသည်။

ခဏအကြာတွင် ထနောင်းမြိုင်ရွာဘက်ဆီမှာ မော်တော်ဆိုင်ကယ်



တစ်စီး ပေတစ်ရာလမ်းပေါ်သို့ အရှိန်ပြင်းပြင်းကလေး မောင်းတက် လာသည်။ ရှေ့ကစီးသူမှာ ဆိုင်ကယ်ဝင်းရွှေ နောက်ကပါလာသူမှာ ကိုကျီးညိုဖြစ်သည်။ မြို့ဘက်ဆီသို့ သူတို့ဦးတည်၍မောင်းသွားကြသည်။

သူတို့မြို့၏ လူစည်ကားသော ဈေးအလွန်တစ်နေရာက စားသောက် ဆိုင်ကြီးတစ်ခုအတွင်း ဝင်လိုက်ကြသည်။ ကောင်တာစားပွဲတွင် ထိုင် သော အသားဖြူဖြူ ပါးဖောင်းဖောင်း၊ ဗိုက်ရွဲရွဲနှင့်ပုဂ္ဂိုလ်က ဆိုင်ကယ် ဝင်းရွှေကို စူးစမ်းသောမျက်လုံးများနှင့်ကြည့်ကာ ခေါင်းညိတ်၍ နှုတ်ဆက်လိုက်သည်။ သူတို့နှစ်ယောက်ကို နောက်ဖေးအခန်းတစ်နေ ရာသို့ ခေါ်သွားကာ မိနစ်နှစ်ဆယ်ခန့်အကြာမှာ ပြန်ထွက်လာသည်။ သူတို့ဆောင်ရွက်ရမည့်ကိစ္စ ချောချောမောမောပြီးစီးခဲ့ပြီ။

ရှေ့ပိုင်းအခန်းလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ကြ၏။ စားပွဲထိုး ကလေးများက ယမကာနှင့်စားသောက်ဖွယ်ရာများ လာချပေးကြသည်။

"ကဲကွာ .. တစ်ကွက်ထဲ၊ ငါးသောင်းဖိုးပဲ၊ ဒီတစ်ကြိမ်တော့ ပေါက်လိမ့်မယ်လို့ယူဆတာပဲကွာ"

"ကိုကျီးရာ မင်းလောင်းမှန်ရင် ရထားဆိုက်ရမှာပေါ့"

စားသောက်ပြီးလျှင် နေဝင်ရီတရောအ၌ သူတို့နှစ်ယောက်လေကလေး တချွန်ချွန်နှင့်ရွာဘက်ဆီသို့ ဆိုင်ကယ်စီး၍ ပြန်ခဲ့ကြသည်။

အိမ်က ဖနီးသည် မမြခင်မှာမူ မီးခွက်ကလေးထွန်းကာ စိုးရိမ်ပူပန် သောစိတ်နှင့် ငုတ်တုတ်ကလေးထိုင်စောင့်နေရှာသည်။

ညနေရီ၊ နေခြည်ညိုးပြီ။

မြစ်ဘက်ဆီမှ ပျံလာသောငှက်အုပ်များက ထနောင်းမြိုင်ရွာကို ဖြတ်ကျော်ကာ အိပ်တန်းပြောင်းရယ်မောလျက် တီတီတာတာညာသံပေး၍ အနောက်ဘက် ပင်တန်းပြာကြီးများဆီသို့ ပြန်သွားကြပြီ၏။ နေလုံးနီနီကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းကြီးပေါ်မှာ မေးတင်နေရာမှ ထနောင်းမြိုင်ရွာက ကိုကျီးညို
၏အဖြစ်ကို မကြည့်ရက်သလို ငုံ့လျှိုးပျောက်ကွယ်သွားလေပြီ။

ထနောင်းမြိုင်တစ်ရွာလုံး သိမ့်သိမ့်တုန်သွား၏။ ယနေ့ညနေတွ
ထိတ်လန့်ဖွယ် စက်ဆုတ်အံ့ဩဖွယ်သတင်းတစ်ခုက တစ်မဟုတ်ချင်း
ပျံ့နှံ့သွားတော့သည်။

"ကိုကျီးညိုတစ်ယောက် ငါးသောင်းဖိုး ချဲထိုးတာတစ်လုံးမှတော
မတွေ့ဘူးတဲ့"

"တစ်ချီထဲနဲ့ ငါးသောင်းဖိုးထိုးသတဲ့လားဟ မိုက်ပါပေ့ကွာ"

"သူ့ငွေဖြစ်၊ ချေးဖြစ်၊ တစ်ချီထဲနဲ့ နှိပ်လိုက်တာကွ။ သူ့ငွေမဖြစ်
ချေးဖြစ်တော့ခက်တာပေါ့"

သက်ကြီးရွယ်အိုများ၊ အပေါင်းအသင်းရောင်းရင်းများက အမျိုးမျိုး
ဝေဖန်ကြသည်။ သနားသူတွေလည်းရှိသည်။ ကဲ့ရဲ့သူတွေလည်းရှိသည်
မည်သို့ပင်ဖြစ်စေ နောက်ဆုံးတော့ ကိုယ့်အပြစ် ကိုယ်ခံရုံသာ
တော့သည်။

ကိုကျီးညိုတစ်ယောက် အရုပ်ကြိုးပြတ်ဖြစ်ကာ အိပ်ရာထဲလဲတော့
သည်။ ထမင်းမစား၊ ဟင်းမစား၊ တစ်ညလုံးလည်းမအိပ်။ အိပ်ရာထဲ
တလူးလူး၊ တလွန့်လွန့်၊ ထိုင်လိုက်၊ ထလိုက်နှင့်ဖြစ်နေသည်။ တစ်
တစ်ရံပါးစပ်ကလည်း ကယောင်ကတမ်းတွေ ပြောနေတတ်သည်။

ကိုကျီးညိုကို စိတ်မချသဖြင့် ဘကြီးတော်သူ ဦးဘိုးသစ်က အိမ်
လာအိပ်ပေးသည်။ အလယ်တန်းကျောင်းသားကြီး ဖော်ဖော်
မောအောင်စာအော်ကျက်၍ အိပ်မောကျနေပြီ။ ဇနီးသည် မမြ
တစ်ယောက် သန်းခေါင်ထက်ညဉ့်နက်နေပါပြီ။ ငိုရလွန်းသ
မျက်ရည်များပင် ခန်းလေပြီ။

ကြက်ဦးတွန်ချိန်အထိ ကိုကျီးညိုအိပ်ပျော်ပုံမရသေး။ အိမ်ဦးခန်း
ဘကြီးသစ်ကလည်း ချောင်းတဟန့်ဟန့်နှင့် သူမအိပ်သေးဘဲ



ရှောက်နေကြောင်းသတိပေးနေ၏။ မမြခင်ကမူ လင်းအားကြီးမှ မှေးခနဲ
ပျော်သွားသည်။

အရှေ့အရပ်က နေထွက်လာပြီ။ နေထန်းတစ်ဖျားလောက်အရောက်
၌ ကိုကျီးညိုအိပ်ရာမှထလာသည်။ မျက်နှာသစ်အပြီးခါတိုင်းလို လက်ဖက်
ရည်ကြမ်းမသောက်အိမ်ဝင်းထဲတွင် ဟိုနားလျှောက်၊ သည်နားလျှောက်
လုပ်နေသည်။ သူ့အမူအရာတွေက ထူးခြားနေ၏။ ဘကြီးသစ်နှင့်
မမြခင်တို့က ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေကြရသည်။

ကိုကျီးညိုသည် ပုဆိုးသစ်၊ အင်္ကျီသစ်တွေလဲ၏။ အရှေ့အရပ်သို့
လှည့်၍ ငူငူကြီးရပ်နေသည်။ ခဏကြာလျှင် အိမ်ထဲမှ အပ်ချည်လုံးကို
ယူကာ အိမ်ဝင်းထဲရှိ တမာပင်နှင့်ဆီးပင်ကို အပ်ချည်ကြိုးတွေနှင့်တန်း
နေသည်။ ပြီးလျှင် နို့ဆီဘူးခွံတစ်ခုကိုကြိုးနှင့် သွယ်ကာ ငယ်ငယ်တုန်း
က ကစားသလို တယ်လီဖုန်းဆက်နေသည်။

"ဟဲလို .. ဟဲလို .. ဟဲလို .. ထနောင်းမြိုင်ရွာက ကျွန်တော်
ကျီးညိုဖုန်းဆက်နေပါတယ်။ အရှေ့ပြဗ္ဗာပုရနေပြည်တော်က ရွှေမင်းသမီး
သီရိကလျာလား ခင်ဗျာ။ ကျွန်တော် ဒီတစ်ပတ်ဘက်ပေါင်းစုံ ထောင့်
ပေါင်းစုံ ဆရာသမားမျိုးစုံနဲ့ တွက်ချက်မန်းမှုတ်ထားတဲ့ ဂဏန်းကို ချပေး
ရမယ်မှန်းသိရက်နဲ့ အဘယ့်ကြောင့် တလွဲချပေးရသလဲခင်ဗျာ၊ သတ္တိ
ကြောင်ရင်လည်း ဒိုင်မလုပ်ပါနဲ့တော့"

မျက်ခြည်မပြတ် စောင့်ကြည့်နေသော ဘကြီးသစ်က စိတ်မချမ်းသာ
စွာဖြင့် ခေါင်းကလေးတညိတ်ညိတ်ဆက်ကာ ...

"အင်း ငါ့တူ ကျီးညိုတစ်ယောက်တော့ စိတ်ဖောက်သွားရှာပြီ"
ဟု ညည်းညူလိုက်ရှာသည်။

ဇနီးသည် မမြခင်အဖို့တော့ ရွှေရင်အုံပူမီး၊ ဗျာကြီးသူ လောက
လှိုင်းတွေနှင့် ...

www.burmeseclassic.com

www.burmeseclassic.com

## တောလားကဗျာ

သူငယ်နာမည်က ခွေးမောင်၊ ရွာကဘုန်းကြီးကျောင်းမှာ အတူနေခဲ့ကြသည်။ ကျောင်းမြောက်ဘက်က မန်ကျည်းပင်ရိပ်၊ ထနောင်းပင်ရိပ်အောက်တွေမှာ အတူတူကစားခဲ့ကြသည်။ ထွေခင်းတမ်း၊ ခုံညင်းပစ်တမ်း၊ ပေသီးပစ်တမ်း၊ တွတ်ထိုးတမ်း၊ တစ်ခါတစ်ရံ နပန်းလုံးတမ်းကစားခဲ့ကြသည်။ ခွေးမောင်က ကစားမျိုးစုံကျွမ်းသည်။ ကစားပွဲတိုင်းသူပါမှ ကျောင်းသားတိုင်းနှင့် ကစားဘက်ဖြစ်သည်။ ကစားပွဲမှာ ရန်ဖြစ်ပြီဆိုလျှင်လည်း ခွေးမောင်ရှေ့တန်းကပါသည်။ ဘုန်းတော်ကြီးက ကြိမ်နှင့်ခေါ်လျှင်လည်း ခွေးမောင်ကော့နေအောင်ခံရသည်။ သူ့မှာအဖေမရှိ၊ သူငယ်စဉ်ကပင် သူ့အဖေသေသည်ဟုဆိုသည်။ သူ့အဖေကိုသူပုန်တွေသတ်၍သေသည်ဟု ပြောကြသည်။ သူကြီးလာရင် သူပုန်တွေကိုပြန်ချမည်ဟု ကျွန်တော်ကိုတစ်ခါတစ်ရံပြောလေ့ရှိသည်။ ခွေးမောင်မှာ အမေနှင့်နေရသည် အမေတစ်ခု သားတစ်ခု။

ခွေးမောင်က သစ်ပင်တက်လည်းကျွမ်းသည်။ ဘယ်လောက်သစ်ပင်မြင့်မြင့် ရင်းထောင်မပါဘဲ သူတက်လေ့ရှိသည်။ ပင်စည်ကို လက်ဆန့်ဖက်ကာ ခြေနှင့်ကန်၍ မျောက်တက်သလိုလည်းတက်နိုင်၏။ ပင်စည်ကိုကပ်၍ ပေါင်ခြံထိုးကာ ကြောင်တက်သလိုလည်း တက်တတ်သည်။

ခွေးမောင်က စာတော့သိပ်မတော်လှ၊ ဘုန်းကြီးရှေ့မှာ ကျွန်တော်နှင့် စာအတူအံဘက်ဖြစ်သည်။ စာအလွတ်ကျက်လျှင် ကျွန်တော်က သူ့ကို ဖေးမကူညီပေးရသည်။ ကျွန်တော်နှင့် အရင်းနှီးအခင်မင်ဆုံးကျောင်းနေဘက် သူငယ်ချင်းဖြစ်သည်။





မွေးရာပါဗီဇစွမ်းရည်ဟုဆိုရမည်လားမသိ၊ ခွေးမောင်မှာ သူများနှင့်မတူသောစွမ်းရည်ရှိသည်။ တစ်စုံတစ်ခုပစ်ခတ်ရာတွင် လက်ဖြောင့်ခြင်းလက်တန်းခြင်းပင်ဖြစ်၏။ ခုံညင်းပစ်တမ်းကစားလျှင် သူက ခေါင်းဖယ်၊ ဂုတ်ဖယ် တိတိကျကျပြော၍ ဒင်းခနဲမှန်အောင်ပစ်နိုင်သည်။ ကြေးပြားပိုက်ဆံပစ်လျှင်လည်း ဤအတိုင်းပင်ဖြစ်သည်။ သူငယ်ချင်းများက သူ့ကိုကြောက်ကြ၏။ မကြာခဏပိုင်းပယ်ခံရသည်။ အများနှင့်ကစားလျှင်သူကအကျောပေးရသည်ချည်းဖြစ်သည်။ ငှက်ပစ်ရာတွင်လည်း အလွန်တည့်သည်။ လောက်လေးဂွနှင့် ခဏမျှချိန်၍ပစ်ရလျှင် ထိုငှက်ကောင်ရဖို့ အလွန်သေချာသည်။ ကျောင်းပိတ်ရက်များဆိုလျှင် သူနှင့်ကျွန်တော်ရွာရိပ်ဝန်းကျင်မှာ ငှက်ပစ်ထွက်လေ့ရှိသည်။ သူက လေးဂွနှင့် ရှေ့ကသွားသည်။ ကျွန်တော်က နောက်ကလိုက်ရ၏။ တစ်ချက်ပစ်ခွင့်ရလျှင် တစ်ကောင်ရဖို့တော့ သေချာသည်။ ညနေအပြန်မှာတော့ ငှက်သားကြော်နှင့် ထမင်းစားကြသည်။

ငယ်ငယ်ကအကြောင်းတွေကို ပြန်ပြောရသည်မှာ အရသာရှိလှ၏။ မန်ကျည်းချိုသီးကလေးတစ်ဆစ်ကို မြှုလိုက်ရသလို ချိုမြိန်လှသည်။ ကျောင်းနေဘက်သူငယ်ချင်း၏တန်ဖိုးကို အသက်ကြီးကာမှသိရသည်။ ကျောင်းနေဘက်သူငယ်ချင်းနှင့်တွေ့လိုက်ရလျှင် အနှစ်သုံးဆယ်လောက်ငြိနိငယ်သွားသည်ဟုထင်ရသည်။ နုပျိုလန်းဆန်းခြင်းဖြစ်ရပါ၏။

လွတ်လပ်ရေးရအပြီး ပြည်တွင်းစစ်ကာလတွင် ခွေးမောင်နှင့်ကျွန်တော်လမ်းခွဲခဲ့ရသည်။ ကျွန်တော်က မြို့ကိုပြေးရ၍ ခွေးမောင်ကရွာမှာကျန်ရစ်သည်။ အနှစ်သုံးဆယ်အကြာပြန်ဆုံကြတော့ ကျွန်တော်ကကျောင်းဆရာ၊ စာရေးဆရာ၊ သူက ထန်းသမား တောင်သူ။ ခုတော့သူငယ်နာမည် ခွေးမောင်ပျောက်၍ ချစ်သန်းဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သွားမည့်ခရီးကို ချစ်သန်းက သူလိုက်ပို့မည်ဆို၍ ဝမ်းသာမိသည်။ ကျောင်းနေဘက်သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနှင့် တောလမ်းခရီးသွားရမည်ဖြစ်၍ပျော်ရသည်။ ကျွန်တော်သွားမည့်ခရီးမှာ ရှင်မတောင်တောကိုဖြတ်၍ မြိုင်မြို့နယ်ကျည်းကန်ရွာသို့ဖြစ်သည်။ သနပ်ခါးဝင်တွေပေါသည့် ရှင်မတောင်စိမ်းစိုတောကိုလည်း ကြည့်ချင်သည်။ မြိုင်မြို့နယ်က ကျည်းကန်ရွာသို့သွား၍ ကျည်းကန်ရှင်ကြီး၏ ကျောင်းကန်ဘုရားနှင့် ရွာကိုလေ့လာချင်သည်။ သူ့ရွာသူ့မြေ၊ သူ့စာပေထဲက အဖြစ်သနစ်၊ ရှေးဟောင်းနှောင်းဖြစ်ကလေးတွေကိုလည်း မေးချင်သည်။ ကျည်းကန်ရှင်ကြီး၏ မေတ္တာစာများသည် အတွေးလှ၍ အရေးဆန်းသော စာပန်းပဒေသာများဖြစ်ပါသည်။

နံနက်စောစော ဝေလီဝေလင်းမှစ၍ ကျွန်တော်တို့ ခရီးထွက်ခဲ့ကြသည်။ ကျွန်တော်က ကျောပိုးအိတ်တစ်လုံး၊ ရေဘူးတစ်လုံး၊ ဝါးဆစ်ပိတ်တောင်ဝှေးတစ်ချောင်း။ ချစ်သန်းမှာက လွယ်အိတ်ကြီးတစ်လုံး၊ လောက်လေးခွတစ်လက်၊ ဓားလှံတစ်ချောင်း၊ ထမင်းတစ်ထုပ်ပါလာသည်။ စကားတပြောပြောနှင့် လာခဲ့ကြသည်။ နေထန်းတစ်ဖျားခန့် အချိန်မှာတော့ တောထဲသို့ရောက်နေပြီ။ တောဆိုသော်လည်း စိမ့်ကြီးမြိုင်ကြီးမဟုတ်၊ အင်တိုင်းတောသာဖြစ်၏။ သစ်ပင်၊ ဝါးပင်၊ ဆူးပင်၊ ချုံပင်တို့နှင့် ချောက်ကြိုချပ်ကြားသွားရသောလမ်းဖြစ်သည်။ "ရွှေစက်တော်သွား၊ တောလား" ထဲက ကဗျာပိုဒ်ကလေးများကို သတိရနေသည်။

"တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်နှင့်
မြိုင်နက်သာမော၊ စုံတစ်ကြောဝယ်
တစ်တောထွက်ဝင်၊ တစ်တောင်မြင်နှင့်
တစ်ပင်ရိပ်နား၊ တစ်ပင်သွားသော်" ဟူ၍ တောဖျားမြိုက်နက်တွင် [illegible]တစ်ယောက် ရဲခေါင်မြောက်နှင့် ဆရာတော်ရှင်မဟာရဋ္ဌသာရ



[illegible]က်တော်ဘုရားဖူးကြသည့် တောလမ်းခရီးကို မှန်းဆ၍ မြင်ယောင်[illegible]မိသည်။

လေပြည်ကညှင်း၊ ပန်းကသင်း၏၊ ငှက်ငယ်တို့၏ သီချင်းသံက[illegible]ည်း သာယာလှသည်။ ချိုးလင်းပြာဗိုမကလည်း တွန်သံသာလှသည်။ [illegible]ငှက်လည်ပြောက်ကလည်း ကျွမ်းဖော်ပျောက်နေဟန်ရှိသည်။ [illegible]ဆွေး မြည့်မြည့်ကူနေ၏။ မြိုင်တောကျီးကလည်း သံကြီးအာအာနှင့် [illegible]ည်နေသည်။ ငှက်စပ်၊ ငှက်ကျား၊ ငှက်ငန္ဒားတို့ကလည်း ကျာကျာ[illegible]ည်ကျည် အော်မြည်နေကြသည်။ သစ်တောက်ငှက်ကလည်း [illegible]တောက်တောက်နှင့် ထွန်တုံးဖောက်လျက်ရှိသည်။

နွေဦးရာသီဖြစ်၍ စိမ်းမြစိုလွင်သော ရွက်နုများ ပင်တိုင်းမှာ ဝေနေ[illegible]၊ တန်ခူးလေပြည်ဝယ် ပိတောက်ပန်းရနံ့ကလည်း တစ်ချက်တစ်ခါ [illegible]လာသည်။ အင်ကြင်းပန်းရနံ့ကလည်း မွှေးလာသည်။ ဝန်းကျင်[illegible]ာဝရသလို တောတွင်းခရီးမှာ အပြည့်အဝခံစားရပါသည်။

[illegible]ယ်သူငယ်ချင်းနှစ်ယောက် ရွက်ခြောက်များကိုနင်း၍ ရှေးဟောင်း[illegible]ဖြစ်များကိုပြောရင်း လျှောက်လာခဲ့ကြရာ ချုံရိပ်တစ်နေရာ အရောက် [illegible]" ဆိုသော အသံရှည်ကြီးတစ်ခုကြားလိုက်ရသည်။ ရှေ့ကလျှောက် [illegible] ချစ်သန်းက တုံ့ခနဲရပ်လိုက်၏။

"မြွေ ဗျို့ မြွေ"

ကျွန်တော်ကြက်သီးမွေးညင်းထသွား၍ ချွေးပြန်သွားသည်။ အညာ[illegible] ချောက်များတွင် မြွေပေါ၏။ အပူပိုင်းဒေသဖြစ်၍ မြွေများက [illegible]ပွင်းသည်။ ကိုက်လျှင်လည်း သေဖို့သာများသည်။

"မြွေဟောက်ဗျို့ သတိထား ဒီကောင်က လိုက်တတ်တယ်၊ ပေါက်[illegible]တယ်"

ကျွန်တော်က ဝါးရင်းတုတ်တောင်ဝှေးကို မြဲမြဲကိုင်ထား၏။ ချစ်သန်း[illegible] မြွေကို အကဲခတ်နေ၏။ သူ့လက်ထဲမှာ လောက်လေးခွနှင့်

www.burmeseclassic.com

www.burmeseclassic.com



လောက်စာများ အဆင်သင့်ကိုင်ထားသည်။ သူ့ဓားလှံကိုမူ သူ့အနီး
စိုက်ထားလိုက်သည်။ သူသည် မြွေရှိရာချုံထဲသို့ သုံးလေးချက် ဆ
ပစ်လိုက်သည်။ သစ်ခက်သစ်ကိုင်းများကြောင့် မြွေကိုထိဟန်မရှိ၊ မြွေ
ဟောက်သည် ပို၍ဒေါသကြီးလာဟန်ရှိသည်။ ကျွန်တော်တို့ရှိရာ
ထွက်လာသည်။ မြွေဟောက်ကြီးမှာ အနက်ရောင်ရှိ၏။ ကိုက်မိလျှင်
ပွဲချင်းပြီးသေနိုင်သည်။

"သတိထားဗျို့ ပါးရင်းတုတ်မြဲမြဲကိုင်ထား မကြောက်နဲ့"

မြွေဟောက်ကြီးသည် ဒေါသကြီး၍ တရှူးရှူးဖြစ်နေသည်။ ပါးပျဉ်း
ကြီးထောင်နေသည်။ လူကိုပစ်ပေါက်၍ ကိုက်တော့မည့်ဟန်ပြုနေပြီ။
လက်မြန်သော ချစ်သန်းသည် သူ့ဘေးတွင်စိုက်ထားသောဓားလှံကို
နုတ်၍ မြွေ၏ပါးပျဉ်းများဆီသို့ ပစ်၍ထိုးလိုက်သည်။ မြွေဟောက်ကြီးမှာ
ခွေခနဲလဲကျသွားသည်။ လှံချက်က ခေါင်းတည့်တည့်ထိသွားသည်။
မြွေဟောက်ကြီးလူးလွန့်၍သေပွဲဝင်သွားသည်။

ခဏတာမျှ ကျွန်တော်တို့စောင့်ကြည့်နေခဲ့ကြသည်။ မြွေကြီးငြိမ်သွား
သောအခါမှ ချစ်သန်းသည် တုတ်နှစ်ချောင်းနှင့်ညှပ်ကာ အနီးရှိတောင်ကို
ဟောင်းကြီးထဲသို့ထည့်လိုက်သည်။

"မြွေဟောက်ဆိုတာ အလွန်ဆိုးတာဗျ။ ဒေါသလည်းကြီးတယ်၊
အဆိပ်လည်းပြင်းတယ်၊ လူကိုမြင်ရင် အလွန်ရန်မူချင်တဲ့အကောင်"
ဟု ချစ်သန်းက မြွေဟောက်၏သဘောသဘာဝကို ဖွင့်ပြနေသည်။

"မင်းက ဘယ်လိုလုပ်မြွေဟောက်မှန်းသိလိုက်တာတုန်း"

"ချုံရှုပ်ရှုပ်ထွေးထွေးနဲ့ တောင်ပို့ရှိရင် မြွေရှိတတ်တယ်ကွ၊
မြွေဟောက်က ဒေါသကြီးတော့ ရှူးရှူးသံအရင်ကြားရတယ်၊ တောထဲ
မှာ အခြားသတ္တဝါတွေက သစ်ရွက်ခြောက်ကိုနင်းသွားသံကြားရတယ်။
မြွေဆိုတာကတော့ တရှဲရှဲနဲ့ တိုးသွားတဲ့အသံမျိုးကြားရတယ်"

"မြွေပွေးကတော့ ဘယ်လိုလဲကွ"



"မြွေပွေးကတော့ ငြိမ်နေတတ်တယ်၊ အသံမကြားရဘူး။ အဆိပ်
ပြင်းတယ်၊ ဒေါသကြီးတယ်၊ သူ့မထိရင် မကိုက်ပါဘူး။ ထိလို့ကတော့
သေသပဲ"

စကားပြောရင်း ဆက်လျှောက်ရင်းနှင့်ပင် နေအတော်မြင့်လာပြီ။
ကျွန်တော်တို့နှစ်ယောက်သည် ချောင်းရိုးကလေးအတိုင်းလာခဲ့ကြရာ
သောရေကန်တစ်ခုသို့ရောက်၏။ အရိပ်ကောင်းသော နပဲပင်ကြီး
အောက်တွင် ခေတ္တနား၍ ထမင်းစားကြသည်။ ရေကန်မှာ ကြည်လင်
အေးမြ၍နေသည်။ လူအရောက်နည်းပါးသောနေရာဖြစ်၏။ ရေကန်သာ
များ ကြာပေါက်နေသည်။ ရေကျေး၊ ရေငှက်နှင့် တောတွင်းသတ္တဝါများ
သာ မှီခိုသောက်သုံးသောရေကန်ဖြစ်သည်။ ကမ်းစပ်တစ်နေရာကချုံရိပ်
တွင် သမင်ကလေးတစ်ကောင်ခိုးချောင်းခိုးဝှက် ရေသောက်နေသည်ကို
မြင်ရသည်။ ရေစပ်တစ်နေရာတွင် ဖျိုင်းနှစ်ကောင်မှာ ငါးစောင့်နေသည်
ကိုလည်း မြင်နေရသည်။

ရှက်နုဝေချိန် နွေဦးကာလဖြစ်၍ ဥသြငှက်ကလည်း ချိုလွင်လွင်
ကြားနေရသေးသည်။

"ကဲ ဆရာ၊ သွားတစ်တိုင်၊ ထိုင်တစ်အောင့် တဲ့၊ သွားလိုက်ကြဦးစို့"

ချစ်သန်းက နိူးဆော်သဖြင့် ကျွန်တော်သည် ထမင်းစားအပြီး
ခပ်မှိန်းမှိန်းကလေးဖြစ်နေရာမှ ထလိုက်ရသည်။ နပဲပင်မြစ်ကို ခေါင်း
ဆိုက်၍ တရေးလောက်အိပ်လိုက်ချင်၏။ သို့သော် နေဝင်ကျောင်းရောက်
သွားရမည့်ခရီးကရှိနေသေး၍ လေးကန်သောခြေလှမ်းများဖြင့်ပင်
ချစ်သန်း နောက်ကလိုက်ခဲ့ရသည်။

လမ်းတစ်လျှောက်တွင် သနပ်ခါးပင်ကလေးများကိုလည်း တွေ့ရ
သည်။ အလေ့ကျ သူ့သဘာဝအလျောက်ပေါက်သော တောသနပ်ခါး

www.burmeseclassic.com

www.burmeseclassic.com



ပင်ကလေးများဖြစ်သည်။ ရှင်မတောင်သနပ်ခါးမှာ နာမည်ကြီးသည်။ မိုးခေါင်ခေါင် ကျောက်စရစ်မြေနီကုန်းမှာပေါက်ရ၍ ပင်လုံးကကျစ်သည်။ အဆီအနှစ်ပြည့်၍ ပိုမွှေးသည်ဟုဆိုကြသည်။ ရှေးအခါက ရှင်မတောင်တောမှာ သနပ်ခါးပင်တွေအလွန်ပေါ၏။ ခုတ်သူနည်းသည်။ တောသွားတောလာမိန်းကလေးတို့ သနပ်ခါးလိမ်းလိုလျှင် အပင်ကိုချက်ချင်းခုတ်၍ ရေစပ်ကကျောက်ဖျာမှာသွေး၍ လိမ်းခဲ့ကြသည်ဟုဆိုသည်။

"နိုင်ငံခြားဖြစ်တွေကိုပယ်
ရှင်မတောင်သနပ်ခါးကို လိမ်းတော့မယ်
ကိုယ့်ပြည်က ရက်ထည်မှ
အကွက်လည်အောင် ဆင်မြန်းပါတော့မယ်" ဟူသော ဝံသာနုခေတ်က သီချင်းတစ်ပိုင်းတစ်စကို သတိရမိသည်။

ချစ်သန်းကမူ အရှိန်ရလာသဖြင့် ရှေ့ကခပ်စိုက်စိုက်ကလေးသွားနေသည်။ သစ်ပင်ချုံနွယ်ရှင်းသော မြေပြန့်ပြန့်တစ်နေရာရောက်သောအခါ သူသည် တုံ့ကနဲရပ်လိုက်၏။ ရှေ့သို့တွေ၍ကြည့်နေသည်။ ကျွန်တော် လှမ်းကြည့်လိုက်သောအခါ လူသွားလမ်းကလေးကို ကန့်လန့်ဖြတ်၍ မြွေကြီးတစ်ကောင် စင်းစင်းကြီးလုပ်နေသည်ကိုတွေ့ရသည်။

"လင်းမြွေကြီးပါကွာ"

ချစ်သန်းကလှမ်း၍ပြောလိုက်သည်။ မြွေကြီးမှာ ညိုဝါဝါအရောင်ရှိသည်။ အမြီးကသွယ်သည်။ သူ့ဦးခေါင်းက ကျွန်တော်တို့ဘက်လှည့်ထားသည်။ လူတွေလာသည်ကိုသူသိ၏။ သို့သော် အမူမထား။ ဂရုမစိုက်။ ဒေါသဖြစ်ဟန်လည်းမရှိ၊ ရန်မူဖို့လည်း သူ့စိတ်ကူးရှိဟန်မတူ။ ချစ်သန်းသည် မြွေကိုတည့်တည့်ကြည့်၍ ဒေါသမရှိ၊ တည်ကြည်အေးချမ်းသောမျက်နှာဖြင့် စိတ်ကိုတည်ငြိမ်စွာထားလျက် ...

"နင့်လမ်း နင်သွား၊ ငါ့လမ်း ငါသွားမည်
နင့်လမ်း နင်သွား၊ ငါ့လမ်း ငါသွားမည်
နင့်လမ်း နင်သွား၊ ငါ့လမ်း ငါသွားမည်"

ဟု ဆိုနေ၏။ သူ့လက်ထဲမှာလည်း လောက်လေးခွမပြင်၊ ဓားလှံကိုလည်း အသင့်မထား။ သူစကားကိုသာ ထပ်၍ဆိုနေ၏။

ခဏအကြာတွင် လင်းမြွေကြီးမှာ တွန့်လိမ်ကာ လူသွားလမ်းကို ကန့်လန့်ဖြတ်၍ ချုံတန်းရှိရာသို့သွားနေသည်။ ချစ်သန်းက ကျွန်တော့်ဘက်သို့လှည့်၍ ...

"လင်းမြွေဆိုတာ မြွေကောင်းကွ၊ ဒါပေမဲ့ လင်းမြွေကို မထိမဲ့မြင်လုပ်လို့တော့မဖြစ်ဘူး၊ လင်းမြွေကိုက်ရင် ဆေးမရှိဘူးတဲ့"

"အေးကွ ... ရွာထဲကအိမ်တွေမှာ လင်းမြွေရှိရင် မြွေဆိုးမလာဘူးလို့တောင် ပြောသံကြားဖူးတယ်ကွ"

ချစ်သန်းသည် ရှေ့သို့ဆက်လျှောက်သွား၏။ လင်းမြွေလွန့်လူးသွားသော ခြေရာနားရောက်သောအခါ ...

"နင့်ခြေရာငါကျော်
ငါ့ခြေရာနင်ကျော်"

ဟုဆိုကာ မြွေရာကိုကျော်သွား၏။ မြွေကို သူကမေတ္တာမွှန်းနေပြန်သည်။ ကျွန်တော့်မှာလည်း သူဆိုသလိုဆို၍ မြွေရာကိုကျော်ခဲ့ရသည်။

"ခပ်သုတ်သုတ်ကလေးလှမ်းကြစို့သူငယ်ချင်းရေ၊ နေမဝင်ခင် ရွာခြေရောက်မှကောင်းမယ်"

ချစ်သန်းကတွန်းအားပေး၍ ခရီးနှင်နေပြန်သည်။ ညနေခင်းနေချို လာတော့ အမောကသက်သာလာသည်။ လေပြည်ကသုတ်လာပြီး ဘုတ်ငှက်တွေက တအိုးအိုးတအီအီချုံတန်းဆီမှ မြည်နေကြပြီ။ ရှင်မတောင် ထိပ်မှာလည်း မိုးသားတွေမြင်ရသည်။ တောထဲက မိုးသဲသဲမိလျှင် ခက်ရချည့်။ ခပ်သုတ်သုတ်ကလေး လှမ်းခဲ့ရသည်။

နေဝင်ဖျိုးဖျမှာတော့ ရွာခြေသို့ရောက်ပြီ။ နွားရိုင်းသည်းချိန်ဖြစ်၍ ဖုန်တစ်ထောင်းထောင်းနှင့် နွားအုပ်တွေ၊ ဆိတ်အုပ်တွေပြန်လာသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရပြီ။ ကလေးသံ၊ ခွေးသံ၊ ကြက်တွန်သံ၊ တေးဆိုသံ၊ ခေါ်သံ၊ အော်သံတွေကြားရပြီ။

ကျည်းကန်ရှင်ကြီး၏မေတ္တာစာများကို ကျောင်းသားဘဝက စတင်ဖတ်မှတ်မိသည်မှစ၍ ကျည်းကန်ရွာကိုရောက်ချင်ခဲ့သည်။ နှစ်ပေါင်းအတော်ကြာပြီး ကျောင်းဆရာဘဝရောက်မှ ကာရန်သင့်၍ ထိုရွာကိုရောက်ခဲ့ရသည်။ နေဝင်ရီတရောအချိန်ဖြစ်သော်လည်း ကိုယ်တော်ကြီးသီတင်းသုံးတော်မူခဲ့ရာကျောင်းသို့ ဦးခိုက်ရသည်။ လက်ရှိသီတင်းသုံးနေသော ဘုန်းတော်ကြီးက မေတ္တာတရားဖြင့် ဆီးကြိုသည်။ ကျွန်တော်တို့ရောက်လာရသောအကြောင်းရင်းကို သိတော်မူသောအခါ ဝမ်းမြောက်ဝမ်းသာ ကျည်းကန်ရှင်ကြီးဆိုင်ရာ သမိုင်းဝင်အမှတ်အသားများ၊ စာပေအမွေအနှစ်များကို လိုက်လံပြသသည်။ ဤနေရာကား ကျည်းကန်ရှင်ကြီး သီတင်းသုံးခဲ့သည့်ကျောင်းနေရာ၊ ဤဘုရားစေတီကား ကိုယ်တော်ကြီးတည်ထားကိုးကွယ်သော ဘုရားစေတီ၊ ဤနေရာကား စင်္ကြံ လျှောက်ခဲ့သည့်နေရာ စသည်တို့ကို လိုက်လံပြသသည်။ ကျောင်းဆောင်အတွင်းတစ်နေရာတွင် အကြွင်းအကျန်ပေစာ၊ ပုရပိုက်စာများ၊ နောက်နှောင်းပြန်လည်ရိုက်နှိပ်ကြသော စာအုပ်စာတမ်းများ၊ ကိုယ်တော်ကြီးကိုယ်တိုင်ရေးဆွဲခဲ့သည့် ရွာ၊ ကျောင်းနှင့်ဘုရား၊ စနစ်မြေပုံတို့ကို ပြသည်။ ရှေးကရဟန်းအသုံးအဆောင်အချို့ကိုလည်း တွေ့ရသည်။ ရောက်ချင်သောနေရာကိုရောက်ခဲ့ရ၍ စိတ်ကြည်နူးရသည်။ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦး၏ အတ္ထုပ္ပတ္တိကို လေ့လာဖတ်ရှုပြီးနောက် ထိုပုဂ္ဂိုလ်၏ ဇာတိရပ်မြေကိုရောက်ရသောအခါ စိတ်ထဲတွင် ကျေနပ်ဝမ်းသာမိသလိုလို၊ လွမ်းဆွတ်သတိရသလိုလို ရသတစ်ခုကို ခံစားရတတ်ပါသည်။ ကုန်းဘောင်ခေတ်က ကိုရင်ကြီးတစ်ပါး၊ သင်္ကန်းကြီးတရုံရုံနှင့် ကျမ်း



တွေပြုစုလိုက်၊ ရွာသူရွာသားတွေအတွက် မေတ္တာစာတွေရေးပေးလိုက်နှင့် အလုပ်များနေဟန်ကို မြင်ယောင်မိသည်။

ညမှာတော့ ကျွန်တော်တို့ရွာလူကြီးအိမ်မှာ ညစာစားရသည်။ ညအိပ်ရပါသည်။ ထမင်းစားပြီးချိန်မှာတော့ ရွာလူကြီးက လက်ဖက်ရည်ကြမ်းဝိုင်းကလေးနှင့် ညှိခံသည်။ ရွာက ရှေးဟောင်းနှောင်းဖြစ်ပြောတတ်သူတွေ၊ အဘိုးကြီးတွေ၊ ကျောင်းဆရာကြီးတွေ လာရောက်စကားပြောကြသည်။ လက်ဖက်ရည်ကြမ်းတစ်ကြိုက်၊ ဆေးတစ်ရှိုက်နှင့် စကားပြော၍ကောင်းပါဘိသည်။ ညကလည်း ငြိမ်းချမ်းသောည၊ လကလည်း သာပါသည်။ လာရောက်ညှိခံကြသူများက ရွာအကြောင်း ရပ်အကြောင်း၊ တောအကြောင်း၊ တောင်အကြောင်း၊ မိုးအကြောင်း မျိုးအကြောင်းတွေ ပြောကြသည်။

ညှိသည်များပြန်သောအခါ အိမ်ရှင်အဘွားကြီးက ကျွန်တော်တို့အိပ်ဖို့ အိမ်အပေါ်ထပ်အိမ်ဦးခန်းမှာပြင်သည်။ ကျွန်တော်က မအိပ်ပါရစေနှင့် လသာဆောင်ကြမ်းပြင်မှာအိပ်ပါရစေဟု အတန်တန်မေတ္တာရပ်ခံမှ အိမ်ခေါင်းရင်းက ခြောက်တိုင်ကုတင်ကြီးပေါ်မှာ အိပ်ရာပြင်ပေးသည်။ လရောင်သည် ထိန်ထိန်သာနေ၏။ လေပြည်လေညင်းက ခပ်သွဲ့သွဲ့ တလေးတိုက်ခတ်နေသည်။ သူငယ်ချင်း ချစ်သန်းသည် ခရီးပန်းပန်းနှင့် တစ်ချိုးတည်းအိပ်တော့သည်။ တရှူးရှူးနှင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်နေသည်။

ကျွန်တော်ကား အိပ်၍မရသေး၊ ညကလည်း ငြိမ်းချမ်းသည်။ နေရာကလည်း အေးချမ်းပါသည်။ ခြင်လည်းမကိုက်၊ မြို့ပြမှာလို ကားသံ၊ တော်သံ၊ သီချင်းအော်သံတွေလည်း မကြားရ။ တစ်ချက်တစ်ခါ တမာပန်းရနံ့ကလေးများက သင်းလာသည်။ ကဗျာဆရာသည် လူသာအိပ်သည် စိတ်ကမအိပ်ဟုဆိုသည့်အတိုင်း ကျွန်တော်အိပ်၍မရသေး။ ရှင်တောင် ဆောလမ်းခရီး ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများ၊ ခံစားမှုရသများ၊ အတွေးအမြင်များက ခေါင်းထဲသို့ တသီတတန်းကြီးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သန်းသည် ငယ်စဉ်ကပင် လက်ဖြောင့်သူ၊ လက်တည့်သူအဖြစ် လူတိုင်းကသိသည်။ အကုသိုလ်အကျိုးပေးသည်ဟုဆိုရမည်လားမသိ။ တစ်ချက်တစ်ကောင်မှန်အောင်ပစ်နိုင်သည်။ သို့သော် ချစ်သန်းသည် တောမုဆိုးအလုပ်ကိုသူမလုပ်၊ ထန်းသမားလုပ်သည်။ တောတွင်းခရီးမှာ မြွေတောက်ကိုတွေ့သောအခါ ချစ်သန်းသည် ကျွမ်းကျင်စွာရင်ဆိုင်၍ သတ်ပစ်လိုက်သည်။ လင်းမြွေကိုတွေ့သောအခါ ချစ်သန်း၏စိတ်မှာ အံ့ဩလောက်အောင် တည်ငြိမ်အေးချမ်းနေသည်။ လူနှင့် တိရစ္ဆာန်တို့၏ မေတ္တာသဘောကိုတွေ့လိုက်ရသည်။ လင်းမြွေသည်လည်း သူ့လမ်းသူ အေးအေးဆေးဆေးစွာသွားသည်။ မြွေ၏ခြေရာကိုကျော်ဖို့ပင် ချစ်သန်းက ကတိ တဝတ်ပြုနေသေးသည်။ လှသောသတ္တဝါတို့၏သဘော၊ မေတ္တာ သဘော၊ ရန်သဘောတို့ကို ကျွန်တော်တွေးနေမိသည်။ ကြည့်တတ် လျှင်မြင်၍ တွေးတတ်လျှင် ဆင်ခြင်စရာတွေရပါသည်။

ဤအတွေးကို ကဗျာရေးချင်၏။ နှလုံးသားထဲမှာခံစားမှုကလေးနှင့် ခေါင်းထဲမှာ အတွေးကလေးက ဝင်လာသည်။ အသံသာသာနှင့် ကာရန် ရှာနေမိသည်။ သန်းခေါင်ကြက်တွန်ပြီးမှ ကျွန်တော်မှေးခနဲအိပ်ပျော် သွားတော့သည်။ နံနက်ခင်း လင်းကြက်တွေတွန်တော့ ညကကဗျာ ကလေးကို ပြန်နွှေးပြီး စာရွက်ပေါ်မှာ ကဗျာရေးလိုက်ပါသည်။ ကဗျာ၏ ခေါင်းစဉ်ကို "မြွေ" ဟု ပေးလိုက်သည်။

- တောရွာမှာနေ
  တောမြေမှာကျွမ်း၊ လက်ဖြောင့်တန်းသည်
  ချစ်သန်းဆိုသော သူငယ်ချင်း။
- သူငယ်ချင်းနှင့်
  တောတွင်းခရီး၊ ချုံကြီးချုံငယ်
  လမ်းသွယ်လမ်းကြား၊ အတူသွားခဲ့။



- တစ်နေ့ရာတွင်
  ဆူးပုပ်ပင်ကြား၊ တောင်ပို့နားက
  ပါးပျဉ်းထောင်လျက်၊ တစ်ကောင်မြွေဟောက်
  ပေါက်လုခမန်း၊ ရန်ပြုကြမ်းသော်
  ချစ်သန်းလူသွက်၊ လျှပ်တစ်ပြက်ပင်
  မှန်းလျက်ချိန်မှီ၊ လှံပစ်ထိုးသော်
  မြွေဆိုးစင်းစင်း သေသတည်း။
- ရှေ့တစ်ခေါ်ခန့်၊ မြေပြင်သန့်ဝယ်
  ကန့်လန့်စင်း၍၊ လင်းမြွေကြီးကြီး
  အမြီးရှည်ရှည်၊ တွေ့ပြန်သည်တွင်
  လက်လျှင်လက်တန်း၊ မောင်ချစ်သန်းက
  "နှင့်လမ်း နှင်သွား၊ ငါ့လမ်း ငါသွား"
  စကားဆိုမြည်၊ စိတ်ထားကြည်သော်
  မြွေသည် မြွေကောင်း၊ သူ့လမ်းကြောင်းတိုင်း
  ကောင်းကောင်းတွန့်လိမ်သွားသတည်း။
- "နှင့်ခြေရာကို၊ ငါကကျော်၏
  ငါ့ခြေရာကို၊ နှင်ကကျော်ဘိ"
  ကတိနှုတ်ခွန်း၊ မေတ္တာမွန်း၍
  ချစ်သန်းဆိုလိုက်ချေသေးသည်။
- ဩော် ... မေတ္တာသဘော၊ ရန်သဘော
  အအေးသဘော၊ ပူသဘော
  အယဉ်သဘော၊ ရိုင်းသဘော
  စောကြောတွေးဆ၊ မြင်လိုက်ရသည်
  လောကသရုပ်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှနိုးလာသောချစ်သန်းကို ကဗျာစာရွက်ကလေးလှမ်း၍ ပေးလိုက်သည်။ ချစ်သန်းသည် ကဗျာကို သေသေချာချာဖတ်၏။ နောက် တစ်ခေါက်ထပ်၍ဖတ်၏။ သူ့သဘောကျဟန်ရှိသည်။ ခေါင်းတညိတ်ညိတ်ဖြစ်လာ၏။ ပြီးလျှင် ကျွန်တော့်ကိုလှမ်းကြည့်ကာ ပြုံးလိုက်သည်။ ကျွန်တော်က ...

"ကောင်းရဲ့လားသူငယ်ချင်း"

"သိပ်ကောင်းသကွာ"

"ဘာတွေကောင်းတာလဲ၊ ဘယ်လိုကောင်းတာလဲ၊ ဝေဖန်ပါဦးကွ"

ကဗျာဆရာတို့သည် သူတို့၏ကဗျာကို ကဗျာဖတ်သူက ဝေဖန်ဆန်းစစ်၍ တုံ့ပြန်ပြောလျှင် သဘောကျတတ်ပါသည်။ ကျွန်တော်သည်လည်း ကဗျာဖတ်သူ ချစ်သန်းထံမှ တုံ့ပြန်ဝေဖန်သံကလေးကို ကြား၍ ပီတိဖြစ်ချင်၏။

"ငါ့အကြောင်းရေးထားတော့ ငါသဘောကျသပေါ့ကွာ"

ဟု ချစ်သန်းကပြောလိုက်သည်။ ကဗျာဆရာ ပက်လက်လန်သွားပါသည်။ ထိုစဉ် အိပ်တန်းဆင်းလာသော ကြက်ဖကြီးကလည်း တောင်ပံနှစ်ဖက်ကို ဖြန်းဖြန်းရိုက်လျက် ဩဘာပေးလိုက်သည်။

"အောက် အီ အီး အွတ်"

## ဟိုဘက်အိမ် သည်ဘက်အိမ်

"သူ့ခြံ မြေဖြူပြာ ပွင့်ရင်ဖြင့်
ငါ့ခြံမြေ နီဝါတင့်ရမပေါ့
အခွင့်အခါမျှော်လို့
ဥယျာဉ်တော်သာယာရေးကိုလ
ရှုမြင်မြော် ခါခါတွေးပါလို့
မနေ့းပင် အားအင်ထုတ်လို့ရယ်
ပေါင်းနှုတ်ဖို့ခဲ"

(ငွေတာရီ)

အထက်တန်းပြ မြန်မာစာဆရာဦးကျော်ခိုင်သည် ငွေတာရီ၏ "သာသည့်မြေသို့" ကဗျာကို အားရပါးရသင်နေသည်။ ၁၉၆၅ ခု ပညာရေးစနစ်သစ်တွင် မြန်မာစာ၌ ခေတ်သစ်ကဗျာတွေပြဋ္ဌာန်းလာတော့ မြန်မာစာဆရာ ကဗျာဆရာ ဦးကျော်ခိုင် အလွန်ဝမ်းသာနေသည်။ ကဗျာမှာ နိမိတ်ပုံတွေ အလင်္ကာတွေ အတွေးအခေါ်တွေနှင့် မဟုတ်ပါလား။

"ကဗျာဆရာမ ငွေတာရီ လွတ်လပ်ရေးခေတ်တဝိုက်မှာရေးခဲ့တဲ့ ကဗျာက ခြံနှစ်ခြံကို နိမိတ်ပုံအဖြစ် ပြထားတယ်။ ဆိုလိုချင်တာက သူ့တိုင်းပြည် ကိုယ့်တိုင်းပြည်၊ သူတစ်ပါးတိုင်းပြည်ရဲ့ တိုးတက်မှုကို လှမ်းကြည့်ရမယ်။ သို့သော် မသွားချင်ပါနဲ့၊ မမိုရှိချင်ပါနဲ့၊ ကိုယ့်တိုင်းပြည်တိုးတက်အောင် အလုပ်လုပ်ပါလို့ ဆိုချင်တာ"

ဆရာဦးကျော်ခိုင်သည် အတန်းထဲက တပည့်ကလေးတွေကို အတဲခတ်လိုက်၏။ သူတို့ငြိမ်နေကြသည်။ စိတ်ဝင်စားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“အေး . . . မင်းတို့ကျောင်းသားကျောင်းသူတွေလည်း ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအရေးကို ဦးထိပ်ထား၏။ ဒီကဗျာလေးကပေးလိုက်တဲ့အတွေးအမြင်ကလေးကို ရင်မှာပိုက်ပြီး နေ့စဉ်ဘဝမှာ လိုက်နာကြ။ သူ့ဘဝ ကိုယ့်ဘဝ၊ သူ့မိသားစု ကိုယ့်မိသားစု၊ သူ့ရွာ၊ ကိုယ့်ရွာ တိုးတက်အောင်ကြိုးစားကြ၊ ကောင်းသောယှဉ်ပြိုင်ခြင်းဟာ တိုးတက်ပါတယ်၊ အလုချင်းပြိုင် ဂုဏ်ချင်းဆိုင်ကြ၊ အဆုံးစွန်မှာတော့ တိုင်းပြည်တိုးတက်ရေးပဲ”

ဇာတ်လမ်းကိုအထွတ်အထိပ်သို့တင်ပေးလိုက်သည်။ တပည့်တို့၏ဦးခေါင်းထဲမှာ အတွေးကလေးတွေထည့်ပေးလိုက်ရ၍ ဆရာဦးကျော်ခိုင်ကျေနပ်ဝမ်းသာသွားသည်။

“ဒီနှစ် အခြေခံပညာအထက်တန်းစာမေးပွဲမှာ ကျွန်တော့်အတန်းက အောင်ချက်အကောင်းဆုံး ပထမရစေရမည်” ဟု ဆရာဦးကျော်ခိုင်က လုပ်ဖော်ကိုင်ဖက်များကို ကြွားထားသည်။ ဆရာမ ဒေါ်ယဉ်မြက လှောင်ပြုံးပြုံးထားသည်ကို ဦးကျော်ခိုင် မကျေနပ်။ သူ့အတန်းကို အရိပ်တကြည့်ကြည့်နှင့် ဘက်စုံတိုးတက်အောင် အကြိတ်အနယ် စာကြိုးစားချင်အောင် အမြဲတိုက်တွန်းနေသည်။

မမျှော်လင့်သော ပြဿနာက ရှောင်တခင်ဝင်လာတတ်၏။

“ဆရာ ကျွန်မကို ဇော်ထွန်းက ရည်းစားစာပေးလို့ ခုလာတိုင်တာရှင့်”

“ဘယ်မှာပေးတာလဲ၊ ဘယ်တုန်းကလဲ၊ ဘယ်လိုဖြစ်ကြသေးလဲ”

“ဒီနေ့ရှင့် ကျောင်းဥယျာဉ်နားမှာ လက်နဲ့တားပြီး အတင်းပေးတာရှင့်၊ ကျွန်မကမယူတော့ လွယ်အိတ်ထဲအတင်းထည့်သွားတာရှင့်”

ကြင်ကြင်ဝင်းက ငိုမဲ့မဲ့ဖြစ်နေသည်။ မျက်ရည်ကလေးတွေဝေနေပြီ။



“ကဲကဲ မျက်ရည်သုတ်။ အတန်းထဲမှာ အေးအေးသွားထိုင်နေ။ ကောင်ကို ဆရာဆုံးမဦးမယ်”

အတန်းထဲမှာ ဇော်ထွန်းမရှိ၊ သူတစ်နေကုန်ကျောင်းပြေးနေသည်။

ဆရာဦးကျော်ခိုင်သည် ဆရာခန်းထဲမှာထိုင်လျက် သနပ်ခါးဖက်လိပ်ကို အားရပါးရဖွာရင်း သက်ပြင်းချခြင်းနှင့်အတူ မီးခိုးတန်းများထုတ်၏။ ဤလူငယ်ပြဿနာကို မည်သို့ဖြေရှင်းရမည်နည်းဟု လေးအနက်စဉ်းစားနေသည်။

မူးမြစ်ကမ်းနဘေးက ဤတောမြို့ကလေးမှာ ဦးကျော်ခိုင်၏ ဇာတိသည်။ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ်နေခဲ့ရသည့်ကျောင်းကလေးမှာ ဆရာပြန်ပြီးအမှုထမ်းရ၍လည်း တစ်မြို့လုံးသူမသိသူမရှိ၊ သူမသိသောမရှိချေ။ ဆရာဦးကျော်ခိုင်တို့ ဆယ်တန်းကိုသင်သောအဖွဲ့ ဆရာငယ်များက ဆယ်တန်းဖြေမည့် ကျောင်းသားကျောင်းသူများအိမ်သို့ စာကျက်ချိန်တွင် လှည့်လည်ကြည့်ရှုလေ့ရှိသည်။ စာကျက်ပုံကို အကဲတ်ရသည်။ မေးသောသင်္ခန်းစာများကို ရှင်းပြခြင်းသည် မိဘဆရာကျောင်းသား ပူးပေါင်းမိကြသည်။ အစဉ်အလာကောင်းကလေး သူတို့သာမြို့မှာရှိသည်။ ဆရာဦးကျော်ခိုင်သတိထားမိသည်မှာ ကြင်ကြင်ဝင်းကစာအလွန်ကျက်သည်၊ ကိုးတန်းကတည်းက စာကျက်သည်၊ စာတော်သည်ဟု ဆရာတွေက အသိအမှတ်ပြုခံရသူဖြစ်သည်၊ သူ့မိဘများကအေးဆေးတည်ငြိမ်သည်၊ သူတို့သမီးကို လာရောက်ကြပ်မတ်ပေးသဖြင့် ကျေးဇူးတင်ဝမ်းသာကြဟန်ရှိသည်။ ဇော်ထွန်းကမူ စာကျက်ချိန်မှာ ပျက်ကွက်မှုများ မကြာခဏတွေ့ရတတ်သည်။ ဖခင်ဖြစ်သူ ဦးဘမောင်ကမူ ဆရာများကို အားနာဟန်ရှိ၏။ မျက်နှာပူဟန်ရှိ၏။ မိခင်ဖြစ်သူ ဒေါ်ရွှေညွှန့်ကမူ ကာဆီးကာဆီးလုပ်လေ့ရှိသည်၊ သူ့အဒေါ်ဆီလွှတ်လိုက်သို့ပါ၊ ရွာဘက် ငွေပေးလွှတ်လိုက်လို့ပါ ဟု အကြောင်းပြလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးကျော်နိုင်သည် ဆေးလိပ်တိုကိုဖွာရင်း အတွေးလက်စ
မပြတ်သေး။ မိသားစုနှစ်ခုကို ယှဉ်ကြည့်နေမိသည်။ အိမ်နှစ်အိမ်
ဟိုဘက်ဝင်း သည်ဘက်ဝင်း။ ဇော်ထွန်းတို့အိမ်က နှစ်ဆောင်ပြို
ပျဉ်ထောင်သွပ်မိုးအိမ်ကြီး၊ ဦးဘမော်က ဆန်ကုန်သည်၊ ကားပိုင်တစ်
ဖြစ်သည်။ ဒေါ်ရွှေညွှန့်ကမူ ဆန်လက်လီရောင်းသည်။ အိမ်မှာ ငွေကို
သော့ကိုင်အချက်အချာအရေးပါဆုံးဖြစ်သည်။ ဇော်ထွန်းတို့ မောင်နှ
နှစ်ယောက်ရှိသည်။ အိမ်မှာ ဘာအလုပ်မှ မလုပ်ရ၊ အိမ်ဖော်တွေရှိသည်
ကြော့မော့နေအောင် ဝတ်နိုင်စားနိုင်ကြသည်၊ ဇော်ထွန်းက အမေ
အချစ်တော်သားကြီးဖြစ်၍ အလိုလိုက် အယုအယခံရဆုံးဖြစ်သည်
တစ်အိမ်လုံး ဝင့်ဝင့်ကြွားကြွား။ စားစားသောက်သောက်၊ ထည်ထည်
ဝါဝါနေနိုင်သော မိသားစုဖြစ်သည်။

သေးချင်းယှဉ်လျက် တစ်ဘက်သောဝင်းမှ ကြင်ကြင်ဝင်းတို့အိမ်ကမူ
ထရံကာ၊ ဓါးကပ်မိုး။ မြေစိုက်အိမ်ကလေး။ သူတို့ပိုင်အိမ်မဟုတ်၊ အငှား
နေရသောအိမ်ဖြစ်သည်။ သားသမီးမရှိ၊ တစ်ဦးတည်းကျန်ရစ်သော
အဘွားအိုဒေါ်စောမြက ရွာကဆွေမျိုးများထံသွားနေပြီး အိမ်ကို ငှားထား
ခဲ့ခြင်းဖြစ်သည်၊ ကြင်ကြင်ဝင်း၏ဖခင် ကိုကျော်ကြည်နှင့် မိခင် မအိခင်
တို့က မန္တလေးမှပြောင်းလာကြပြီး လက်ဖက်ရည်ဆိုင်ဖွင့်သည်။
“စိန်ချွန်း” လက်ဖက်ရည်ဆိုင်ဟု ဆိုင်းဘုတ်ကလေးတင်ကာ အလုပ်လုပ်
ကြသည်။ ရောက်လာခါစက သမီးငယ် ကြင်ကြင်ဝင်းပါလာသည်။
သူတို့မိသားစုမှာ အလွန်အလုပ်လုပ်ကြ၏။ သည်မြို့ကလေးရောက်မှ
သားတစ်ယောက် မွေးသည်။

နံနက်စောစော လမ်းလျှောက်ချိန်များဆိုလျှင် သူတို့လမ်းကို
ဦးကျော်နိုင်ရောက်သည်။ မြို့ပြင်အထွက်လမ်းကြောဖြစ်၍ နေ့စဉ်ရောက်
သည်။ နံနက်လေးနာရီဆိုလျှင် မကြင်ကြင်ဝင်း၏စာကျက်သံကြားရပြီ၊
ဇော်ထွန်းတို့အိမ်ကမူ စာကျက်သံမကြားရ၊ ဇော်ထွန်းအိပ်ကောင်းနေဆဲ



ဖြစ်သည်၊ နှစ်ဆောင်ပြိုင်အိမ်ကြီးဘက်ဆီမှ ဘာသံမျှမကြားရ၊ တိတ်ဆိတ်
ညီးမှောင်နေဆဲဖြစ်သည်။ နံနက်ခြောက်နာရီခွဲ ဆရာဦးကျော်နိုင်တို့
မြို့ပြင်မှ လမ်းလျှောက်ပြန်ကြသောအခါ စိန်ချွန်းလက်ဖက်ရည်ဆိုင်က
ဖွင့်နေပြီ၊ ကိုကျော်ကြည်က လက်ဖက်ရည်ဖျော်နေပြီ၊ ကြင်ကြင်ဝင်းက
ဆယ်တစ်ရာမုန့် ရိုက်နေပြီ၊ သားကလေးက စားပွဲထိုးကူကာ မအိခင်က
ဆိုင်ရှေ့မှာရေနွေးဖြန်း၊ တံမြက်စည်းလှဲနေပြီ၊ နှစ်ဆောင်ပြိုင်အိမ်ကြီးကမူ
ငြိမ်နေဆဲ။ သည်မြင်ကွင်းကို ဆရာဦးကျော်နိုင် မြင်နေကျ။

“ဗျို့ ဦးကျော်နိုင် ဘာတွေတွေးပြီး ငေးနေတာလဲဗျ”

လုပ်ဖော်ကိုင်ဖက် ဆရာဦးကြည်အောင်က လှမ်းအော်လိုက်မှ သူ့
အတွေးလက်စပြတ်သွားသည်။

“မနက်ကလာတိုင်တဲ့ အတန်းထဲက ပြဿနာလေး စဉ်းစားနေတာ
ပါဗျာ”

“ဘယ်လိုဖြေရှင်းပေးမလဲ”

“ကောင်လေးရော ကောင်မလေးရော ခေါ်ဆုံးမညှိနှိုင်းပြီး ဇော်ထွန်း
ကို နှစ်ချက်သုံးချက်လောက် ရိုက်ဆုံးမလိုက်ရင် ပြဿနာရှင်း
သွားမယ် လို့ထင်တယ်”

“စဉ်းစားဦးဗျ။ ဦးကျော်နိုင်တို့ ကျုပ်တို့ကျောင်းသားဘဝက
မိဘဆွေမျိုးတွေ မဟုတ်ဘူးဗျာ၊ ယခုမိဘတွေက သားသမီးနဲ့
ပတ်သက်လာရင် ဆတ်ဆတ်ထိမခံချင်ကြဘူး”

“အင်း ဟုတ်ပါရဲ့ဗျာ၊ ဒီပြဿနာကို ကျောင်းစည်းကမ်းထိန်းသိမ်း
ရေးအဖွဲ့တင်လိုက်တာပဲ ကောင်းမယ်ထင်ပါတယ်”

ကျောင်းရုံးခန်းမှာ ကျယ်ဝန်းသန့်ရှင်းလှပါသည်။ ကျွန်းစားပွဲ၊ ကျွန်း
ကုလားထိုင်ကြီးများနှင့် ဝင့်ထည်လှသည်။ ကျောင်းအုပ်ဆရာကြီး

www.burmeseclassic.com



ဦးထွန်းမြင့်နှင့် ကျောင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များစုံနေပြီး ပထမဆုံး ဆင့်ခေါ်ခံရသူမှာ ကြင်ကြင်ဝင်းနှင့် သူ၏မိခင်တို့ဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးက သူတို့ကို စားပွဲရှေ့ကုလားထိုင်နှစ်လုံးမှာ ထိုင်စေပြီး အနည်းငယ်အကဲခတ်သည်။ ပြီးမှ တည်ငြိမ်လေးနက်စွာဖြင့် ...

"သမီး မနက်က အတန်းပိုင်ဆရာကတစ်ဆင့် တိုင်လိုက်တာကိုလည်း ဆရာကြီးသိရပြီ၊ သမီးတင်ပြတဲ့သက်သေစာကိုလည်း ဆရာကြီးဖတ်ပြီးပြီ၊ အမေ့ကိုတော့ ပြောပြပြီးပြီလား"

"ဟုတ်ကဲ့ရှင့်"

"ဒီတော့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင် ဆရာ/ဆရာမများသိရအောင် အဖြစ်အပျက်ကလေးကို သမီးကပြန်ပြောပြပါဦးကွယ်"

"ကျွန်မ မနက်က ကျောင်းလာတော့ ကျောင်းရှေ့ဥယျာဉ်နားမှာ ဇော်ထွန်းက ကျွန်မကိုဆီးပြီး ရည်းစားစာပေးပါတယ်ရှင်၊ ကျွန်မက မယူဘူးဆိုပြီး ဘေးလွှဲထွက်တော့ သူကကာဆီးပြီး ပေးပြန်ပါတယ်၊ ကျွန်မကမယူဘဲသွားတော့ လွယ်အိတ်ထဲကိုအတင်းထည့်ပါတယ်၊ ဘေးကကျောင်းသားအချို့ကလည်းကြည့်နေတော့ ကျွန်မရှက်ရှက်နဲ့ ပြေးသွားပြီး အတန်းပိုင်ဆရာကိုတိုင်ပါတယ်ရှင်"

"ကဲ ဆရာတို့ မေးစရာရှိတာ မေးပါဦး" ဟု ဆရာကြီးက ခွင့်ပြုလိုက်သောအခါ ဆရာမ ဒေါ်နီနီထွန်းက ...

"အရင်ကကော သမီးနဲ့ မောင်ဇော်ထွန်းနဲ့ ရင်းနှီးသလား၊ စကားစမြည်ပြောဖူးသလား၊ စာကောပေးခဲ့ဖူးသလား"

"အတန်းတူအိမ်နီးချင်းဖြစ်လို့ သာမန်သိရုံပါပဲ၊ စကားများများ မပြောဘူးပါ၊ အရင်က စာလည်းမပေးဖူးပါဘူး"

အတန်ကြာငြိမ်နေကြပြီးမှ ဆရာကြီးက ...

"ကဲ ဒေါ်အိခင် ဘာများပြောဦးမလဲ"

"ကျွန်မ ဘာမှမပြောလိုပါဘူး၊ ကျွန်မသမီးက မိဘလည်းတိုင်တယ်၊



ဆရာလည်းတိုင်ပါတယ်၊ ဆရာကြီးတို့ကျောင်းကဆုံးဖြတ်တဲ့အတိုင်း ခံပါ့မယ်ရှင်၊ ကျွန်မတို့က တစ်ဖက်သားကိုလည်း မထိခိုက်စေချင်ပါဘူး၊ မတိုင်ရင် နောင်လဲ ထပ်ပြုလုပ်နေမှာစိုးလို့ပါ"

"ဒါဖြင့် ကျောင်းကဆုံးဖြတ်တဲ့အတိုင်း နာခံပါမယ်ပေါ့"

"ဟုတ်ကဲ့ပါရှင်"

"ကောင်းပါပြီဗျာ အိမ်နီးချင်းဆိုတော့ ရန်မီးလည်းမပွားကြစေနဲ့နော်"

"စိတ်ချပါဆရာကြီး ကျွန်မတို့ ထိန်းသိမ်းပါ့မယ်"

ဒေါ်အိခင်တို့သားအမိကိုပြန်လွှတ်ပြီး အတန်ကြာမှ ဇော်ထွန်းနှင့် သူ့အမေကို ဆင့်ခေါ်လိုက်သည်။ ရုံးအတွင်းသို့ဝင်လာကြသောအခါ ဆရာကြီး၏စားပွဲရှေ့မှာ သူတို့ကို နေရာပေးလိုက်သည်။ ဆရာကြီးက အနည်းငယ်အကဲခတ်၍ အေးဆေးတည်ငြိမ်စွာပြောလိုက်သည် ...

"မောင်ဇော်ထွန်း ... မနက်က ကျောင်းသူ မကြင်ကြင်ဝင်းက လာရောက်တိုင်ကြားပါတယ်၊ သူကျောင်းကိုလာတဲ့အခါ ကျောင်းဝင်း အတွင်း ကျောင်းဥယျာဉ်အနီးမှာ မောင်ဇော်ထွန်းက သူ့ကို ရည်းစားစာပေးတယ်၊ သူကငြင်းတော့ ဖွတ်အတင်းရှေ့ကကာဆီးပြီး ပေးတယ်၊ မယူတော့ လွယ်အိတ်ထဲအတင်းထည့်တယ်လို့ပြောတယ်၊ ဒါနဲ့ပတ်သက်လို့ မောင်ဇော်ထွန်းက ဘာပြောချင်သေးသလဲ"

"ဘာမှမပြောချင်ပါဘူးခင်ဗျာ"

"ဒေါ်ရွှေသွန့်ကတော့ ဘာပြောချင်ပါသေးသလဲ"

"ကျွန်မကတော့ ပြောချင်ပါသေးတယ်"

မောင်ဇော်ထွန်းက သူ့အမေ၏မျက်နှာကိုစိုက်ကြည့်လိုက်သေးသည်။ သို့သော် သူဘာမျှမတားနိုင်။

"ဒီလိုပါရှင်၊ ဒါဟာ ကျွန်မသားကို သက်သက်အရှက်ခွဲအောင် နာမည်ပျက်အောင်၊ ကျွန်မတို့လည်းသိက္ခာကျအောင်လုပ်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်ပါပဲ၊ ယောက်ျားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကိုစာပေးတာပဲ လက်ဆွဲပေးတာလည်းမဟုတ်၊ ပန်းဖက်ပေးတာလည်းမဟုတ်၊ မယူဘူးဆိုလို့ လွယ်အိတ်ထဲထည့်ပေးတာ၊ ထည့်လိုက်တာ ကိုယ်မယူချင်လည်း တစ်နေရာပစ်ချခဲ့ပေါ့၊ အခုတော့ ဆရာခန်းရောက်အောင်သယ်သွားပြီး ငိုတိုင်တာကတော့ ပုံကြီးချဲ့လွန်းတယ်ထင်တာပဲ''

ဒေါ်ရွှေညွန့်က စောဒကတက်လာသည်။ သူ့လည်ပင်းကြောတွေက ထောင်နေသည်။ သူ့ကို ဘယ်သူမှတု၍ပြောဝံ့ဟန်မရှိ၊ ဆရာဦးကျော်ခိုင်တလည်း ငြိမ်နေသည်။

''တခြားမြို့ကပြောင်းလာတဲ့ ရေမျောကမ်းတင်တွေ သူများမြို့လာပြီး အစွာလုပ်နေကြတာ၊ လက်ဖက်ရည်ရောင်းစားရလို့သာပေါ့နော်''

ဇော်ထွန်းက မျက်စိမျက်နှာပျက်နေသည်။ ဒေါ်ရွှေညွန့်သည် မိမိသားအတွက် တာဝန်မယူ မဆုံးမ၊ သူတစ်ဖက်သားကိုသာ အပြစ်တင်နေသည်။ ဆရာ/ဆရာမများက အပြောရခက်နေ၏။ နောက်ဆုံးတော့ မလွှဲမရှောင်သာ ကျောင်းအုပ်ဆရာကြီးကပြောရသည် . . .

''ဒေါ်ရွှေညွန့်ရယ် ကျောင်းစည်းကမ်းဆိုတာကတော့ ဆင်းရဲ ချမ်းသာ၊ မျက်နှာကြီး မျက်နှာငယ်မလိုက်ပါဘူး။ မျက်မြင်သက်သေတို့ရဲ့ ထွက်ချက်၊ ဖြစ်စဉ်အတွင်း ကျောင်းသူကျောင်းသား၊ ကာယကံရှင်တို့ရဲ့စိတ်အမူအရာ၊ ကိုယ်အမူအရာ၊ လှုပ်ရှားမှုတို့အပေါ်ချိန်ဆပြီး အပြစ်ပေးအရေးယူဆောင်ရွက်ရတာပါ''

''အခုကိစ္စမှာ ကျွန်မသား အပြစ်ရှိသလားဆရာကြီး''

''ရှိတာပေါ့ဗျာ၊ မျက်မြင်သက်သေတွေကလည်း ထွက်ဆိုပြီးပြီ၊ သူကိုယ်တိုင်ကလည်း ဝန်ခံပြီးပြီ''



ဒေါ်ရွှေညွန့်သည် ရှက်ဒေါသကို မနည်းချုပ်တည်း၍နေဟန်ရှိသည်။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်ဆရာ/ဆရာမများကလည်း အဆုံးအဖြတ်တစ်ခုခုပေးရတော့မည်ကို စဉ်းစား၍နေကြသည်။

''ဒီလိုရှိတယ်ဒေါ်ရွှေညွန့်ရဲ့ အပြစ်ရှိတဲ့ကျောင်းသားကို အများရှေ့မှာကြေညာပြီး ဆုံးမသင့်ရင် ဆုံးမရမယ်၊ ရိုက်သင့်ရင် ရိုက်ရမယ်၊ ဒီကျောင်းမှာဆက်တက်ခွင့်မပေးဘဲ မိဘပြန်အပ်သင့်အပ်ရမယ်၊ ဒီတော့ ဒေါ်ရွှေညွန့်နှင့် မောင်ဇော်ထွန်း ပြန်နိုင်ပါပြီ''

ကျောင်းအုပ်ဆရာကြီးက လေးနက်တည်ငြိမ်စွာပြော၍ နိဂုံးချုပ်လိုက်သည်။ ထိုနေ့ အစည်းအဝေးမှာပင် ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ရန်မီးနောက်ထပ်မပွားစေရန် မိဘပြန်အပ်ရန်ပင်ဖြစ်သည်။

ဇော်ထွန်းမိဘများက ပိုက်ဆံချမ်းသာသည်။ သူတို့သားကို မန္တလေးမြို့က ကျောင်းကြီးတစ်ကျောင်းမှာထားလိုက်ကြသည်ဟု သိရသည်။ ဆရာဦးကျော်ခိုင်သည်လည်း ထိုနှစ်မှာပင် အထက်တန်းပြဆရာမှ အလယ်တန်းကျောင်းအုပ်သို့ ရာထူးတိုးသဖြင့် မိမိဇာတိမြေ ဇာတိကျောင်းကခွာ၍ အဝေးနယ်တစ်ရပ်တစ်ကျေးသို့ မိသားစုနှင့်အတူ ပြောင်းရွှေ့ခဲ့ရသည်။

ဆယ်စုနှစ်နှစ်ခုသည် ကြာလှသည်မဟုတ်၊ သို့သော် ဆရာဦးကျော်ခိုင်၏ဘဝတွင် အပြောင်းအလဲတွေ၊ အရွှေ့အပြောင်းတွေများစွာရှိခဲ့သည်။ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး၊ တိုင်းပညာရေးမှူး၊ နောက်ဆုံးတော့ အထက်မြန်မာပြည်အခြေခံပညာရုံးချုပ်၊ [illegible]ဟူသော အိုမင်းရင့်ရော်ခြင်းကလည်း အတူယှဉ်၍ပါလာသည်။ အသက် (၆၀)ပြည့် လုနီး၍ အငြိမ်းစားယူရတော့မည့်အချိန်သို့ပင် [illegible]ပြီ။

www.burmeseclassic.com



နေရောင်ခြည်နုနုထွေးထွေး၊ လေနုလေအေးများနှင့် ပွင့်လင်းသာယာသော ရန်ကုန်မြို့၏ နံနက်ခင်းတွင် ပညာရေးအရာရှိကြီးတစ်ဦးဖြစ်သူ ဦးကျော်ခိုင်သည် မျက်မှန်အသစ်လဲရန်အတွက် မဂိုလမ်းသို့ အေးဆေးစွာ လျှောက်လာခဲ့သည် . . .

"ဆရာ . . . ဆရာဦးကျော်ခိုင် . . . ဆရာ"

မျက်မှန်ဆိုင်မရောက်မီ ရွှေဆိုင်ကြီးတစ်ဆိုင်အတွင်းမှ လှမ်းခေါ်သံ ကြားလိုက်ရသည်။ ဆရာဦးကျော်ခိုင်သည် ခဏမျှတွေ၍ရပ်ခါ နောက်သို့လှည့်ကြည့်လိုက်သည်။ ရွှေဆိုင်အတွင်းမှ တင့်တယ်လှပစွာဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦး ခပ်သွက်သွက်ကလေး လှမ်းထွက်လာသည်။

"ဆရာ တွေတွေကြီး ကြည့်နေလိုက်တာ ကျွန်မကိုမမှတ်မိဘူးလား"

ဆရာဦးကျော်ခိုင်သည် အတန်ငယ်စဉ်းစားနေ၏။ ပြီးမှ"

"နင် နင် ကြင်ကြင်ဝင်းမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ ဆရာ့တပည့် ကြင်ကြင်ဝင်းပါ။ ဒါ ကျွန်မဆိုင်လေ၊ ဝင်ပါဦးဆရာရဲ့၊ ဆရာနဲ့မတွေ့ရတာကြာလှပြီ"

ဦးကျော်ခိုင် အလွန်ဝမ်းသာသွား၏။ လွန်ခဲ့သောအနှစ်နှစ်ဆယ်ကျော်လောက်က ယင်တပည့်။ ယခုတော့ သူကဂုဏ်သရေရှိ အမျိုးသမီးကြီး တစ်ဦးဖြစ်နေပြီ၊ သူ၏ရွှေရတနာဆိုင်အတွင်းမှာ အခင်းအကျင်းကလည်း သပ်ရပ်သန့်ရှင်းနေသည်။ ရွှေ စိန်လက်ဝတ်ရတနာမျိုးစုံကလည်း ဝေဝေဆာဆာခင်းကျင်းထားသည်။ ဝင်းထိန်တောက်ပြောင်၍နေသည်။ မွန်မွန်ရည်ရည်အရောင်းစာရေးမကလေးများကလည်း ချောပါဘိ၊ လှပါဘိ"

"ကျွန်မ ဆရာ့ကိုသတိရနေတာ၊ အခုဘယ်ရောက်နေသလဲဆရာ၊ အခုဘယ်ကိုသွားမှာလဲ"

"ဆရာ အထက်မြန်မာပြည်ရုံးချုပ်ကိုရောက်နေတယ်၊ အခု ရန်ကုန်ကို ရုံးကိစ္စနဲ့ဆင်းလာတာ၊ မျက်မှန်လဲချင်တာနဲ့ မဂိုလမ်းဘက်ကို လျှောက်လာတာပါကွာ"



"မျက်မှန် ကျွန်မလုပ်ပေးပါ့မယ်၊ အခုလုပ်၊ အခုချက်ချင်းချပါတယ် ကျွန်မတို့အိမ်ကိုလိုက်ခဲ့ပါဦး။ တွေ့တုန်းပြုစုကျွေးမွေးပါရစေဦး"

"နေပါစေကွာ ဆရာ မင်းဘဝ အောင်မြင်မှုကိုကြည့်ပြီး ပီတိဖြစ်မိပါတယ်"

"ဆရာကလည်း ပီတိကိုစားပြီး အားရှိမနေပါနဲ့၊ ထမင်းကောင်းကောင်း၊ ဟင်းကောင်းကောင်းကလေးလည်း ကျွေးပါရစေဦး" ဟု ကြင်ကြင်ဝင်းက ယင်ဆရာ၊ ယင်တပည့်ဖြစ်၍ ခပ်ရွှတ်ရွှတ် ကလေး ပြောလိုက်သည်။ ယင်စဉ်ကလို ဆရာတပည့် ရယ်မောလိုက်ကြရသည်။

မကြာမီ ကားကလေးတစ်စီး ဆိုင်ရှေ့သို့ထိုးလာသည်။ ထိုကားကလေးဖြင့် ဆရာတပည့်နှစ်ဦး သူတို့အိမ်သို့လိုက်ခဲ့ကြသည်။ တင့်တယ်ကျယ်ဝန်းသောခြံကြီးနဲ့ လှပသောတိုက်ကလေးအတွင်း ပရိဘောဂများနှင့် အပြင်အဆင်တို့ကလည်း ခေတ်မီလှသည်။ ဧည့်ခန်းမှာထိုင်ရင်း ဆရာဦးကျော်ခိုင် ကြည့်မြင်ဝမ်းသာနေမိသည်။

"ထမင်းပြင်ပြီးပြီဆရာ ကြွပါ"

တပည့်က ဆရာကို ထမင်းကောင်းကောင်း ဟင်းကောင်းကောင်း တွေနှင့်ကျွေးသည်။ အသက်ကြီး၍ ပင်စင်နီးပြီဖြစ်သော ဆရာကြီး ဦးကျော်ခိုင်အဖို့ သိပ်မစားနိုင်တော့ပါ။ ရင်ထဲမှာ ပီတိတွေနှင့် ပြည့်နေပုံရပါ၏။

ဧည့်ခန်းမှာပြန်ထိုင်မိကြတော့ စကားလက်စကမပြတ်သေး။ ကြင်ကြင်ဝင်း က သူ့အကြောင်းပြောပြနေသည်။

"ဆရာပြောင်းသွားတဲ့နှစ်မှာပဲ ကျွန်မဆယ်တန်းအောင်တယ်ဆရာ၊ အဲဒီမှာ ကိုးတန်းဆယ်တန်းနှစ်တွေတုန်းက ကျောင်းမှာသိနေမျာ တာပဲနော်ဆရာ၊ ဆရာပြောင်းသွားတော့ ကျွန်မတို့ငိုကြရတာ၊ အခုမှပြန်တွေ့ရတော့တယ်၊ ဟုတ်ပ ကျွန်မအမျိုးသားနဲ့လည်း တွေ့ပေးချင်လိုက်တာ၊ သူ အခု စင်ကာပူသွားတယ်ဆရာ၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



သားနဲ့သမီးကလည်း ကျောင်းသွားကြတယ်၊ ကျွန်မ ဆယ်တန်းအောင်ပြီး အဲဒီမြို့ကထွက်လာတော့ ရန်ကုန်မှာ ဆွေမျိုးတွေအိမ်ကနေပြီး တက္ကသိုလ်ဆက်တက်တယ်ဆရာ၊ မိဘတွေကလည်းပေးပါတယ်၊ စီးပွားရေးဘွဲ့ရပြီး ကျွန်မ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်သေးတယ်၊ သုံးနှစ်လောက်ရှိမှ အိမ်ကသဘောတူတဲ့လူနဲ့လက်ထပ်ပြီး ကိုယ့်စီးပွားရေးကိုယ်လုပ်ကြတယ်။ အညာမှာတော့မောင်လေးနဲ့ မိဘတွေနဲ့ စတိုးဆိုင်ဖွင့်ထားတယ်။ လက်ဖက်ရည်ဆိုင်လည်း တွဲထားတယ်။ အဖေက ဟိုတုန်းကလိုပဲ သူ့မိတ်ဆွေဖောက်သည်တွေကို လက်ဖက်ရည်ကောင်းကောင်းကလေးတွေဖျော်တိုက်ချင်သေးတာတဲ့လေ''

''ကောင်းပါ့ဗျာ၊ မင်းအကြောင်းကြားရတာ ဆရာစိတ်ချမ်းသာတယ်''

''ဆရာကော အဆင်ပြေရဲ့လားဆရာ''

''အင်း ပြေပါတယ်ကွာ၊ သားနဲ့သမီးကလည်း ဘွဲ့တွေရပြီး အစိုးရဌာနတွေမှာ အလုပ်လုပ်နေကြပါပြီ၊ မင်းတို့အန်တီလည်း နေကောင်းပါတယ်၊ ဆရာတို့ကျောင်းဆရာတွေဆိုတာကတော့ စာတွေအကြဲတွေ၊ ဗဟုသုတတွေ၊ ကုသိုလ်တွေ၊ စာအုပ်စာတမ်းတွေအများကြီး ချမ်းသာပါတယ်၊ ပိုက်ဆံကတော့ မချမ်းသာပါဘူး''

ဆရာတပည့်နှစ်ဦးသားသည် ဟက်ဟက်ပက်ပက်ရယ်လိုက်ကြ၏။

''နေဦးဆရာ ဆရာ့ကို ကျွန်မကန်တော့ဦးမှာ''

ကြင်ကြင်ဝင်းသည် အိပ်ခန်းအတွင်းသို့ပြန်ဝင်သွားကာ အထုပ်ကလေးနှစ်ထုပ်ကို လင်ပန်းကလေးနှင့်ထည့်၍ယူလာသည်။

''ဆရာ့အတွက် ဝတ်စုံတစ်စုံ၊ အန်တီအတွက် ဝတ်စုံတစ်စုံ၊ ဆရာလိုရာသုံးဖို့ ငွေနှစ်သောင်းပါဆရာ''

သူက ပြောပြောဆိုဆို ပုဆစ်တုတ်၍ ဦးသုံးကြိမ်ချသည်။

''ဆရာ့အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတို့နဲ့ ပြစ်မှားမိခဲ့သည့်အပြစ်များရှိခဲ့ရင် ခွင့်လွှတ်ပါဆရာ''



ဆရာကြီးဦးကျော်ခိုင်သည် ငယ်စဉ်ကတပည့်ဟောင်းများနှင့်တွေ့ရှင်သမှုငယ်ရာအရွှန်းအသော ပြောတတ်၏။

''သာဓုပါဗျာ သာဓု သာဓု ကိုယ်စိတ်ကျန်းမာရွှင်လန်းဖြာ လိုရာဆန္ဒပြည့်ပါစေဗျား၊ ဆရာ့ကိုလည်း ငယ်ငယ်က ရိုက်ခဲ့မိသမျှခွင့်လွှတ်ပါဗျာ''

ကြင်ကြင်ဝင်းသည် အသံလေးထွက်အောင်ရယ်လိုက်၏။

''ခွင့်မလွှတ်ဘူးဆရာ နောင်လည်းတွေ့တိုင်း အခုလိုကန်တော့ရမှာ ကျေနပ်မှာ''

ခပ်လှမ်းလှမ်းတွင်ရှိသော သူ၏အိမ်ဖော်မကလေးများနှင့် အရောင်းစာရေးမကလေးများက ဆရာဦးကျော်ခိုင်နှင့် သူတို့အစ်မတို့၏ ဆရာတပည့်ရှိသေခင်မင်မှုမျိုးကို မမြင်ဖူး၍ ပြုံးစိစိကြည့်ကာ သဘောကျနေကြသည်။

ခဏအကြာတွင် ကြင်ကြင်ဝင်းက ဆရာဦးကျော်ခိုင်ကို သူ၏ကားကလေးနှင့်လိုက်ပို့သည်။ တည်းခိုသော ရိပ်သာရှေ့အရောက်တွင် ကြင်ကြင်ဝင်းက သူ့ဆရာအား လက်အုပ်ကလေးချီကာ နှုတ်ဆက်ပြီး ကားကလေးကို ညင်သာစွာမောင်းထွက်သွားသည်။ တဖြည်းဖြည်းဝေးသွားသောကားကလေးကို မျှော်ကြည့်ကာ အတွေးတစ်ခုက ဆရာကြီးဦးကျော်ခိုင်၏ရင်တွင်းသို့ အတင်းပြေး၍ဝင်လာသည်။

ထိုအတွေးမှာ တပည့်ကျော် ဇော်ထွန်းတစ်ယောက် ဘယ်ဆီရောက်နေပါလိမ့်၊ ဘာတွေလုပ်နေပါလိမ့်။

အသက် (၆၀) ပြည့်၍ အငြိမ်းစားယူရပြီဆိုသော်လည်း အစိုးရဝန်ထမ်းတစ်ဦးအဖို့ မွေးရပ်မြေသို့ ကပ်ရတော့သည်။ ဘဝနေညိုချိန်အမေအိုနှင့် ဇာတိမြေကို သတိရစမြဲပင်ဖြစ်သည်။ ဆရာကြီးဦးကျော်ခိုင်

www.burmeseclassic.com

www.burmeseclassic.com



သည် ပင်စင်အငြိမ်းစားယူရသောအခါ သူ၏ဇာတိမြေဖြစ်သော မူးမြစ်ကမ်းနံဘေးက တောမြို့ကလေးသို့ ပြန်၍အခြေချသည်။ အနှစ်နှစ်ဆယ်တူသောကာလသည် ဘာမျှကြာလိုက်သည်ဟုမထင်ရသော်လည်း ပြောင်းလဲမှုတွေများစွာရှိခဲ့သည်။ အဟောင်းအဟောင်းတို့ချုပ်ငြိမ်းလျက် အသစ်အသစ်တို့ ဖြစ်ပေါ်နေကြပြီ။

ဆရာကြီးဦးကျော်ခိုင်အဖို့လည်း မိတ်ဟောင်းဆွေဟောင်းတပည့်ဟောင်းတွေနှင့်တွေ့ရသည်။ အဟောင်းအဟောင်းတို့ထံမှ အသစ်အသစ်သော သတင်းစကားတွေလည်းကြားရသည်။ တပည့်ဟောင်းမြတ်မင်းနှင့်တွေ့သည်။

"မင်းသူငယ်ချင်းဇော်ထွန်းတစ်ယောက် ဘယ်ရောက်နေသလဲကွ"

"ဆရာ့တပည့်ကျော် ဇော်ထွန်း အခြေအနေမကောင်းဘူးဆရာ၊ သူ မန္တလေးကျောင်းသွားနေပေမဲ့ ဆယ်တန်းမအောင်ဘူး၊ သူ့အဖေဆုံးတော့ သူ့အဖေလုပ်ငန်းတွေ သူဆက်လုပ်တယ်၊ ဒါပေမဲ့ မအောင်မြင်ပါဘူးဆရာ၊ သူ့အိမ်ထောင်ကျတယ်၊ အိမ်ထောင်ရေးလည်း အဆင်မပြေဘူး၊ သူ့အမေလည်း သူ့စိတ်နဲ့ပဲ ဆုံးသွားရှာတယ်၊ ဆရာ့တပည့်ဇော်ထွန်းမလိမ္မာဘူးဆရာ၊ ဘဝပျက်နေပြီ" ဆရာဦးကျော်ခိုင်၏ရင်ထဲမှာ ဒိတ်ကနဲဖြစ်သွားသည်။

"ဘာကွ ဘယ်လိုဖြစ်ရတာလဲ မြတ်မင်းရ"

"ဒီကောင် တစ်လုံးရောဂါ၊ နှစ်လုံးရောဂါ၊ သုံးလုံးရောဂါ၊ လေးလုံးရောဂါတွေနဲ့ ဒုက္ခရောက်နေပြီဆရာရဲ့"

ကာလပေါ်ရောဂါသစ်များ၏အကြောင်းကို ဆရာကြီး ဦးကျော်ခိုင်သိဟန်ရှိပါ၏။ စိတ်မချမ်းမြေ့ဟန်ဖြင့် ခေါင်းတညိတ်ညိတ်စုပ်တသတ်သတ်ဖြစ်နေသည်။

"အခု သူဘယ်မှာလဲ"

"သူ့ရွှေဘော တက်သွားတယ်ပြောတာပဲဆရာ၊ သူ့အိမ်မှာ သူ့နှမကျောင်းဆရာမလေးပဲရှိတယ်"



"အေးကွာ စိတ်မကောင်းစရာပဲ၊ မြတ်မင်းကတော့ သတင်းစုံတယ်ကွဲ့၊ နောက်များလည်း ဆရာ့ဆီလာပါဦး" ဟုဆိုကာ ဆရာတပည့်လမ်းခွဲခဲ့ကြသည်။

ဆရာကြီးဦးကျော်ခိုင်က ငယ်ပေါင်းလုပ်ဖော်ကိုင်ဖက် ပင်စင်စားဆရာဦးကြည်အောင်အိမ်ဘက်သို့လှည့်ခဲ့၏။ ထို့နောက် ဈေးဘက်ဆီသို့ နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်ခဲ့ကြသည်။ ညနေဆီမှောင်ရည်ပျိုးစအချိန်ရောက်နေပြီ။ ဆရာကြီးဦးကျော်ခိုင်သည် ဇော်ထွန်းတို့အိမ်နားအရောက်တွင် ခေတ္တမျှရပ်လိုက်၏။ တစ်စုံတစ်ရာကို တွေးတွေးဆဆနှင့် သူ့မိတ်ဆွေကြီးကိုပြောပြနေသည်။

"ကိုကြည်အောင်ရေ လောကလူ့ရွာမှာ မိသားစုရယ်လို့ဖြစ်လာကြရင် မိဘနှစ်ပါးက အုပ်အုပ်စီးစီး၊ သားသမီးတွေက လိမ်လိမ်မာမာ ရိုးရိုးသားသား၊ နိုးနိုးကြားကြား၊ ကြိုးကြိုးစားစားအလုပ်လုပ်ကြရင် အောင်မြင်မှုရစမြဲပဲဗျာ"

သူ့ရည်ညွှန်းရာသို့ ပင်စင်အငြိမ်းစားဆရာကြီးဦးကြည်အောင်က လှမ်း၍ကြည့်လိုက်သည်။ ဟုတ်ပေသားပ။

ဟိုဘက်အိမ်က ကွန်ကရစ်တိုက်ကြီး၊ လျှပ်စစ်မီးရောင်စုံတွေလင်းနေသည်။ စတိုးဆိုင် လက်ဖက်ရည်ဆိုင် ခေတ်ပေါ်တေးသံတွေက မြူးနေသည်။ ရောင်းသူဝယ်သူတွေက လှိုင်နေသည်။

သည်ဘက်က နှစ်ဆောင်ပြိုင်အိမ်ကြီးမှာတော့ မီးအရောင်ကလေး မှိန်မှိန်နှင့် တိတ်ဆိတ်ငြိမ်သက်လျက်။

www.burmeseclassic.com

# သနပ်ခါးပေးတော့ ကိုအဝ္ဝာ

ပင်လယ်ဘက်ဆီမှတိုက်ခတ်လာသောလေနုအေးသည် နွယ်နီဝင်း၏ ပါးမို့မို့ကလေးများနှင့် နှင်းဆီရောင်နှုတ်ခမ်းလွှာလေးများအပေါ် ရှပ်ပြေး၍ အေးအေးမြမြကလေးလှုပ်နှိုးနေသည်။

ညက အတန်ညဉ့်နက်သွားသဖြင့် နွယ်နီဝင်းသည် နေအတော်မြင့်မှ အိပ်ရာကနိုးသည်။ အိပ်ရာမှနိုးလျှင် မျက်နှာသစ်၊ ရေချိုးပြီးလျှင် ထမင်းစားခန်းအတွင်းမှ စားပွဲတွင်ထိုင်လိုက်သည်။ ရယ်ဒီခေါက်ဆွဲတစ်ထုတ်ကိုဖောက်၍ ရေနွေးပူပူနှင့်စိမ်ကာ အေးအေးဆေးဆေးစားနေသည်။ သူနှင့်အခန်းအဖော်သူငယ်ချင်းများအချို့ အပြင်ထွက်သွားကြသည်။ တစ်ချို့က ရှိနေကြသေး၏။ သူတို့လို သက်တူရွယ်တူ လှလှပပမိန်းကလေး ခြောက်ဦးစုပေါင်းငှားထားသော စံပယ်လမ်း၊ ခုနစ်ထပ်တိုက်၊ လေးလွှာမှ အခန်းကလေးကလည်း သပ်ရပ်လှပနေပါသည်။

နွယ်နီဝင်းသည် ရေခဲသေတ္တာကိုဖွင့်၍ သောက်စရာအအေးဘူး တစ်ခုရှာလိုက်သည်။ လှပသောသံဘူးနှင့်ထည့်ထားသည့် မကျည်းဖျော်ရည်တစ်ဘူးကိုတွေ့သည်။ ဖောက်၍ ပိုက်ဖြူဖြူလေးနှင့် တစ်စုပ် စုပ်လိုက်သည်။ ရင်ထဲတွင် အေးမြသွား၏။ မကျည်းရနံ့လေးကသင်း လာသည်။ မကျည်းခက်နှင့် မကျည်းသီးတောင့်ကွေးကွေးလေးနှစ်ခု မြင်ရ၏။ နွယ်နီဝင်းသည် အတွေးကလေးနှင့် တစ်ကိုယ်တည်းပြုံးကြည့် နေမိသည်။ ငယ်ငယ်ကရွာမှာ မကျည်းသီးတက်ခူးခဲ့သည်။ အပင်ခြေမှ ကျောက်ဖျာပေါ်ထိုင်၍ အားရပါးရစားခဲ့ရသည်။ ပိုက်ဆံတစ်ပြားမှ မကုန်





ခတော့ မကျည်းမှည့်က ဓာတုပစ္စည်းတွေနှင့်ရော၊ ရေသန့်သန့်တွေနှင့် ခေါင်း၊ ချိုသင်းချဉ်မြသောအရသာဖျော်ရည်ကို တံဆိပ်လှလှ၊ သံဘူး လှလှကလေးနှင့်ထည့်လိုက်သောအခါ ကုမ္ပဏီကဖြန့်သည့် အဆင့်မြင့် စားသောက်ကုန်ဖြစ်သွားသည်။ နွယ်နီဝင်းသည် အတွေးဖြင့်ပြုံး၍ နောက်ဆုံး လက်ကျန်ကလေးကိုစုပ်ကာ ဘူးခွံလှလှလေးကို အမှိုက်ခြင်းထဲ သို့ ပစ်ထည့်လိုက်သည်။

နွယ်နီဝင်းသည် သမင်ပျိုမလေးကဲ့သို့ ခြေလှမ်းသွက်သွက်ကလေး လှမ်း၍ မှန်တင်ခုံရှေ့သို့ရောက်လာခဲ့သည်။ နောက်ဆုံးပေါ်ဒီဇိုင်းနှင့် ရှပ်အင်္ကျီဖွေးဖွေးလွလွကလေးကိုဝတ်လိုက်သည်။ ပြာလွင်လွင်စကပ် ကလေးကိုလည်း ကျကျနနဝတ်လိုက်သည်။ မှန်ရှေ့ ခေါင်းကလေးကို ခါလိုက်ရမ်းလိုက်နှင့် ဝေ့ဝဲကျလာသော ဆံပင်ဖြောင့်စင်းစင်းကလေးများ ကို သူသဘောကျနေသည်။ ယောက်ျားတို့ကိုဖမ်းစားနိုင်သော အလှ တစ်ခုဟု သူယုံကြည်ထား၏။ သူ့ဆံပင်အလှပြင်ဆိုင်မှာ ငွေသုံးသောင်း အကုန်အကျခံ၍ ပြုပြင်ထားရသော မြပိတုန်းကေမဟုတ်ပါလော။

နွယ်နီဝင်းသည် အကောင်းဆုံးမိတ်ကပ်နှင့် အကောင်းဆုံးရေမွှေး ကိုမှသုံးသည်။ ရွာကပါလာသော ရှင်မတောင်သနပ်ခါးကိုကား ညအိပ်ရာ ဝင်မှ လိမ်း၍အိပ်သည်။ မိတ်ကပ်လိမ်းအပြီးတွင် သူ့မျက်နှာလေးမှာ ဝင်းအိ၍သွား၏။ မျက်ခုံးမွှေးကလေးများကို သုံးရက်လခုံးမျက်စဟု ဆိုရ လောက်အောင် ကွေးညွတ်ညွတ်ကလေးဆွဲလိုက်သည်။ နှုတ်ခမ်းနှစ်လွှာ ကိုကား ပွင့်သစ်စနှင်းဆီပွင့်ကလေးလိုခြယ်လိုက်သည်။ ဝင်းလဲ့ဖြိုးဖြည် သော အသားအရေပြေပြစ်လှပသော ကိုယ်ဟန်ကလေးနှင့် နွယ်နီဝင်း သည် သူတို့အထဲမှာ အလှဆုံးဟု ပြောကြသည်။

တိုက်ခန်းထဲတွင် အဖော်များကျန်သေး၍ တံခါးအသာဖွင့်ကာ လှေခါးအတိုင်း ကျော့ကျော့ကလေးဆင်းလာခဲ့သည်။ အောက်မှာ တိုတယ်က ဖယ်ရီကားက အဆင်သင့်ရောက်နေသည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်းက မုတ်သုံမိုးကလေး ခပ်သည်းသည်းရွာထားသဖြင့် တစ်နေကုန် အေးနေသည်။ ရန်ကုန်မြို့တော်၏ ရာသီဥတုကား သာယာလှပါသည်။

ယနေ့ သောကြာနေ့၊ နွယ်နီဝင်းအနားယူရသောရက်။ တစ်ပတ်တာ အလုပ်ခွင်မှာပင်ပန်းခဲ့သမျှ လွတ်လွတ်လပ်လပ် စိတ်အေးလက်အေး အနားယူလိုက်ဦးမည်ဟု စိတ်ကူးထားသည်။ အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ်လှဲနေလိုက်သည်။ ပြတင်းပေါက်ကဝင်လာသော မိုးသက်လေအေးက သူမ၏လှပသောနဖူးပေါ်က ဆံစကလေးများကို ဆော့ကစားနေသည်။

မှေးခနဲပျော်စတွင် အခန်းရှေ့ ဝရံတာမှ ခေါင်းလောင်းကြိုးဆွဲသံကလေးကြားလိုက်ရသည်။ ထွက်ကြည့်လိုက်သောအခါ နိုင်မာလာစတိုးဆိုင်မှအဒေါ်ကြီးက ...

"နွယ်နီဝင်း တယ်လီဖုန်းလာနေတယ်"

"ဟုတ်ကဲ့ အန်တီ လာပြီ"

နွယ်နီဝင်းသည် လှေခါးအတိုင်း သွက်လက်ပေါ့ပါးစွာပြေးဆင်းခဲ့သည်။ လမ်းပေါ်အရောက်၌ သမင်မငယ်ကဲ့သို့ မျက်လုံးကလေးများဝင့်ကာ ဘေးဝဲယာသို့ လျှပ်ပြက်သလိုကြည့်လိုက်သည်။ ဘဲသုံးကောင်သည် သူ့ကို စူးစူးဝါးဝါးကြည့်နေကြ၏။ ကိုယ်ဟန်ကျော့ကျော့မော့မော့ကလေးနှင့် ခြေလှမ်းသွက်သွက်ကလေးဖြင့် နိုင်မာလာစတိုးဆိုင်ထဲသို့ ဝင်ခဲ့သည်။

"ဟဲလို ဟဲလို"

"ဟုတ်ပါတယ် နွယ်နီဝင်းပါ"

တော်ပါသေး၏။ မကြာခဏချိန်းတတ်သော အစ်ကိုကြီး၏ တယ်လီဖုန်းမဟုတ်၊ သူ့တယ်လီဖုန်းဆိုလျှင် ဒီကနေ့မအားဘူး။ အပြင်သွားစရာရှိတယ်ဟု ပြောလိုက်မည်စိတ်ကူးထားသည်။ ရွာကညီမဆက်လိုက်သော တယ်လီဖုန်းဖြစ်၍ နွယ်နီဝင်းစိတ်အေးသွားသည်။ သူ့မျက်နှာကလေးမှာ ဝင်းပကြည်လင်၍သွားသည်။



"အေးအေး ငါလည်း ညီးတို့ဖုန်းမျှော်နေတာ နေကောင်းကြရဲ့လား"

နွယ်နီဝင်းသည် တစ်ဖက်ကဆက်သော တယ်လီဖုန်းသံကို အာရုံစိုက်၍ နားထောင်နေ၏။ သူ့မျက်ခုံးကလေးများသည် တွန့်နေသည်။ သူ့မျက်နှာမှာ စိတ်မချမ်းမြေ့သော အရိပ်အယောင်များတွေ့နေရသည်။

"အဖေ့ရောဂါ မသက်သာဘူးပေါ့၊ တီဘီဆိုတော့လည်း ရုတ်တရက် လွယ်လွယ်နဲ့တော့ မပျောက်ဘူးပေါ့၊ ဆေးဝါးတော့ အပြည့်အစုံ ဝယ်ပေးနော်၊ အစားအသောက်လည်း မပျက်စေနဲ့၊ အာဟာရဖြစ်အောင်ကျွေး၊ ငါပို့လိုက်တဲ့အားဆေးတွေနဲ့ ဟောလစ်ပုလင်း ရတယ်မဟုတ်လား၊ တစ်ပတ်တစ်ခါတော့ ဆရာဝန်သွားပြပါအေ"

နွယ်နီဝင်းသည် သူ့အဖေအတွက် အလွန်စိတ်ပူသွားပုံရ၏။ တယ်လီဖုန်းခွက်ကိုကိုင်ရင်း ငိုင်သွားသည်။

"မောင်ကြီးကတော့ အခြေအနေဘယ်လိုတုန်း"

တစ်ဖက်ကပြောသမျှကို အာရုံစိုက်နားထောင်နေသည်။ သူ့မျက်နှာကတော့မကောင်း၊ ဒေါသထွက်ဟန်ရှိသည်။

"ငါတော့စိတ်ညစ်လှပြီအေ၊ ကိုယ့်အထက်အကြီးဆိုတော့ ပြောလို့လည်းမကောင်းဘူး၊ သူကသိတတ်ပါမှပေါ့၊ အမေလည်း သူ့အတွက်နဲ့ မျက်ရည်နှင့်မျက်ခွက်မပြတ်ရဘူးမဟုတ်လား။ အလုပ်လဲ ကောင်းကောင်းမလုပ်ချင်၊ ရွာမှာတေလေလုပ်၊ အရက်သောက်၊ ဖဲရိုက်၊ နှစ်လုံးထိုး၊ ချဲထိုးနဲ့ တို့မိသားစုမွဲနေတာကို သူမစဉ်းစားဘူး။ ငွေပို့လို့လည်း လောက်တယ်မရှိဘူး။ အငယ်တွေကတော့ ကျောင်းမှန်မှန်လိုက်ကြရဲ့လား"

တစ်ဖက်ကပြန်ပြောသမျှကို နွယ်နီဝင်းသည် ခေါင်းကလေးငုံ့ကာ အာရုံစိုက်၍နားထောင်နေသည်။ သူ့မျက်နှာမှာ အနည်းငယ်ငေးလန်းလာ၏။ စိတ်သက်သာရာရသွားသည့်သဘောပင်ဖြစ်သည်။

www.burmeseclassic.com



“ထင်ကျော်ကတော့ တို့မိသားစုအပေါ် နားလည်ပါတယ်အေး၊ သူကတော့ အကောင်းဆုံးသူငယ်ချင်းပါ။ သူက အဖေကို တစ်ပတ် တစ်ခါ ဆရာဝန်ဆီလိုက်ပို့တယ်ဆိုတော့ ကျေးဇူးတင်ပါတယ်။ အငယ်တွေကိုလည်း သူ့အပ်ထားလိုက်၊ သူကပညာရေးဝါသနာ ပါတယ်”

ဖုန်းဆက်သည်မှာ အတော်လေးကြာသွားသည်။

“အေးလေ တခြားပြောစရာမရှိတော့ဘူး၊ ငါလဲကြိုးစားပြီးငွေရှာပို့ ပါ့မယ်အေး၊ ငါ့ညီမလည်း မိသားစုကို ဂရုစိုက်ထိန်းသိမ်းပေးပါ၊ ငါ့ရွာတို့လွမ်းပါတယ်”

တယ်လီဖုန်းကိုချလိုက်၏။ နွယ်နီဝင်း၏ခေါင်းထဲမှာ အဖေရယ်၊ အမေရယ်၊ ရွာရယ်၊ ထင်ကျော်ရယ်က ဝင်လာသည်။

ကောင်းကင်ပြာဝယ် မိုးသားတိမ်တိုက်ကလေးတွေ ဝိုင်းလာတတ်သည်။ ဘယ်ဝေ့၊ ညာကူးနှင့် တန်ခူးလေကသွေးနေသည်။ ခါတော်မီ ပွင့်လာကြသော တမာပန်းတို့၏ ရနံ့က သင်းချိုပျံ့မွှေးနေသည်။ ဥဩ ငှက်ကလည်း ချိုလွင်နေဆဲပင်။

သပြေညိုရွာကလေး၏တစ်နေရာက တမာပင်ကြီးအောက်က ကွပ်ပြစ်သာတွင် ကျောင်းနေဘက်သူငယ်ချင်းများဖြစ်ကြသည့် ထင်ကျော်၊ စောနွယ်။

“စာမေးပွဲအောင်စာရင်းတွေထွက်တော့ တို့ရွာကျောင်းရှစ်တန်းက တစ်ဆယ့်နှစ်ယောက်စလုံးအောင်တယ်ဆိုတော့ ငါဖြင့်ဝမ်းသာ လိုက်တာ စောနွယ်ရယ်”

“အေးပေါ့ဟယ်”

“ဒါပေမဲ့ နင်မြို့ကျောင်းကိုမတက်နိုင်ဘူးဆိုတော့ ငါဝမ်းနည်းလို့ မဆုံးဘူး”



“ဒါပေါ့ထင်ကျော်ရယ်၊ ကိုယ့်ဘဝအကြောင်းကံနဲ့ကိုယ်ပေါ့”

နှစ်ယောက်သား အတွေးကိုယ်စီနှင့် ငြိမ်နေကြသည်။ ရွက်သစ်တွေ ဝေနေသောတမာပင်ကြီးမှ ရွက်ခတ်သံကလေးများကြားနေရသည်။ တမာ ပန်းကလေးများမှာမူ ချိုပျံ့ပျံ့ကလေးမွှေးနေကြသည်။

“ထင်ကျော်ရယ်၊ နင်ပဲစဉ်းစားကြည့်လေ၊ အဖေကလည်းအကြွတ၊ အမေကလည်း ခေါင်းရွက်ဗျပ်ထိုးဈေးသည်၊ အစ်ကိုဖြစ်သူကလည်း သောက်သောက်စားစားနဲ့ မလိမ္မာ၊ ငါ့အောက်မှာလည်း ညီမငယ်၊ မောင်ငယ်ကလေးတွေနဲ့ ငါမြို့တက်ကျောင်းနေလို့ဖြစ်မလား၊ ငါအလုပ်တစ်ခုခုလုပ်ရတော့မှာပေါ့”

“ဟုတ်ပါရဲ့စောနွယ်ရယ် တို့အခင်မင်ဆုံးသူငယ်ချင်းတွေတောင် တောင်မင်း မြောက်မင်းမကယ်နိုင်သလိုဖြစ်နေပြီ၊ ငါလည်း ကျောင်း ဆက်တက်ဖို့ အခက်အခဲရှိနေပါတယ်ဟာ၊ ငါ့အိမ်အခြေအနေလည်း နင်သိတဲ့အတိုင်းပဲ၊ အဖေနဲ့အမေကလည်း အသက်ကြီးကြပြီ၊ ကိုယ့်ရွာကိုယ် တောင်သူလုပ်တာပဲ ကောင်းမလားလို့ စိတ်ကူးနေ တယ်”

စောနွယ်သည် ငုံ့ထားသောခေါင်းကလေးကို ဆတ်ခနဲမော့လိုက် ၏၊ ထင်ကျော်ဘက်သို့လှည့်ကာ ...

“နင်ကတော့ကျောင်းဆက်တက်မှဖြစ်မှာပေါ့၊ နင်ကယောကျ်ားလေး လေ၊ ပညာတတ်တစ်ယောက်ဖြစ်ပြီး၊ နိုင်ငံတော်တာဝန်ကို ထမ်းဖို့ လိုဦးမှာပေါ့”

ထင်ကျော်သည် စောနွယ်ကို ငေးမော၍ကြည့်နေမိ၏။ သူမထံမှ ထိုစကားသံမျိုးတွေထွက်လာမည်မထင်ခဲ့၊ သူမစကားများကြောင့် ထင်ကျော်အားရှိသလိုလိုဖြစ်လာ၏။

“ငါတို့မှာလည်း ပိုက်ဆံရှိတာမဟုတ်ဘူးဟာ၊ အဖေတို့အမေတို့မှာ လည်း မြေကခပ်ကျဉ်းကျဉ်း၊ တစ်နှစ်လုပ်မှ တစ်နှစ်စာအနိုင်နိုင်ရယ်”

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးတွေက မိန်းကလေးတွေထက် ဘဝမှာရုန်းရကန်ရတာ လွယ်ပါတယ်ဟာ ယောက်ျားပဲ အားမလျှော့ပါနဲ့"

"ငါလည်း အမျိုးမျိုးစိတ်ကူးကြည့်နေတာပဲဟ"

စောနွယ်သည် မျက်ခုံးကလေးကိုတွန့်ကာ အတန်ငယ်စဉ်းစားပြီးမှ ...

"ဒီလိုလုပ်ပါလားထင်ကျော်ရယ်၊ ငါအကြံပေးမယ်၊ မြို့မှာတို့ရွာက ဆရာတော်ဦးပညာကျောင်းရှိသားပဲ၊ အဲဒီသွားနေ၊ အစားအသောက်ဆိုတာ မခဲယဉ်းပါဘူး၊ နင့်ဉာဏ်မျိုးနဲ့ တစ်နှစ်တစ်တန်းအောင်မှာပါ"

စောနွယ်၏စကားများကြောင့် ထင်ကျော်မှာ မျှော်လင့်ချက်အလင်းတန်းကလေး မြင်လိုက်ရသည်။

"နင်ဟာ သိပ်အကြံဉာဏ်ကောင်းတဲ့ကောင်မလေးပဲ၊ ငါဒီအတိုင်းလုပ်မယ်၊ ဆယ်တန်းအောင်အောင်ကြိုးစားမယ်၊ ဆယ်တန်းအောင်ပြီးရင် ငါကျောင်းဆရာလုပ်မှာ၊ ငါရွာပြန်ပြီး ကျောင်းဆရာလုပ်မှာ၊ သိလားစောနွယ်"

စောနွယ်ကပြုံးနေသည်။

မနီးမဝေး ဖောင်းဂျမ်းပင်ပေါ်မှ စာကလေးများက ရယ်နေကြသည်။



"ကြာဖြူကြာနီ၊ ကြာညိုနောလို့
တို့လယ်တောမှာပွင့်ကြတယ်
ကောက်စိုက်အပြန် ရေကန်ကြီးက
ကြာတစ်စည်းလောက်ချိုးခဲ့ကွယ်
ကြာဖူးကြာငုံ ထုံထုံမွှေးတော့
မလေးဘယ်သို့ သုံးပါ့မယ်
ကြာရိုးကြာနွယ် ဘယ်ညာဆစ်လို့
ရွှေကြာဆစ်ကြိုးဆွဲပါ့မယ် ဆွဲပါ့မယ်"

ကောက်စိုက်အပြန်တွင် စောနွယ်သည် ရွာမြောက်ဘက်ရေကန်ကြီးမှ ကြာပန်းတစ်စည်းချိုးခဲ့၏။ အိမ်ပြန်အရောက်တွင် သူ့အမေရှေ့၌ ယိမ်းစဉ်ကဖတ်စာအုပ်ထဲတွင်ပါသော ကဗျာကလေးကိုသီဆိုကာ ခါးကလေးစောင်းလျက် လက်ကလေးတွေညွှတ်လျက် မလှုပ်တလှုပ်ကပြရင်း အမေကိုကြည့်ဆယ်နေသည်။

အချိန်မှာ ညနေဆီ၊ နေခြည်ဖျိုးဖျ

အိမ်ဝင်းအတွင်းသို့ ထင်ကျော်ခြေလှမ်းကျဲ့ကျဲ့ကလေးနှင့် ဝင်လာသည်ကိုမြင်လိုက်မှ ဟန်မပျက်ရပ်လိုက်သည်။

"ကပါကပါမမရာ ညညလသာသာ" ဟု ထင်ကျော်က အော်လိုက်သည်။

"ဟုတ်ပါ့ကွယ်၊ စျေးရောင်းရာက မောမောနဲ့ပြန်အလာ သူက ကပြနေလို့ မကြည့်ချင်ဘဲ ကြည့်နေရသေး"

ဟု သူ့အမေ ဒေါ်အေးက ထောက်လိုက်သည်။

"အရီးသမီးက အကကောင်း၊ အဆိုကောင်းပျ၊ ကျောင်းပညာရေး စုံညီပွဲတုန်းက ဆရာလေးရဲ့ ပတ္တလားလက်သံနဲ့ အောင်မလာ သီချင်းကိုဆိုတုန်းကမှ သူ့အသံတကယ်ကောင်းမှန်း ကျွန်တော်သိတာ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်းမြှောက်မနေပါနဲ့၊ မြို့ကတက္ကသိုလ်ဝင်ကျောင်းသားကြီးရယ်၊ မြို့သူတွေလောက်တော့ အဆိုမကောင်းပါဘူး"

စောနွယ်က ငေါ့တော့တော့ပြောလိုက်သောအခါ ထင်ကျော်သည် တဟဲဟဲရယ်နေ၏။

"အခု ငါလာတာကလည်း နင့်အတွက် အကြံကောင်းဉာဏ်ကောင်း အလုပ်ကောင်းပေးချင်လို့လာခဲ့တာဗျ"

စောနွယ်သည် သူ့အမေဘေးနားသို့ ကျုံ့ကျုံ့ကလေးဝင်ထိုင်လိုက်ရင်း ...

"ပြောပါဦးရှင် ဘာများလဲလို့"

"ဒီလိုဟ ငါမြို့မှာကျောင်းတက်နေတော့ ဆိုင်းဆရာစိန်ဒေါင်းညိုနဲ့ အတော်ရင်းနှီးသွားတယ်၊ တစ်နေ့တော့ သူကငါ့ကိုပြောတယ်၊ သူ့ဆိုင်းထဲမှာ အဆိုတော်မိန်းကလေးမရှိတော့လို့ မင့်သူငယ်ချင်း အပေါင်းအသင်းတွေထဲမှာ ရုပ်ကလေးသနားကမားရှိပြီး အဆိုအပြောရတဲ့ မိန်းကလေးတစ်ယောက် ရှာပေးစမ်းပါတဲ့၊ ဒီတော့ ငါက နင့်ကိုပြေးသတိရလိုက်တယ်၊ နင်ကအဆိုကောင်း၊ အပြောကောင်း၊ ရုပ်ချော၊ သဘောကောင်းမဟုတ်လား"

စောနွယ်က ခစ်ခနဲရယ်လိုက်သည်။

"အင်း အမြှောက်အပင့်ကလည်း အကောင်းသား၊ ဆက်ပြောပါဦး"

ထင်ကျော်သည် အရီးအေး လာချပေးသော လက်ဖက်ရည်ကရားမှ လက်ဖက်ရည်ကြမ်းတစ်ခွက်ငှဲ့ကာ မော့ချလိုက်သည်။ ပြီးမှ အေးအေးဆေးဆေးပြောပြသည်။

"ဒီလိုလေ ဆိုင်းအဆိုတော်ပေါ့ဟာ၊ သီချင်းကြီး၊ သီချင်းခန့် ကာလပေါ်သီချင်းတွေဆိုရမယ်၊ သီချင်းနဲ့ပတ်သက်ပြီး စကားဖန် ကလေးတွေ နည်းနည်းတော့ ပြောပေးရမှာပေါ့"

"ဖြစ်မှာမဟုတ်ပါဘူးထင်ကျော်ရယ်"



"ဘာလို့မဖြစ်ရမှာလဲဟ၊ နင်လည်း ခေတ်ပညာတတ်မိန်းကလေး တစ်ယောက်ပဲ၊ တကယ်ကြိုးစားရင် တကယ်ဖြစ်ရမှာပေါ့"

"အဖေနဲ့အမေတို့က သဘောတူမှာမဟုတ်ဘူး"

"ဘာလို့သဘောမတူရမှာလည်း ဦးလေးကို ငါပြောပေးမယ်၊ အရီးအေးကတော့ သဘောကျတယ်မဟုတ်လား"

"သူ့သဘောပါတော်"

အရီးအေး၏လေသံကြောင့် ထင်ကျော်အားတက်သွားသည်။

"ဒီလို စောနွယ်ရဲ့၊ အလှူပွဲတစ်ပွဲဆိုရင် အဆိုတော်ကြေးငါးထောင်ရမယ်၊ စားစရိတ်နဲ့ ခရီးစရိတ်အငြိမ်းပေါ့၊ ဝေးဝေးလံလံမသွားရပါဘူး၊ တို့မြို့နယ်အတွင်းလှည့်ပြီးနေတဲ့ဆိုင်းပါ၊ ဒီနယ်မှာတော့ နာမည်ကြီးပါတယ်၊ သီချင်းအဆိုကို သူတို့ကတိုက်ပေးမှာပါ"

နှစ်ယောက်သား ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေကြသည်၊ အတန်ကြာမှ ထင်ကျော်က ...

"ဒီလိုလေ ငါ့စိတ်ကူးကတော့ နင်မိုးရာသီကောက်စိုက်၊ ပျိုးနုတ်အလုပ်လုပ်ပေါ့။ ဆောင်းတွင်းအလှူတွေပေါတဲ့ရာသီမှာ အဆိုတော်လုပ်၊ နယ်တကာ၊ ရွာတကာလှည့်၊ ဗဟုသုတလည်း ရသေး၊ ကုသိုလ်လည်းရ ဝမ်းလည်းဝ ပေါ့ဟာ၊ စိတ်ကူးမလွဲပါနဲ့၊ နင့်တာဝန်နှင့် မိသားစုဝင်ငွေကလေးလှအောင် ငါစဉ်းစားပေးတာပါ"

စောနွယ်သည် ဘာမှပြန်မပြော၊ စိတ်အားထက်သန်စွာပြောဟောနေသော ထင်ကျော်ကိုသာ ငေးကြည့်နေရှာသည်။

"ငါကတော့ အာမခံခဲ့ပြီဗျို့၊ အာမခံခဲ့ရုံတင်မကဘူး၊ အနုပညာမှာ နင်တော်ကြောင်း၊ နင်တတ်ကြောင်း၊ နင်လိမ္မာကြောင်း၊ မိဘကို လုပ်ကျွေးနေသူဖြစ်ကြောင်း၊ နင်ချောကြောင်း၊ လှကြောင်းတွေပါ ငါခပ်ကြွားကြွားကလေးပြောထားခဲ့ပြီ"

"ထင်ကျော်ကတော့ ဖွတ်ရောအတင်းရောလုပ်ပြီ၊ ငါတစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရက်လောက်တော့ စဉ်းစားပါရစေဦး''

''စဉ်းစားပါဗျာ၊ ကောင်းပါတယ်၊ ငါကတော့ တိုက်တွန်းပါတယ်၊ ရှာစားက ကလေးမနာမည်က မစောနွယ်ဆိုတော့ ရိုးလွန်းတယ် နော်လို့ပြောတာနဲ့၊ ငါကမဟုတ်ဘူး၊ သူ့မှာ အနုပညာနာမည်ရှိပါ တယ်၊ သူ့နာမည်က နွယ်နီဝင်းတဲ့လို့ ငါကင်ပွန်းတပ်ပေးခဲ့ပြီ၊ နွယ်နီဝင်းဆိုတာ ကိုးနဝင်းကြေတဲ့နာမည်၊ နင်အောင်မြင်ကျော်ကြား ဦးမှာပါဟာ''

နွယ်နီဝင်းက ငွေဆည်းလည်းသံကလေးလို ရယ်နေသည်။

နွယ်နီဝင်းသည် ညှော်ခန်းရှိ ဆက်တီပေါ်တွင် အေးအေးဆေးဆေး တစ်ယောက်တည်းထိုင်နေသည်။ တိုက်ခန်းရှေ့ပရံတာဘက်ဆီမှ တိုက် ခတ်လာသော ဆောင်းလေနုအေးက လိုက်ကာစကလေးများကို ထိကပါး ရိကပါးလှုပ်ရှားဆော့ကစားနေသည်။

အနွေးထည်လှလှလေးကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားသော အခန်းဖော် မြသီတာသည် သူ့အနားမှာလာထိုင်သည်။

''မင်းနေမကောင်းဘူးလား''

''မနေ့ညက ရေချိုးနောက်ကျသွားလို့ အအေးပတ်ပြီး ဖျားချင်သလိုလို ရှိနေတယ်''

''ကျန်းမာရေးကို ဂရုစိုက်ဦးနော်''

''ဂရုစိုက်ပါတယ်၊ ဆေးခန်းကိုလည်းသွားပါတယ်''

''တို့က မိဝေးဖဝေးနေကြရတာနော်၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မှ တော်ကာကျမယ်''

''အေးပါကွာ၊ ဆေးခန်းကို မကြာခဏရောက်ပါတယ်၊ ဒေါက်တာ ကတောင် နွယ်နီကိုမေးလိုက်သေးတယ်၊ မပေါ်လာတာကြာပြီတဲ့''



''ကိုယ်လည်း ကျန်းမာရေးကောင်းနေတော့ မရောက်မိပြန်ဘူး''

မြသီတာသည် ဆက်တီစားပွဲပေါ်မှ မဂ္ဂဇင်းတစ်အုပ်ကိုလှမ်းယူ၍ ဆက်တီနောက်ကိုမှီကာ၊ ဟိုလှန်ဒီလှန်နှင့် ခပ်ပေါ့ပေါ့လေးဖတ်နေသည်။ ခဏအကြာတွင် ...

''နွယ်နီရေ ဒီမှာကြည့်စမ်း၊ ဒီမော်ဒယ်ဂဲဝတ်ထားတဲ့ပုံစံလေးနဲ့ အဆင်အသွေးကလေးကြည့်စမ်း၊ သိပ်လှတယ်နော်''

''ဟုတ်တယ် သူ့ရုပ်ကလေးနဲ့ သူ့အရပ်အမောင်းကလေးနဲ့လိုက်တယ်''

''ဒါမျိုးလေးချုပ်ကြရအောင်လေ''

''နောက်လကျတော့ ချုပ်တာပေါ့ကွာ၊ ဒီလတော့ အကုန်အကျများ နေတယ်''

''စန္ဒာခင်ကတော့ ဒီလကံကောင်းတယ်၊ နိုင်ငံခြားပြန်အစ်ကိုကြီး တစ်ယောက်က ဝတ်စုံနဲ့ အလှပြင်ပစ္စည်းတွေလာပို့သွားတယ်''

''ပျော်စရာကြီးပေါ့ကွာ''

''ဒါထက် စန္ဒာခင်က ဒီအလုပ်ကထွက်ပြီး ကုမ္ပဏီတစ်ခုမှာ အရောင်းတာဝန်ခံလုပ်တော့မယ်ဆိုပဲ''

''ဒါတော့ သူ့ဘဝသူ့သဘောပေါ့''

''နီလာကျော်တစ်ယောက်လည်း ခုတလောအတော်ခြေသွက် နေပါလား၊ ဟိုဘော့တစ်ယောက်နဲ့ အတွဲများနေတယ်၊ လက်ထပ် ကြမယ်လိုလို ပြောနေကြတာပဲ၊ သူ့အတွက် လက်ကိုင်ဖုန်းတစ်ခု ဝယ်ပေးထားတယ်''

''အတည်အတံ့ဆိုရင်တော့ ကောင်းတာပေါ့မြသီတာရယ်၊ တို့လောကမှာ ယောက်ျားတွေပေါပါတယ်၊ လင်ကောင်းရှားတယ်''

ပြောပြောဆိုဆို နွယ်နီဝင်းက ကော်ဖီမစ်ပူပူလေးနှစ်ခွက် သွားဖျော် ခဲ့၍ နှစ်ယောက်အတူစကားတပြောပြောနှင့် သောက်ကြသည်။ ခဏ ကြာတွင် နွယ်နီဝင်းက စီးကရက်တစ်လိပ်ကိုမီးညှိ၍ဖွာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးတန်း တွန့်လိမ်လိမ်ကလေးများက သူတို့အနားမှာဝဲနေသည်။

"ဒါထက် နွယ်နီကို တစ်ခုမေးရဦးမယ်၊ စိတ်မဆိုးနဲ့နော်၊ မင်းနဲ့ ကိုယ်နဲ့က အချစ်ဆုံးသူငယ်ချင်းတွေပါ"

"စိတ်မဆိုးပါဘူး မေးပါ"

"သူငယ်ချင်းတွေနဲ့ အလုပ်သမားတွေကပြောကြတာနော်၊ နွယ်နီဝင်းက ဟိုတယ်ပိုင်ရှင်ရဲ့သား သူဌေးနဲ့ ဖြစ်နေတာဆို၊ လက်မှတ်ထိုးပြီး ကြပြီလို့တောင်ကြားတယ်"

နွယ်နီဝင်းသည် စီးကရက်မီးခိုးတန်းကလေးမှုတ်ထုတ်လိုက်ပြီး အသံလေးထွက်အောင် ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။

"ငါလို ဟိုတယ်ဝန်ထမ်းတစ်ယောက်ကို လက်ထပ်ပါ့မလား။ မတွက်ခင်က အဖြေထွက်တဲ့ သင်္ချာတစ်ပုဒ်ပါမြသီတာရယ်၊ ငါ့ချစ်သူ ငါနဲ့ လက်ထပ်မဲ့သူက ရွာမှာရှိတယ်၊ ကျောင်းဆရာလေးတစ်ဦးပါ"

ထိုစဉ် ဘဲလ်တီးသံကြားလိုက်ရသည်။ မြသီတာက မှန်ပေါက်မှ ကြည့်ကာ တံခါးကို ဖွင့်ပေးလိုက်သည်။ ချိုချိုသင်း လုပ်ငန်းခွင်မှ ပြန်လာပါသည်။ ချိုချိုသင်းက သူတို့အထဲမှာ အသက်အကြီးဆုံး။ သူတို့ခေါင်းဆောင်ထားကြ၏။ သူတို့ငှားနေသောတိုက်ခန်းအတွက် ရပ်ရေး၊ ရွာရေး၊ လမ်းအရေးတွေ ချိုချိုသင်းက ကြည့်ဆောင်ရွက်နေရသည်၊ ရပ်ကွက်လူကြီးတွေနှင့်အဆင်ပြေအောင် သူပဲဆောင်ရွက်ရသည်။

ချိုချိုသင်းက ရေခဲသေတ္တာအတွင်းမှ ရေအေးအေးတစ်ခွက်ကို မော့ချလိုက်ပြီးမှ"မချောတို့ရေ မနက်ဖြန် အခန်းပိုင်ရှင် ဒေါ်အာကျယ်လာမယ်နော်၊ အခန်းခပေးရတော့မယ်၊ အဆင်သင့်လုပ်ထားကြ"

"ကောင်းပါပြီ အစ်မကြီးရှင်"

နွယ်နီဝင်းနှင့် မြသီတာတို့က နောက်ဆပ်ဆပ်ကလေးပြောလိုက်ကြသည်။ သူတို့သုံးယောက်စလုံး ပျော်ရွှင်စွာရယ်လိုက်ကြ၏။

ဩော် မပြည့်မစုံ တောပန်းကလေးတို့၏ အလှဘုံပါတကား။



စတီရီယိုတေးပဲဆိုရဆိုရ၊ ပေါ့တွေဟစ်တွေပဲ ဆိုရဆိုရ၊ နွယ်နီဝင်း အဖို့ မကြောက်တော့ပါ။ အဆိုသက်ကလည်းရလာပြီ၊ မြို့ရည်လည်း ဝလာပြီ၊ မြို့ပြမှာ ပျံလွှားမလေးလို ပျံတက်ပါပြီ။

သို့သော် ရင်ထဲနှလုံးထဲတွင် စွဲနေသော အညာဓလေ့၊ ရွာဓလေ့၊ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ကလေးကမူ မပျက်ပြယ်ပါသေး။ လပြည့်နေ့များဆိုလျှင် ဘုရားသို့သွား၍ ဆီမီးပန်းမန်ပူဇော်ချင်သည်။ ရွှေတိဂုံဘုရားသို့ လပြည့်နေ့ညတိုင်း နွယ်နီဝင်းအရောက်သွားလေ့ရှိသည်။ ဘုရား ဖူးမြော်ပြီးလျှင် လပြည့်ဝန်းကိုကြည့်၍ အဖေတို့အမေတို့ဆီကို မေတ္တာ ပို့ပါသည်။ အမျှဝေပါသည်။

"အဖေနဲ့အမေ ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေ။ ချမ်းသာပါစေ၊ လိုအင်ဆန္ဒများ ပြည့်ဝပါစေ" ဟု ဆုတောင်းရသည်။ နောက်တော့ အစ်ကိုကြီးနှင့် ညီမလေးများ၊ မောင်လေးများအတွက် ဆုတောင်းရ သည်။ နောက်ဆက်တွဲပါလာသူကတော့ ထင်ကျော်။

ထင်ကျော်အတွက် မေတ္တာပို့ရုံ၊ ဆုတောင်းပေးရုံသာမက အခြား အမှတ်ထင်ထင်သတိရစရာလေးတွေရှိသေးသည်။

တစ်ခုသောလပြည့်ည မှတ်မှတ်ရရ၊ ထင်ကျော်ဆယ်တန်းအောင်သောရက်၊ ရွာမှာ အလှူပွဲ၊ ဆိုင်းပွဲရှိသည်။ နွယ်နီဝင်းက ကွမ်းတောင်ကိုင်၊ ထင်ကျော်က မောင်ရှင်လောင်းနောက်က သျှိုးလိုက်အဖွဲ့ခေါင်းဆောင်။

ညကလည်းညှ၊ လကလည်းသာသည်။ ဆိုင်းပွဲမစခင် ထင်ကျော်၊ နွယ်နီဝင်းအိမ်သို့ရောက်လာသည်၊ ပြင်ဆင်ဝတ်စားထားသော နွယ်နီဝင်း၏အလှကို သူငေးကြည့်နေသည်။ သူ့မျက်လုံးများက စကားပြောနေသည်ဆိုသည်ကို နွယ်နီဝင်းသတိထားလိုက်မိ၏။

"ထင်ကျော် နင်ဆယ်တန်းအောင်တဲ့အတွက် ဂုဏ်ပြုတဲ့အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝါသီချင်းကောင်းကောင်းလေးတွေဆိုပေးမယ်''

ထင်ကျော်အတော်ဝမ်းသာသွားရှာသည်။ ညဆိုင်းပွဲမှာတော့ နွယ်နီဝင်း အကောင်းဆုံး၊ အလှဆုံး၊ သာယာဆုံးဆိုခဲ့သည်။

ပဏာမရောင်ခြည်တော်ဖွင့်

နောက်တော့ ချစ်သမျှကိုပတ်ပျိုး

လုပသောညခင်းတွင် ချစ်စရာကောင်းသော နွယ်နီဝင်း၏အသံကြောင့် မဏ္ဍပ်အတွင်းက ပရိသတ်များအားလုံးငေး၍နေကြသည်။ ကာလသားကလေးအချို့၏ လက်ခေါက်မှုတ်၊ ဩဘာပေးသံမှအပ ဘာသံမျှ မကြားရ။ သူတို့အညာဒေသ ကျေးလက်မှာ သီချင်းအဆိုပြီးလျှင် လက်ခုပ် တီးလေ့မရှိ။ ကြိုက်လျှင်ငြိမ်၍ နားထောင်နေတတ်ကြသည်။

ညဥ့်အတော်လေးနက်လာတော့ ချိုလွင်သော နွယ်နီဝင်းအသံက

''နှစ်ယောက်ထဲဆိုရင် ... စကားလက်ဆုံပင် ... ပြောရုံနဲ့ပင် ... အရသာထူး ... ရှူးတယ်လို့ဆိုချင်ဆို ... ကျိုန်စေချင်ကျိုန်ပါ့မယ် နတ်စည်းစိမ်ဆယ်သက် ... တကယ်မမက်ပါတယ် ... စမ်းချင်တယ်ဆိုရင် ကမ္ဘာ့အပြင်ထွက်လို့ .. နှစ်ယောက်သား ... ဘောက်ခါးစို့လားမောင်ရယ် ... လောကကြီးကို ... မေ့ပြီးပစ်နိုင်တယ် ... အရင်က ... ရှင်တို့ကျွန်မတို့ အဖေနဲ့အမေတွေ ဘိုးအေတွေ ဘွားအေတွေ ... နှစ်ယောက်ထဲတွေ့ကြတဲ့အခါမယ် ... အာကာလွှာပုံပြုလို့ ... မေရုကလောင်သဖွယ် ... သမုဒ်မင်ရေချယ် ချစ်တာတွေ ... တွင်တွင်ပြောလို့ ... မမောနိုင်ဘူးတဲ့ မောင်ရယ် သူ့ခေတ်နဲ့တော့ သူတွင်ကျယ်မယ် ... သူတို့ကိုလည်း ပြိုင်ဖို့မလိုဘူးထင်တယ် နှလုံးသွေးအစစ်နဲ့ ... ချစ်တာတွေကိုမောင်ရယ် ရှင်နဲ့ နှစ်ယောက်ထဲကျမှ ... ရေးပြချင်ပါတယ်''

အဆိုကလည်း အဆို၊ ဆိုင်းကလည်း ဆိုင်း၊ အသိုင်းအဝိုင်းညီပါပေ့။ အဆိုတစ်လုည့် အတီးတစ်လှည့်ဖြင့် ငြိမ့်ညောင်းသာယာလှသည်။



ပရိသတ်မှာ အပ်ကျသံကြားလောက်အောင်ငေးနေကြသည်။ ဂီတသံစဉ်ကြောမှာ မျောနေကြသည်။

''နှစ်ယောက်ထဲဆိုရင်မောင်ရယ် ... ဝေရက်တောင်ထိပ် နေချင်ရင် အခုသွား ... ရေရှားတဲ့ ... သဲကန္တာရဆာဟာရ မရှောင်တယ် နေမမြင် ရေပြင်ခဲ ... မြောက်ဝင်ရိုးစွန်းကိုပဲ ခေါ်ခေါ် ပျော်ပါမယ် ... သဲသဲမဲမဲဖွဲ့နဲ့ နှစ်ယောက်ထဲနေချင်တယ်''

သီချင်းသံအဆုံး၌ တစ်ရွာလုံး တိတ်ဆိတ်သွားသည်။ အိမ်တွေတဲတွေထဲက အဘိုး၊ အဘွားတို့ပင် နားထောင်နေကြလေမည်လားမသိ။ သန်းခေါင်ကြက်တွန်သံများမှတစ်ပါး ဘာသံမျှမကြားရ။

မဏ္ဍပ်အပြင်ဘက် ထောင့်တစ်နေရာ၊ လရောင်ရိပ်ကနားထောင်နေသော ထင်ကျော်၏ရင်ထဲတွင် ဘဝအတွေးပီတိတွေနဲ့ အချစ်လှိုင်းကလေးတွေ အိ၍နေလိမ့်မည်။

ရွာမှ တယ်လီဖုန်းမလာသည်မှာကြာပြီ။ တယ်လီဖုန်းလာလျှင် ဝမ်းသာ၏။ ရွာကို တစ်ခေါက်ပြန်ရောက်ရသလို ဘဝင်ကျသွားတတ်သည်။

နွယ်နီဝင်းသည် တယ်လီဖုန်းဆိုင်ထဲသို့ အပြေးလေးဝင်လာခဲ့သည်။ သေးမှာချထားသော စကားပြောခွက်ကလေးကိုကောက်ကိုင်လိုက်သည်။

''ဟဲလို ဟဲလို နွယ်နီပါ ... ညီမလေးလား ပြောပြော''

တယ်လီဖုန်းတစ်ဖက်က သူတို့မိသားစုအကြောင်းပြောနေဟန်ရှိသည်။ နွယ်နီဝင်း၏မျက်နှာမှာ ကြည်လင်နေ၏။

''အဖေရောအမေရော နေကောင်းကြတယ်ဆိုလို့ ဝမ်းသာတယ်၊ အစ်ကိုကြီးကလည်း အရက်တွေသိပ်မသောက်တော့ဘူးဆိုတော့ ကောင်းတာပေါ့၊ အငယ်တွေရဲ့ ပညာရေးကို ဂရုစိုက်နော်၊ ငါငွေမှန်မှန်ပို့ပေးမယ်၊ ဆရာကိုထင်ကျော်က ကလေးတွေပညာရေး

www.burmeseclassic.com



ဂရုစိုက်တယ်မဟုတ်လား၊ သူ့ရွာမှာ ကျောင်းဆရာဖြစ်တယ်ဆိုကတည်းက ငါဝမ်းသာနေတာ၊ ရွာအတွက်ရော တို့မိသားစုအတွက် ကောင်းတာပေါ့အေ၊ ဆရာကိုထင်ကျော်ကိုပြောလိုက်၊ ငါ့ဆီကိုဖုန်းဆက်ဦးလို့၊ ငါသတိရနေပါတယ်လို့ပြောလိုက်''

တစ်ဖက်က တယ်လီဖုန်းပြောသံမှာ တိုး၍သွားသည်၊ လေး၍သွားသည်ဟုထင်ရ၏။ နွယ်နီဝင်းက အားမလိုအားမရဖြစ်လာသည်။ ဖုန်းခွက်ကို နားသို့အတင်းကပ်၍ . . .

''ကျယ်ကျယ်ပြောပါဟ၊ သိပ်မကြားရဘူး၊ ဘာရယ် ရှင်းအောင်ပြော၊ နင့်အသံက သိမ်သွားတယ်''

တစ်ဖက်က တယ်လီဖုန်းပြောသူမှာ အပြောရခက်နေဟန်ရှိသည်။ သူကိုယ်တိုင်လည်း တစ်စုံတစ်ရာခံစားနေရ၍ ပီပီသသပြောနိုင်ဟန်မရှိ၊ သူ့အသံ သူ့ဟန်ကြောင့် နွယ်နီဝင်းကလည်း သိချင်စောကြီးနေသည်။

''ဘာရယ် ဘာ ဘာ ဆရာလေးကိုထင်ကျော်ဆုံးလို့ ဟုတ်လားဟာကွာ''

နွယ်နီဝင်း၏အသံက ကြေကွဲသံသို့ ချက်ချင်းပြောင်းသွားသည်။ သူ့မျက်ဝန်းအိမ်တွေထဲမှာ မျက်ရည်တွေဝိုင်းလာသည်။

''ဘာရောဂါနဲ့လည်း''

''ညကျောင်းကအပြန် ပိုးထိလို့ဟုတ်လား၊ မြွေကဘာမြွေတုန်း၊ မြို့ဆေးရုံမပို့ဘူးလား၊ အချိန်မမီလိုက်တော့ဘူး၊ အို . . .''

ရေတိမ်တွင်နစ်ရှာသော သူ့ချစ်သူအတွက် နွယ်နီဝင်းသည် စိတ်မထိန်းနိုင်ရှာတော့၊ သူ့အခန်းရှိရာသို့ အပြေးတက်လာခဲ့ကာ သူ့အိပ်ရာတွင်ပစ်လှဲ၍ အားရပါးရ ငိုချလိုက်သည်။ သူ့သူငယ်ချင်းတွေက ပြုံးပြုံးစုစုယုယုရရထွေးပါ၏။ သို့သော် သူ့အပူက မအေးနိုင်သေး၊ ဆက်၍ဆက်၍ငိုသည်၊ တွေး၍တွေး၍လွမ်းနေသည်၊ ထင်ကျော်ပြောခဲ့သောစကားများကို ပြန်၍ကြားယောင်နေမိသည်။



''မြို့ကြီးကိုမတက်ချင်ပါနဲ့နွယ်နီရယ်၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ ပျိုးနုတ်ကောက်စိုက်အလုပ်ကလေးနဲ့ နယ်ကချစ်တဲ့ ဆိုင်းအဆိုတော်လေးဘဝနဲ့ ဝါသနာပါတဲ့ သီချင်းကလေးတွေဆိုနေရရင် ပျော်စရာကလေးပေါ့''

''ငါလည်း ဆယ်တန်းအောင်ရင် ဆရာလုပ်မှာ၊ ငါ့ရွာငါပြန်မှာ၊ ရွာကကလေးတွေပညာရေးနဲ့ ရပ်ရေး ရွာရေးတွေလုပ်မှာ၊ နင်လဲရွာမှာနေပြီး ငါနဲ့အတူ အများအကျိုး၊ ရပ်ရွာအကျိုး လုပ်ကြရအောင်ပါ''

နွယ်နီဝင်းကခေါင်းမာသည်။ ရန်ကုန်မြို့ကြီးတက်၍ ကာရာအိုကေအဆိုတော်ကြီးလုပ်မည်။ ဗီဒီယိုမင်းသမီးလုပ်မည်။ ကုမ္ပဏီမှာအလုပ်လုပ်မည်။ ဆင်းရဲသောမိသားစုကို ငွေအများကြီးရအောင် လုပ်ကျွေးချင်သည်။ ဘယ်သူတား၍မှမရ၊ ရန်ကုန်မှာ အဆက်အသွယ်ကောင်းကရပြီးဖြစ်နေသည်။

ရန်ကုန်သွားခါနီး တစ်နေ့သောညနေတွင် ထင်ကျော်သည် သူ့ရွာအတွင်းက သနပ်ခါးပင်လှလှတစ်ပင်ကိုခုတ်၍ထမ်းလာသည်။

''တားမရရင်လည်း သွားပါ့ဗျာ ရန်ကုန်မှာလိမ်းဖို့ အညာသနပ်ခါးလက်ဆောင်ပေးလိုက်ပါ့မယ်'' ဟု ပြောပြောဆိုဆို အိမ်ထဲကလွှကလေးယူ၍ သူကိုယ်တိုင်ဖြတ်ပေးသွားခဲ့ရှာသည်။

''ငါလည်း တစ်နေ့တော့ ရွာပြန်လာမှာပါထင်ကျော်ရယ်''

ထင်ကျော်သည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် သူကိုကြည့်နေသည်။

သနပ်ခါးပေးသောချစ်သူသည် ယခုတော့ ဆုံးရှာပြီ။ သူချစ်သောရွာနှင့် သူချစ်သော နွယ်နီဝင်းကို အပြီးအပိုင်စွန့်ခွာ၍ သွားခဲ့ပြီ။ နွယ်နီဝင်းသည်ရှိုက်၍ရှိုက်၍ ငိုသည်။ ဆို့နင့်၍လာသည်။ ကြေကွဲ၍လာသည်။ မိမိ၏ဘဝ၊ မိမိ၏အဖြစ်ကို တစိမ့်စိမ့်တွေးမိပြန်၏။ ရွာက အရိုးတောင်းပြောနေကျ၊ ပုံခိုင်းစကားလေးကို သတိရမိ၏။

''သနပ်ခါးပေးတော့ ကိုအဟာ
နမ်းတော့လူတကာ''

www.burmeseclassic.com

www.burmeseclassic.com

## အဘွားကြွယ်ကိုပြောလိုက်ပါ

"ဥမ္မာဒန္တီ၊ ဘွဲ့သိဂ်ီနှင့်၊ နတ်ကြည်သဏ္ဍာန်၊ လှပဟန်မဲ့ နှိုင်းရန်မပြ
မိုးအောက်သူတွင်၊ ဖမျှမင်းစံ၊ ရွှေပွတ်ခံသို့၊ ရိုးတန်ရိုးဆစ်၊
ပြေပြစ်ချောမော၊ မြကြောစိမ်းစိမ်း၊ ရှိန်းရှိန်းစိုစို၊ လှသည်ကိုယ်၌
နှိုက်ဖိုကြီးငယ်၊ အသွယ်သွယ်၊ တင့်တယ်စေမှု၊ သိကြားထုသို့
ညှိနှုသားရေ၊ မြဆံကေလည်း၊ ဖြေသော်ပြန်တက်၊ ဖနောင့်ထက်
ဝယ်၊ ကျိုးနက်တောင်ပံ၊ ပိတုန်းပျံ့သို့၊ ဖိတ်လျှံရောင်ခြည်၊ တလံ
ရှည်လျက်၊ ရိပ်ခြည်မမှိန်၊ ရှပ်ရှည်ထိန်၍"

"ဥမ္မာဒန္တီဆိုတဲ့ သတို့သမီးက အလွန်ချောအလွန်လှဆိုပဲ။ သူ့အသား အရေက ဝင်းလက်စိုပြည်ပြီး၊ သူ့ဆံပင်က ပိတုန်းရောင်ကေသာ၊ ဖြေချ လိုက်ရင် သူ့တစ်ရပ်စာ၊ သူ့ဖနောင့်ထက်မှာ ပိတုန်းကောင်ကလေးတွေ ပျံ့ဝဲနေသလို ဆံပင်ဖျားကလေးတွေကော့ပြီး ဝေ့ဝဲနေသတဲ့"

အသက်ခုနစ်ဆယ်ကျော်ရှိပြီဖြစ်သော ရှေးဟိုက်ရားဂရိတ် အထက် တန်းပြဆရာမ၊ အငြိမ်းစားဆရာမကြီး ဒေါ်အေးကြွယ်က သူငယ်စဉ်က သင်ခဲ့ရသော ဥမ္မာဒန္တီပျို့ထဲက စာတစ်ပိုဒ်ကိုရွတ်၍ သူ့မြေးမတွေအား ဥမ္မာဒန္တီ၏အလှ၊ မိန်းမချောတို့၏သဘာဝကို ရှင်းပြနေသည်။

မြေးအပျိုမနှစ်ယောက်သည် သူတို့အဘွားအနားမှာ တွတ်တီးတွတ် တာနှင့် ဝိုင်းနေကြသည်။

"အဘွားငယ်ငယ်ကကော ဆံပင်အရှည်ကြီးပဲလား"

"ရှည်ပါ့တော် ဖြေချလိုက်ရင် ဖနောင့်အထက်မှာဝဲလို့ပါ။ အုန်းဆီ





ထဲမှာ ဖန်းခါးသီးခြောက်ကလေးတွေထည့်၊ ပဲနံ့သာစေ့ကလေးတွေ ထည့်ပြီး နေ့စဉ်လိမ်းရင် ဆံပင်ကို နက်မှောင်ပြီး မွှေးနေတာပဲ"

"အဘွားက ငယ်ငယ်ကလှသလား"

"လှတာပေါ့အေ့၊ ဆံထုံးကိုကြော့နေအောင်ထုံးပြီး နှင်းဆီပွင့်ကလေး တစ်ပွင့်ပန်ထားလိုက်ရရင် လှလိုက်သပါ့တော်"

မြေးများကဝိုင်း၍ရယ်ကြသည်။

"သမီးတို့ဆံပင်ကတော့ မလှဘူးလား"

"ငါတော့လှတယ်မထင်ပေါင်၊ အရင်တစ်ခေါက်လာတုန်းက ဆံပင် ရှည်ကလေးတွေနဲ့မှ မြန်မာဆန်ဆန်လှသေးတယ်"

အဘွားကြွယ်မှာ မြေးသုံးယောက်ရှိသည်။ နှစ်ယောက်က မိန်းကလေး၊ အငယ်ဆုံးကယောက်ျားလေး။ အဘွား၏ ဖိဖိစီးစီးနှိပ်ကွပ်မှုကြောင့် မြေးကလေးတွေမှာ လိမ္မာကြသည်။ စာတော်ကြသည်။ ဆယ်တန်းမှာ နှစ်ချင်းပေါက်အောင်၍ တက္ကသိုလ်မှဘွဲ့တွေရသည်။ သူ့အရည်အချင်း တွေနဲ့သူ အလုပ်အကိုင်တွေရကြပြီ၊ မိသားစုအလိုက် ရန်ကုန်သို့ ပြောင်း ရွှေ့နေထိုင်ခဲ့ကြသည်။ မြေးတစ်ယောက်က ဆရာဝန်၊ မြေးတစ်ယောက် က အင်ဂျင်နီယာ၊ အသက်အရွယ်တွေက နှစ်ဆယ်ကျော် သုံးဆယ် အတွင်း၊ လှတုန်းပတုန်းအရွယ်တွေဖြစ်သည်။ ရန်ကုန် သမီးများ၊ မြေးများဆီသို့ တစ်ရံတစ်ခါလာတတ်သောအဘွားဒေါ်အေးကြွယ်သည် မြေးများကို အရိပ်တကြည့်ကြည့်နှင့် ပီတိဖြစ်နေရှာသည်။

သည်တစ်ခေါက် ရန်ကုန်အရောက်မှာတော့ အဘွားကြွယ်မျက်စိထဲ အမှိုက်ဝင်သလို ခိုးလိုးခုလုဖြစ်နေရှာသည်။ အကြောင်းမှာ မြေးမအလှ ချောကလေးများက ဆံပင်ရှည်ကြီးများကိုဖြတ်ပစ်ပြီး ဆံတိုကောက်ပုံစံ ပြောင်းလိုက်ကြသောကြောင့်ဖြစ်သည်။ စိတ်ထဲမှာ သိပ်မကြေမချင်လှ။ ငယ်ငယ်တုန်းကလိုသာဆိုလျှင်တော့ ကြိမ်လုံးစကြာနှင့် ဆော်မိမည်မှာ သေချာသည်။ အသက်ကြီးလာတော့ ဒေါ်သကို ပွားနှင့်ထိန်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် အသွားကလည်း ခုခေတ်က ဆံပင်တိုတိုလေးတွေနဲ့မှ လှတာ အသွားရဲ့"

"မဟုတ်ပေါင်တော် မြန်မာမိန်းကလေးဆိုတာ ဆံပင်ရှည်ကလေး တွေနဲ့မှလှတာ၊ မိန်းမတို့ဘုန်းဆံထုံးတဲ့၊ မိန်းမတို့ရဲ့ ကောင်းခြင်းငါးဖြာ ထဲမှာ ဆံပင်၏ကောင်းခြင်းဆိုတာပါသတော့"

မြေးအငယ်မသည် နှုတ်ခမ်းစူ၍ သူ့အသွားနှင့် ဘေးစောင်းထိုင်နေ သည်။ မြေးအကြီးမကာမလျှော့သေး၊ ဆက်လက်၍ထုချေနေသည်။

"ဥမ္မာဒန္တီတို့ခေတ်မဟုတ်တော့ဘူးအသွားရဲ့၊ မော်ဒယ်ဂဲတို့ရဲ့ခေတ် ရောက်နေပြီ"

"မော်ဒယ်ဂဲ၊ ဘာဂဲ၊ ညာဂဲ၊ ကျုပ်တို့တော့နားမလည်ဘူး။ မြန်မာမ ကလေးတွေဟာ မြန်မာလိုလှတာပဲကြိုက်တယ်၊ ဆံပင်တိုတီးတိုနနဲ့တော်၊ အင်္ဂလိပ်မလိုလို၊ တရုတ်မလိုလို၊ ယိုးဒယားမလိုလို၊ လှတယ်မထင်ပေါင်"

နှုတ်ခမ်းစူနေသော မြေးအငယ်မက တပ်ကူပေးပြန်၏။

"အသွားရဲ့ သေသေချာချာကြည့်ပါဦး၊ ဆံပင်ကလေးတွေပျော့ပျောင်း နေအောင် ပျော့ဆေးသုံးရတယ်၊ ပိတုန်းရောင်ထက်ပိုနက်အောင် ဆံပင် နက်ဆေးသုံးရတယ်၊ ဆံပင်လေးတွေ တစ်ချောင်းချင်းစင်းနေအောင် လည်း စက်နဲ့ဆွဲရသေးတယ်အသွားရဲ့၊ သမီးရဲ့ဆံပင်ကိုကိုင်ကြည့်စမ်း ပါဦး၊ ပုံစံကျပြီး လှအိနေတာပဲ"

"အလိုလေးတော် ဆံပင်ဆိုတာ နဂိုထဲကပျော့အိနေတာပါ၊ တောင့်နေတဲ့ဆံပင်မရှိပါဘူး။ ဘီးစိပ်ကလေးများတိုက်လိုက်ရင် တစ်ချောင်းချင်း စင်းနေတာပါ"

မြေးအသွားတို့၏ စကားစစ်ထိုးပွဲကို စိတ်ပါဝင်စားစွာအကဲခတ်နေသူ နှစ်ဦးမှာ သမီးဖြစ်သူမမြရီနှင့် သမက်ဖြစ်သူ ကိုထွန်းမြင့်တို့ဖြစ်သည်။ မမြရီက တိုက်ထဲတွင် မီးဖိုချောင်ဘက်ဝင်လိုက်၊ တိုက်ရှေ့ထွက်လာလိုက်နှင့်



အကဲခတ်နေသကဲ့သို့ ကိုထွန်းမြင့်ကလည်း မနီးမဝေးက စာရေး စားပွဲမှာထိုင်၍ စာရင်းဇယားများလုပ်ရင်း အကဲခတ်နေသည်။ နှစ်ယောက်စလုံးက အသွားကြီးစိတ်မထင်လျှင် ထအော်ပစ်လိုက်မည်ကို စိုးရိမ်နေကြသည်။

အသွားနှင့်မြေးများစကားစစ်ထိုးပွဲသည် ပြီးစီးအောင်မြင်သွားသည် တော့မဟုတ်၊ ရုံးချိန်တည်းဟူသောအချိန်က ဒိုင်ပွဲရပ်နှင့်အဆုံးသတ် လိုက်ရသည်။

မြေးအကြီးမက ...

"အသွားရေ သွားလိုက်ဦးမယ်၊ ညနေဂျူတီပြီးရင် စောစောပြန်ခဲ့ မယ်၊ အသွားအတွက် စားစရာကောင်းကောင်းဝယ်ခဲ့မယ်" ဟု နှုတ် ဆက်သွားသည်။

မြေးအငယ်မကမူ ...

"သွားဦးမယ်နော်အသွား၊ ညနေကျမှဆက်ဆွေးနွေးကြသေးတာ ပေါ့" ဟု သူ့ဆံပင်ကုပ်ဝဲကလေးကို ရမ်းရမ်းခါခါနှင့် တမင်စ၍သွားသည်။

အသွားကြွယ်သည် မကျေမနပ်နှင့် ပက်လက်ကုလားထိုင်မှာ ငုတ် တုတ်ကြီးကျန်ရစ်ခဲ့ရှာသည်။

အငြိမ်းစားကျောင်းဆရာမကြီးဖြစ်သူ အသွားကြွယ်သည် ပက်လက် ကုလားထိုင်နောက်မှီကိုမှီလျက် သက်ပြင်းကလေးတစ်ချက်မှုတ်ထုတ် လိုက်သည်။ သူငယ်စဉ်က ကျောင်းဆရာမလုပ်ခဲ့ရသော ခင်ဦးနယ် ရွှေဘိုနယ်ကို ပြန်၍သတိရနေသည်။ မူးမြစ်နှင့် နန္ဒာကန်တစ်ရိုးဆီက ကောက်စိုက်သမလေးတွေကို ပြန်တွေးမိသည်။ ကိုယ့်ဒေသ၊ ကိုယ့်ဓလေ့ ကိုယ့်အလှကိုယ်ဆင်နေကြသည်ကိုလည်းတွေးမိသည်။ ကျေးလက်စာဆို ဦးကြီးက ...

"လေပြည်ငယ်သုတ်ပါလို့ ရွှေဘုတ်ကယ်အိုးအိ

www.burmeseclassic.com

www.burmeseclassic.com



အုံ့မှိုင်းငယ်ရှိ၊ နေမီအောင်တခိုလှမ်းခဲ့ရ၊
ကောက်ငန်းကသူပြန်ပုံမှာ၊ ခတ္တာငုံပန်းနှစ်ဆင့်ငယ်နှင့်
ပန့်ဝင့်လို့ရှာကိုဝင်၊ အမြင်ဆန်းပါဘိတယ်လေး'' ဟူသော လွမ်းချင်းကဗျာလေးတစ်ပိုင်းတစ်စကလည်း သူ့ခေါင်းထဲသို့ တိုးဝင်လာသည်။ သူ့ရင်ထဲမှာ ကြည်သွားသည်။ အညာကျေးလက်က လယ်တောသူ ကောက်စိုက်သမလေးတို့သည် ရှေးမူမပျက်လှနေဦးမည်ဟု သူယူဆသည်။

အဘွားဒေါ်အေးကြွယ်သည် သူငယ်စဉ်က လှည့်လည်ဖြတ်သန်းခဲ့ရသော စိမ်းမြမြလယ်ကွင်းများကို ပြန်၍မြင်ယောင်မိသည်။ နန္ဒာလယ်တော်တိုက်က ကောက်စိုက်သမတို့၏ လယ်တောတေးသံကောက်စိုက်သီချင်းပုံကြီးသံတို့ကိုလည်း ပြန်လည်ကြားယောင်နေမိဟန်ရှိသည်။ ငယ်ငယ်ကကြားခဲ့ရဖူးသော ကောက်စိုက်တေးလေးတွေက သူ့အတွေးသို့ ပြေးဝင်လာပြန်သည်။

''ပန်းထိန်လက်ခမပေးရ
ထန်းပင်ကြီးကဖြစ်သည့်ရွှေကို
ဆူးပန်းကုံးတွေသွယ်ဘယက်နဲ့
ပေရှက်လိပ်ကြီးနားတောင်းဆင်
ယဉ်နိုင်အောင်ယဉ်လိုက်ချည့်
အောင်ပင်လယ်ရွာမရိုင်း
တိုင်းရွှေပြည်လက်နား။
ကျွဲခတ်သည့်ဟန်
ချဗျာဆံစုံပါးရိုက်ကို
ခါလိုက်ချည့်တို့အပျိုမှာ
ယဉ်နဂိုမူကြစို့
မရိုးဖြူဆံခွေထုံးမှာ
ကုံးပန်လို့ခြား။



ဆက်၍တွေးမိသည်မှာ ''ရွှေလင်ပင်စံကျောင်း'' အကြောင်း။ ခင်ဦးမြို့နယ်မှာ ထိုကျောင်းတော်ကြီးရှိသည်။ ဆရာမကြီးဒေါ်အေးကြွယ်သည် ဆရာမသူငယ်ချင်းတွေ၊ တပည့်တွေနှင့်အတူ လေ့လာရေးသွားခဲ့ကြဖူးသည်။ စိမ်းမြမြလယ်ကွင်းကြီးများကိုဖြတ်၍သွားခဲ့ရသည်။ လယ်ကန်သင်းရိုးတစ်လျှောက် မိုးတဖြောက်ဖြောက်အောက်မှာ လာခဲ့ကြသည်။ မိုးကောင်းရေဝင်ဒေသဖြစ်၍ သူတို့ဒေသမှာ လယ်ယာချောင်းမြောင်းကကောင်းပါသည်။ လယ်ကွက်များအကြားက ဖားအော်သံ၊ မိုးကောင်းကင်က ဝိန်ညင်းငှက်မြည်သံတို့နှင့်အတူ အချင်းချင်းစကားပြောရင်းတေးဆိုရင်းနှင့် ခြေလျင်လျှောက်ခဲ့ကြသည်။

ခင်ဦးမြို့မှ အနောက်မြောက်ဘက်သို့ နှစ်နာရီကျော်မျှ ခြေလျင်လျှောက်ရသည်။ စည်ပုတ္တရာမြို့ဟောင်းသို့ရောက်၏။ ရှေးမြို့ဟောင်းဖြစ်၏။ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတစ်နေရာက ပခန်းကြီးမြို့ဟောင်းနှင့် ခေတ်ပြိုင်လောက်ဖြစ်မည်ဟု ခန့်မှန်းရသည်။ ပုဂံခေတ်က ရာပြုမြို့ဟောင်းဖြစ်ပေမည်။ မြို့မှာ ခပ်ငယ်ငယ်ပင်ဖြစ်၏။ မြို့စားအဆင့်စိုးစံခဲ့သောမြို့ဖြစ်မည်။ ကျုံးဟောင်း၊ မြို့ရိုးဟောင်းတွေရှိသေးသည်။ မြို့အတွင်းမှာ သစ်ပင်ဝါးပင်ကြီးတွေပေါ၏။ ဘုရားအိုဘုရားပျက်များရှိသေးသည်။ မြို့ရိုးအတွင်းမှာ လူနေကျဲကျဲရွာကလေးမှုသာရှိတော့သည်။ မြို့ဦးထိပ်မှာ ရွှေလင်းပင်စံကျောင်းတော်ရှိသည်။ မွမ်းမံထိန်းသိမ်းမှုကြောင့် ယခုတိုင် မူရင်းလက်ရာများရှိနေသေးသည်။

ထိုကျောင်းတော်ကြီးပေါ်မှာ အမိကရ တန်ခိုးကြီးသော ဘုရားဆင်းတုတစ်ဆူရှိသည်။ ရွှေလင်းမင်ဘုရားဟု ဘွဲ့အမည်ရှိသည်။ ရှေးက သစ္စာဆို၊ သစ္စာပြိုင်အမှုတွေကို ဘုရားရှေ့မှာပြုကြသည်ဆို၏။ ထိုကျောင်းတော်ကြီးမှာ စည်ပုတ္တရာကောင်းစားသောခေတ်နှင့်ထိုခေတ်အလွန် ကုန်းဘောင်ခေတ်အထိ ဆရာတော်အဆက်ဆက်က မင်းညီမင်းသားတို့တပ်အပ်သော အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်ကိုသင်ပေးသော

www.burmeseclassic.com

www.burmeseclassic.com



ပွဲကျောင်းဖြစ်သည်ဟုဆိုကြသည်။ ဦးအောင်ဇေယျနှင့် ချစ်ညိုတို့သည် ဤကျောင်းထွက်များဖြစ်ခဲ့ကြသည်ဟုဆိုကြသည်။

ဆရာမကြီး အဘွားဒေါ်အေးကြွယ်သည် ထိုကျောင်းမှာ အမှတ်ထင်ထင်မြင်ခဲ့ရသော မြန်မာ့ကိုးကွယ်မှုဓလေ့တစ်ခုကို ထူးထူးခြားခြား အမှတ်ရလာသည်။ ထိုကျောင်းတော်ကြီး၏ ဘုရားခန်းရှေ့နှင့် ဝဲယာတို့တွင် တွဲလွဲချိတ်ဆွဲ၍လှူဒါန်းထားသော "ဆံတံခွန်" များဖြစ်သည်။ ဆံတံခွန်ဆိုသည်မှာ ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးတို့သည် မိမိဦးဆံကို ဖြတ်၍ အရင်းကစုစည်းကာ ဘုရားကိုတင်လှူသော ဆံပင်ရှည်ဖြစ်သည်။ ဆံပင်ကိုယွန်းကျည်တောက်တွင်ထည့်သည်။ ယွန်းကျည်တောက်မှာ လေးတောင်ခန့်ရှိသည်။ ယွန်းကျည်တောက်မှာ ယွန်းပန်းချီလက်ရာတွေပါ၏။ အချို့မှာ မှန်စီရွှေချထား၏။ အမွေးနံ့သာတို့ထုံမွှန်းကာ ဘုရားဆောင်ရှေ့မှာချိတ်ဆွဲ၍ ခေတ်အဆက်ဆက်လှူဒါန်းခဲ့ကြဟန်ရှိသည်။

အဘွားကြွယ်သည် ကျောင်းဆရာမဘဝက ဤမြင်ကွင်းနှင့် ယဉ်ကျေးမှုဓလေ့ကို ရင်မှာစွဲခဲ့ရသည်။ ညရောက်မှ မြေးတွေကို ပြန်ပြောရဦးမည်ဟု အတွေးပိုက်ကာ ပက်လက်ကုလားထိုင်မှာပင် မှေးခန်အိပ်ပျော်သွားရှာသည်။

* * *

အငြိမ်းစားကျောင်းဆရာမကြီး ဒေါ်အေးကြွယ်သည် သားသမီးများ၏ အထောက်အပံ့ဖြင့် တကယ်ပင်အငြိမ်းစားရပါသည်။ ရှေးက ကျောင်းဆရာမကြီးဖြစ်သည့်အားလျော်စွာ အချိန်နှင့်ရေချိုးသည်။ ရေမိုးချိုး၊ ဖီးလိမ်းပြီးမှ ထမင်းစားသည်။ ထမင်းစားပြီးလျှင် နှမ်းဆီရွှဲရွှဲ နှမ်းလှော်ရွှရွှလက်ဖက်ပွဲကလေးနှင့် လက်ဖက်ရည်ကြမ်းသောက်သည်။ လက်ဖက်နှင့် လက်ဖက်ရည်ကြမ်းမှာ သူအကြိုက်ဆုံးဖြစ်သည်။



နေ့လယ်ခင်းအားလျှင် "ဖြစ်တောက် ဖြစ်တောက်" ဆူညံကြီးမောင်းသည့် ဆိုက်ကလုံမှန်တိုင်းသည် သူတို့ဘက်သို့လှည့်လာသည်ကို သမီးဖြစ်သူ မမြရီက ကြိုတင်မိုးလေဝသခန့်မှန်းထားသည်။ လင်တော်မောင်ဖြစ်သူ ကိုထွန်းမြင့်ကိုလည်း မျက်ရိပ်မျက်ခြည်ပြ၍ ကြိုတင်သတိပေးထားလိုက်သည်။ အဘွားကြွယ်သည် သူထိုင်နေကျပက်လက်ကုလားထိုင်မှာထိုင်ကာ . . .

"နေပါဦးရှင်မြရီရဲ့ ညည်းတို့သမီးပျိုကလေးတွေအပေါ်များ ထိန်းထိန်းကွပ်ကွပ်လုပ်ကြရဲ့လား"

"လုပ်ပါတယ်အမေရဲ့"

အဘွားကြီးက သမီး၏အဖြေကိုမကြိုက်၊ မျက်နှာကြောတင်းလာ၏။ သမက်ဘက်သို့လှည့်ကာ . . .

"မောင်ထွန်းမြင့်ကလည်း ရုံးအလုပ်တွေများတယ်ဆိုပြီး သမီးကလေးတွေကို လျစ်လျူရှုမထားနဲ့တော့၊ အဖေကလည်းဆုံးမရသေးတယ်။ သူတို့က အဖေမှကြောက်တာ"

"ဟုတ်ပါပြီအမေရယ်၊ ကျွန်တော်လည်း အလုပ်တွေမအားလပ်တဲ့ကြားက သူတို့ကို ဂရုစိုက်ပါတယ်"

"သမီးဆိုတာ ကောင်းရင်ထီး၊ မကောင်းရင်မီးတော့။ သားဖေ၊ သမီးဖေ၊ အများကြီးမောရသတော့၊ သားသမီးကောင်း မကောင်းဆိုတာ မိဘတွေရဲ့ အဆုံးအမ၊ အထိန်းအကွပ်ပေါ်မှာ အများကြီးမူတည်တယ်။ မိဘကောင်းမှ သားသမီးကောင်းရတယ်"

"အမေ့သမီးအိမ်ရှင်မကြီးက အဓိကပဲ၊ သမီးတွေဆိုတာ မအေနဲ့ တိုးတိုးဖော်၊ တိုင်ပင်သူတွေဖြစ်ရမှာပေါ့"

"အေး ဒါလည်းဟုတ်တယ်၊ မိမြရီ ညည်းအခရာနော်၊ မြန်မာဆံထုံးလေးတွေနဲ့ ယဉ်ယဉ်ကျေးကျေးလှနေတဲ့ဟာ အေး၊ အခုတော့ ဆံပင်

www.burmeseclassic.com

www.burmeseclassic.com



တွေဖြတ်၊ ခေတ်ဆန်ချင်လိုက်ကြတာ။ အဲဒါရိုးရာယဉ်ကျေးမှု စဖောက်တာပဲတော့။ တစ်စတစ်စ ဒီထက်ဆိုးတဲ့ ယဉ်ကျေးမှုတွေဖောက်လာမှဖြင့်''

မမြရီသည် လင်တော်မောင် ကိုထွန်းမြင့်ကို မျက်စောင်းတစ်ချက်ခဲ၍ အံကြိတ်ပြလိုက်သည်။

''မြရီ ညည်းငယ်ငယ်တုန်းက ဒီလိုများ လုပ်ရရဲ့လား၊ ဆရစ်ဝိုင်းကလေးနဲ့တုန်းက ငါကိုယ်တိုင် ညည်းခေါင်းကို ဒူးကြားညှပ်ပြီး ခေါင်းရိတ်ပေးခဲ့တာလေ။ အရွယ်ကလေးရလာတော့ ဆံယဉ်ကလေးတွေ၊ ဆံပင်ကလေးတွေ ငါကိုယ်တိုင်ကပ်ကျေးနဲ့ညှပ်ပေးခဲ့တာလေ။ မိန်းကလေးဆိုတာ ဗိုင်းကောင်းကျောက်ဖိထားနေရတယ်အေ့။ ညည်းတက္ကသိုလ်တက်နေတုန်းက ဆံပင်အမောက်ထားပြီး အပျိုလုပ်လို့ ညည်းအဖေကကြိမ်နဲ့ဆော်မယ်လုပ်တာ သတိရသေးရဲ့လား''

အဘွားကြွယ်သည် ကုလားထိုင်နောက်မှီကိုမှီ၍ ခေတ္တမျှအမောဖြေကာ ဆက်၍ဆူနေပြန်၏။

''ခုခေတ်မိဘတွေကလည်း တာဝန်မကျေကြဘူးတော့၊ လင်ရော၊ မယားရောအလုပ်လုပ်၊ ငွေတွေရအောင်ရှာ၊ သားသမီးတွေကျောင်းထား၊ အလိုလိုက်နဲ့၊ တာဝန်ကျေပြီထင်နေကြတာ၊ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်ဝတ်ငါးအင် ဆိုတာ သူတို့သဘောမပေါက်ကြဘူး၊ ခေတ်မီတယ်ဆိုတိုင်းလည်း ကောင်းတာမဟုတ်ဘူးတော့''

''အမေ့မြေးတွေအရွယ်ရောက်လို့၊ သူတို့ကိုယ်သူတို့ ထိန်းနိုင်ကြပါပြီအမေရယ်''

''ဟဲ့ အရွယ်ရောက်လို့ ပိုခက်တာပေါ့၊ လူငယ်တစ်ယောက်မှာ မိဘဆရာ၊ စာပေပညာယဉ်ကျေးမှုဘာသာတရားတွေနဲ့ ဝိုင်းမထိန်းရင်



ပေါက်လွှတ်ပဲစား၊ ပရမ်းပတာပဲဖြစ်မှာပေါ့။ ဟိုနိုင်ငံခြားတွေကလူငယ်တွေကို လွှတ်လွှတ်လပ်လပ် ဖွံ့ဖြိုးပါစေ၊ မချုပ်ချယ်ပါနဲ့၊ မထိန်းကွပ်ပါနဲ့ဆိုတာတွေ တို့တော့မကြိုက်ပေါင်တော်၊ တို့လူမျိုးက မျိုးနဲ့၊ ရိုးနဲ့၊ ဇီဇနဲ့၊ အဆုံးအမနဲ့ တိုးတက်ဖွံ့ဖြိုးလာတာမျိုးမှကြိုက်တယ်။ မမြရီညည်းကြပ်ကြပ်သတိထား။ ကလေးတွေကို သွန်သင်ဆုံးမ''

''ဆံတွေဖြတ်၊ ဆံပင်တွေပေါင်းတင်၊ စက်ဆွဲလုပ်တဲ့နေ့က သူ့အဖေဆီက ပိုက်ဆံယူသွားကြတာပဲ ကျွန်မဖြင့် သိတောင်မသိဘူး''

ဒေါ်မြရီသည် သူတစ်ယောက်တည်းလိုမ့်ခံနေရသဖြင့် ကိုထွန်းမြင့်ဘက်သို့ မြားဦးလှည့်ပေးလိုက်သည်။

''မသိလိုက်ဘူးဆိုတာကိုက ညည်းညံ့တာပေါ့အေ့။ မောင်ထွန်းမြင့်ကလည်း သမီးတွေကို ဒါလောက်အလိုလိုက်ရသလား။ ဖအေကလည်းထိန်းဦးမှပေါ့။ ဘယ်လောက်များကုန်သတုန်း။ ငါ့ကိုမှန်မှန်ပြောစမ်း''

''အမေရေ ကျွန်တော်လည်း ဒီဆံပင်အလှပြင်ဖို့ကိစ္စမှန်းမသိဘူး။ သူတို့လုပ်ငန်းသုံးရှိလို့ထင်တာနဲ့ ငွေကိုသူတို့တောင်းတဲ့အတိုင်း ခြောက်သောင်းထုတ်ပေးလိုက်တယ်။ တစ်ယောက်သုံးသောင်းစီကျသတဲ့''

အဘွားကြွယ်သည် ကုလားထိုင်နောက်မှီကိုမှီချလိုက်ရင်း ရင်ဘတ်ကိုလက်ကလေးဖြင့်ဖိကာ . . .

''အမလေး အမလေးတော်၊ လွန်လွန်းလှချည့်လား၊ ရှေးထုံးလည်း မယ်ကြနဲ့တော့၊ ရှေးသုံးလည်း မလွယ်ကြနဲ့တော့၊ ဒီကောင်မတွေ ငွေတွင်းနက်တာကိုမသိဘူး။ လှချင်လိုက်ကြတာတော်၊ ဆံတိုကုပ်ဝဲနဲ့ ဟော့ရှော့ဆိုတာနဲ့ကို ကြည့်မရပါဘူး။ ရုပ်လှဖို့ကအရေးမကြီးပါဘူး။ စိတ်လှဖို့၊ ယဉ်ကျေးဖို့၊ ပညာတတ်ဖို့က ပိုအရေးကြီးပါတယ်''

အငြိမ်းစားကျောင်းဆရာမကြီးအဘွားကြွယ်သည် သူ့ဘာသာတဖြစ် တောက်တောက်ပြောရင်း အတန်ငယ်မောလာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



အနီးရှိစားပွဲ ပေါ်မှာ စိတ်ပုတီးကိုကောက်ကာ ညနေပိုင်းဘုရားဝတ်ပြုရန် ဘုရားခန်း ထဲသို့ဝင်သွားသည်။

ညနေရုံးဆင်းချိန် မြေးတွေအိမ်ပြန်လာလျှင် ယမ်းပုံမီးကျ၊ တားမရ ဆီးမနိုင်ဖြစ်ကြလေမည်လား။ ကိုထွန်းမြင့်နှင့် မမြရီတို့ အနည်းငယ် စိုးရိမ်နေမိကြသည်။

ညနေခင်းရုံးဆင်းချိန်ရောက်တော့ အိမ်ရှေ့မှာ ဖယ်ရီကားတစ်စီး ဆိုက်လာသည်။ သမီးအကြီးပြန်လာပြီ။ လည်တဆန့်ဆန့်နှင့် မျှော်နေသောအဘွားကြွယ်က သူ့မြေးကိုမမျှော်လေဟန်နှင့် သူ့စားပွဲမှာ အိန္ဒြေရရထိုင်နေသည်။

"အဘွားရေ ·· အဘွားအတွက် မိုးကုတ်လက်ဖက်ညှန့်ကလေးတွေ ဝယ်လာတယ်။ အညာနှမ်းဆီမွှေးမွှေးလေးဆမ်းပေးမယ်"

မြေးအကြီးမက အာသွက်လျှာသွက်ဖြင့် သူ့အဘွားကို နှုတ်ဆက်စကားဆိုသော်လည်း အဘွားက ခွန်းတုံ့မဆို၊ ငြိမ်၍သာနေသည်။

မကြာမီ ဖယ်ရီကားတစ်စီး အိမ်ရှေ့မှာရပ်ပြန်သည်။ အငယ်မပြန်လာခြင်းဖြစ်၏။ အလုပ်ခွင်ဆိုက်ထဲမှပြန်လာသည်ဖြစ်၍ ဘောင်းဘီရှည်၊ အင်္ကျီကိုယ်ကျပ်လက်တို၊ ဆံပင်မတိုမရှည်ကုပ်ဝဲနှင့် သူ့ခေတ်၊ သူ့စတိုင်နှင့်သူလှနေသည်။ အဘွားကြွယ်ကမူ ကြည့်၍ရဟန်မတူ။ ခပ်တည်တည်၊ ခပ်မိန့်မိန့်ထိုင်နေသည်။

"အဘွားရေ ·· အဘွားကြိုက်တတ်တဲ့ စွန်ပလွန်ယိုဝယ်လာတယ်။ အဘွားငယ်ငယ်က အလွန်ကြိုက်တာဆို။ အစိတ်သားမှ နှစ်ကျပ်ပေးရတာဆို။ အခုအစိတ်သားဝယ်လာတယ်၊ ငါးရာပေးခဲ့ရတယ်" ဟု ပြောပြောဆိုဆို ဘူးကလေးမြှောက်ပြကာ စားပွဲပေါ်တင်ခဲ့၏။ သူ့အခန်းထဲသို့



ဝင်သွားသည်။ မကြာမီ မြေးမနှစ်ဦး အဝတ်အစားလဲ၍ ပြန်ထွက်လာကြ၏။ သူတို့အဘွားအနားမှာ ဝိုင်းလိုက်ကြသည်။ တွတ်တီးတွတ်တာ စကားတွေပြောကြသည်။ ရယ်လိုက်မောလိုက်နှင့် ဖြစ်နေကြသည်။ အဘွားကြွယ်၏ တင်းနေသောနဖူးကြောတွေပြေသွားသည်။ ထောင်နေသော နားထင်ကြောတွေလျော့သွားသည်ဟု သမီးဖြစ်သူမမြရီက သတိထားကြည့်လိုက်မိ၏။ သမက်ဖြစ်သူ ကိုထွန်းမြင့်ကို မျက်လုံးဖြင့် ညွှန်ပြလိုက်သည်။ သမက်တော်သူ ကိုထွန်းမြင့်က ကြိတ်၍ပြုံးနေသည်။

"စွန်ပလွန်ယိုအဘွားရဲ့၊ အိန္ဒိယဘက်က တိုက်ရိုက်ဝင်လာတာလေး သိပ်ကောင်းတာပဲ၊ အဘွားစားကြည့်စမ်းပါဦး"

အဘွားကြွယ်သည် စွန်ပလွန်ယိုကလေးတွေကို မြှုံ့နေ၏။ အဘွားတို့ ငယ်ငယ်က တောမှာနေရတော့ မြို့ဈေးကိုသွားတဲ့လူကြုံရှိမှ စားရတယ် ဟု ရှင်းပြနေပြန်သည်။ မြေးအကြီးမက ရေအေးအေးတစ်ဖန်ခွက်ငှဲ၍ တိုက်လိုက်သည်။ ပြီးမှ ···

"မိုးကုတ်လက်ဖက်ညှန့်ကလေးလည်းစားပါဦးအဘွားရဲ့။ နှမ်းလှော်ကလေး ကြက်သွန်ဖြူအကွင်းကြော်ကလေးနဲ့ ရွှေပုစွန်ခြောက်ကလေးတွေလည်းပါတယ်။ စားစမ်းပါဦးအဘွားရဲ့ဟု ချော့မော့၍ကျွေးနေပြန်သည်။ အဘွားကြွယ်၏မျက်နှာမှာ ပြုံးရွှင်၍နေပြီ။ သူ့မြေးတွေနှင့်သူ ကျေနပ်နေသည်။ ကိုထွန်းမြင့်နှင့် မမြရီတို့ တထိတ်ထိတ်နှင့် စောင့်ကြည့်နေခဲ့ရသည့်အချိန်ကာလတစ်ခုမှာ သူ့လိုလိုကျော်လွန်သွားခဲ့ပြီ။ အငြိမ်းစားကျောင်းဆရာမကြီးအဘွားကြွယ်သည် သူ့မြေးအပျိုမတွေ ငွေသုံးသောင်း လေးသောင်းအကုန်အကျခံ၍ ဆံပင်ဖြတ်၊ ဆံပင်ကောက်ဆံပင်ဆိုး အမျိုးမျိုးအလှပြင်သည်ကို မကျေနပ်။ မြေးတွေနှင့်အခါ အကြီးအကျယ်ပေါက်ကွဲလေမည်လားဟု စိုးရိမ်မိခဲ့ကြသည်။ သို့သော် မပေါက်ကွဲချေ။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေလိုက်ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူမမြရီနှင့် သမက် ကိုထွန်းမြင့်တို့သာ အငေါက်အဆူခံလိုက်ရသည်။ သူတို့အပေါ်မှာသာ သတ္တုကျတော့သည်။

"မင်းတို့မိဘတွေ သားသမီးကို မွေးရုံသာမွေးတတ်ကြတယ်။ သားသမီးကို မအုပ်ထိန်းတတ်ကြဘူး။ မဆုံးမတတ်ကြဘူး။ သားသမီးတွေကို အလိုလိုက်လွန်းတယ်။ ရှေးထုံးလည်းမပယ်ကြနဲ့၊ ဈေးသုံးလည်းမလွယ်ကြနဲ့တော့" ဟူသော ကြိမ်းမောင်းသံတို့က ကိုထွန်းမြင့် မမြရီတို့ဇနီးမောင်နှံအတွက် မိုးခြိမ်းသံလိုကြားရသည်။ ညွှန်ကြားချက်လိုမှတ်လိုက်ရသည်။ ဥပဒေသလို ဆောင်လိုက်ရပါသည်။

မြေးတွေကချော့တော့ အဘွားကြွယ်ပျော့သွားသည်။ ပြုံး၍လည်းနေသည်။ ရယ်၍လည်းနေသည်။ မြေးချစ်သူအဘွား။ ယာချစ်သူသခွားဟုပင် ဆိုရပါတော့မည်။

တိမ်ညိုဆိုင်းလျှင် မှိုင်း၍ရွာလာတတ်သော ရန်ကုန်မိုးကို အညာသူအဘွားကြွယ်ကြောက်သည်။ မိုးစိုစိုစွတ်စွတ်၊ လူတွေများများ၊ ကားတွေများများနှင့် အပြေးအလွှားလှုပ်ရှားနေကြသောမြင်ကွင်းကို သူမကြိုက်။ မြေးတွေကိုချစ်၍သာ မကြာခဏသူရောက်လာတတ်သည်။ ရန်ကုန်ရောက်၍ နှစ်လ၊ သုံးလခန့်ကြာသောအခါ သူအညာသို့ပြန်ချင်လာပြီ။

ဝါဆိုလပြည့်တွင် ရွာမှာဓမ္မာစကြာဝတ်ရွတ်ပွဲရှိသည်။ ဘုရားဆွမ်းချပွဲလည်းရှိသည်။ ရွာမှာ သူမပါလျှင်မပြီး။ စီမံခန့်ခွဲရဦးမည်။ အော်ရငေါက်ရဦးမည်။

ဝါဆိုလပြည့်အမီ ရွာကိုအရောက်ပြန်ချင်သည်ဆို၍ မီးရထားနှင့်ပြန်ပို့လိုက်ရသည်။ အဘွားကြွယ်ပြန်တော့လည်း အိမ်မှာဟာသွားသလိုရှိသည်။ အိမ်မှာ-အမေအိုငုတ်တုတ်ထိုင်၍နေခြင်းသည်ပင် ပြည့်စုံခြင်းတစ်ခုဖြစ်သည်ဟု ကိုထွန်းမြင့်သတိမူလိုက်မိသည်။



တစ်ခုသောနေ့တွင် ညီဖြစ်သူ မောင်ထွန်းတင့်က ရွာကိုပြန်မည်ဟု သတင်းပို့လာသည်။ အဘွားကြွယ်ထံ ဘာမှာဦးမလဲဟုမေးသည်။ မြေးတွေကမှာကြသည်။ သမီး မမြရီက စားစရာတွေထည့်ပေးသည်။ သမက်ဖြစ်သူ ကိုထွန်းမြင့်ကမူ . . .

"အေးကွာ အဘွားကြွယ်ကိုပြောလိုက်ပါ။ ရှေးထုံးလည်းမပယ်ပါဘူး။ ဈေးသုံးလည်းမလွယ်ပါဘူး။ သားသမီးတွေကိုလည်း အလိုမလိုက်ပါဘူး။ ဒါပေမဲ့ သားအချစ်၊ မြေးအနှစ်ဆိုတာလည်း သဘောပေါက်ပါတယ်" လို့။

www.burmeseclassic.com

www.burmeseclassic.com

## ရွှေရတုအလွမ်း

မှုးရေယဉ်ပတ်ကာစီးပါတဲ့ မောင်ကြီးတို့ပျော်တဲ့ရွာဟု ရေးကဆိုခဲ့ကြသည့်အတိုင်း ကျွန်မတို့အညာမြို့ကလေးက သာယာပါသည်။ မှုးမြစ်ရေယဉ်က ပတ်ကာစီးနေသည်။ မှုးရေဝင် လယ်ကွင်းတွေက ရွှန်းမြမြစိမ်းနေသည်။ တစ်ချိန်သောအခါက တစ်မြို့တည်းမှာ တစ်ကျောင်းတည်းရှိခဲ့သော မိခင်ကျောင်းတော်ကြီးမှာ နှစ်ငါးဆယ်ပြည့် ရွှေရတုသဘင်ပွဲ ကျင်းပကြမည်ဟုပြောကြသည်။ ကျောင်းသားဟောင်းကြီးတွေကဦးဆောင်၍ ဆင်ယင်ကျင်းပကြမည်ဟုဆိုသည်။ မိခင်ကျောင်းတော်ကြီး၏ ပညာနို့ချိုကိုသောက်စို့ခဲ့ကြသော တစ်နယ်လုံး၊ တစ်မြို့လုံးက ကျောင်းသူ ကျောင်းသားဟောင်းတွေ အုံးအုံးကျက်ကျက်ဖြစ်လာကြသည်။ ငယ်မူငယ်သွေး၊ ပီတိအတွေးတွေနှင့် ပျော်နေကြသည်။

ကျောင်းရွှေရတုပွဲဆိုလျှင် ကျွန်မအလွန်သဘောကျပါသည်။ သက်ကြီးရွယ်အို ဆရာ၊ ဆရာမကြီးများကိုလည်း ပူဇော်ကန်တော့ရသည်။ ကျောင်းနေဖက်သူငယ်ချင်းဟောင်းတို့နှင့်လည်း ပြန်ဆုံရသည်။ ကျောင်းသားသစ်ကလေးတွေနှင့်လည်း တစ်တွေးတစ်ပိုက်ခင်မင်ရသည်။ အမိမြေ၊ အမိကျောင်းကိုချစ်ခြင်းသည် တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်၏ အခြေခံမဟုတ်ပါလော။

ကျွန်မသည် ငယ်စဉ်ကအကြောင်းများကို တသီတတန်းပြန်တွေးနေမိသည်။ ထန်းလျက်ခဲကလေးငုံထားရသလို ချိုမြမြကလေး အရသာရှိပါ၏။ ငယ်စဉ်က ကျောင်းရင်ပြင်မှာ ဖန်ခုံတမ်း၊ ဇယ်ခတ်တမ်း၊





ကြက်ခွပ်တမ်း၊ ရိုဝိုးတမ်းကစားခဲ့ကြသည်။ မုန့်အတူစားခဲ့ကြသည်။ တစ်ခါတစ်ရံ ရန်ဖြစ်ကြတော့ ဆရာက ကြိမ်လုံးနှင့်ခေါ်သည်။ ပျော်ပါ၏။ ကောင်းပါ၏။ အထက်တန်းဆင့်ရောက်လာတော့ ဘော်လီဘောပုတ်ရသည်။ ဘတ်စကတ်ဘောကစားရသည်။ စာတွေအတူပြိုင်ကျက်ခဲ့ကြရသည်။ နောက်ဆုံးတော့ သူ့အကြောင်းက ဖွတ်တိုးရှဉ်ဝင်လာသည်။ မတွေးချင်၍ မဖြစ်၊ နှလုံးသားထဲမှာ ဓာတ်ခံကရှိနေ၍ မိုးသံကြားလျှင် စပါးပင်ကလေးတွေပေါက်လာသည့်နှယ်ပင်။

ဪ မိခင်ကျောင်းတော်ကြီးသည်ပင် ရွှေရတုတိုင်ခဲ့ပါပြီကော။

သူနှင့်ကျွန်မ သက်တူရွယ်တူ၊ ငယ်စဉ်ကပင် ကျောင်းနေဖက်၊ ကျောင်းအတူသွား၊ အတူစားဖက်၊ မူလတန်းအဆင့်ဘဝက ယောက်ျား လေး၊ မိန်းကလေးသိပ်မခွဲ အတူကစားသည်။ ရိုဝိုးတမ်း၊ ဗွတ်ထိုးတမ်း၊ ထုတ်တိုးတမ်း၊ ပြေးတမ်းလိုက်တမ်း၊ အားချင်းကအတူတူ၊ ဘယ်သူမှ ဗိုလ်မထား၊ မုန့်စားတော့လည်းအတူတူ၊ လုစားဖို့လည်း ဝန်မလေး၊ သူ့အိမ်နှင့် ကျွန်မအိမ်ကမဝေးလှ၊ လှမ်းမြင်နေရသည်။ သူ့မိဘနှင့် ကျွန်မမိဘများကလည်း ခင်မင်ကျွမ်းဝင်ရင်းရှိကြသည်။ ခွေမျိုး တွေလို တရင်းတနှီးနေခဲ့ကြသည်။ စည်းကြိုးကြက်တောင်၊ မမင်းအောင် နှင့် ဗိုလ်ကေရွေ့ထိုး၊ ကိုကြွက်သိုး အရွယ်က ကျောင်းအတူတူသွားခဲ့ ကြသည်။ ကျောင်းအပြန် မိုးရွာတော့ ထီးအတူတူဆောင်းခဲ့ကြသည်။

ကိုးတန်း၊ ဆယ်တန်းရောက်လာတော့ တစ်ယောက်ကိုတစ်ယောက် ဟန့်လာကြပြီ။ ရှက်ကိုးရှက်ကန်းဖြစ်လာကြပြီ။ အရွယ်က စကားပြောလာကြပြီဖြစ်သည်။ သူကဗိုလ်ကေကိုကြော့နေအောင်ဖြီး၍ စတစ်ကော်လာကို နှင့် လူပျိုကြီးပုံဖမ်းနေပြီ။ ကျွန်မကလည်း ဆံမြိတ်ပြင်၊ ဆံယဉ်ချ နှိုင်လွန်အကျီလှလှကလေးတွေနှင့် အလှပြင်နေပါပြီ။ ကျောင်းအတူတူ

www.burmeseclassic.com

www.burmeseclassic.com



မသွားဖြစ်ကြတော့။ သူက သူ့သူငယ်ချင်းတွေနှင့်သွားသလို ကျွန်မက လည်း ကိုယ့်အပေါင်းအသင်းနှင့်ကိုယ်သွားသည်။ စိတ်ချင်းကတော့ မကွဲသေး။ တစ်ယောက်ကိုတစ်ယောက် အရိပ်တကြည့်ကြည့်၊ အကဲ တခတ်ခတ်နှင့်ပင်။ သူ့အကြောင်းကို အမွှန်းတင်ပြောလွန်းသော အတန်း ထဲက ခင်မြဝင်းကို ကျွန်မစိတ်ထဲက မကျေနပ်သလိုလိုရှိမိသည်။ အတန်း ထဲမှာ ကျွန်မတခြားယောက်ျားကလေးတွေနှင့် စကားပြောလျှင် သူကြိုက် ပုံမရ။ သူ့မျက်နှာကိုလှမ်းကြည့်ရုံနှင့် ကျွန်မသိပါသည်။

ကျွန်မတို့အိမ်ကို သူမကြာခဏအလည်လာတတ်သည်။ အဖေ၊ အမေတို့ရှေ့မှာတော့ စာအကြောင်း၊ ပေအကြောင်းတွေပြောတတ်သည်။

“တင်လေး သင်္ချာတွေတွက်ပြီးပြီလား၊ ဆရာကအရိုက်ကြမ်းတယ် နော်၊ ဒေးနေတာနဲ့ သင်္ချာဘယ်နှစ်ပုဒ်အတွက်ခိုင်းလိုက်တယ်ဆိုတာ သိရဲ့လား၊ မတွက်တတ်ရင်လည်း ငါ့ထဲကကူးချ”

“အမယ် ဝေထွန်း အိမ်လာပြီး အတို့အထောင်လုပ်မနေနဲ့၊ ငါက နင့်ထက်ဝီရိယကောင်းတယ်၊ အားလုံးပြီးနေပြီ။ နင်သာ ကဗျာ မပြန်နိုင်လို့ အတီးခံရတာ ငါမပြောလိုက်ချင်ဘူး”

“အေးဟ တစ်လုံးနှစ်လုံးထစ်တာနဲ့ ဆရာမက တီးတော့တာပဲ”

“တီးမှာပေါ့ စာကျက်တယ်ဆိုတာ ကြေညက်နေမှပေါ့၊ ကြောင် ပုစွန်စားကျွတ်ကျွတ်ဝါးသို့လို့ ဆိုတယ်မဟုတ်လား”

“ကောင်းပါပြီ မြန်မာစာဂုဏ်ထူးရှင်ကြီးရယ်”

သူ့အိမ်ကိုယ့်အိမ်ဝင်ထွက်သွားလာရင်းဖြင့်ပင် ဆယ်တန်းစာမေးပွဲကြီး က နီးလာတော့သည်။ တပေါင်းမှုံမှုံ မင်းလွင်ဦးသို့တိုင်ခဲ့ပြီ၊ ရွက်ဝါကြွေ မြေမှာသက်ပြီ၊ ဥဩငှက်တို့၏ တေးသံကလည်း လွမ်းမောဖွယ်ပင်။ ကျောင်းတော်ကြီးကလည်းပိတ်တော့မည်။ သည်အချိန် သည်အရွယ် စိတ်တွေကလည်း ဘယ်ညာလူးနေသည်မဟုတ်ပါလား။



နေ့လယ်ခင်းကျောင်းနားချိန် သူ ကျွန်မအနီးသို့ရောက်လာသည်။

“တင်လေး နင့်ကို အောင်သိန်းက စာပေးတယ်ဆို” နတ်ပူးသလို တုန်တုန်ယင်ယင်အသံဖြင့် လာမေးနေသည်။

“အေး ဟုတ်တယ်”

“ပြန်ပေးလိုက် ဒီကောင်လူပါးဝလို့”

ဝေထွန်း၏မျက်နှာမှာ စိုးရိမ်စိတ်၊ နှမြောစိတ်၊ မနာလိုစိတ်တွေနှင့် ရောနေသည်။ သူ့အသံကတုန်နေသည်။ ကျွန်မက အသံခပ်အုပ်အုပ် ကလေးနှင့် ခပ်ခနဲ့ရယ်လိုက်သည်။ ပြီးမှ ...

“ဘာပြန်ပေးစရာလိုသလဲ သူပေးကတည်းက ငါမှလက်မခံခဲ့တာ”

ဝေထွန်းသည် ရှက်ကိုးရှက်ကန်းနှင့် ပြန်လှည့်ထွက်သည်။ အပျို ဖော်ဝင်လာပြီဖြစ်သော ကျွန်မ၏စိတ်ထဲမှာ တစ်မျိုးခံစားလိုက်မိပါသည်။ တစ်စုံတစ်ခုကိုလည်း ရိပ်စားလိုက်မိပါသည်။

ဝေထွန်း ကျွန်မကို စိတ်ဝင်စားနေပြီကို။

တက္ကသိုလ်ရောက်တော့အတူတူ သူက စက်မှုတက္ကသိုလ်မှာ တက်ခွင့် ရသည်။ ကျွန်မကတော့ ပညာရေးတက္ကသိုလ်ကိုတက်ခဲ့သည်။ တစ်မြို့တည်းနေ၊ တစ်ရေတည်းသောက် တစ်ကျောင်းတည်းထွက်ခဲ့သူများ ဖြစ်၍ ငယ်ပေါင်းကြီးဖော် တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ ဖြစ် ကြရပြန်ပြီ။

ဝေထွန်းက ကျွန်မအဆောင်သို့ မကြာခဏရောက်လာတတ်ပါသည်။ အစကတော့ မြို့ကကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်နှစ်ယောက် ပါလာတတ်သည်။ နောက်တော့ သူတစ်ယောက်တည်းလာတတ်သည်။ “ပါလာချိန်” မှာ ဧည့်သည်လာသည်ဆို၍ဆင်းလိုက်လျှင် အောင်မင်း ကြီးသားကို အမြဲတွေ့ရပါသည်။ “ပါလာ” ဧည့်ခန်းမှာဆုံမိကြလျှင်

www.burmeseclassic.com

www.burmeseclassic.com



ငယ်ကျိုးငယ်နာတွေပြောရ၏။ ရှေးဟောင်းနှောင်းဖြစ်တွေပြောရ၏။ လက်ငင်းအတွေ့အကြုံတွေကိုလည်း နှီးနှောဖလှယ်ရသည်။ ကြာတော့လည်း ကျွန်မကပင် သူ့ကိုမျှော်နေမိသလိုလိုရှိ၏။

"လာပါတော့ ခါခါနော့ မာလာဖော့
ကြုံတဲ့လေးနာရီ ထိုးပြီ ထိုးပြီ"

ဟု တစ်ဆောင်တည်းနေ သူငယ်ချင်းများကပင် နောက်တောက်တောက်ပြောင်တောင်တောင်လုပ်နေကြပြီ။

တစ်ခုသောညနေခင်းမှာတော့ ဝေထွန်းက စကားအဆန်းတွေပြောလာသည်။

"တင်လေးရယ် ငယ်ငယ်ကတည်းက တွယ်မိခဲ့တဲ့သံယောဇဉ်ခုတော့ တင်လေးကို မမြင်ရမနေနိုင်အောင်ချစ်မိပြီ။ ကိုယ့်ဘဝအဖော်မွန်အဖြစ်လည်း ရည်ရွယ်မိပါပြီ။ ဒါကို မင်းလက်ခံစဉ်းစားစေချင်ပါတယ်"

ကျွန်မရင်ထဲမှာ နွေးကနဲဖြစ်သွားပါသည်။ ခေါင်းနပန်းကြီး၍ တုန်လှုပ်သွားမိပါသည်။ မနည်းအိနြေ္ဒဆည်ထားရပါသည်။ သူ့အပြောကိုကြားလိုက်ရပြီး ကျွန်မငြိမ်နေလိုက်မိပါသည်။ ထပ်၍မေးသော သူ့အမေးကို ဘာမျှမဖြေ၊ ကျွန်မ ခေါင်းမညိတ်မိပါ။ သို့သော် ခေါင်းလည်း မခါခဲ့မိပါ။

"မင်းပြန်ပါတော့ ဝေထွန်းရယ်"

ဝေထွန်းသည် လေးကန်သောခြေလှမ်းများနှင့် ပါလာခန်းမှ ထွက်သွားသည်။ ကျွန်မလည်း အဆောင်ပေါ်သို့ အပြေးကလေးတက်ကာ အခန်းတံခါးကိုပိတ်၍ အိပ်ရာမှာလှဲနေမိခဲ့သည်။

ချစ်ရေးခင်ရေး အိမ်ထောင်ရေးဆိုသည်မှာ အချိန်ယူစဉ်းစားနိုင်မှ တော်ကာကြမည်။ ရှေးက မြန်မာတို့သည် အိမ်ထောင်ဘက်ရွေးရာ၌ သုံးနှစ်သုံးမိုးလေ့လာအကဲခတ်ပြီးမှ ထိမ်းမြားလက်ထပ်ခဲ့ကြသည်။ သို့ဖြစ်၍လည်း ရိုးပြာမြေဝယ်မြေသည့်တိုင် ပေါင်းဖော်ခဲ့ကြသည်။



ကုန်သွယ်၊ လယ်လုပ်၊ သားမွေး၊ ရှင်ပြု၊ ဘုရားတည်၊ ကျောင်းဆောက်မြင်မြန်မာ့လူ့အဖွဲ့အစည်းကို ထိန်းကျောင်းခဲ့ကြသည်။ ယခုအခါလည်း အချစ်ရေး၊ အချစ်ရာမှာ လုံလောက်သောအချိန်ယူ၍ စဉ်းစားကြရတော်မည်ဟု ကျွန်မယုံကြည်ပါသည်။ ဘဝကို အဆုံးအဖြတ်ပေးမည့်စာမေးပွဲအောင်ဖို့ကလည်း အရေးကြီးသေးသည်။ ချစ်တာပမာနဟုဆိုကြသော်လည်း ချစ်တာလေးတစ်ခုနှင့်တော့ မပြီးသေး။ ဘဝရေးရာကလည်း တွေးစရာတွေအများကြီးရှိသေးသည်။

ထိုစဉ်က ကျွန်မမှာ အိပ်မပျော်သောစိတ္တဇညများရှိခဲ့ပါသည်။ အချစ်ကိုပေါ့ပေါ့မတွေး၊ ဘဝနှင့်ယှဉ်၍ အလေးအနက်တွေးခဲ့ပါသည်။ ဝေထွန်းက ကျွန်မနှင့် ဇာတိမြို့တည်းနေ၊ တစ်ရေတည်းသောက်၊ ငယ်ပေါင်းကြီးဖော်တွေဖြစ်သည်ကတစ်ကြောင်း။ နှစ်ဖက်မိဘမျိုးရိုးပြဿနာ တစ်စုံတစ်ရာမရှိသည်ကတစ်ကြောင်း၊ သူ၏ယောကျ်ားကောင်းပီသသော ဥပဓိရုပ်၊ စိတ်နေစိတ်ထားနှင့် စွမ်းရည်ကို သိမြင်ရသည်ကတစ်ကြောင်းတို့ကြောင့် ကျွန်မခေါင်းညိတ်ခဲ့ရပါသည်။

သူနှင့်ကျွန်မ တက္ကသိုလ်နယ်မြေမှာ မေတ္တာစကားတွေဆိုခဲ့ကြသည်။ တတွဲတွဲမခွဲဘဲ သစ္စာဆုတွေပန်ခဲ့ကြသည်၊ အင်းလျား၊ ရတနာ၊ ကန်တော်သာမှာ ပြာပြာလဲ့လဲ့၊ လှိုင်းဘောင်ဘင်ဖွဲ့သလို စကားတွေဖောင်ဖွဲ့မှာတမ်းတွေတောင် ချွဲခဲ့ကြသည်။ သီချင်းတွေဆို၊ ချစ်တင်းတွေပိုခဲ့ကြသည်။

စိန်ပန်းတွေမြေမှာလူး၍ ကံ့ကော်ပန်းတွေဖူးပွင့်သော တက္ကသိုလ်နယ်မြေမှာပါ။

ချစ်ရက်ရှည်ရှည်၊ အင်းလျားမြေမှာ ကံ့ကော်ပန်းတွေ ငါးကြိမ်ပွင့်ခဲ့ပြီ၊ အရွယ်ဆိုသော အသက်ပိုင်းက စကားတွေပြော[illegible]ပြီ။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်နောက်ဆုံးနှစ်ရောက်တော့ သူက လက်ထပ်ဖို့စကားတွေ ပြောလာပြီ။ ဘဝစီမံကိန်းတွေ သူကချလာပြီ။ သူပြောသမျှကို ကျွန်မ နားထောင်ပါသည်။ နားထောင်ရင်း ကျောက်ခဲကလေးများကို ကန်ရေပြင်သို့ ပစ်ချလိုက်သောအခါ လှိုင်းဂယက်ကလေးတွေထသလို ကျွန်မ ရင်ထဲမှာလည်း ဘဝအတွေးလှိုင်းဂယက်တွေထနေပါသည်။ သူ့ဘဝ စီမံကိန်းမေတ္တာတိုင်းပြည်မှာ သူကသစ္စာရှင်ဘုရင်တစ်ဆူဖြစ်ပြီး၊ ကျွန်မက အေဝီဘွဲ့ခံပင်တိုင်စံဟု ပြောနေတတ်ပါသည်။

ဒီဇင်ဘာလ၏ တစ်ခုသောနံနက်ခင်းမှာတော့ ကျွန်မအခန်းသို့ ကြေးနန်းစာတစ်စောင်ရောက်လာသည်။ ကံကြမ္မာအလှည့်အပြောင်းတစ်ခု ကို ကျွန်မကြုံရပြီ၊ အဖေအသည်းအသန်ဖြစ် အမြန်လာ ဟူ၍ဖြစ်ပါသည်။ ကျွန်မမြို့ကိုပြန်ရောက်တော့ အဖေဆုံးရှာပြီ။ ကျွန်မဘဝမှာ ရွှေတောင်ကြီးပြိုပြီ။ နေမင်းလည်းကွယ်ပါပြီ။ ကျွန်မချုံးပွဲချငိုကြွေးခဲ့ရပါသည်။ စာမေးပွဲဆက်ဖြေချင်စိတ်မရှိ၊ မပြန်ချင်ပြန်ချင်နှင့်သာ ကျောင်းကိုပြန်ခဲ့ရသည်။ အဖေ့ကိုလွမ်းနေဆဲမှာပင် အမေ့ကိုသနားလာမိသည်။

အမေခမျာ မုဆိုးမတစ်ဦးအနေဖြင့် ဘဝကိုရုန်းကန်ရရှာတော့သည်။ ကျွန်မအောက် အရွယ်မရောက် နို့နံ့မစင်သေးသော လူမမယ်ညီမ သုံးယောက်ရှိသေးသည်။ ကျွန်မက အကြီးဆုံးသမီး။ ကျွန်မသာ ဖေးမ မကူလျှင် အမေဒုက္ခရောက်ရှာတော့မည်။ အလယ်တန်းပြဆရာမလစာ ကလေးနှင့် ဘယ်လိုမှမဖြစ်၊ ဘုစုခရုကလေးတွေ လူလားမြောက်အောင် ပညာသင်ပေးဖို့ကရှိသေးသည်။ ရေနည်းငါးငယ်ပမာဖြစ်နေရှာသော ဤကလေးတွေကို စွန့်ခွာထွက်သွားရန် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ မိမိချစ်သူနှင့်လက်တွဲ၍ ကိုယ့်လမ်းကိုယ်လျှောက်ဖို့ဆိုသည်မှာ အကြင်နာ မဲ့ဆုံးလုပ်ရပ်ဖြစ်ပါလိမ့်မည်။ အမေ့ကိုဖေးမ၊ ညီမငယ်တွေကိုလက်တွဲ ပြီး ခက်ခဲသောဘဝလမ်းကို လျှောက်ဖို့သာကျွန်မရဲ့ရဲဆုံးဖြတ်မိခဲ့ပါသည်။



နောက်ဆုံးစာမေးပွဲဖြေအပြီး အိမ်ပြန်ဖို့တစ်ရက်အလိုမှာတော့ သူ ကျွန်မအဆောင်ပါလာခန်းမှာ လာတွေ့ပါသည်။

"အဖေ့ကိစ္စရော၊ စာမေးပွဲဖြေတာရောနဲ့ တင်လေး နည်းနည်းတော့ ပိန်သွားတယ်နော်"

"ဟုတ်တယ်၊ စိတ်ရောလူရော သိပ်ပင်ပန်းလွန်းလှပါတယ်"

ကျွန်မစိတ်မရွှင်လန်းမှန်းသိ၍ သူစကားတွေအကောင်းဆုံးကြိုးစား ပြောနေပါသည်။ သူအလွန်အကင်းပါးလှပါသည်။ ကျွန်မစိတ်ပြောင်း သွားအောင် စကားလမ်းကြောင်းတွေအမျိုးမျိုးလွှဲပြောင်းပြောနေသည်။ ရှေးဟောင်းနှောင်းဖြစ်ကလေးတွေပြောသည်။ စိတ်ဝင်စားစရာ သူ့အတွေ့ အကြုံလေးတွေပြောသည်။ မရယ်ချင်သော်လည်း ပြုံးလာအောင် ရယ်စရာ မောစရာကလေးတွေပြောသည်။ ကျွန်မဝါသနာပါသည့် မြန်မာ့ ဂီတအကြောင်းလေးတွေ သူပြောပြသည်။ လှိုင်ထိပ်ခေါင်တင်၏ ဘောလယ်သီချင်းတွေနှင့် ရေယမုံပတ်ပျိုးအကြောင်းတွေကို သူက ပြောပြ နေပြန်သည်။ သူနှင့် စကားလက်ဆုံကျရတော့လည်း ကျွန်မစိတ်သက် သာသလိုလိုရှိသည်။ အနောက်ဘက်သို့ နေဝင်တော့မည်။ နေလုံးနီစ ပြုပြီ၊ ပါလာချိန်လည်း ပိတ်ခါနီးလာပြီဖြစ်သည်။ သည်အခါမှ သူက လေသံအေးအေးကလေးဖြင့် …

"ဒါ့ထက် တင်လေးရယ် ကျောင်းတွေပိတ်ပြီးတော့ အလုပ်တွေ ဝင်တော့ တို့တစ်တွေ ကိုယ့်လမ်းကိုယ်လျှောက်ရတော့မယ်။ တင့်နေတော့ မေးပါရစေတင်လေးရယ်၊ တို့လက်ထပ်ဖို့ကိစ္စကို ဘယ်တော့လောက် စီစဉ်ကြမလဲ"

ကျွန်မဘာမျှ ပြန်မပြောမိ၊ ချက်ကောင်းအထိခံလိုက်ရသော ကြောင် ကြီးလို ငိုင်သွားမိသည်။ အတန်ကြာမှ ကျွန်မရင်ထဲက စကား[illegible]ကို မနည်းအားယူ၍ ပြောလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝေထွန်းရယ် ငါ့မှာ သနားစရာကောင်းတဲ့အမေနဲ့၊ အားငယ်နေတဲ့ ညီမလေးတွေရှိသေးတယ်။ ငါရှန်းရပါဦးမယ်။ ဘယ်တော့ လက်ထပ်မယ်ဆိုတာတော့ ငါမပြောနိုင်သေးတာအမှန်ပဲ"

သူငိုင်ကျသွားပါသည်။ သူ့မျက်နှာလည်း ညှိုးလျှော်နေပါသည်။ သက်ပြင်းရှည်ကြီးများကိုသာ သူမှုတ်ထုတ်နေပါသည်။

"ငါ့ကိုစောင့်နိုင်ရင်လည်းစောင့်ပါ၊ မစောင့်နိုင်ရင်လည်း ..."

သူက ကျွန်မပါးစပ်ကိုလှမ်းပိတ်လိုက်ပါသည်။ ထိုနေ့က ကျွန်မတို့ နှစ်ယောက်ထဲ စကားတွေအများကြီးပြောခဲ့တဲ့နေ့ပါ။

အဖေသာရှိရင် ဘယ်လောက်ပီတိတွေဖြစ်နေမည်မသိ။ ကျွန်မ အထက်တန်းပြဆရာမအဖြစ် စတင်အမှုထမ်းရသောအခါ ပထမဆုံး ထုတ်ရသောလစာကို အားလုံး အမေ့လက်ကိုအပ်လိုက်သည်။ အမေ့ လက်တွေက တုန်ရီနေ၏။ သူ့အသံကလည်း တုန်ယင်နေသည်။ ဝမ်းသာ လွန်း၍ မျက်ရည်များပင်လည်နေ့ရှာသည်။

"သာဓုကွယ် သာဓုသာဓု မိဘကိုလုပ်ကျွေးတဲ့ ငါ့သမီးကြီး ကျန်းမာ ပါစေ၊ ချမ်းသာပါစေ၊ ဘဝမှာတိုးတက်အောင်မြင်ပါစေတော်"

"အမေဘာမှမပူနဲ့ အမေ့ကို သမီးတစ်သက်လုံးလုပ်ကျွေးမှာပါ။ အရွယ်မရောက်သေးတဲ့ ညီမငယ်ကလေးတွေကိုလည်း သမီးပြုစု ပျိုးထောင်ပေးမှာပါအမေရယ်"

အမေ့နံဘေးတွင် အစီအရီထိုင်၍ ငေးကြည့်နေကြသော ညီမငယ် ကလေးများကို ကျွန်မပို၍သနားလာသည်။ သို့ဖြစ်၍ပင် မိမိဆုံးဖြတ် ချက်ကို ပို၍ခိုင်မာအောင်ချလိုက်ပါသည်။ ငယ်ငယ်တုန်းကလို အမေ့ ရင်ခွင်မှာ ကျွန်မခိုဝင်လိုက်ပါ၏။ အမေက ကျွန်မပခုံးကို တင်းတင်းကျပ် ကျပ်ဖက်ထားလိုက်သည်။ ခဏအကြာမှ ကျွန်မနဖူးဆံစကလေးကို



ပင့်ကာ နမ်းလိုက်သည်။ အမေ၏မေတ္တာအရသာကို ခံစားလိုက်ရ ပါသည်။

အဖေ့သမီးပီပီ ကျွန်မကကျောင်းမှာ ကြိုးစား၍ အလုပ်လုပ်ပါသည်။ စာသင်ရမှာမကြောက်၊ ကျောင်းလုပ်ငန်းတွေလုပ်ရမှာ မပျင်း။ ကိုယ့်မြို့ ကိုယ့်ကျောင်းမှာ အထက်တန်းပြဆရာမလေးလုပ်ရသည်ကို ပျော်ပါသည်။ အမေ့အိမ်ကလေးကလည်း ပြန်လည်စိုပြည်လာပါသည်။ ညီမငယ်တွေ ကလည်း သူ့တာဝန်၊ ကိုယ့်တာဝန်နှင့် အိမ်မှာ အလုပ်လုပ်ကြသည်။ အဖေရှိလျှင် ပို၍ပျော်စရာကောင်းမည်ဟု တမ်းတမိသော်လည်း အမေ၏ အုပ်ထိန်းမှုအောက်မှာ ကျွန်မတို့ နွေးနွေးထွေးထွေးရှိခဲ့ကြသည်။

ကျွန်မ အထက်တန်းပြဆရာမဘဝနှင့် အမှုထမ်းနေစဉ်မှာပင် ဝေထွန်း တစ်ယောက် စက်မှုအင်ဂျင်နီယာတာဝန်ထမ်းဆောင်ရင်း အမျိုးသမီး တစ်ဦးနှင့် လက်ထပ်သွားပြီဟုသိလိုက်ရသည်။ ကျွန်မ၏ရင်ထဲတွင် ဟာကနဲဖြစ်သွားသည်။ စိတ်ထဲတွင် ဝေဒနာတစ်မျိုးကို ခံစားလိုက်ရ ပါသည်။ ငယ်ကချစ် အနှစ်တစ်ရာဟူသော ဆိုရိုးစကားကို ကျွန်မခံစား မိပါသည်။ ချစ်သူတိုင်းလည်းမညားဆိုသော စကားကိုလည်း နားလည် လိုက်ပါသည်။ အခြေအနေမပေး အနေဝေးကြ၍ ကြင်နာယောက်ျား စရာတွေကင်းလာသောအခါ အတိတ်က ကတိစကားလှလှကလေးတို့ သည် ပျက်ယွင်းပျောက်ကွယ်ရသည်သာဖြစ်ပါ၏။ ကိုယ့်ထိုက်နှင့် ကိုယ့်ကံ ကိုယ်သာခံရပါမည်။ ချစ်ခြင်းနှင့်ကွေကွင်းခြင်းဒုက္ခတည်းဟူသော ပစ္စုပ္ပန် မှာ ကျွန်မအတွက်သာ ဖြစ်ပါတော့သည်။

အထက်တန်းပြဆရာမလုပ်သက် အတော်ရလာတော့ အလယ်တန်း ကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်တာဝန်တွေ တိုးမြှင့်ထမ်းဆောင် ရင်း ကျွန်မထားရာနေ စေရာသွားခဲ့ရပါသည်။ တစ်ခုသောမိုး ထိုခုသော အခမ်းအနားမှာ မမျှော်လင့်ဘဲ သူနှင့်တအံ့ဆုံခဲ့သည်။ သူက မင်းသားလေး

www.burmeseclassic.com

www.burmeseclassic.com



ငုံ့ကာ စိတ်မချမ်းမြေ့သောမျက်နှာနှင့် လေချိုကလေး သွေးကာ ကျွန်မကို စကားတွေပြောလာသည်။

"မလွှဲ ရှောင်သာအခြေအနေတစ်ရပ်ကြောင့် ကိုယ်လက်ထပ်လိုက်ရပါပြီ။ ခွင့်လွှတ်ပါလို့ မင်းကိုအနူးအညွတ်တောင်းပန်ပါတယ်။ ကိုယ့်ဘဝမှာ မင်းကိုဘယ်တော့မှ မေ့မရဘူးဆိုတာ မင်းယုံပါ"

ကျွန်မသည် အသံခပ်အုပ်အုပ်ကလေးနှင့်ရယ်လိုက်သည်။ ပြီးမှ "ဝေထွန်းရယ်၊ မင်းနဲ့ငါရဲ့ဇာတ်လမ်းကပြီးသွားပါပြီ။ ပြည်ဖုံးကားလည်း ချလိုက်ပြီ။ ကိုယ့်လမ်းကိုလျှောက်ကြရုံပါပဲ" ဟုဆိုကာ ကျွန်မထိုင်ရာမှ ထပြန်ခဲ့ပါသည်။

ကျွန်မ အလယ်တန်းကျောင်းအုပ်ဘဝရောက်သောအခါ အမေက ပင်စင်အငြိမ်းစားယူရသည်။ အမေက စိတ်ဓာတ်ကျသွားဟန်ရှိ၏။ အမေ့ကို တယုတယအားပေးရသည်။

"အားမငယ်ပါနဲ့အမေရယ်၊ အမေနဲ့ညီမလေးတွေကို ကျွန်မတစ်သက်လုံးလုပ်ကိုင်ကျွေးမွေးမှာပါ"

ကျွန်မကို စိမ်းစိမ်းကြည့်၍ အမေမျက်ရည်ဝိုင်းနေသည်။ ကျွန်မ မေတ္တာဇာတ်လမ်းကို အမေသိတန်သလောက်သိပါသည်။ သို့သော် မချိတင်ကဲနှင့် မသိဟန်ပြုနေရှာသောအမေ။

"ငါ့သမီးက သမီးကြီးပီသပါတယ်ကွယ်၊ မိသားစုအပေါ် သိတတ်လွန်းပါတယ်" ဟု အမေက မကြာခဏပြောတတ်သည်။

ထိုနှစ်မှာပင် အမေနှင့် မိသားစုအတွက် အိမ်အသစ်ကလေးပြန်ဆောက်ပေးလိုက်သည်။ အသက်ကြီးသောအမေ့အတွက် သီးသန့်ဘုရားခန်းတစ်ခန်း ထည့်ပေးထားသည်။ ကျွန်မ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး၊ တိုင်းပညာရေးမှူးတာဝန်တွေထမ်းဆောင်ရင်း



ရပ်ဝေးကပြန်လာတိုင်း အမေ့ဘုရားခန်းမှာ အမေ့ကို ခပ်မှိုမှိုကလေး ထိုင်ရင်း အမေနှင့် စကားတွေပြောနေရသည်ကိုပင် နှစ်သိမ့်ကြည်နူးနေမိပါသည်။ စိတ်ချမ်းမြေ့လှပါသည်။ နောက်ဆုံးတော့ အမေ၏ယုယသောအနမ်းလေးကို ရတတ်မြဲဖြစ်ပါသည်။

မိခင်ကျောင်းတော်ကြီး၏ ရွှေရတုသဘင်ပွဲက နီးလာပြီဖြစ်၍ ကျောင်းသားသစ်/ကျောင်းသားဟောင်းတွေ နီးနီးကြားကြားရှိလာကြသည်။ ပျားပန်းခတ်သလို လှုပ်ရှားနေကြသည်။ ကျွန်မလည်း ကျောင်းသားဟောင်းတစ်ဦးအနေနှင့် ကျောင်းအကြောင်းကို စဉ်းစားရင်း သူ့အကြောင်းတွေက ယှက်နွယ်၍ပါလာသည်။ ရွှေရတုအလွမ်းဇာတ်မှာ မျောနေမိသည်။ ရွှေရတုကျင်းပရေး ကျောင်းသားဟောင်းတွေ အိမ်ထဲကိုဝင်လာကြမှ အတွေးလက်စကပြတ်သွားသည်။ ကျောင်းသားဟောင်း၊ ကျောင်းသားသစ်ဆယ်ယောက်လောက် ရောက်လာကြသည်။ သူတို့ကြည့်ရသည်မှာ ပျော်နေသည်။ သူတို့မျက်နှာများက ခွေစုံမျိုးစုံ ကျူနှယ်ရှိသော အလှူပွဲတစ်ခုမှာတွေ့ရသလို ရွှန်းရွှန်းဝေနေသည်။ ယောက်ျားလေးတွေရော၊ မိန်းကလေးတွေပါစုံသည်။ ညီအစ်ကိုမောင်နှမတွေလို စုစုစည်းစည်းပျော်ပျော်ပါးပါးတွေ့ရသည်။ ကျောင်းရွှေရတုပွဲ၏ ပဏာမအကျိုးဆက်ပင်ဖြစ်ပါသည်။

"ကျောင်းရွှေရတုပွဲက ဘာတွေပါတုန်းဟဲ့၊ ငါ့ကိုပြောကြပါဦး"

"ရွှေရတုပွဲက ဒီဇင်ဘာနောက်ဆုံးသီတင်းပတ်စမယ်။ ဖွင့်ပွဲအခမ်းအနားပါမယ်။ ဆရာကန်တော့ပွဲပါမယ်၊ မိတ်ဆုံစားပွဲကျင်းပမယ်၊ ဖျော်ဖြေရေးပါမယ်၊ ပညာရည်ချွန်ငွေပဒေသာပင်စိုက်ထူပါမယ်၊ ရွှေရတုမဂ္ဂဇင်းထုတ်မယ်ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်စုံတာပဲနော်၊ ဒို့မြို့ဒို့ကျောင်းက သိပ်တော်တာပဲ"

"ဟုတ်တယ်ဆရာမ၊ ဆရာမဆီကို ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့က အလှူခံလာလိမ့်မယ်"

"ထည့်မှာပေါ့တော်"

"ဘယ်လောက်ထည့်မှာတုန်း"

"အများကြီးထည့်မှာပေါ့တော်"

"ဆရာမက သူဌေးပဲ"

"ကျွန်တော်တို့ကတော့ ပြန်ကြားရေးနဲ့ ဖျော်ဖြေရေးဆပ်ကော်မတီကပါ။ ဆရာမကြီးဆီလာတာကတော့ မဂ္ဂဇင်းမှာ စာတစ်ပုဒ်လောက် ချီးမြှင့်ပါဦးလို့ လာပြောတာပါ"

"ဒါလည်း ရေးပေးမှာပေါ့"

"ဘာရေးမှာတုန်းဆရာမရဲ့"

ကျွန်မသည် အတန်ငယ်စဉ်းစားဟန်ပြုပြီးမှ သူတို့ကိုပြောလိုက်သည်။

"အချစ်ဝတ္ထု"

သူတို့တစ်တွေအားလုံး ပွဲကျသွားကြသည်။

"ဆရာမက ကျွန်မတို့ကို စာသင်တုန်းကတည်းက သီချင်းအဆိုကောင်းတယ်။ ကျွန်မတို့ဖျော်ဖြေရေးအဖွဲ့ကိုလည်း အားပေးပါဦး"

"ငါတောင်ပင်စင်ယူဖို့နီးနေပြီ၊ ဒီအရွယ်ကြီးကျမှ မဆိုချင်ပါဘူးဟယ်"

"တီးချားကလည်း ကျွန်မတို့ကျောင်းသားတုန်းက အတန်းထဲမှာ တီချားက သီချင်းဆိုဆိုပြတာလေ၊ ကျွန်မတို့သိပ်သဘောကျတယ်။ အခုလည်း ဆိုပါဦးတီးချားရယ်"

ခပ်သွက်သွက် တပည့်မလေးတစ်ဦးကပြောနေသည်။ ဟိုတုန်းက ကျောင်းပဒေသာ ကပွဲတွေမှာ နေရာတကာပါခဲ့သော ဝါသနာအိုး ကျောင်းသားတစ်ဦးကလည်း ...



"ကျွန်တော်တို့ဆရာမက အသံလည်းကောင်းတယ်၊ ရုပ်လည်းချော တယ်၊ အသက်ကြီးပေမယ့် မပျက်စီးသေးပါဘူး။ ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်၊ ကိုယ့်ကျောင်းတော်နဲ့ကိုယ့်အပေါင်းအဖော်ပဲဆရာမ ရယ်၊ တစ်ပွဲလောက်တော့ နွှဲလိုက်ပါဦး"

"နင်တို့အပြောကောင်းတာနဲ့ ငါတော့ သီချင်းဆိုရတော့မှာပဲ၊ ခေတ်ဟောင်းသီချင်းပဲဆိုမှာနော်"

"ဟုတ်ပြီ ဒါမှ ဒို့ဆရာမကွ၊ ဘာသီချင်းဆိုမှာလဲဆရာမ"

"နေဦး ငါစဉ်းစားဦးမယ်"

ကျွန်မအနည်းငယ်စဉ်းစားမိပါသည်။ ဘာသီချင်းဆိုရမလဲ။ လွန်ခဲ့သောနှစ်လေးဆယ်ခန့် တက္ကသိုလ်ကျောင်းသူဘဝက အကြိုက်ဆုံး သီချင်းကလေးကို သတိရမိပါသည်။

"သီချင်းနာမည်လေး ကြိုပြောဦးဆရာမရဲ့"

"ယုံရခက်ခက်"

သူတို့ကလေးတွေ ပြုံးစိ ပြုံးစိဖြစ်သွားကြသည်။

ရွှေရတုပွဲမှာ ထိပ်ပြောင်ဗိုက်ရွှဲနှင့် စက်ရုံမှူးကြီးဖြစ်နေသူ ကျောင်းသားဟောင်းကြီးဝေထွန်းလာမည်ဟု ကျွန်မသတင်းရပါသည်။ ယုံရခက်ခက်သီချင်းက ဟိုစဉ်က ကျွန်မသူ့ကိုဆိုပြနေကျသီချင်း။

ငယ်ငယ်ကစိတ်ပြန်ပေါ်လာ၍လားမသိ၊ ဒီသီချင်းကလေးနှင့် သူ့နှလုံးသားကို လှုပ်ကစားလိုက်ချင်ပါသည်။

အညာဆောင်း၏ နံနက်ခင်း။

နှင်းမှုန်ကလေးများက တဖွေးဖွေးကျလျက်ရှိသည်။ မြောက်ပြန် လေနုအေးတွင် ချမ်းစိမ့်စိမ့်ရှိသည်။ ကျောင်း၏ရွှေရတုဖွင့်ပွဲအခမ်းအနား ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ အခြေခံပညာညွှန်ကြားရေးမှူးချုပ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တိုင်းပညာရေးမှူးတို့ အခမ်းအနားတက်ရောက်ခဲ့ကြသည်။ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသူကျောင်းသားဟောင်းများ၊ မြို့မိ မြို့ဖများ၊ ဆရာ၊ ဆရာမများနှင့် သိုက်သိုက်ဝန်းဝန်းရှိပါသည်။

နေ့လယ်မှာ အာစရိယပူဇော်ပွဲ ကျင်းပသည်။ ဤကျောင်းတွင် စာပေပညာသင်ကြားပို့ချ၍ ဆုံးမသွန်သင်ခဲ့ကြသော အသက်ခြောက်ဆယ်ကျော် ဆရာဆရာမကြီးများကို ကျောင်းသူကျောင်းသားဟောင်းတို့က ပူဇော်ကန်တော့ကြသည်။ မြန်မာ့စောင်းနှင့် အဆိုတော်တစ်ဦးက "မြတ်ဆရာ" သီချင်းဖြင့် ငြိမ့်ငြိမ့်ကလေးဆိုပေးနေသည်။ အသက်အရွယ်ကြီးရင့်နေရှာပြီဖြစ်သော ဆရာကြီး၊ ဆရာမကြီးများအား ထိခြင်းကြီးငါးပါးဖြင့် ကန်တော့ရ၍ ရင်ထဲတွင် အေးသွားသည်။ နောက်တော့ တဖြည်းဖြည်းလွမ်းလာသဖြင့် မျက်ရည်ကျခဲ့ရသည်။

ညနေခင်းမှာတော့ ကျောင်းသူကျောင်းသားဟောင်းတွေ ပြန်လည်ဆုံတွေ့ခြင်း၊ ညစာစားပွဲခင်းကျင်းသည်။ ထိုပွဲမှာ ဝေထွန်းကို အခြားသူငယ်ချင်းတွေနှင့်အတူ နှုတ်ဆက်စကားပြောခဲ့ရသည်။ ထိပ်ပြောင်ပြောင် ဗိုက်ရွှဲရွှဲနှင့် သူအတော်ရင့်ရော်သွားပြီ။ သို့သော် သူငယ်ရုပ်ကလေးကိုတော့ ရေးရေးမြင်မိပါသေးသည်။

ညမှာတော့ ပဒေသာကပွဲကျင်းပသည်။ လခြမ်းကွေးကလေးသည် နှင်းမှုန်ကြားမှာ ခပ်မှေးမှေးကလေးသာလျက်ရှိသည်။ ကျောင်းဆောင်ကြီးနှင့် ကပွဲစင်မှာတော့ မီးရောင်စုံတွေလင်းနေသည်။ ကာလပေါ်တူရိယာဝိုင်းနှင့် မြန်မာဆိုင်းဝိုင်းကြီးက တစ်လှည့်စီတီးမှုတ်ဖျော်ဖြေနေသည်။ ပရိသတ်စုံတော့ ရွှေရတုပဏာမသီချင်းနှင့် ဖွင့်လိုက်သည်။ ပြီးမှ အလှဝေဖြာသီချင်းပဒေသာတို့ဖြင့် ဖျော်ဖြေသည်။

"ယခုဆက်လက်ပြီး ကျောင်းသူဟောင်းတစ်ဦးဖြစ်တဲ့ ဆရာမကြီးဒေါ်တင်လေးကြည်မှ ယုံရခက်ခက်သီချင်းနဲ့ သီဆိုဖျော်ဖြေပါတော့မယ်ရှင်"



ပရိသတ်က လက်ခုပ်သံတဖြောင်းဖြောင်းနှင့် ဩဘာပေးကြသည်။ ဒီညအဖို့ ကျွန်မအလှဆုံးပြင်ထားသည်။ အကောင်းဆုံးဆိုလိုက်မည်ဟုလည်း အားခဲထားသည်။ ကြည်လင်မြူးကြွသော ဂီတသံစဉ်နှင့်အတူ ခြေဆင်းပိုဒ်ကိုဆိုလိုက်ပြီး ခံစားမှုအပိုင်း၌ ကျွန်မသည် အသံကိုလွှတ်၍ ဆွေးဆွေးမြေ့မြေ့အော်လိုက်သည်။

"မောင် ××× အဲဒီတုန်းက အချစ်ဆုံးဆိုတာ ××× မေတစ်ယောက်ထဲပါ ××× ပန်းပန်ရင် နန်းဆန်လှချီရဲ့လို့ ××× ကိုယ်တိုင်ကိုယ်ကျ ××× သူကပန်ပေးလှာ ××× တစ်ပွင့်ထဲမှ လှတယ်ဆိုပြန်တာ ××× ရောမသစ္စာရှင် သူကဘုရင်တစ်ဆူပါ ××× မေကပွင့်လွှာရှင် ××× ဒေဝီဘွဲ့ပင်ခံရအုံးမတဲ့ကွာ ×××

မေတ္တာပဋိညာဉ်လွှာ ××× ချိန်ခွင်ညှာတင်လို့ ပြောပြပေမဲ့ မယုံတစ်ဝက် ယုံတစ်ဝက်၊ ယုံရခက်ကြီးပါ ယုန်ကောင်ငုံ၍ ယုန်ရုပ်ရေးပြသော်လဲ ××× ယုံရခက်ခက် ××× ခက်လှချီပေါ့ နောင်များတခါ×××

ဘဝလမ်းခရီးတစ်လျှောက်မှာ ××× အကွေ့အကောက် ဆူးငြောင့်ခလုတ်များဟာ တွေ့ကြုံရစမြဲပါ ××× ကြင်နာထောက်ထားစရာ ××× ကင်းလာသောအခါ ××× ဟိုအတိတ်ဆီရယ်က ကတိစကားလှလှ ပျက်ပြယ်ရသည်တခါ ××× ကိုယ့်ထိုက်နှင့်ကိုယ့်ကံ ကိုယ်သာခံရမှာ ××× အပါယ်ငရဲတမျှ ဒုက္ခဟူသရွေ့ကိုသာ ပစ္စုပ္ပန်မှာ ××× ကိုယ့် အတွက်ထားခဲ့ပြီလားကွာ ×××

သီချင်းသံအဆုံးမှာတော့ ပရိသတ်ကြီးက ငြိမ်နေသည်။ ခဏကြာမှ ဩဘာလက်ခုပ်သံများက တဖြောင်းဖြောင်းထွက်ပေါ်လာသည်။ သူငယ်ချင်းများက ကျွန်မကိုလက်ဆွဲနှုတ်ဆက်ကြသည်။ ကောင်းချီးပေးကြသည်။ မီးရောင်အောက်တွင် ဟန်လုပ်၍ အိခြေသည်နေသောဝေထွန်းတို့ ကျွန်မ မြင်လိုက်ရပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ပွဲပြီးတော့ အိမ်ကိုပြန်ခဲ့သည်။ အိမ်မှာတော့ အမေက မအိပ်သေး။ ဘုရားခန်းထဲမှာထိုင်၍စောင့်နေသည်။ ကျွန်မသည် နွမ်းဟိုက်မောမော နှင့် အမေ့ဘေးမှာ ခပ်မှိုမှိုကလေးထိုင်လိုက်သည်။ အမေက ကျွန်မ ပခုံးကလေးကို တယုတယသိုင်း၍ဖက်ထားကာ . . .

"ငါ့သမီးအသံက သိပ်ကောင်းတာပဲ၊ သီချင်းကလေးလည်း လွမ်းစရာ၊ ငါ့သမီးသိမ်လွမ်းနေတယ်ထင်ပါရဲ့၊ ဘဝဆိုတာ ဒီလိုပါပဲသမီးရယ်"

ဟု ပြောပြောဆိုဆို ကျွန်မ၏ဆံယဉ်စလေးများကို သပ်ပေးရင်း၊ ကျွန်မနဖူးကလေးကို နမ်းလိုက်ပါသည်။

"အမေရယ် မိသားစုမှာ သမီးအကြီးဆုံးဖြစ်ရတာ ဂုဏ်ယူပါတယ်၊ အမေနဲ့အတူ ညီမငယ်ကလေးတွေ လူလားမြောက်အောင် ပြုစု ပျိုးထောင်ပေးနိုင်ခဲ့တဲ့အတွက်လည်း ဝမ်းသာကြည်နူးရပါတယ်၊ ရွှေရတုမှာတော့ လွမ်းတာပေါ့အမေရယ်၊ ဒါပေမဲ့ ရွှေရတုအလွမ်း ကို အမေ့အနမ်းနဲ့ပဲ ဖြေပါတယ်"

# ညအမှောင် လရောင်ထင်မိမှား

ညနေခင်းမှာ ညင်းလေကသွေးသည်။ တောပန်းရနံ့တို့ကမွှေးသည်။ ရွာတောင်ဘက်က ရေကန်ကြီးမှာ ရေခပ်ရသည်က ပျော်စရာ၊ ကြည်နူး စရာဖြစ်သည်။ သူငယ်ချင်းအပေါင်းအသင်းတွေနှင့်တွေ့ရသည်။ ချစ်သူ နှင့်ဆုံတော့လည်း ရင်ခုန်ရသည်။

သစ်ချိုပင်ရွာ၏ ညနေရီရေခပ်လမ်းက သာယာလှသည်။ ရွာက အပျိုတွေရေခပ်ဆင်းနေကျ။ ကာလသားတွေလည်းလာသည်၊ ရေထမ်းသူ အပျိုပိုးသူတွေစုံလှသည်။ ပလွေသံသည် ချိုနွဲ့သည်။ မယ်ဒလင်သံက ချိုလွင်သည်။ ဂစ်တာသံက မြူးလာတတ်သေးသည်။

ညွှန့်ကြည်၊ ခင်ထွေး၊ ခင်မြတို့တစ်ဖွဲ့ ရေခပ်လာသည်။ အပြန်လမ်း မှာ ခြေလှမ်းခပ်သွက်သွက်ကလေးလှမ်း၏။ ခေါင်းပေါ်ကရေပြည့်အိုး ရေမဖိတ်အောင်လည်း သူတို့ ဟန်ချက်ညီညီထိန်းနိုင်ကြသည်၊ ညွှန့်ကြည် ကမူ သူ၏ခြေလှမ်းအရှိန်ကို အနည်းငယ်လျှော့လိုက်သည်။ အကြောင်း ကရှိ၏။ နောက်က ရေဆိုင်းထမ်းကို တကျွိကျွိမြည်အောင် ထမ်း၍ ခြေလှမ်းကျဲကျဲနှင့်လိုက်လာသူကို လှည့်မကြည့်ဘဲနှင့် သိနေသည်။ မောင်မင်းကြီးသားလူညိုချောမြင့်ကျော် . . .။

အနီးရောက်မှ ညွှန့်ကြည်က အနည်းငယ်ငဲ့၍ အသိအမှတ်ပြုလိုက် သည်။

"ညွှန့်ကြည်"

"ပြောတော်မူပါ၊ နားဆင်လျက်ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်စပ်စပ်မလုပ်နဲ့ ငါနင့်ကိုပြောစရာတွေအများကြီးရှိတယ်"

"ပြောလေ"

"နင်တို့အိမ်မှာ ရန်ကုန်ကညွှန့်သည်တစ်ယောက်ရောက်နေတယ်ဆို"

"ဟုတ်ပါတယ်"

"ဒီကောင်က ရုပ်ရည်သနားကမားနဲ့ လူပျိုဆို၊ လူလည်တစ်ယောက်လို့လဲပြောကြတယ်၊ နင်တို့နဲ့အမျိုးလား၊ အသိမိတ်ဆွေလား"

"အမျိုးမတော်ပါဘူး၊ အမေတို့ အမတို့ ရန်ကုန်ဘုရားဖူးသွားတုန်းက ရထားပေါ်မှာ ရင်းရင်းနှီးနှီးခင်မင်ခဲ့သူတဲ့၊ ရန်ကုန်ရောက်တော့လည်း ကားနဲ့ဘုရားတွေအစုံပို့ပေးပြီး ကူညီခဲ့သတဲ့"

"သူက ဘာလုပ်လာတာတဲ့တုန်း"

"ဒီဘက်တောင်ပေါ်ဒေသက ပယင်းထွက်တယ်ဆိုလို့ တွင်းထွက်ပယင်းစစ်စစ်ကလေးတွေ ရချင်လို့တဲ့၊ အမေနဲ့ပြောနေသံကြားတာပဲ"

မြင့်ကျော်၏ ရေထမ်းပိုးက တကျွိကျွိမြည်သောအသံသည် သူတို့၏စကားပြောခန်းကို နောက်ခံစည်းချက်လိုက်ပေးသလိုရှိသည်။ ခပ်လှမ်းလှမ်းဆီမှ ပလွေသံကလည်း "ဂုဏ်ရည်မတူ" သီချင်းကို ဆွေးဆွေးမြေ့မြေ့ကျူနေသည်။ မိုးကောင်းကင်က ပုံသွားသောဖျိုးအောက်တစ်အုပ်ကလည်း သူတို့နှစ်ဦးကို လှောင်လေသယောင် အော်ဟစ်သွားကြသေးသည်။

"ငါတော့ ဒီကောင်ကို ကြည့်မရဘူး၊ နင် သူ့ကိုအရောမဝင်နဲ့"

"ဟောတော့ ငါက ဘာလုပ်သေးလို့တုန်း"

"ညွှန့်သည်ဆိုတော့ နင်ကညွှန့်ခံရမယ်၊ ပြုစုရမယ်၊ အနေနီးတော့ ငါစိတ်မချဘူးဟ၊ နင့်အမေကလည်း မြို့သားတွေ၊ ပိုက်ဆံရှိတဲ့လူတွေမှ အထင်ကြီးတာ"

ညွန့်ကြည်က နှုတ်ခမ်းကလေးတွေမဖွင့်ဘဲပြုံးလိုက်သည်။ ပြီး



"စိုးရိမ်တတ်ရန်ကောမြင့်ကျော်ရယ်" ဟု ခနဲ့လိုက်သည်။ ရွာဝင်ခါးရောက်မှ နှစ်ယောက်သားလမ်းခွဲ၍ မိမိအိမ်ဆီသို့ ပြန်ခဲ့ကြသည်။

ညွန့်ကြည်နှင့် မြင့်ကျော်တို့ မေတ္တာရှိနေကြမှန်း သစ်ချိုင်ရွာတစ်ရွာလုံးကသိသည်။ သက်တူရွယ်တူ၊ တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်၊ ရေ့သွားနောက်လိုက်ညီသူများဖြစ်၍ တစ်ရွာလုံးကသဘောကျကြသည်။

ညွန့်ကြည်တို့က ရက်ကန်းစင်ကလေး၊ အိမ်ဈေးဆိုင်ကလေးနှင့်သောင်သာသည်။ မြင့်ကျော်ကမူ မုဆိုးမသား၊ လယ်ကူလီ၊ ယာကူလီအလုပ်သမား။

အဖေကလည်း သဘောမတူ၊ အမေကလည်း သဘောမတူ။

ညွှန့်သည်ရောက်နေသည်မှာ နှစ်လခန့်ရှိသွားပြီ။ ညွှန့်ဝတ်ကျေမှန်၍ ဖော်ရွေတတ်သော အညာဓလေ့ကြောင့် ညွှန့်သည်မှာ ညွန့်ကြည်တို့တစ်အိမ်သားလုံးနှင့် ရင်းနှီးနေပြီ။ ညွှန့်သည်က လူရည်မွန်၊ လူရည်သွက်။ တစ်ရွာလုံးလိုလို မိတ်ဆွေဖြစ်နေပြီ။ ရွာက အုပ်ချုပ်သူလူကြီးများနှင့်လည်း အဆင်ပြေသည်။ သူလိုချင်သော ပယင်းစစ်စစ်ရဖို့ တောရွာတွေသွားလိုက်၊ တောင်ပေါ်ရွာတွေသွားလိုက်၊ မြို့သို့သွားလိုက်နှင့် နားနေသည်တော့မရှိပါ။

သည်ကနေ့လည်း နံနက်စောစောကပင် တောင်ပေါ်ရွာများဆီသို့ထွက်သွားသည်။ အမေကဖွပ်လျှော်ပြီးသော လုံချည်နှင့် အကျီင်္ကလေးများကို သူ့ခုတင်ပေါ်သို့ သွားတင်လိုက်ပါဆို၍ သူနေသောအခန်းထဲသို့ ညွန့်ကြည်ဝင်ခဲ့မိသည်။

"အလို ဘုရား ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ညွှန့်ကြည်၏ပါးစပ်က အသံကလေးထွက်အောင်ရေရွတ်လိုက်မိသည်။ အကြောင်းမှာ အိပ်ရာဘေးမှ သားရေသေတ္တာကြီးမှာ သော့တန်းလန်းကြီးနှင့် မပိတ်ဘဲထားခဲ့သောကြောင့်ဖြစ်သည်။ ညွှန့်ကြည်အတန်ငယ်တွေ၍ စဉ်းစားမိ၏။ သော့ခတ်လိုက်ရကောင်းမလား။ ဒီအတိုင်းပဲထားလိုက်ရကောင်းမလား။ အပြန်အလှန်စဉ်းစားနေမိသည်။ သော့ခလောက်ကလေးကိုလက်ကကိုင်လိုက်၊ ပြန်ချလိုက်ဖြစ်နေသည်။ သေတ္တာဘေးက ဆွဲထားသောကတ်ပြားကလေးမှာတော့ ...

"ဦးခင်မောင်တင်၊ မန်နေဂျာ" ဟု ရေးထားသည်ကိုတွေ့ရသည်။ ညွှန့်ကြည်မှာ မိန်းကလေးပီပီ သိချင်စိတ်ကလေးက ဝင်လာသည်။ သေတ္တာကိုရုတ်တရက်ဖွင့်ကြည့်လိုက်မိသည်။

"*ဟာ ဟယ်*" ညွှန့်ကြည်အံ့အားသင့်သွားရပြန်သည်။ သေတ္တာထဲမှာ ငွေစက္ကူတွေ၊ တစ်ထောင်တန်၊ ငါးရာတန်အထပ်လိုက်၊ အထပ်လိုက်။ ညွှန့်ကြည် ဒီလောက်များသောငွေတွေ တစ်ခါမှမမြင်ဘူး၊ မကိုင်ဘူးပါ။ သူ့တစ်ကိုယ်လုံး တုန်သွားသည်။ ညွှန့်ကြည်သည် ခြေဖျားကလေးများဖြင့် အသာအယာဖွနင်း၍ အခန်းတွင်းမှ ထွက်လာခဲ့သည်။ သူ့ရင်ထဲမှာတော့ တလှပ်လှပ်ဖြစ်နေသည်။

လွန်ခဲ့သောသီတင်းတစ်ပတ်ခန့်ကလည်း အမေ့အနီးမှာ ညွှန့်ကြည်ရှိနေစဉ် အဖေနှင့်အမေကို ညွှဲသည် ကိုခင်မောင်တင်က ကန်တော့ငွေတွေပေးနေသည်ကို တွေ့ခဲ့ရသည်။

"အမေတို့ဆီက ရှေးဟောင်းပယင်းနားဋ္ဌောင်းတစ်ရံ၊ ပယင်းပုတီးတစ်ကုံး၊ ပယင်းဟင်္သာရုပ်ကလေးတစ်ခုရလို့ အလွန်ဝမ်းသာပါတယ်၊ ဒါအတွက် ငွေငါးသောင်းကန်တော့ပါတယ်' ဟုပြော၍ ငွေစက္ကူတွေ တစ်ထပ်ကြီးပေးသည်။

"အဖေတို့ကို မိဘလိုပဲ ရှိသေမြတ်နိုးပါတယ်။ သမီး မညွှန့်ကြည်



ကိုလည်း ညီမလေးအရင်းလိုချစ်ပါတယ်။ ဒီတစ်ခါမြို့ရောက်ရင် ညီမအတွက် အဝတ်အစားတွေဝယ်ပေးဦးမယ်" ဟု ပြောသည်။ ရှန်နေသော သူ့အပြောကြောင့် ညွှန့်ကြည်ငေးမော၍သာ နားထောင်နေခဲ့မိပါသည်။

တန်ဆောင်မုန်းလ၏ ညတစ်ညဖြစ်၍ လမင်းက ရှန်ဖြိုးသောနေသည်။ ညွှဲသည် ကိုခင်မောင်တင်က စောစောစီးစီး ဘုရားရှိခိုး၍ အိပ်ရာဝင်ပြီ။ ညွှန့်ကြည်၊ မိတိုး၊ မြသီနှင့် ခင်မြတို့သာ အိမ်နံဘေးရှိ လရောင်ဆန်းသောကွပ်ပြစ်သာမှာစု၍ ဗိုင်းငင်နေကြသည်။

"လမင်းထိန်ထိန်သာလေ့
မောင်ကြီးလာပါပြီလေ့
ညချမ်းချိန်ခါမှာလေ့
ပျိုလေးဘယ်ဆီမှာလေ့" မြသီက ဗိုင်းငင်ရင်း ခေတ်ဟောင်းသီချင်းတစ်ပိုင်းတစ်စကို လေသံအေးအေးလေးနှင့် ဆိုလိုက်သည်။

"ဟဲ့ ကောင်မ၊ တကယ်လာလိမ့်မယ်နော်"

"လာစမ်းပါစေအေ၊ လူပျိုတကယ်လာတော့လည်း ခွဲ ပြလိုက်မှာပေါ့" အားလုံးက ခပ်အုပ်အုပ်ကလေး ရယ်လိုက်ကြသည်။

"လူပျိုမောင်ကြီးက ဒို့အိမ်မလာပါဘူးအေ။ ညွှန့်ကြည်တို့အိမ်ကိုသာ ရတနာပုံဆိုက်နေတာတော့" ဟု မိတိုးက ခနဲ့လိုက်သည်။

ညွှန့်ကြည်က သဘောမကျသဖြင့် နှုတ်ခမ်းစူနေသည်။ သီချင်းအဆိုဝါသနာပါသောမြသီက ညွှန့်ကြည်၏ လရောင်ဖျန်းနေသော မျက်နှာကလေးကို စေ့စေ့ကြည့်ကာ ...

"ရွှေနှင်းဆီငုံကလေးနှယ်
နှုတ်ခမ်းတော် စူလွန်းတယ်" ဟု အသံနေ၊ အသံထားနှင့် သီချင်းဆို၍ ပြောင်နေသည်။ ညွှန့်ကြည်မရယ်ဘဲ မနေနိုင်။

"ဟော့ကောင်မ၊ ရယ်မနေနဲ့တော့၊ ငါ့ဆီမှာလည်းအကြောင်းတို

www.burmeseclassic.com

www.burmeseclassic.com



ရွှေညှိသည်ကြီးက စုံစမ်းမေးမြန်းနေပြီ'' ဟု ခင်မြက ပြောလိုက်သည်။ ညွန့်ကြည်သည် အထိတ်တလန့်ဖြစ်သွား၏။

''ဘာ ဘာတွေမေးတာတုန်း၊ ငါနဲ့မြင့်ကျော်အကြောင်းကိုတော့ ပြောလိုက်သေးသလား'' ညွန့်ကြည်အသံက တုန်ရီရီအသံပါလာသည်။

''ဒီလောက်အထိတော့ ငါမပြောလိုက်ပါဘူးကောင်မရယ်။ ငါသိ တတ်ပါတယ်။ ဘာလဲ ညည်းကပြောလိုက်မှာစိုးနေပြီလား''

''အဲသလိုတော့မဟုတ်ပါဘူးသူငယ်ချင်းရယ်''

ထိုအခိုက် အိမ်ဝင်းထောင့်ရှိ ကုက္ကိုပင်ကြီးပေါ်က ဖီးကွက်တွေကလည်း ''ဖီးကွက် ဖီးကွက်'' ''ဒို့လာဘ် ဒို့လာဘ်'' အော်ကြသည်။

တန်ဆောင်မုန်းည၏ လရောင်ကရွှန်းမြနေသည်။ လသာကြမ်းပြင်ဗိုင်းရစ်ခွင်ကလည်း မြူးကြွနေပါသည်။

လယ်သိမ်းပြီးချိန်၊ ယာသိမ်းပြီးချိန်များမှာဆိုလျှင် မြင့်ကျော်တို့လို လယ်ယာလုပ်သားတွေအားနေသည်။ ဤအချိန်မျိုးတွင် ဝါသနာပါ၊ အပျော်လုပ်ငန်းအဖြစ် တောလည်၍ချိုးတည်ခြင်း၊ ခါတည်ခြင်း၊ ယုန်လိုက်ခြင်း၊ သမင်လိုက်ခြင်းအမှုတို့ကိုပြုကြ၏။ တောခလေ့၊ တောသဘာဝပင်ဖြစ်သည်။

မြင့်ကျော်နှင့် ကိုကြီးအောင်ထွန်းတို့သည် ရွာ၏အရှေ့ဘက်ကျစ်ကန်ကုန်းဆီသို့ ထွက်ခဲ့ကြသည်။ အချိန်မှာ မှောင်ရီပြိုးစ၊ ညီအစ်ကိုမသိတသိအချိန်ဖြစ်သည်။ ယနေ့ည ယုန်မီးအိုးရိုက်ရန် သူတို့ထွက်ခဲ့ကြခြင်းဖြစ်သည်။ မြင့်ကျော်မှာ ပလတ်စတစ်ပုံးပြတ်တွင် ခြောက်မို့ဘက်ထရီအိုးထည့်၍ သိုင်းကြိုးဖြင့်လွယ်ထားသော မီးကရိယာပါသည်။ ဘက်ထရီအိုးမှ ဝါယာကြိုးဖြင့် ငါးခဲထိုးမီးသီးလက်နှိပ်မီးစလောင်းနှင့် ဆက်ထားသည်။ ခလုတ်နှိပ်လိုက်လျှင် လင်းထိန်သွားသည်။ လွယ်အိတ်ထဲမှ ဘတ်ခွ



နှင့် လောက်စာတွေပါသည်။ ရှစ်တောင်ခန့်ရှည်သော အဆစ်ပိတ်ဝါးတစ်ချောင်းလည်းပါသည်။ ခါးမှာ ဓားတစ်လက်ကလည်းထိုးထားသည်။ ကိုကြီးအောင်ထွန်းမှာလည်း ဤအတိုင်းပင် လက်နက်ကရိယာ အစုံအလင်ပါသည်။ နှစ်ယောက်သားစကားတပြောပြောနှင့် လာခဲ့ကြသည်။ ကျစ်ကုန်းအရောက်မှာတော့ အတော်မှောင်နေပြီ။

''ကျုပ်တို့ဘယ်တောသွားမလဲ''

''မြောက်ဘက်က ထိန်ကန်တောသွားကြတာပေါ့ကွာ၊ အဲဒီမှာ ယုန်တွေပေါတယ်''

တောရိပ်ကမှောင်နေသည်။ ကောင်းကင်က အလင်းရောင်ကလေးနှင့် လာခဲ့ကြသည်။ ထိန်ကန်တောအဝင်မှာတော့ တောထိုင်ရသည်။ ကိုကြီးအောင်ထွန်းက အဆင်သင့်ပါလာသော လက်ဖက်ထုပ်ကလေးနှင့် ဆန်ထုပ်ကလေးကို သစ်ပင်ခြေကအမြစ်ဆုံပေါ်မှာတင်၍ တောစောင့်နတ်၊ တောင်စောင့်နတ်များကို တိုင်တည်သည်။ ပြီးလျှင် ဆန်ပန်းများကြဲ၍ တောထဲသို့ဝင်ခဲ့ကြသည်။

ကိုကြီးအောင်ထွန်းက မီးကိုဖွင့်လိုက်၏။ လက်ထဲမှာအသင့်ပါလာသော နှီးပြားကလေးများကို အပေါက်ဖောက်၍ တွဲထားသောသံနန်းကွင်းတစ်ခုပါသည်။ လှုပ်လိုက်တိုင်း တချပ်ချပ်မြည်နေသည်။ ပုစဉ်းကောင်ကလေးများ တောင်ပန်ခတ်သလိုမြည်နေသည်။ ယုန်မီးအိုးရိုက်ရသောအလုပ်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဦးစွာ ပထမ သွားဖော်လာဖက်၊ ရဲဘော်ရဲဘက်ရွေးရသည်။ စိတ်တူကိုယ်တူ သူငယ်ချင်းတွေမှ ကောင်းသည်။ ရက်နှင့်အချိန်လည်းရွေးရသည်။ လမိုက်သောညများကိုရွေးရသည်။ မိုးလည်းမရွာ လေလည်းမတိုက်သောညကို ရွေးရသည်။

ကိုကြီးအောင်ထွန်းနှင့် မြင့်ကျော်တို့သည် စည်းဆိုင်ချိုင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မနီးမဝေး မြက်ခင်းတစ်လျှောက် အသာအယာလျှောက်လာခဲ့သည်။ မီးရောင်ကို မြက်ခင်းပေါ်သို့ ခပ်စိုက်စိုက်ကလေးထိုးထားသည်။ လက်ထဲက ကြေးနန်းကွင်းကလေးကို အဆက်မပြတ်လှုပ်ပေး၏။ "ချပ်ချပ် ချပ်ချပ်" မြည်နေသည်။ ယုန်ကလေးတို့ကတော့ ပုစဉ်းကလေးတွေ၊ ပလူကလေးတွေပျံနေသည်ဟု ထင်နေကြမည်။

မှောင်ထဲက ယုန်အဖြူကလေးတစ်ကောင် ပြေးထွက်လာသည်။ ဖါဖါထိန်ထိန်အလင်းရောင်ကို သူ့သဘောကျနေသည်။ ပထမတော့ ထိတ်ထိတ်ပြာပြာနှင့် ပတ်ဝန်းကျင်ကို စိတ်မချ၍ ဟိုကြည့် ဒီကြည့်ကြည့်သည်။ နှာခေါင်းကလေးရှုံ့ချီတွချီလုပ်၍ အနံ့ခံကြည့်နေသည်။ နောက်တော့ အလင်းရောင်ကို သူ့သဘောကျသည်။ အလင်းရောင်အောက်မှာ ဆော့ကစားနေသည်။ ထိန်ထိန်သာသောလရောင်အောက်တွင် ကစားနေကျ၊ ယခုလည်း လရောင်နှင့် တွေ့ပြန်ပြီဟု သူထင်နေသည်။

မြင့်ကျော်က ရှစ်တောင်ခန့်ရှိသောဝါးလုံးကို နောက်ကျောမှာပိုး၍ အထက်သို့ထောင်ကာ အမှောင်ထဲက အသင့်ရပ်နေသည်။ ယုန်ကလေး ကြည်နူး၍ငြိမ်နေစဉ်တွင် ဝါးလုံးဖြင့် အထက်ကမိုး၍ ခပ်မြန်မြန်ကလေး ဖိရိုက်လိုက်သည်။ ယုန်ကလေးမှာ ဝါးလုံးအောက်တွင်ပိနေ၏။ ကိုကြီးအောင်ထွန်းက ဟန်မပျက်မီးထိုးထားရသည်။ မြင့်ကျော်က ဝါးလုံးကို မကြွစေဘဲ ခြေနှင့်နင်း၍ ယုန်ကလေးကိုကောက်လိုက်ရသည်။ ယုန်ကလေးက သေရှာပြီ။ နှစ်ယောက်သား စကားတစ်လုံးမှမပြောဘဲ လုပ်ငန်းတစ်ခုပြီးအောင် ဆောင်ရွက်လိုက်ကြသည်။ သူတို့ ယုန်တစ်ကောင် ရပြီ။

ကိုကြီးအောင်ထွန်းသည် ကျွမ်းကျင်စွာ ယုန်၏နားရွက်ဖျားကလေးများကို ဖြတ်သည်။ အမြီးကိုဖြတ်သည်။ ဗိုက်ကိုခွဲ၍ အူအချို့ကိုထုတ်သည်။ ဖက်ရွက်တစ်ခုပေါ်တင်၍ တောစောင့်တောင်စောင့် နာနာဘာဝတို့အတွက် ပေးဆပ်ခဲ့သည်။



အနောက်ဘက်တောသို့ သူတို့လှည့်ခဲ့ကြပြန်သည်။ ချုံတန်းကလေး နံဘေးကမြေပြန့်ကလေးအရောက်၌ မှောင်ထဲကယုန်အညိုကလေး တစ်ကောင်ထွက်လာသည်။ မီးရောင်အောက်မှာ အငြိမ့်သမကလေးကသလို မြူးကြွနေသည်။ ဝင်းဝါနေသော မီးရောင်က သူ့ကိုဖမ်းစားလိုက်သည်။ ခေတ္တငြိမ်နေသောအခိုက်တွင် မြင့်ကျော်က ခပ်သွက်သွက်ကလေး ဖိရိုက်လိုက်သည်။ သူတို့ ယုန်တစ်ကောင်ရပြန်သည်။

ရွာဘက်ဆီမှာ ကြက်တွန်သံတွေကြားရ၏။ သန်းခေါင်ကျော်ခဲ့ပြီ။ ကြက်ဦးတွန်ပြီးမကြာမီ အနောက်ဘက်က လရောင်မှုံးမှုံးကလေး ပေါ်လာတော့မည်။ မြင့်ကျော်တို့သည် ရွာခြေသို့ကပ်ခဲ့ကြသည်။ ရွာနားက "အင်ကြင်းမြိုင်" ချောင်းသို့ရောက်သောအခါ သဲဖြူလွလွကလေးများ အပေါ်မှာ ခြေပစ်လက်ပစ်ထိုင်လိုက်ကြသည်။ ကိုကြီးအောင်ထွန်းက ပါလာသောရေဘူးကို မော့နေ၏။ မြင့်ကျော်က အိပ်ထဲတွင်ပါလာသော ယုန်ကလေးတွေကို ခွဲတမ်းချနေသည်။

"ရော့ အစ်ကိုကြီးတစ်ကောင်၊ ကျုပ်တစ်ကောင်။ နက်ဖြန်မြို့ဈေးသို့ပို့လိုက်ရင်တော့ တစ်ယောက်ခြောက်ရာလောက်ရမယ်၊ အင်း ဆန့်ဖိုးဆီဖိုးလေးရသပေါ့ကွာ"

မြင့်ကျော်သည် ဘာမျှမပြော၊ သဲပေါ်တွင် ပက်လက်လှဲချလိုက်သည်။ မိုးကောင်းကင်ကြီးကိုကြည့်ကာ စိတ်ကူးယဉ်အတွေးတွေနှင့် ခပ်မှုံးမှုံးကလေးငြိမ်နေသည်။

"ဟ မြင့်ကျော်၊ ငြိမ်ချက်သားကောင်းလှချည့်လား၊ ညွှန့်ကြည် အကြောင်းတွေးပြီး စိတ်ကူးယဉ်နေသလား"

"မဟုတ်ပါဘူးကိုကြီးအောင်ထွန်းရာ၊ ကျုပ်နဲ့ညွှန့်ကြည်က ဒီဘဝ ဖူးစာဆုံချင်မှဆုံကြရတော့မှာပါ။ အေးဗျာ ကျုပ်တို့က ဆင်းရဲသားမွဲ တွေကို"

ကိုကြီးအောင်ထွန်းသည် မြင့်ကျော်ကို သနားသွားသဖြင့် ချောင်းကလေးတစ်ချက်ဟန့်ကာ ဆိတ်ဆိတ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်စိတ်ကူးထဲမှာ စပါးပင်ကလေးတွေ၊ ဂျုံပင်ကလေး၊ ပဲပင်ကလေးတွေနဲ့ ယုန်ကလေးတွေပဲရှိပါတော့တယ်"

"အေးပေါ့ကွာ"

"ယုန်ကလေးတွေဟာ ချစ်စရာလည်းကောင်းတယ်၊ သနားစရာလည်းကောင်းတယ်နော်"

"အေးကွာ သူတို့ခမျာ မီးရောင်ကို လရောင်မှတ်ပြီး ပျော်ရွှင်ကြည်နူးဆော့မြူးခုန်မင်နေမိတော့လည်း ဝါးရင်းတုတ်နဲ့အရိုက်ခံကြရရှာတာပေါ့"

ထွေရာလေးပါးစကားတပြောပြောနှင့်ပင် ရွာဦးကျောင်းမှ ခေါင်းလောင်းသံကြားတော့ သူတို့ရွာထဲသို့ဝင်ခဲ့ကြတော့သည်။

အမြင်များတော့လည်း ယဉ်ပါးလာသည်။ ကြိုးချင်းထားတော့လည်း ကြိုးချင်းကငြိချင်လာသည်။ အောင်သွယ်ကောင်းတော့လည်း မိမိကိုယ်မိမိ ပါမှာစိုးလာသည်။ မိမိမေတ္တာရှိပါသည်ဆိုသော မြင့်ကျော်ကိုတော့ မုန်းမသား၊ လယ်ကူလီသား၊ ငါ့သမီးနှင့် လုံးဝသဘောမတူနိုင်ဟု အမေတို့က ခါးခါးသီးသီးငြင်းနေကြသည်။ ညွှန့်ကြည်အဖို့ ဦးနှောက်ချာချာလည်အောင် ရှုးချင်လာသည်။

ရန်ကုန်သား ရွှေညှို့သည် ကိုခင်မောင်တင်က ဒီတစ်ခေါက်ရန်ကုန်က ပြန်လာမှ ထူးထူးခြားခြားစကားတွေပြောလာသည်။

"ကျွန်တော် မညွှန့်ကြည်ကို တကယ့်မေတ္တာစစ်နဲ့ ချစ်မိနေပါပြီ။ ကျွန်တော် တစ်သက်လုံးစောင့်ရှောက်ပါရစေ၊ ဒီတစ်ခေါက် အမေတို့ အဖေတို့ကိုလည်း ပြောခဲ့ပါပြီ၊ အညာသူချောချောလေးကို အဖေတို့ သဘောတူကြမှာပါ"

ညွှန့်ကြည်က ဘာမျှပြန်မပြော။ ခေါင်းကိုသာ တွင်တွင်ရမ်းနေသည်။



"ကျွန်တော့်မေတ္တာကိုတော့လက်ခံပါ။ ကျွန်တော် မိသားသားပီပီ တောင်းရမ်းယူမှာပါ။ ကျွန်တော်တကယ်ချစ်တာပါ မညွှန့်ကြည်ရယ်"

ညွှန့်ကြည်၏ရင်ထဲမှာ ဗလောင်ဆူနေသည်။ မြင့်ကျော်ကိုလည်း သနားသည်။ အမေ့ကိုလည်းကြောက်ရသည်။ ဒီအထဲ သူငယ်ချင်းခင်မြ၏ အောင်သွယ်စကားတွေကလည်း ချိုလှသည်။

"ကိုခင်မောင်တင်က ရုပ်ရည်ကလည်းသနားကမားပါအေ။ ရုပ်လှရင်စိတ်လဲလှတယ်လို့ပြောကြတာပဲ။ ညည်းကို တကယ်ချစ်ပုံရပါတယ်။ ညည်းရဲ့လိမ္မာယဉ်ကျေး၊ လုပ်ရည်ကိုင်ရည်ရှိမှုတို့ကို သူအံ့မြခီးကျူးနေတယ်။ ညည်းရဲ့ချောပုံလှပုံကိုလဲ သူသဘောကျနေတယ်"

ညွှန့်ကြည်သည် ငြိမ်၍နားထောင်နေ၏။ စကားကျွံသွားမည်စိုး၍ ဘာမျှပြန်မပြောချေ။

"သူမိဘတွေကလည်း အထက်တန်းလွှာတွေထဲကတဲ့။ ဂုဏ်သရေလည်းရှိ၊ ပိုက်ဆံလည်းချမ်းသာကြပုံရပါတယ်။ သူတို့ထူထောင်ထားတဲ့ ကုမ္ပဏီဆိုတာကလည်း ရတနာအနုပညာပစ္စည်းတွေရောင်းဝယ်တယ်တဲ့။ နိုင်ငံခြားနဲ့လည်း အရောင်းအဝယ်တွေလုပ်ရတယ်ဆိုပဲ"

သူတို့စကားတွေကချိုလှသည်။ သရဖီလိုကြိုင်သည်။ ပိတောက်လိုသင်းသည်။ စပယ်လိုမွှေးသည်။ သည်လိုနှင့်ပင် လေးလရာသီသို့တိုင်ခဲ့ပြီ။ ညွှန့်ကြည်က ခေါင်းမညိတ်သေး။ မြင့်ကျော်အပေါ်သစ္စာတွေ မပျက်သေး။ စိတ်ကိုခိုင်ခိုင်ထိန်းထားနိုင်သေးသည်။ မိန်းမတို့အိမ်ခြေ ရွှေပေး၍မရစကောင်းဟု အဘွားကပြောခဲ့ဖူးသည်မဟုတ်ပါလော။

တစ်နေ့တော့ ကိုခင်မောင်တင်က စကားအသစ်တွေဆိုလာသည်။

"မညွှန့်ကြည်ရယ် ကျွန်တော့်ကို အဖြေတစ်ခုခုတော့ပေးသင့်ပါတယ်ဗျာ။ မညွှန့်ကြည် ကျွန်တော့်ကို မယုံမရဲဖြစ်နေတယ်ထင်ပါတယ်။ ကျွန်တော်တစ်ခုပြောပါရစေ၊ ဒီတစ်ခေါက် ကျွန်တော်ရန်ကုန်ပြန်ရင် မညွှန့်ကြည်နဲ့အမေဖြစ်စေ၊ မညွှန့်ကြည်နဲ့ မခင်မြဖြစ်စေ၊ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



အခြားအဖော်တစ်ယောက်ယောက်နဲ့ဖြစ်စေ ကျွန်တော့်အခြေအနေကို အကဲခတ်ဖို့ ဘုရားဖူးထွက်ရင်း လိုက်ခဲ့ပါလား။ စိမ်းသင့်မှစိမ်းပါ။ ယုံသင့်ရင်ယုံပါမလေးရယ်''

ညွန့်ကြည်၏စိတ်ထဲမှာ အလင်းရောင်ကလေးတစ်ခုပြေးဝင်လာသည်။ သူ့အပြောကို သဘောကျသွားမိသည်။ ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူလိုက်သည်။ အဖေနှင့် အမေ့ကိုပြော၏။ သူတို့က ခွင့်ပြုသည်။ သူငယ်ချင်းခင်မြကို ပြောကြည့်သည်။

''ကောင်းပေါ့အေ တို့ဘုရားလည်းဖူးရင်း၊ လိပ်ဥလည်းတူးရင်းပေါ့'' ဟု ခင်မြက နောက်ပြောင်ပြောင်ပြောလိုက်သည်။ ညွန့်ကြည်က သူ့ပေါင်ကို နာနာကလေးလိမ်ဆွဲလိုက်၏။

''ကိုခင်မောင်တင်ကိုယ်တိုင်က ငါ့ကို မဖိတ်ဘဲနဲ့တော့ မလိုက်နိုင်ဘူးတော့ ခပ်ရှင်းရှင်းပဲ'' ဟု ခင်မြက မဲ့ကာရွဲ့ကာ ထေ့လိုက်သည်။ ညွန့်ကြည်သည် ခင်မြ၏နှုတ်ခမ်းကလေးကို ချစ်စနိုးခပ်ဖွဖွကလေးထုကာ အိမ်ဘက်ဆီသို့ မြူးကြွကြွကလေး ပြေးထွက်လာခဲ့သည်။

သူတို့သုံးယောက်သားခရီးသွားဖို့ ကြိတ်စီစဉ်နေကြသည်။ သွားလာမည့် ခရီးစရိတ်အတွက်မူ ပူစရာမရှိ။ ကိုခင်မောင်တင်က အားလုံးတာဝန်ယူပြီးဖြစ်သည်။ ညွန့်ကြည်နှင့် ခင်မြတို့မှာမူ မိန်းကလေးများဖြစ်၍ ကရိကထများလှသည်။ ''ဘီးနှင့်မှန်တော်လိုပါသေးရဲ့၊ ထမိဖာတော်လိုပါသေးရဲ့၊ မောင်ကြီးမြတ်ရေလိုအေး လိုက်ပါရစေလေး'' ဟူသော ရှေးကသီချင်းကဲ့သို့ဖြစ်နေသည်။

နောက်ငါးရက်အကြာတွင်တော့ ရွာထဲမှာ သတင်းကပြန့်သွားသည်။

''ကိုခင်မောင်တင်နဲ့အတူ ညွန့်ကြည်တို့၊ ခင်မြတို့ ရန်ကုန်ဘုရားဖူးလိုက်သွားကြသတဲ့''

''မဟုတ်တာ ကိုခင်မောင်တင်က ညွန့်ကြည်ကို ခိုးသွားတာ၊ ခင်မြ



က လိုက်ပို့တာနေမှာပေါ့'' ဟူသောသတင်းများဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တဲအိုကလေးအတွင်းမှာ ကြိတ်၍မျက်ရည်ကျနေသူကတော့ လယ်ကူလီမုဆိုးမသား မြင့်ကျော် ...

လရောင်သည် ရွှန်းမြမြသာနေ၏။

လေပြည်လေညင်းဝယ် တောပန်းရနံ့ကလေးများက သင်းနေ၏။

ညွန့်ကြည်တို့ဘုရားဖူးထွက်သွားကြသည်မှာ ဤလို လပြည့်ညမျိုး သုံးကြိမ်တိုင်ခဲ့ပြီ။ လွမ်းသူမှာ မျက်ရည်စတွေနဲ့ဟု ဆိုသည့်အတိုင်း အချစ်ရှုံးသမားမြင့်ကျော်အဖို့ လရောင်အောက်မှာ ဆွေးနေရုံမှတစ်ပါး ဘာမျှမတတ်နိုင်။ ချစ်သူကို ဒသဂီရိနိုးသလို ဆောင်ယူသွားခြင်းခံရပေမဲ့ မြင့်ကျော်မှာ ရာမမင်းသားလို အင်အားကြီးသူကား မဟုတ်ပါချေ။ ရှိုက်ခါငို လိုက်ကာချ၍ အလွမ်းဇာတ်သိမ်းရုံမှတစ်ပါး အခြားမရှိတော့ပြီ။

''မြင့်ကျော်ရေ ဟေ မြင့်ကျော်''

အသံပြဲကြီးနှင့်အော်ခေါ်၍ ဝင်းအတွင်းသို့ဝင်လာသူမှာ ကိုကြီးအောင်ထွန်းဖြစ်သည်။ ကိုကြီးအောင်ထွန်းက မြင့်ကျော်ကို ညီလေးတစ်ယောက်လိုလည်းချစ်ရှာသည်။ သူငယ်ချင်းတစ်ယောက်လိုလည်း ပေါင်းသည်။ လယ်ကူလီလုပ်ဘက်၊ ယုန်လိုက်ဘက်။ ယနေ့ညမူ ယုန်မီးအိုးရိုက်သွားရန်လာခေါ်ခြင်းတော့မဟုတ်။ လသာရက်မှာ ယုန်မီးအိုးရိုက်ထွက်လေ့မရှိ။ အကြောင်းထူးတစ်ခုခုတော့ ရှိတန်ရှာသည်။

ကိုကြီးအောင်ထွန်းသည် လရောင်ပိုက်ကွင်းဖျော်သာတွင် မြင့်ကျော်၏ဘေးမှာကပ်၍ထိုင်လိုက်သည်။ မြင့်ကျော်ခေါင်းငုံ့ကလေးကို တဆုံတသ ဖက်ကာ ...

''ငါ မင်းကို တိုးတိုးလေးသတင်းတစ်ခုပြောမယ်ကွ''

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလည်းအစ်ကိုကြီးရာ"

"ဒီလိုကွ ငါ ရွာလူကြီး ဦးဖိုးချစ်အိမ်ကပြန်ခဲ့တယ်။ အဲဒီမှာ အတွင်းရေးမှူး ဝင်းမောင်ကိုလဲတွေ့တယ်"

"အင်း ပြောပါဦး။ ခင်ဗျားအသံတွေက တုန်နေလိုက်တာ"

"ဝင်းမောင်ကပြောတယ်။ ညွန့်ကြည်နဲ့ခင်မြဝတို့တော့ ဒုက္ခရောက်သွားကြပြီတဲ့"

"ဗျာ" မြင့်ကျော်သည် အရုပ်ကြိုးပြတ်သလို ငိုင်ကျသွား၏။

"စာမလာ၊ သတင်းမကြားရတဲ့အတွက် ညွန့်ကြည်တို့အိမ်က အကူအညီတောင်းလို့ ဝင်းမောင် မြို့ကရဲစခန်းသွားတယ်။ ခင်မောင်တင်ရဲ့မှတ်ပုံတင်နံပါတ်နဲ့လိပ်စာပေးလိုက်တယ်။ လူပုံပန်းသဏ္ဌာန်လဲပြောလိုက်တယ်။ မြို့နယ်မှူးက အထူးဂရုစိုက်ပြီးဆောင်ရွက်ပေးတယ်၊ ရန်ကုန်ကိုလှမ်းစုံစမ်းတော့ မှတ်ပုံတင်ကလဲအတု၊ လိပ်စာကလဲ တကယ်မရှိဘူးတဲ့။ လူပုံစံရော၊ အခြေအနေအရပ်ရပ်ရော လေ့လာလိုက်တော့ လူမှောင်ခိုကိစ္စဖြစ်မယ်လို့ပြောတာပဲကွ"

မြင့်ကျော်မှာ သံယောဇဉ်မကုန်သေးသဖြင့် ရင်ထဲကပူလာသည်။ မျက်ရည်ကစို့လာသည်။

"ယောက်ျားပဲကွာ မျက်ရည်မကျစမ်းပါနဲ့၊ လောကဓံဆိုတာ ဒီလိုပေါ့"

မြင့်ကျော်သည် ဘာမျှမပြော၊ အရိုက်ခံရသောကလေးကဲ့သို့ ငြိမ်ငြိမ်ကလေးထိုင်နေသည်။ ရင်ထဲမှာတော့ ရှိုက်နေ၏။ တဲအတွင်းမှ အမေအိုကမူ နေမကောင်းသဖြင့် တဟွပ်ဟွပ်နှင့် ချောင်းဆိုးနေရှာသည်။

"အင်း ငါလည်းစိတ်မကောင်းပါဘူးမြင့်ကျော်ရာ၊ ခုအဖြစ်က ညအမှောင်မှာ ယုန်ကလေးတွေ မီးရောင်ကိုလရောင်မှတ်ပြီး ကြည်နူးမိတော့ ဒုက္ခရောက်ကြရသလို ကလေးမလေးတွေခမျာလဲ ငွေရောင်ကို မေတ္တာရောင်



မှတ်ပြီး ကြည်နူးမိကြတော့ ဒုက္ခရောက်ကြရတာပေါ့"

နှစ်ယောက်သား အတွေးကိုယ်စီနှင့် ငြိမ်နေကြ၏။

"အေးကွာ ဒို့ရွာက ကလေးမလေးတွေ စာမတတ်၊ ပညာမတတ်ဆိုတော့ လူပါး၊ လူနပ်၊ လူလည်တွေလှည့်စားတာ ခံစားကြရရှာတာပေါ့" ကိုကြီးအောင်ထွန်းက အသံသြကြီးနှင့် လေးတွဲတွဲညည်းရှာသည်။

တောင်ရိုးဘက်ဆီမှ ဖိုးခေါင်ငှက်၏မြည်သံကလည်း ချိုသွဲ့သွဲ့ကလေးကြားနေရသည်။ လွမ်းဖွယ်၊ ဆွေးဖွယ်၊ ကြေကွဲဖွယ်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com

## နှင်းမိုးစင်ရိပ်ဝယ်

လေညင်းတောင်တော်ဦးက လွမ်းစေတီကိုဦးခိုက်၍ နောက်ဆုံးပူဇော်ကန်တော့ခဲ့သည်။ ရှေးက ပုလဲဂန့်ဂေါလမ်းကြီးကို ဖောက်ခဲ့ကြသော ရဲဘက်လုပ်သားကြီးတို့၏ အလွမ်းသင်္ကေတအမှတ်တရလွမ်းစေတီ။

လွမ်းစရာမြေနှင့် လွမ်းစေတီကို ကျွန်တော် အပြီးအပိုင်ခွဲခွာခဲ့ရပါပြီ။ အငြိမ့်မင်းသမီး၏ ပိုးပဝါလို ပုံတောင်၊ ပုံညာတောင်တန်းကြီးများပေါ်မှ သွယ်ခွေ၍ကျနေသော ပုလဲဂန့်ဂေါကားလမ်းမကြီးအတိုင်းဆင်းခဲ့ကြသည်။ ရှေးကနှင့်မတူ သစ်ထုတ်လုပ်ရေးကား၊ ချက်ဗလက်ကားကြီးတွေ မစီးရတော့။ ခရီးသည်တင် မှန်လုံကားကြီးက ပေတစ်ရာလမ်းပေါ်မှာ တရိပ်ရိပ်ပြေးနေသည်။ ဗန့်ကျီပြင်ကိုဖြတ်၍ ချင်းတွင်းမြစ်ကိုကျော်ကာ မုံရွာနယ်မှတစ်ဆင့် ရောဝတီမြစ်ကမ်းက ကျွန်တော့်ဇာတိမြို့ကလေးရှိ အထက်တန်းကျောင်းကိုရောက်ရပြီ။

ကျွန်တော် အထက်တန်းပြဆရာတာဝန်နှင့် ပြောင်းခဲ့ရသည်။ ကျောင်းနေဘက်သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမတွေက နွေးထွေးစွာ ကြိုကြပါသည်။

ငယ်စဉ်က ကျောင်းနေဖက်၊ ကစားဖက်၊ ဆော့ဖက်ဖြစ်သော ဆရာကိုမိုးမြင့်က ဝမ်းသာအားရဖြစ်နေသည်။

"ဟ ဖိုးအောင်ရွှေကြီးရ၊ အခုမှရောက်ရသလားကွ။ တစ်သွေးတစ်မွေး ယောသားကြီးပုံစံရောက်လို့ပါလား။ ယောမှာဘယ်နှစ်နှစ်လောက်ကြာခဲ့သလဲ"





"၁၂ နှစ် ကြာခဲ့တယ်"

"အားမနည်းလှပါလား။ ယောဗဟုသုတ၊ ပုံတောင်ပုံညာဗဟုသုတတွေ ပြောစမ်းဦးကွ"

"နောက်တော့ အေးအေးဆေးဆေးပြောတာပေါ့"

"နေပါဦးကွ။ ပုံတောင်ပုံညာအရပ်မှာ ကာလသားညှို့သည်လာရင် ယောသူအပျိုချောတွေက ညှို့သည်ကိုမထနိုင်အောင် ဖျာနဲ့ဖင်နဲ့ကပ်နေအောင် ပြုစားနိုင်ကြတယ်ဆိုတာ ဟုတ်သလား"

ကျွန်တော်က ဆရာကိုမိုးမြင့်ကို အကဲခတ်လိုက်သည်။ သူကြားဖူးနားဝရှိသဖြင့် အလွန်စိတ်ဝင်စားကာ သိချင်ကြားချင်နေဟန်ရှိသည်။ ကျွန်တော်က အတွေ့အကြုံရှိပြီးသူဖြစ်၍ အိနြ္ဒေရရ၊ ခေါင်းအေးအေးထားကာ ဖြေလိုက်ရပါသည်။

"ဟုတ်ပါတယ်သူငယ်ချင်း၊ ဖျာကပ်တယ်ဆိုတာမှန်ပါတယ်"

ဆရာကိုမိုးမြင့်သည် ခေါင်ကိုဆတ်ကနဲမော့ကာ ပါးစပ်အဟောင်းသားကလေးနှင့် အတော်အံ့ဩနေပုံရပါသည်။

ပုံတောင်ပုံညာတစ်ကြော လွမ်းမောဖွယ်သောမြေမှာ ...

တန်ဆောင်မုန်းလရောက်လျှင် နှင်းငွေ့တစ်ဖြိုက်၊ မိုးတစ်လိုက်နှင့် ချမ်းမြမြဆောင်းကဝင်လာတော့သည်။ အဖေနှင့် မောင်ကြီးတို့က အိမ်မနှင့်တွဲ၍ အိမ်ရှေ့မှာ နှင်းမိုးစင်ဆောက်ပေးရသည်။ နှင်းမိုးစင်ဆိုသည်မှာ ညအချိန် ဝါဖတ်ဝါဖန်း၊ ချည်သော့၊ ဗိုင်းငင်ရရှာသောသမီးပျိုအတွက် နှင်းမခအောင် ဆောက်ပေးရသောစင်ဖြစ်သည်။ ဒဟတ်သား၊ သနိုးသား နဘဲသားပင်လုံးသွယ်တို့ကို တိုင်ထူ၍ အပေါ်က ဝါကပ်ဖြာမိုးမိုးသည်။ နှင်းလုံအောင်မိုးသဖြင့် "နှင်းမိုးစင်" ဟု ခေါ်ကြသည်။

www.burmeseclassic.com



နှင်းမိုးစင်အောက်မှာ ဆောင်းတွင်းမီးဖိုမွှေးကြသည်။ သူတို့ဒေသမှာ သစ်တော၊ ဝါးတောပေါသဖြင့် ထင်းတုံးကြီးတွေနှင့် မီးဖိုကြသည်။ နှင်းမှုန်ကြွေ့ကြွေ့၊ တဖွေ့ဖွေ့ကျသော ဆောင်း၏သဘာဝရုပ်ပုံလွှာဖြစ်သည်။

တန်ဆောင်မုန်းည၏ လရောင်သည် ရွှန်းမြမြသာနေ၏။ နှင်းမိုးစင်၏ အောက်တွင် ပြောက်ပြောက်ကျားကျား ရောင်ခြည်ဝင်လျက်ရှိသည်။ ဆောင်းတွင်းမီးဖို၏ဘေးတွင် ဇုံမပျိုတို့သည် စကားပြောရင်း၊ ဗိုင်းငင်ရင်း၊ သီချင်းဆိုရင်း၊ ချည်ချရင်းနှင့် စုဝေးမိကြသည်။

"လသာကြမ်းပြင်၊ ဗိုင်းရစ်ခွင်
သခင်လိုလို၊ လင်လိုလို
မျှော်ရှုပါရပျို့ယဉ်ကျေး
ဝေ့ဝေဝေဝေဝေး"

ရှေးက ကျေးလက်တေးသံ၊ သူတို့ဆီမှာ အသံမပျောက်သေး၊ ဟန်မပျောက်သေး။ ဆောင်းတွင်းမီးဖိုရှိရာ၊ ဗိုင်းရစ်ခွင်ရှိရာသို့ ရွာထဲက လုလင်ငယ်သွေးတို့ ရောက်လာတတ်ကြသည်။ ပန်းပွင့်ရှိရာ ပျားပိတုန်းလာသကဲ့သို့ တရစ်ဝဲဝဲရှိနေတတ်ကြသည်။

ရွှေလသာသောည။

ချမ်းမြမြလေပြည်ညင်းဝယ် ဆိတ်ဖလူးပန်းရနံ့သင်းသောည။

ချစ်စရာကောင်းသော ချစ်သူတို့၏ည။

သည်ည သည်အလှမျိုးကို ကျွန်တော် မူလတန်းပြဆရာတာဝန်နှင့် ပုံတောင်ပုံညာတောင်ပေါ်ဒေသရောက်စနှစ်များက အလှမမြင်၊ မြင်ရန် မဖွေ၊ ဖွေရန်မသိဖြစ်ခဲ့ရပါ၏။ မိဝေးဖဝေး၊ မရောက်ဖူးသောဒေသ ရောက်ရ၍လည်း အားငယ်သည်။ အခြေခံပညာအထက်တန်းအောင်ပြီးစက ကျွန်တော့်အသက် (၁၉) နှစ်။ မိဘများက ဆင်းရဲနွမ်းပါးကြသဖြင့် စေလိုရာစေ မူလတန်းပြဆရာဘဝဖြင့် ကျွန်တော်အလုပ်အကျွေး



ပြုခဲ့ရသည်။ ပုံတောင်ပုံညာဒေသက "အင်ကြင်းသာ" ရွာကလေးသို့ ရောက်သည်။ ကြည့်လေရာတွင် မှိုင်းညို့ရီပြာသော တောင်တန်းကြီးများကိုသာ မြင်နေရ၍ အားငယ်သည်။ မျက်ရည်စို့မိသည်။

ရွာအုပ်ကြီး ဦးကျော်မောင်အိမ်မှာနေရသည်။ နိုင်ငံရပ်ခြားကိုရောက်၍ စကားမပြောတတ်သောသူလိုဖြစ်နေသည့် ကျွန်တော့်ကို ခေါင်းရင်းအိမ်က အဘိုးကြီး ဦးဘချစ်က သူတို့ရွာစကားတွေ သင်ပေးသည်။ မြေပြန့်ဒေသများနှင့် ကူးလူးဆက်ဆံမှုများခဲ့သော အတွေ့အကြုံရင့်သည့် ရွာအုပ်ဟောင်းကြီးဖြစ်သူ ဦးဘချစ်က သင်တတ်သည်။ အဘိုးကြီးထံမှာ ရက်တိုသင်တန်းကလေးတက်ရ၏။

| | | |
|---|---|---|
| ဒေး | – | အများကြီး |
| | | ဒို့အိမ်မှာ စပါးတွေဒေးရှိတယ်။ |
| ဂျမ်း | – | ဒလဂျမ်း၊ အတင်း |
| | | သူတောင်ပေါ်က ဂျမ်းဆင်းပြေးတာပဲ။ |
| နမ်း | – | နှင်း |
| | | ပျိုးပင်ပေါက်ကလေးတွေပေါ်မနမ်းနဲ့။ |
| ဆန် | – | ဆင်၊ ဆင်ကောင်ကြီး |
| ကွေ့ | – | ကွဲ့ |

မြေပြန့်နှင့်မတူသည့် နေ့စဉ်သုံးစကားများကို အဘိုးကြီးဦးဘချစ်က သင်ပေးသည်။

ကျွန်တော့်ကျောင်းမှာ ကျွန်တော်တစ်ယောက်တည်းရှိသည်။ အထွေထွေလုပ်သား မောင်ဖိုးခေါင်ကကူ၍ စာသင်ပေးသည်။ လအတန်ကြာတော့ သူတို့ယောမှာ ကျွန်တော်နေတတ်ထိုင်တတ်သွားသည်။ တပည့်တွေနှင့်ရော၊ မိဘတွေနှင့်ပါ စကားပြောတတ်လာပြီ။

"မင်းနာမည်က မောင်ဖိုးခေါင်တဲ့လား"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါ့ဆရာလေး"

"ဖိုးခေါင်လို့ ဘာပြုလို့မှည့်တာလဲ"

"ညညလသာသာမြည်တဲ့ ဖိုးခေါင်ငှက်ကလေးလို ချစ်စရာကောင်းလို့တဲ့ ဆရာလေးရဲ့"

သူက တဟဲဟဲရယ်သည်။ ကျွန်တော်ကလည်း ရယ်လိုက်မိပါ၏။ ကျွန်တော်၏အရင်းနှီးဆုံးမိတ်ဆွေမှာ မောင်ဖိုးခေါင်ဖြစ်သည်။

"လသာသာမှာ ဖိုးခေါင်ငှက်မြည်သံက သိပ်သာယာတာပဲကွ၊ ငါတော့ စာထဲမှာသာဖတ်ဖူးတာ၊ ခုမှအသံကြားဖူးတယ်"

"အိမ်မှာနေပြီး ဖိုးခေါင်ငှက်အသံ နားထောင်မနေပါနဲ့ဆရာလေးရာ၊ ညအခါ၊ လသာသာ ရွာထဲလျှောက်လည်စမ်းပါ။ ဖိုးခေါင်ငှက်အသံထက် သာယာတဲ့အသံကလေးတွေကြားရစေ့မယ်"

မောင်ဖိုးခေါင်၏စကားကြောင့် ကျွန်တော်အံ့သြရသည်။

"ဘာလဲကွ၊ ရွာတောင်ဖျားက ဘင်ဂျို၊ ပတ္တလားနဲ့ ဝါးပလွေဝိုင်းကိုခေါ်မလို့လား"

"ဟာ မဟုတ်ပါဘူး၊ အဲသဟာက အဘိုးကြီးတွေတီးမှုတ်ကြတဲ့ဝိုင်းပါ၊ ကျုပ်ခေါ်မှာက ဒီထက်သာယာတဲ့ ပျော်စရာကောင်းတဲ့နေရာပါ"

ညမှာ လမင်းက ထိန်ထိန်သာနေသည်။ နှင်းမှုန်ကလေးများကမူ ဝေ့ဝဲနေသည်။ ညမွှေးပန်းရနံ့သင်းသော လေပြည်လေညင်းကလည်း ကလူအိသို့ မြူအိသို့ပင်။

မောင်ဖိုးခေါင်ခေါ်ရာသို့ ကျွန်တော်လိုက်ပါခဲ့သည်။ သူတို့ရွာ၊ သူတို့ဓလေ့ နှင်းမိုးစင်ရိပ်၊ နှင်းမိုးစင်အောက်က ဆောင်းတွင်းမီးဖို၊ မီးဖိုဘေးမှာ သနပ်ခါးပါးကွက်နှင့် သနားကမားအပျိုချောတွေ၊ လက်ဖက်ရည်ကြမ်းအိုးနားမှာတော့ ရွာကလုလင်ပျိုတွေ စကားပြောလိုက်၊ ရယ်မောလိုက်နှင့် ချစ်စရာညခင်းသာကလေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးနဲ့ မောင်ဖိုးခေါင်တို့ လာကြကွေ့၊ ထိုင်ကြပါကွေ့"

သူတို့ဒေသမှာ သမီးပျို၏ ဗိုင်းရစ်ခွင်သို့လာသော ကာလသားကို မိဘတို့က ဖော်ရွေစွာခွင့်ပြုသည်။ သူတို့အိမ်၊ သူတို့မျက်စိအောက်မှာ စိတ်ချသည်။ လူငယ်တွေကလည်း လိမ္မာကြပါ၏။ သူတို့ရွာက ကျောင်းဆရာဆိုလျှင် ရိုသေလေးစားကြသည်၊ တန်ဖိုးထားကြသည်။ ကျွန်တော်တို့နှစ်ယောက်ဝင်ထိုင်သောအခါ အချို့ကာလသားများက ရှက်ကိုးရှက်ကန်းဖြစ်နေကြသည်၊ အားတုံ့အားနာဖြစ်နေကြသည်။ တစ်ယောက်နှစ်ယောက် မယောင်မလည်နှင့် ပြန်သွားကြသည်ကိုလည်း သတိထားလိုက်မိသည်။

မိန်းမပျိုလေးများကမူ ...

"မြို့သားကျောင်းဆရာလေး ဒို့ဆောင်းတွင်းမီးဖိုကိုလာသတော့"

ဟူသောသဘောနှင့် မပွင့်တပွင့် လျောင်ပြုံးကလေးတွေပြုံးနေကြသည်ဟု ကျွန်တော်ထင်သည်။

ထိုညက မောင်ဖိုးခေါင်နှင့်အတူ နှင်းမိုးစင်ငါးခုလောက် လျှောက်လည်ခဲ့ကြသည်။ လုလင်ပြန်ကြက်တွန်မှ အိမ်ကိုပြန်ရောက်ပါသည်။

ကိုယ့်ဘဝ၊ ကိုယ့်အလှကို ဆင်ခြင်မိပါသည်။ ရောဝတီမြစ်ကမ်းတစ်နေရာမှာ နေရစ်ခဲ့ရရှာသော ကျွန်တော့်မိဘများက ဆင်းရဲနွမ်းပါးသည်။ ကျောင်းဆရာအလုပ်ဖြင့် လုပ်ကျွေးသမှုပြုရပါဦးမည်။ မိမိဘဝအတွက်လည်း ဤအတိုင်းရပ်နေ၍မရ၊ ပညာဆက်လက်ကြိုးစားရဦးမည်။ ပညာရေးလောကဝင်လာမှတော့ ဘွဲ့တစ်ခုခုရအောင်ယူရဦးမည်။ ကျယ်ပြောလှသော ပညာလောကမှာ ဆရာက မကြိုးစားလျှင် တပည့်တွေညံ့ကုန်လိမ့်မည်။ ဤအချိန်မှာ ကျွန်တော်အိမ်ထောင်ပြုရန်မဖြစ်သေး။ ဤအသိတရားများကို ခေါင်းထဲမှာ ခိုင်ခိုင်မြဲမြဲစွဲထားပါ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် အင်ကြင်းသာရွာ၏ညများက လှလွန်းပါသည်။

"လရောင်ဆမ်း၍ ရွာလမ်းမြေမှာ ဝင်းဝင်းဝါ၏။
အုန်းထန်းပေလက်၊ တမာရွက်တို့
ရွှေစက်ရွှေပြောက်၊ ရွှေရည်သောက်၏
တစ်ရုံတစ်ခါ၊ လေအလာတွင်
ရွာလယ်ပေါင်းကူး၊ တံတားဦးမှ
ဆိတ်ဖလူးနှံ့၊ ရွာလုံးပျံ့၏"

ကျောင်းသားဘဝကသင်ခဲ့ရသောကဗျာကလေးကို သတိရမိသည်။ သည်အချိန်ရောက်လာလျှင် နှင်းမိုးစင်ရိပ်က ဆောင်းတွင်းမီးဖိုကို သတိရလာသည်။ မသိမသာစွဲလမ်းလာမိပြီ။

မောင်ဖိုးခေါင်ကလည်း အချိန်တန်တော့ ရောက်လာမြဲ။

"သွားကြစို့ဆရာလေး"

"စောပါသေးတယ်ကွာ"

"မစောတော့ဘူးဆရာလေးရဲ့၊ လမင်းကသာနေပြီ။ ဒီည သုံးမီးဖိုလောက်လည်စရာရှိတယ်။ ခင်မူတို့ဆီက မျောက်ဥပြုတ်ကျွေးမယ်။ စမ်းအေးတို့အိမ်ကတော့ ပေါင်းနှင်းကျည်ကျွေးမယ်တဲ့"

နှစ်ယောက်သား လရောင်ဆမ်းသောရွာလယ်လမ်းအတိုင်း လှည့်ခဲ့ကြသည်။ ဆောင်းရာသီဖြစ်သဖြင့် လေညင်းကသွေးနေသည်။ ခင်မူတို့အိမ်၊ နှင်းနွယ်တို့အိမ်၊ နောက်ဆုံးတော့ စမ်းအေးတို့အိမ် မီးဖိုကနွေးသည်။ ကောက်ညှင်းကျည်တောက်က မွှေးသည်။ ကျွန်တော့်ရင်မှာလည်း အနည်းငယ်နွေးနေသည်ဟု ထင်မိသည်။ နှင်းမိုးစင်စကားတွေပြောချင်လာသည်။ ဆောင်းတွင်းမီးဖို၏အလင်းရောင်တွင် ယောသူမ၏အလှကိုလည်း ကြည့်ချင်လာသည်။

မိမိစိတ်ကိုထိန်း၍ တစ်ဆောင်းနှစ်ဆောင်းအချိန်ညှောင်းအောင်ဆွဲနိုင် ခဲ့ပါသည်။ တစ်ဖက်ကလည်း ဘွဲ့ရအောင်စာမေးပွဲဖြေဖို့ကရှိသေးသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးနှစ်ကြာတော့ ကျောင်းနှင့်ဆရာ၊ ဆရာနှင့် ရွာသားတို့ တသားတည်းဖြစ်လာသည်။ ယောမလေ့ခင်တတ်မင်တတ်ကြသည်။ ကျောင်းမှာ ကျောင်းအုပ်တစ်ယောက်၊ အထွေထွေလုပ်သားတစ်ယောက် စုစုပေါင်းမှ နှစ်ယောက်သာရှိသည်။ ဆရာလေးအောင်ရွှေနှင့် ဖိုးခေါင် ဆိုလျှင် တစ်ရွာလုံးကချစ်ကြသည်။ လေးစားကြသည်။ ကျောင်းအတွက် ဆိုလျှင် လိုလေသေးမရှိ ရွာကကူညီကြသည်။ သစ်တောဝါးတောပေါ၍ ကျောင်းအမိုး၊ ကျောင်းအကာ၊ ကျောင်းဝင်းထရံ၊ ကျောင်းစာသင်ခုံ လိုလေသေးမရှိစေရ။ မိဘတို့က အလွန်ရိုးသည်။ ကလေးတွေက စင်းသည်။

"ဆရာလေး ငါဖျားလို့အိမ်ပြန်ဦးမယ်" ဟု ခွင့်တိုင်သူရှိသည်။

"ငါ့မှာအဖေမရှိဘူးဆရာလေး။ အဖေ့နာမည်မသိဘူး" ဟု ပြောသူ ရှိသည်။

"ငါဒီတစ်ခါ ယုန်လိုက်လို့ရရင် ဆရာလေးစားဖို့လာပို့ဦးမယ်" စေတနာပို့သူတွေရှိသည်။ ဆုံးမရသည်၊ အပြောအဆိုယဉ်ကျေး အောင် သင်ပေးရသည်။

မိဘများကမူ ...

"ကျုပ်သားကဆိုးတယ်ဆရာလေး ... စာမရလို့ကတော့ ရိုက်သာ ရိုက်" ဟု အပ်သူတွေရှိပါသည်။

အမျိုးသမီးပိုင်းကမူ ကိုဖိုးခေါင်၏ကျေးဇူးကြောင့် ခင်မင်ရင်းနှီးကြ သည်။ အလှူအတန်းရှိလျှင် ထမင်းအုပ်ပို့သူ၊ မုန့်ပို့သူ ချိုးရေခပ်ပေးသူ တွေမရှား။ ပုံတောင်ပုံညာဒေသက "အင်ကြင်းသာ" ရွာကလေးတွင် ကျောင်းဆရာလုပ်ရသည်မှာ ပျော်ပါ၏။ သည်ရွာက ,အပြောင်းအရွှေ့ လျှောက်ဖို့ ကျွန်တော်စိတ်ပင်မကူးခဲ့မိ။

ရွာ၏ တစ်ဆောင်းသစ်ပြန်ပြီဆိုလျှင် နှင်းမိုးစင်မေတ္တာရိပ်ကိုခိုဝင် ရတော့မည်။ ဆောင်းတွင်းမီးဖို၏ မေတ္တာရင်ငွေ့ကို လှုံရပေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com


ချစ်စကားမကျတကျ၊ စကားအလှကလေးတွေပြောရပေဦးတော့မည်။ ရှေးအစဉ်အလာစကားထာလေးတွေလည်း ဖွက်ရပေဦးတော့မည်။ သဇင် ခွာညိုသင်းသည့် ဆောင်းတွင်းမီးဖိုအလင်းရောင်မှာ ကျွန်တော် ကိုယ်တိုင် ဇာတ်ကောင်ဖြစ်စပြုပြီ။

စမ်းအေးတို့အိမ်ကိုရောက်သည်။ အဘိုးနှင့်အဘွားတို့က ဖော်ရွေပါသည်။ မီးဖိုဘေး၊ လက်ဖက်ရည်ကြမ်းအိုးအနီးမှာ ဝင်ထိုင်လိုက်တော့ သူတို့သဘောပေါက်ကြသည်။

"စမ်းအေး ချည်သေ့တာ ဒီညဘယ်လောက်ပြီးပြီလဲ"

"သုံးခင်ပြီးပြီဆရာလေး"

ကျွန်တော်က ချည်ခင်လေးများကို လှမ်းကိုင်ကြည့်လိုက်ကာ . . .

"ချည်ကလည်းချော။ လူကလည်းချောပါ့ဗျာ"

စမ်းအေး၏မျက်နှာက အံ့သြခြင်းနှင့်အတူ ဝင်းလက်လာသည်။ မပွင့်ပြုံးကလေးများကို သူမနိုင့်တနိုင်ထိန်းထားရဟန်ရှိသည်။ မောင်ဖိုးခေါင်က တွန်းအားပေးသောမျက်နှာနှင့် ကျွန်တော့်ကိုကြည့်နေသည်။

"အင်ကြင်းရိုးနီ၊ ပိုးကြိုးနဲ့သီ"

မင်းကိုရှယ်ရည်ချစ်ပါသည်ဟု ကျွန်တော်ကဖြေလိုက်ခြင်းဖြစ်သည်။ စမ်းအေးက သဘောပေါက်၏။ သူဘာမျှပြန်မပြောချေ။

"တောင်လယ်ပြင်မှာ၊ လမင်းသာ"

တကယ်ချစ်တာပါဟု ကျွန်တော်က ထပ်ပြောလိုက်မိပြန်သည်။

စမ်းအေးက ငြိမ်နေသည်။

ကျွန်တော်သည် လက်ဖက်ရည်ကြမ်းတစ်ကြိုက်ကိုသောက်လိုက်သည်။ ယောဖက်ဆေးလိပ်ကို ယောင်ဖွာ ဖွာလိုက်သည်။ ဆောင်းတွင်းလေနုအေးမှာ ချွေးပြန်နေသည်။ အတန်ကြာငြိမ်နေကြသည်။ ခဏအကြာမှ အခြားကာလသားနှစ်ယောက်ဝင်လာသည်။ ဧည့်ရာလေးမှာ စကားတွေပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အောက်အီအီးအွတ်"

အိမ်ခေါင်မိုးပေါ်က ညောင်ကန်ကြက်ဖကြီးတွန်ပြီ။ လုလင်ပြန်ချိန် ရောက်ပြီ။ လမင်းသည်ပင် အနောက်ဘက်သို့ စောင်းနေပြီ။

အခြားကာလသားတွေပြန်သွားကြပြီ။ ကျွန်တော်နှင့် ဖိုးခေါင်သာ ကျန်တော့သည်။ ကျွန်တော်တို့လည်း ပြန်ဖို့ပြင်ဆင်ရတော့သည်။ ပြန်ခါနီး မှ ချည်ခင်ကလေးများကို တယုတယကိုင်နေသောစမ်းအေးက ခပ်ပြုံး ပြုံးကလေးကြည့်ကာ ...

"လှည်းပဒေါင်း ရေလောင်းခဲ့ရဲ့လား" ရည်းစားဟောင်း ခွင့်တောင်း ခဲ့ရဲ့လားဟု မေးလိုက်ခြင်းဖြစ်သည်။

ကျွန်တော်ဘယ်လိုစကားထာနှင့် ပြန်ဖြေရမှန်းမသိ။ ကျွန်တော့်မှာ ယခင်က ရည်းစားမရှိခဲ့ပါဘူး၊ မြေပြန့်မှာလည်းမရှိဘူး၊ ယောမှာလည်း မရှိဘူးဆိုတာ ဘယ်လိုရှင်းပြရဦးမည်မသိ။

မောင်ဖိုးခေါင်ကတော့ ...

"မိုးဦးကောင်းပါပြီဆရာလေးရာ" ဟု အားပေးသည်။

ဘဝကို အသိက ဘယ်လိုထိန်းပေမယ့် နှလုံးသားကတော့ ယိမ်းယိုင် နေပြီကို ကျွန်တော်သတိထားလိုက်မိပါသည်။ ညကလည်းည၊ လ ကလည်းသာ၊ ပန်းကလည်းမွှေး၊ လေပြည်သွေးချိန်ကို ...

ဆောင်းကလည်းဆောင်း၊ နှင်းရည်လောင်းစ၊ ညကလည်းည၊ လကလည်းသာသည့် ပုံတောင်ရိုးမှာ ရွှေလသာလျှင် ဖိုးခေါင်ငှက်တွန်သံက ချိုလှသည်။ ရင့်ရှူအေးအေး၊ လွမ်းတေးကိုဆိုနေသည်။

သည်အချိန်ရောက်လျှင် မောင်ဖိုးခေါင်တစ်ယောက်လည်း ကျွန်တော့်ထံ ရောက်လာတော့သည်။ စာသင်ချိန်မှာ ကျောင်းအုပ်နှင့် အထွေထွေ လုပ်သား၊ ညမှာတော့ ဆရာတပည့်၊ ကာလသားတွေ

www.burmeseclassic.com

www.burmeseclassic.com


ရွာရိုးကိုးပေါက် လှည့်ကြသည်။ နှင်းမိုးစင်တကာရောက်၏။ နောက်ဆုံးတော့ စမ်းအေးတို့နှင်းမိုးစင်မှာသာ ရွှေစင်ညိုဝဲတော့သည်။

တစ်ခုသောညမှာတော့ စမ်းအေးတို့နှင်းမိုးစင်အောက်မှာ သစ်ထုတ်လုပ်ရေးဌာနက ခင်မောင်သိန်းကို တွေ့လိုက်ရသည်။ ဌာနဆိုင်ရာဝန်ထမ်းချင်းမို့ ရင်းနှီးစွာနှုတ်ဆက်လိုက်ရသော်လည်း ရင်ထဲမှာ တင်းကျပ်ကျပ်ဖြစ်လာသည်။ စိုးရိမ်စိတ်ကပေါ်လာသည်။ မကြာသေးမီရက်ပိုင်းက မောင်ဖိုးခေါင်က ပြောဖူးသည်။

"ခုတလော သစ်ထုတ်လုပ်ရေးဌာနက မောင်ခင်မောင်သိန်း ရွာကိုရောက်နေတယ်။ သူက ပိုက်ဆံလည်းပေါတယ်။ ရုပ်ကလည်းချောတယ်။ ရွာကသစ်ခုတ်လုပ်ငန်းနဲ့ အသက်မွေးသူတွေများတော့ သူက ရွာမှာဩဇာရှိတယ်။ ဘယ်အပျိုကိုပိုးနေတယ်မသိဘူး" သူ့စကားကို ကျွန်တော် ပြန်၍ကြားယောင်မိသည်။

စမ်းအေးကမူ အပြုံးမပျက်၊ သူနှင့်အတူ လုံမပျိုနှစ်ယောက် သုံးယောက်လည်း ရှိနေကြသည်။ မောင်ခင်မောင်သိန်း ဘယ်ငှက်ကိုချိန်၍ လေးညှို့တင်နေသည်မသိ။ လက်ဖက်ရည်ကြမ်းကိုသောက်ရင်း ယောဖက်ဆေးလိပ်ကိုဖွာရင်း တွေရာလေးပါးစကားတို့ ပြောနေကြသည်။ တောအကြောင်း၊ တောင်အကြောင်း၊ မိုးအကြောင်း၊ ပျိုးအကြောင်း၊ ပန်းအကြောင်း၊ စမ်းအကြောင်း၊ သမင်အကြောင်း၊ ဆင်အကြောင်း စုံလှပါသည်။

ခင်မောင်သိန်းက အပြောကောင်းသည်။ ချိတ်လုံး၊ ထေ့လုံးများနှင့်ပြော၏။ စမ်းအေးကမူ တည်တည်ငြိမ်ငြိမ်၊ မတုန်မလှုပ်၊ ကျောက်ရုပ်လိုနေသည်။ ခွန်းတုံ့မဆို ဖိုးဝရုပ်လိုနေသည်၊ ကျွန်တော့်မှာသာ အသည်းတယားယားနှင့် ရွှဲကစားပွဲကြည့်ရသလိုဖြစ်နေသည်။

သက်ကြီးခေါင်းချကြက်တွန်ချိန်ရောက်တော့ ခင်မောင်သိန်းနှင့် သူ့အဖော်ပြန်သွားသည်။ သည်အခါမှ ကျွန်တော် စမ်းအေးနှင့်စကားပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရက်ကန်းရှယ်ပြီလား"

"ရှယ်ပါပြီရှင်"

"ဘာရက်မှာလဲ"

"ပုဆိုးလေ ပုဆိုးပေါ့"

"အကွက်ကြီးလား၊ အကွက်သေးလား"

သူသည် တော်တော်နှင့်မဖြေ၊ အတန်ကြာစဉ်းစားပြီးမှဖြေသည်။

"အင်း အကွက်သေးရက်မယ်စိတ်ကူးပါတယ်"

ကျွန်တော်၏ရင်ထဲတွင် စိမ့်ခနဲဝမ်းသာသွား၏။ ပုဆိုးအကွက်သေး ရက်မည်ဆိုသည်မှာ ရည်းစားလူပျိုသို့ပေးရန် အကွက်သေးရက်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ မိန်းကလေးတို့၏ သိုသိုဝှက်ဝှက် တုံ့ပြန်အဖြေ ပေးခြင်းဖြစ်ပါသည်။

ကျွန်တော်က စကားထာကလေးတစ်ခုဖြင့် စိုးရိမ်စိတ်ကို ဖော်ပြ လိုက်သည်။

"အင်ကြင်းပင်ကြီး၊ ပွင့်ခါနီး၊ လေကြီးတိုက်မှာ စိုးလှတယ်"

မင်းနှင့်ငါနှင့်ချစ်ခါနီး၊ လူကြီးဖျက်မှာ စိုးလှတယ် ဟု ပြောလိုက်သည်။ သူနားလည်ပါ၏။ စူးစမ်းသောမျက်လုံးများဖြင့် ကျွန်တော့်ကိုအကဲခတ် လိုက်၏။ ခင်မောင်သိန်းနှင့်ငြိမှာ စိုးရိမ်သည်။ လူကြီးတွေက သဘောတူ ပေးစားလိုက်မှာကို စိုးရိမ်သည်ဟု သူရိပ်မိသည်။

"ချိုးအိမ်အစာမတဲ့" မစိုးရိမ်ပါနဲ့ ဟု စမ်းအေးကဆိုသည်။

သည်လိုဖြင့်ပင် ...

"အိမ်မိုးခေါင်ထက်၊ အိပ်သည့်ကြက်

မစက်သုံးကြိမ်၊ တွန်ခဲ့ပြီလေ

ပြန်တော့မင်းရှင်၊ မင်းညို့စင်

လုလင်ပြန်တော့၊ မောင်ပြန်တော့"

ရှေးက ကဗျာကလေးတစ်ပုဒ်ကို ကြားယောင်မိပါ၏။ ညစဉ်ညတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အပျို့အိမ်ကိုအလည်လာသော လူပျိုသည် ညည့်နက်အောင်နေလွန်းသဖြင့် အပျိုက တောင်းပန်၍ လွှတ်ရကြောင်း ကဗျာကလေးဖြစ်သည်။

သည်လိုဖြင့်ပင် တစ်ဆောင်းနှစ်ဆောင်းတိုင်ခဲ့ပြီ။ သည်အခါမှ စမ်းအေးက ကျွန်တော့်ကိုအဖြေပေးတော့သည်။ တိုက်ရိုက်မပြောဘဲ စကားထာဖြင့်ပြောသည်။

"အင်ကြင်းရိုးနီ၊ ပိုးကြိုးနဲ့သီ"

မေတ္တာရှယ်ရည်၊ ချစ်ပါသည် ဟု အဖြေပေးလိုက်ခြင်းဖြစ်သည်။ ထိုညက ကျွန်တော်အလွန်ပျော်ပါသည်။

နောက်ညများမှာတော့ ...

"ကျွန်းတုံးကြောင်လျှောက်" လွမ်းတုန်းမောင်ရောက် ဟူသော စကားထာတွေဝှက်လာပြီ။ ပြန်ခါနီးကျလျှင် ...

"ကွမ်းရွက်နဲ့ဆား" လွမ်းရက်နဲ့သွား "ကွမ်းရွက်နှင့်သဲ" လွမ်းရက်နဲ့ခွဲ ဆိုသော နှုတ်ဆက်သံတွေကြားလာရသည်။

တစ်ခုသောညမှာတော့ လမင်းက ထိန်ထိန်သာနေ၏။ ဆောင်းလေက အေးသည်။ ဆိတ်ဖလူးပန်းရနံ့ကမွှေးနေသည်။ စမ်းအေးက ခါတိုင်းညတွေထက် ပိုလှနေသည်ဟုထင်ရသည်။ သူက ချစ်သူတို့ဘဝ အလှဆုံး စကားတွေကိုပြောသည်။

"ပုလဲပန်းတစ်ခက်နှစ်ခက်" မခွဲတမ်းတစ်သက်နှစ်သက်။

"စပယ်ခြံ၊ ထရံကာရဲ့လား" တကယ်ကြံ၊ စရံပါရဲ့လား ဟူသော စကားထာတွေကို ရယ်ရယ်မောမော သူပြောလာ၏။ ထိုမျှသာမက တီးတိုးစကားသံကလေးနှင့် လပ်ထပ်ကြစို့အစ်ကိုရယ်ဟု ပြောလာသည်။

သို့ဖြင့်ပင် သူတို့ဒေသထုံးစံအရ ရွှေခွဲကြိုးကလေးတစ်ကုံး စရံတင်ကာ လူကြီးစုံရာဖြင့် ညှိသည်များကို ကောက်သစ်ထမင်းနှင့် ဝက်သားကြွေးကာ စမ်းအေးနှင့် ကျွန်တော် မောင်အောင်ရွှေတို့ အကြင်လင်မယားဘဝရောက်ခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်ပြီး ခုနစ်ရက်အတွင်း သူငယ်ချင်းတွေကို "ခံတွင်းစုံ" မနဲ့ကျွေးပွဲကလေးကလည်း သတိရစရာဖြစ်သည်။

သူ့ဖက်က မိန်းမပျိုသူငယ်ချင်းတွေ ကျွန်တော့်ဖက်က လုလင်ပျို သူငယ်ချင်းတွေကို ဖိတ်ရသည်။ သတို့သမီးနှင့် သတို့သားတို့က ကိုယ်တိုင်သွား၍ အသာလက်တို့ဖိတ်ရသောပွဲဖြစ်သည်။ ကြက်ဖို၊ ကြက်မသားနှင့် ဆန်ကောင်းကို မနဲ့ကြိုရသည်။ နံနက်ခင်းတွင် သတို့ သမီးအိမ်သို့ သူငယ်ချင်းအပျို၊ လူပျိုတွေရောက်လာကြသည်။ အိမ်ပေါ် မှာ ပျော်ပျော်ပါးပါးနေစေ၏။ အိမ်လှေကားရင်းမှာ ကျင်းသုံးကျင်းတူး၍ လုံသုံးချောင်း၊ အသွားမိုးသို့ထောင်၍ စိုက်ရသည်။ တစ်နေရာတွင် ဖန်း၏အကိုျပေါ်တွင် ခင်ပွန်း၏ အကိုျထပ်၍ချိတ်ထားရသည်။

အချိန်ကျလျှင် နတ်ဆရာက မနဲ့လင်ပန်းကိုကိုင်၍ လှေကားမှ တက်သည်။ အပျိုလူပျိုမျက်နှာချင်းဆိုင်တန်း၍ ထိုင်ရသည်။ သူတို့ တစ်ဦးစီရှေ့မှာ မနဲ့ပန်းကန်နှင့် ဇွန်းတစ်ချောင်းစီပါသည်။ အသစ်စက်စက် ဇနီးမောင်နှံက အတန်းနှစ်သွယ်၏ ထိပ်မှာ ထိုင်ရသည်။ သူတို့ရှေ့မှာ မနဲ့တစ်ပန်းကန်နှင့် ပန်းကန်ထဲမှာ ကြက်ဖို၊ ကြက်မအမြစ်အသည်းနှစ်ခု ထည့်ထားသည်။

ဇနီးမောင်နှံက အမြစ်အသည်းကို တစ်လုည့်စီခွဲကြရသည်။ အပျိုလူပျို တို့ကလည်း မနဲ့ကိုသောက်၏။ အပျော်သဘော တစ်လှည့်စီ ခွံ့နိုင်သည်။ ပျော်စရာကောင်းသော မင်္ဂလာဦးပွဲကလေးဖြစ်သည်။

သမက်စိတ်ချမ်းသာအောင် ယောက္ခမများက ပုတ်ထဲမှာ စပါးအပြည့် ခြံထဲမှာ နွားအပြည့်ပေးထားသည်။ ယောသူလုံမပျိုတို့မှာ အလုပ်နှင့် လက်မပျက်အောင်လုပ်ကြသည်။ အိမ်ထောင်ကျလျှင် သားကိုသင်၊ လင်ကိုဘုရား ကိုးကွယ်ထားတတ်ကြသူများဖြစ်သည်။ ညဦးခါ ခြိမ်းချိန်၊ သွတ်ဦးနိမ်၊ သုံးကြိမ် မိဘ ကန်တော့ကြပြီး အဆုံးအမရှိသည့်အတိုင်း ညစဉ်မိဘတို့ကို ရှိခိုး၏။ လင်ကိုလည်း ရှိခိုးပြီးမှ အိပ်ရာလှဲကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောနယ်မြေ၊ ပုံတောင်ပုံညာဒေသ ကြုံတွေ့ခဲ့ရသောအဖြစ်စုံ၊ သနစ်ပုံများကို ကျွန်တော် တသီတတန်းကြီးတွေးနေမိသည်။ ပုံတောင်ပုံညာမြေကို လွမ်းပါသည်။ မြစ်ကမ်းဘက်သို့ရောက်လျှင် ပုံတောင်ပုံညာဆီ မှန်းကာလွမ်းမိပါသည်။ ပုံတောင်ပုံညာဆီ မိုးညို့မှိုင်းလျှင် ရင်လှိုင်းခတ်၍ လွမ်းမိပါသည်။

ယနေ့ ကျောင်းပိတ်ရက်ဖြစ်သည်။ အိမ်ရှေ့ကွပ်ပြစ်မှ တိုင်းရင်းအနောက်တောင်ဆီသို့လှည့်ကာ ပုံတောင်ပုံညာကို သတိရနေသည်။ ငယ်ရွယ်စဉ်ဘဝက စွဲမက်ကျင်လည်ခဲ့ရသော နှင်းမိုးစင်နှင့် ဆောင်းတွင်းမီးဖိုကို ပြန်၍မြင်ယောင်လာသည်။ လူငယ်လူရွယ်တို့၏ မေတ္တာဘဝကို အကောင်းဆုံး၊ အရိုးသားဆုံး၊ အသန့်ရှင်းဆုံး အလှခြယ်ပေးသော အေးရိပ်သာလည်းဖြစ်သည်။ မြန်မာ့ရိုးရာမပျက် မေတ္တာပုလဲသွယ်ကို စီချယ်ပေးသော နေရာဖြစ်သည်ဟု ဆိုချင်ပါသည်။

ဖနီးသည် မစမ်းအေးက ကျွန်တော့်အနီးမှာ ထိုင်၍ စပယ်ပန်းကလေးတွေကို သီနေသည်။ ထိုစဉ် သူငယ်ချင်းဆရာလူပျိုကြီး ကိုမျိုးမြင့်ရောက်လာသည်။

"ဟာ ဖနီးမောင်နှံ ယောကိုလွမ်းနေကြသလား"

"ယောနယ်မြေ၊ ပုံတောင်တန်း၊ လွမ်းသင့်လို့လွမ်းပေါ့ကွာ" ဟု ကျွန်တော်က မြန်မာစာဆရာပီပီ ကဗျာသံနှင့်ပြောလိုက်သည်။

"ငါမေးထားတဲ့ ဖျာကပ်တယ်ဆိုတဲ့အကြောင်းလည်း ရှင်းပါဦးကွ"

"တကယ်တော့ ယောနယ်မြေ ပုံတောင်ပုံညာဒေသက လူတွေဟာ အေးချမ်းတယ်၊ ရိုးသားတယ်၊ ရောင့်ရဲတတ်တယ်၊ ပြဟ္မစိုရ်တရားတွေ ရှိနေသေးတယ်။ ယောသူကလေးတွေက လှလည်းလှတယ်။ ချစ်စရာလည်းကောင်းတယ်။ ဖော်ရွေလည်းဖော်ရွေတယ်။ ရောက်လာတဲ့ ဧည့်သည် မပြန်ချင်အောင် ခင်မင်ကြတယ်။ ပြုစုယုယကြတယ်။ ဒါကြောင့် ဖျာကပ်တယ်လို့ တင်စားပြောဆိုကြတာပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီး ဆရာကိုမိုးမြင့်ငေး၍ နားထောင်နေသည်။

"ဘာမှကြောက်စရာမရှိပါဘူး။ ငါ့ကိုကြည့်လေ ဖျာကပ်တာ (၁၂) နှစ်ကြာခဲ့တာပဲ။ ဖျာကပ်အောင်လုပ်တာ ဒီကောင်မလေးပေါ့" ဟု မစမ်းအေးဆီကို မေးငေါ့ပြလိုက်သည်။ ပန်းသီနေသော ယောသူမက ဆတ်ခနဲခေါင်းကလေးမော့လိုက်ပြီး ကျွန်တော့်လက်မောင်းအုံကို ခပ်ဖွဖွကလေးထုကာ ...

"အမယ် ဒီကကပ်အောင်လုပ်တာလား၊ သူကဖွတ်ကပ်တာလား"

လူပျိုဆရာကြီး ကိုမိုးမြင့်က ကျွန်တော်တို့ဇနီးမောင်နှံကို ကြည့်၍ သဘောကျနေသည်။

"အေးကွာ ငါလည်း အဲဒီဘက်ကို အပြောင်းအရွှေ့လျှောက်ဦးမှပဲ"

"အို ဆရာကြီးကိုတော့ ဖျာမကပ်ဘူး၊ ဖျာစနဲ့ထိုးလွှတ်ကြမှာ"

"ဘာပြုလို့"

"ဆရာကြီးက အရက်သောက်တာကိုး" ဟု မစမ်းအေးက ပြောလိုက်သည်။ ဆရာကိုမိုးမြင့်က ယောသူမအပြောကို သဘောကျ၍ တဟဲဟဲရယ်နေသည်။ အလွမ်းပြေ၊ အပျင်းပြေ၊ ညနေခင်းကလေးဖြတကား ...။

www.burmeseclassic.com

www.burmeseclassic.com

## အမေက မြေ အဖေက မိုး

ရှင်မတောင် မိုးညို့မှိုင်းလျှင် ရင်လှိုင်းခတ်၍လွမ်းရပါသည်။ မွေးရပ်မြေကို မရောက်ရသည်မှာ ကြာပြီဖြစ်၍ ဆောင်းနှောင်းရာသီကလေးမှာ ရောက်အောင်လာခဲ့မိသည်။ ရွာကိုရောက်ပြန်တော့လည်း ပြည်တွင်းစစ်ကာလက ပြေးခိုခဲ့ရသော ကမ်းနီရွာကလေးသို့ရောက်ချင်သည်ဆို၍ ရွာက ကိုအေးခိုင်၊ ကိုလှမြင့်၊ ကိုသောင်းတို့က သူတို့ရွာမှ ဂျစ်ကားကလေးနှင့်လိုက်ပို့ကြသည်။

မြေနီလမ်းကလေးအတိုင်း ယာခင်း ရိုးပြတ်ကိုကျော်၍ ရှင်မတောင်ကြီးကို ကွေ့ပတ်ကာ အနောက်ဘက်တောင်ခြေမှ ကမ်းနီရွာကလေးကို ရောက်ခဲ့သည် ရွာကလေးမှာ ရှေးကနှင့်မတူ အတော်လေးပြောင်းလဲနေသည်၊ စာသင်ကျောင်းတွေ၊ စက်ရေတွင်းတွေနှင့်ဖြစ်နေပြီ၊ စစ်အတွင်းက နားခိုခဲ့ရသော ဦးဘ ဒေါ်ရုပ်ဆိုးတို့အိမ်ကို အရောက်လာခဲ့ရသည်။ အဘိုးအဘွားတို့ကား မရှိတော့ပြီ သားသမီးများသာရှိတော့သည်။ အစ်မမငွေဘုံမှာ ကွယ်လွန်ခဲ့ရှာပြီ၊ ကိုကြီးခင် ကိုကြီးဆင်နှင့် အစ်မ မငွေအုံတို့သာ ရှိတော့သည်။ ငယ်စဉ်က အတူနေခဲ့ရပြီး အနှစ်ငါးဆယ်နီးပါးရှိမှ ပြန်တွေ့ကြရသောအခါ သူတို့က အံ့သြဝမ်းသာနေကြသည်။

"ဟယ် ‥ မင်းဟိုတုန်းက ကလေးလေး၊ အခုအဘိုးကြီးဖြစ်နေပြီပေါ့လား" ဟု အားရပါးရ ဝမ်းသာအယ်လဲပြော၍ ရယ်နေကြသည်။ နှစ်ငါးဆယ်ဟူသော အချိန်ကာလကို စိတ်အာရုံတွင် နောက်သို့ပြန်ဆွဲလိုက်သောအခါ ငယ်မူငယ်ရာ၊ ငယ်ဝလေ့ကလေးများသို့ ပြန်၍မြင်ယောင်လာရသည်။ စိတ်ကလည်း နုပျိုလန်းဆန်းရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟို ငယ်စဉ်က အလွန်သန်မာထွားကျိုင်းသော ကိုကြီးခင်သည် ဆီဆုံကြိတ်ရာတွင် အလွန်ကျွမ်း၏။ ဆီဆုံကျည်ပွေ့ကြီးကို လက်တစ်ဖက်နှင့် နုတ်နိုင်သည်။ ပြန်စိုက်နိုင်သည်။ ယခုတော့ အရိုးပြိုင်းပြိုင်းခါးကိုင်းကိုင်းနှင့် အဘိုးကြီးဖြစ်နေပြီ။ ညီဖြစ်သူ ကိုကြီးဆင်မှာလည်း ငယ်ငယ်က အလွန်သွက်၍ လုပ်အားကောင်းသော တောင်သူဖြစ်သည်။ လုပ်ငန်းကျွမ်းကျင်၏။ အပင်ပန်းခံနိုင်၏။ ယခုတော့ သူလည်းပါးချောင်ကျနှင့် အဘိုးကလေးဖြစ်နေပြီ။ အစ်မငယ် မငွေအုံမှာ ဟိုစဉ်ကရွာတွင် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တစ်ဦးဖြစ်သည်။ ယခုအခါ ဆံဖြူသွားကြွေ ပါးရေတွန့်တို့ အဘွားအို။

ရှေးဖြစ်ဟောင်းတွေကို ပြန်ပြောင်းပြောမိနေကြသည်။ ပြည်တွင်းစစ်ကာလ၊ အဖေနှင့်အမေတို့ ဤရွာကလေးမှာ ခေတ္တခိုခဲ့ဖူးသည်။ ဈေးရောင်းကြသည်။ မြေပဲနုတ်မြေပဲဆွတ်ကြရသည်။ ထိုစဉ်က ကျွန်တော်အသက်မှာ ဆယ်နှစ်အရွယ်သာရှိသေးသည်။ ရွာကစာသင်ကျောင်းမရှိ၊ ကိုကြီးခင်တို့နှင့် ဆီဆုံစီးရင်း တောသို့လိုက်ရင်းနှင့်သာ အချိန်ကုန်ခဲ့ရသည်။ တစ်ခါတစ်ရံ ဖိုးရွှေတို့၊ သာပြည့်တို့နှင့် ငုံးလိုက် ယုန်လိုက် ပဒတ်လိုက် ထွက်ရသည်မှာလည်း ပျော်စရာ။

အဘိုးအဘွားအရွယ်ရောက်နေကြပြီဖြစ်သော အစ်ကိုအစ်မများကို တတ်နိုင်သမျှ ပုဆိုးအဝတ်အထည်၊ မုန့်ပဲသရေစာကလေးတွေနှင့် ဂါရဝပြု၍ ကျွန်တော်ကန်တော့သည်။ သူတို့က သာဓုခေါ်၍မဆုံး။ သူတို့ကလည်း ရှေးကလို လက်ဖက်ရည်ကြမ်း၊ ပြောင်းဖူးကြော်၊ မြေပဲဆံသုပ်၊ အမဲခြောက်ဖုတ်တို့နှင့် ဧည့်ခံသည်။

"မင်းကို တွေ့ရတော့ မင်းအဖေဦးလေးသန့်နဲ့ ဒေါ်လေးကြည်ကို သတိရသကွာ၊ သူတို့သားလေးတစ်ယောက်ကို ငုံထား မတော်ချစ်ကြတာကိုး" ဟု ကိုကြီးခင်က လွမ်းလွမ်းတတပြောနေရှာသည်။ ကျွန်တော်လည်း အမေနှင့်အဖေကို လွတ်ဆွတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးခင် ဟိုတုန်းက ပတ္တလားတီးရင်ဆိုဆိုပြတဲ့ မိဘမေတ္တာ သီချင်းလေးရသေးလား ဆိုပြရင်ကောင်းမှာဗျ" ဟု ကျွန်တော်က တောင်းဆိုလိုက်သောအခါ ကိုကြီးခင်၏ မျက်နှာသည် ဝင်းလဲ့ကြည် လင်၍လာသည်ဟု ထင်လိုက်ရသည်။

"မဆိုမတီးမိတာ အတော်ကြာပါပြီကွယ် ... ပတ္တလားကြီးတောင် ဟိုစင်ပေါ်မှာ ဖုန်တက်နေပြီ"

ရွာသားလူငယ်နှစ်ဦးက ဝါးပတ္တလားကြီးကို ထုတ်လာသည်။ ကျကျနန ဖုန်သုတ်ပေးကြသည်။ ကိုကြီးခင်က ပတ္တလားလက်သံစမ်း လိုက်၏ အစ်မ မငွေအုံက စည်းနှင့်ဖြောက်ကလေးကို ကိုင်လိုက်သည်။

"မိဘမေတ္တာ ... ကြီးမားလှသည် ... ငယ်စဉ်ကပင်လုပ်ကျွေး ခဲ့သည် ... မှတ်ခြင်မကိုက်အောင် ထိန်းသိမ်းစောင့်ရှောက်သည် ...

ရေမြေသိတာ ... သားတို့ရှုပ်ရှည် စေတနာ မေတ္တာမကွာအေးကြည် သေစရာဆိုလျှင် ရှေ့ကခံရ ... စံစရာဆိုလျှင် သားသမီးကိုပင် ဆင်းရဲ တွင်းက လွတ်အောင်ကြံစည် ... ဒုက္ခအတွင်းက ကင်းအောင်ကြံ စည် ... သားသမီးကို မိဘက ပိုးမွေးသလို မွေးရပါတော့သည် ...

ပိုးမွေးသလို မွေးရပါတော့သည် ..."

သီချင်းမဆုံးခင်မှာ မျက်ရည်စို့လာသည်။ ကိုကြီးခင် အသံက ခပ် လေးလေး၊ ပတ္တလားလက်သံကခပ်ကျဲကျဲ .. ငယ်စဉ်ကပင် စွဲမက်ခဲ့ ရသော တောကသီချင်းတစ်ပုဒ်ဖြစ်သည်။

အဖေနှင့်အမေကို လွမ်းဆွတ်တသမိသည်။ မိမိကိုယ်တိုင် အသက် အရွယ်ကြီးရင့်၍လာခါမှ မိဘတို့၏ မေတ္တာ၊ စေတနာကို ပို၍မြင်လာမိ သည်။ ကျေးဇူးတော်ကို ပို၍အောက်မေ့မိသည်။ လွမ်းမျက်ရည်ပို၍ ဝေ့လာပါ၏။

ညနေစောင်းတော့ ကိုကြီးခင်တို့ မောင်နှမတတွေကို ကန်တော့ပြီး ကျွန်တော်တို့သည် တောဂျစ်ကားကလေးဖြင့် ကမ်းနီရွာမှ ပြန်ထွက်ခဲ့ကြ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေခံပညာဦးစီးဌာနရုံးချုပ်တွင် အမှုထမ်းစဉ် တာဝန်ရှိဌာနအကြီးအကဲတစ်ဦးအနေဖြင့် မကြာခဏနယ်လှည့်ခရီးထွက်ရသည်။ ပခုက္ကူမြို့ကိုရောက်တိုင်း ဗုဒ္ဓကုန်းရောက်လျှင် ရင်ထဲမှာ ဝေဒနာတစ်ခုခံစားမိလာတတ်သည်။ အတိတ်ကိုတွေး၍ ဆွေးမြေ့ရသော ဝေဒနာ။

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်က အမေနှင့်ကျွန်တော် ဗုဒ္ဓကုန်းသစ်သားတံတားပေါ်မှာ မျက်စိသငယ်၊ နားသငယ်နှင့် လျှောက်ခဲ့ရသည်။ တံတားထိပ်ရောက်လျှင် ပခုက္ကူထောင်ကြီးဖက်သို့ ဖတ်သီဖတ်သီနှင့် လျှောက်ခဲ့ကြရသည်။ အဖေက ထောင်ကျနေ၏။

နိုင်ငံရေးအခြေအနေအပြောင်းအလဲတစ်ခုခုဖြစ်တိုင်း အဖေကအဖမ်းခံရမြဲဖြစ်သည်ဟု အမေကပြောဖူးသည်။ ဂျပန်ခေတ်ကလည်း အိမ်မွေးထားသော မြင်းညိုကြီးကို "ဖက်ဆစ်ဂျပန်စစ်သားတွေ စီးဖို့မပေးနိုင်ဘူး" ငြင်းသဖြင့် ဂျပန်အဖမ်းခံခဲ့ရဖူးသည်။ လွတ်လပ်ရေးရအပြီး ပြည်တွင်းသောင်းကျန်းသူ ကွန်မြူနစ်တွေထတော့လည်း အိမ်ဈေးဆိုင်မှာ ရောင်းရန်စာတတ်ခဲတစ်သေတ္တာ လှည်းပေါ်မှာပါလာသဖြင့် "သူပုန်အားပေးသူ" ဟု စွပ်စွဲကာ ပုလိပ်ကဖမ်းလိုက်ပြန်သည်။ အဖေပခုက္ကူထောင်ကြီးမှာ ပုဒ်မ (၅) နှင့် ကျခဲ့ရသည်။ ရွာတိုက်ပွဲတွေဖြစ်မီးတွေလောင်တော့ သားအမိနှစ်ယောက် ကစဉ့်ကလျားပြေးခဲ့ရသည်။ ရှိသမျှ ရွှေ၊ ငွေ၊ ဥစ္စာအဝတ်အထည်တွေ မီးထဲမှာ အားလုံးနေရစ်ခဲ့သည်။ ပြည်တွင်းစစ်သည် အလွန်ကြောက်စရာကောင်းပါ၏။ ကျွဲနှစ်ကောင်ခတ်လျှင် မြေဇာပင်တွေ ညက်ညက်ကြေရသလိုဖြစ်သည်။

အမေက အားမငယ်ပါ။ ဘဝကို ကြံ့ကြံ့ခံနိုင်သည်။ ပခုက္ကူအမေ့မိတ်ဆွေကောင်းတွေအိမ်မှာ မှီခိုနေရပြီး ရက်ကန်းရက်သည့် လုပ်ခဖြင့်သားအမိနှစ်ယောက်ဘဝရပ်တည်နေခဲ့သည်။ တစ်နှစ်ခန့်ကြာသောအခါ အဖေထောင်မှ လွတ်လာသည်။ မိသားစုဝမ်းသာလိုက်ကြသည်ဖြစ်ခြင်း။ သို့သော် ဘဝရပ်တည်ရေးမှာ အဖေသည် ယခင်ကလိုတော့ ကုန်သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမဟုတ်တော့၊ လက်ထဲမှာ အရင်းအနှီးကမရှိ။ သို့တစေ အဖေ က အားမငယ်။ ထောင်ထဲမှာ ရဲဘော်ရဲဘက်တွေ အလွှာစုံဘဝစုံက လူအမျိုးမျိုးနှင့် တွေ့ကြုံခဲ့ရ၍ ဗဟုသုတတွေကြွယ်လာသည်။ အတွေး အမြင်တွေပြောင်းလာသည်။ အလုပ်ဟူသမျှ ဂုဏ်ရှိ၏၊ မိမိ၏ ကာယအား၊ ဉာဏအားဖြင့် တရားသဖြင့် ဝင်ငွေရသော အလုပ်တွေလုပ်မည်ဟု အမေ့ကိုပြောသည်။ အထူးသဖြင့် ပြောင်းလဲလာသောအရာမှာ "သား ကို ခေတ်ပညာတတ်တစ်ယောက်ဖြစ်အောင် ကျောင်းထားပေးချင်သော ဆန္ဒ" ပင်ဖြစ်ပါသည်။

အဖေက ပန်းရံအလုပ်၊ လက်သမားအလုပ်တွေကိုလုပ်သည်၊ ဘုန်းကြီးကျောင်းသားဘဝ၊ ရွာကာလသားဘဝကပင် သည်ပညာတွေကို တတ်ခဲ့သည်ဟု ဆိုသည်။ အလုပ်ကြမ်းတွေ မမောမပန်းလုပ်ရင်း သား ငယ်ကို ကျောင်းထားနိုင်၍ အဖေစိတ်ချမ်းသာနေသည်။ ပခုက္ကူအရှေ့ တိုက်ကျောင်းဆောင်ကြီးဆောက်စဉ်က လက်သမားဦးကျော်ဝအဖွဲ့ထဲမှာ အဖေပါသည်။

အဖေအလုပ် လုပ်ရာသို့ တစ်ခါတစ်ရံ ကျွန်တော်ပါသွားတတ် သည်။ ရွာမှာနေခဲ့ကြစဉ်ကဆိုလျှင် အဖေသည်၊ ကုန်သည်ပွဲစားတစ်ဦး၊ ရွာမှာလူရည်တတ်အသိုင်းအဝိုင်းဖြစ်၏။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်ကာ ခေါင်းပေါင်းကိုကြော့နေအောင်ပေါင်း၍ လက်ဖက်ရည်ကြမ်း တစ်အိုး၊ ဆေးလိပ်တစ်ဗျပ်နှင့် လာသမျှရောင်းသူ၊ ဝယ်သူကို ဧည့်ခံ စကားပြောနေတတ်သည်။ အမေကမူ ဆန်အိတ်ပုံနား၊ ဆီစဉ့်အိုးနား၊ စားကုန်မျိုးစုံကြားမှာ လက်မလည်အောင် ရောင်းပေးနေရသည်ကို ကျွန်တော်ကောင်းကောင်းမှတ်မိနေသည်။ လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်မီးက အဖေနှင့်အမေတို့ကို ဘဝအခြေပျက်စေခဲ့သည်။ ယခု တော့ အမေကရက်ကန်းသည်၊ အဖေကလက်သမား၊ ပုဆိုးတိုတို ဝတ်ကာ အင်္ကျီကိုယ်တုံးလုံးနှင့် တကုန်းကုန်းရွေဘော်ထိုးနေသော အဖေ

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်ရသောအခါ ကျွန်တော့်ရင်ထဲမှာ မိဘကို သနားတတ်သော ဝေဒနာခံစားလာမိသည်။

အသက်ငါးဆယ်ကျော် ခြောက်ဆယ်တွင်းရောက်ပြီဖြစ်၍ ဘဝက နေကျချိန်ရောက်နေပြီ၊ သူတစ်ပါးမြို့ရွာကို ဆက်နေ၍ သင့်မည်မထင်၊ ကိုယ့်ရပ်ကိုယ့်ရွာဆီပြန်၍ မိရိုးဖလာအလုပ်ကလေးတွေ၊ ဆက်လုပ်မှသင့်မည်ဟု အဖေကဆိုသည်။ အမေကမူ ဈေးခံတောင်းခေါင်းပေါ်တင်ကာ ရွာရိုးတောရိုးလှည့်ဖို့ကလည်း ဝန်မလေး။

ကမ်းနီရွာသို့ပြောင်းခဲ့ကြရသည်။ ကျွန်တော်ဒုတိယတန်းဖြင့် ကျောင်းထွက်ခဲ့ရသည်။ ကမ်းနီရွာမှာ စာသင်ကျောင်းမရှိ၊ ပညာရေးပျက်ခဲ့ရပြန်သည်။ မြေပဲတောဖြစ်၍ အရောင်းအဝယ်သဘောက ကောင်းပါသည်။ ငါးပိ၊ ဆီ၊ ဆား၊ ငါးခြောက်၊ မြေပဲနှင့် လဲရသည်။ မြေပဲတွေများလာတော့ အဖေကမြို့သွား မြေပဲချရသည်။

"ကလေးအတွက် ပညာရေးငတ်တယ်။ ဒီရွာမှာကြာကြာနေလို့ မဖြစ်" ဟု အဖေကဆိုသည်၊ စီးပွားရေးအသင့်အတင့်ချောင်လည်နေသော်လည်း အမေကမငြင်းပါ။ "သျှောင်နောက်ဆံထုံးပါမြဲထုံး" ဟု သာ သဘောထားခဲ့ပါသည်။

ရေစကြိုမြို့နယ်ထဲက ဇာတိရွာငယ်သို့ပြောင်းရွှေ့ခဲ့ကြသည်။ လှည်းနှစ်စီးဖြင့် ရှင်မတောင်ကိုပတ်၊ ချောင်းကောက်တောင်ကြားကိုဖြတ်၍ ရွာသို့မောင်းခဲ့ရသည်။ ထိုကာလက ဓားပြအနုကြမ်း သူပုန်တို့ရှိသော ကာလဖြစ်သည်။ လထွက်အမှီ မှောင်ရီရီအချိန်၌ ရွာဆက်ဝေးသော တစ်နေရာတွင် လှည်းနောက်မနီးမဝေးမှ ဆေးလိပ်မီးပမာ မီးရောင်ကလေးပါလာသည်။ အမေသည် ကြောက်နေ၍ အနည်းငယ်တုန်နေသည်ဟု ပင်ထင်သည်။ အဖေကမူ မကြောက်၊ သူ့မျက်နှာမှာတည်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ တစ်စုံတစ်ရာကိုဆောင်ရွက်ရန် စဉ်းစားနေဟန်ရှိသည်၊ ကျွန်တော်ကမူ အမေတစ်လှည့်အဖေတစ်လှည့်ကြည့်ရင်း ဘာကို ကြောက်ရမှန်းမသိ နှုတ်သီးကောင်းလျှာပါး အမေသည် စကားပြော တိုင်း အဖေ့ကို အနိုင်ယူတတ်၏။ ဒီတစ်ခါတော့ အမေကြောက်နေ သည်။ အဖေ၏ လက်မောင်းကို အားကိုးအားထားပြု၍ ကိုင်ထား သည်။ အဖေ၏ လက်တစ်ဖက်က ဓားရှည်ကိုကိုင်ထားသည်။ ခဏ အကြာတွင် အဖေက "ဟော့ဘာယ်သူလဲကွ ရပ်လိုက်" ဟု တည်ငြိမ် ခိုင်မာသောအသံဖြင့် အော်လိုက်သည်။

အမှောင်ထဲက မီးပွားငယ်သည် တန့်ခနဲရပ်လိုက်ပြီး မြူအိုးလုံးခန့် ရှိသော မီးလုံးကြီးထတောက်လိုက်သည်။

"ဟာ မီးသရဲပါကွာ" ဘာမှကြောက်စရာမရှိပါဘူး။ သူတို့ ဘာသာ ဘာဝသွားလာနေကြတာပါ" ဟု အဖေက ပြောမှ အမေအကြောက် ပြေသွားသည်။ ညခရီးတွင် ထိုမီးလုံးသည် နီးလိုက်ဝေးလိုက်နှင့် ရွာနား ရောက်မှ နေရစ်ခဲ့တော့သည်။

မီးလောင်မြေရွာပျက်ကုန်းမှာ ဘဝသစ်စကြရပြန်သည်။ ရောက် နှင့်ပြီးသော မိသားစုများက ဝမ်းပန်းတကသာ ဆီးကြိုကြသည်။ သူတို့ ထန်းရွက်တဲကလေးများဆီမှ ထွက်လာကြသည်။ ရွာမှာ မီးလောင်ပျက် စီးခဲ့သော်လည်း ရွာသူရွာသားတို့၏ မြန်မာ့ရိုးရာစိတ်ဓာတ်က မပျက်စီး သေး၊ အဖေသည်ကျွန်တော်တို့နေဖို့ တဲအိမ်ကလေးတစ်လုံးကို ရှေးကအိမ်နေရာမှာ ဆောက်သည်။ ရှားတိုင်၊ ဝါး၊ ထန်းသားတို့နှင့် ဆောက်သည်။ ထန်းရွက်မိုးထန်းရွက်ကာသည် တောသဘာဝအတိုင်း လှသည်။ အမေအတွက်ရက်ကန်းစင်တစ်စင်လည်း ရိုက်ပေးသည်။ ညဦးယံအချိန် အမေ၏ ရက်ဖောက်ယောက်သော ရေနံဆီမီးခွက်ရောင် တွင် ကစားခဲ့ရသည်မှာ ပျော်စရာဖြစ်သည်။ အဖေအလုပ်မရှိသေးသော် လည်း အမေကမပူ သူ့ရွာသူ့ရပ်မှာ သူ့ရက်ကန်းစင်နှင့်လုပ်ကျွေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖေကမူ လက်ဖက်ရည်အိုးကြီးတစ်လုံးနှင့် ဘဝရှေ့ရေး ဆွေးနွေးနေဟန်ရှိပါသည်။

ရွာမှာ အစိုးရမူလတန်းကျောင်း မဖွင့်သေး။ ရဟန်းလူထွက် ဦးထွန်းရီနှင့် သူ၏ဖခင် ဦးကံဦးတို့က ရွာက ကလေးတွေကို စာသင်ပေးသည်။ ထိုကျောင်းကို အဖေက ကျွန်တော့်အား အပ်ပေးသည်။ ပျော်စရာကောင်းသည်။ ယောက်ျားလေး၊ မိန်းကလေးငါးဆယ်ကျော်လောက်ရှိသည်။ ဘုရားရှိခိုးရသည်၊ စာဖတ်ရသည်၊ ဂဏန်းတွက်ရသည်၊အံ့ရှုပ်ရေးရသည်၊ သစ်ပင်စိုက်ရသည်၊ ကျောင်းလခသိပ်မပေးရ။ တစ်လမှာဆန်တစ်ပြည်နှင့် ငွေငါးမတ် "ဆင်းရဲဒုက္ခရောက်ချိန် ကူညီသူမှ မိတ်ဆွေကောင်း မိတ်ဆွေစစ်ဖြစ်သည်"ဟု အဖေက မကြာခဏ ပြောဖူးသည် "မိတ်ကောင်းမှ ချမ်းသာ၊ လမ်းဘာမှ ခရီးရောက်" ဟူသော ဆိုရိုးစကား၊ မကြာခဏရွတ်ပြလေ့ရှိသည်။ အဖေ့မှာ မိတ်ဆွေကောင်းတွေပေါသည်။ အဖေ၏ရိုးသားမှု ဝတ္တရားကျေပွန်မှုကြောင့် မိတ်ဆွေကောင်းတွေရလာခြင်းဖြစ်ပါမည်။ ရေစကြိုမြို့မှ ဦးဝ၊ ဒေါ်တင်တို့ကထန်းလျက်ပွဲပိုင်းထောင်သည်၊ လှည်းကြိုးစွဲကိုင်လူရင်း တစ်ယောက်လိုနေ၍ အဖေ့ကိုခေါ်လိုက်သည်။

"ကိုယ်အလုပ်ရှိရာကိုသာ ဖြောင့်ဖြောင့်သွားပါ မိသားစုအတွက် နောက်ဆံမတင်းနဲ့ ကိုယ့်ရပ်ကိုယ့်မြေရောက်မှတော့ ဘာမှပူစရာရှိပါဘူး" ဟု အမေက အားပေးလိုက်သည်။ အမေက အညာသူအိမ်ရှင်မကောင်း ပီသစွာ ရက်ကန်းလည်းတတ်သည်၊ ဈေးရောင်းလည်းတတ်သည် မဟုတ်ပါလော။

အဖေရေစကြိုမြို့ကို ရောက်သွားသည်။ ရွာမှာ အမေနှင့်ကျွန်တော် ကျန်ရစ်သည်။ အမေကရက်ကန်းရက်သည်၊ အဖေက တစ်လတစ်ခေါက်နှစ်ခေါက်တော့ပြန်လာတတ်သည်။ ထိုစဉ်က မြို့၏စီးပွားရေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ထန်းလျက်လုပ်ငန်းဖြစ်သည်၊ ရေစကြိုမှာ ထန်းလျက်ပွဲဝိုင်းကြီးတွေ အမြောက်အမြားရှိသည်။ ထန်းလျက်လုပ်ငန်းလုပ်ကိုင်နေကြသူတို့မှာ လူချမ်းသာ၊ လူရည်တတ်များဖြစ်ကြသည်။ အဖေသည် ထိုလူတန်းစားများနှင့်နီးနွယ်ပေါင်းသင်း အလုပ်လုပ်ရသောအခါ ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်စီးပွားရေး၊ ခေတ်ပညာတို့အကြောင်း ပို၍သဘောပေါက်လာသည်။ အဖေ၏အတွေးအခေါ်တွေပို၍ ပြောင်းလဲလာသည်။ ခေတ်ပညာမတတ်လျှင် အောက်ကျနောက်ကျရှိသည်၊ မိမိသားကို ခေတ်ပညာတတ်တစ်ယောက်ဖြစ်စေချင်သော ဆန္ဒတွေက အဖေ့မှာ ပိုလာသည်။

မိတ်ဆွေများ၏အားပေးမှုကြောင့် မိသားစုရေစကြိုမြို့သို့ ပြောင်းဖို့ အဖေစီစဉ်ထားသည်။ အမေက သူ့ရက်ကန်းစင်၊ သူ၏ထန်းရွက်တဲကလေးနှင့် သူ၏ရွာကို မခွဲနိုင်မခွာရက်ဖြစ်နေပုံရပါ၏။

"ကလေးရဲ့ရှေ့ရေး၊ ကလေးရဲ့ပညာရေးအတွက်ပါ၊ ရှင်မရယ်" ဟု အဖေကပြောသောအခါ အမေသည် ဘာမှမငြင်းသာတော့ မြို့သို့ လိုက်ပါခဲ့ရတော့သည်။

နေစရာအိမ်က မရှိသေး၊ ထန်းလျက်ပွဲဝိုင်း၏တစ်နေရာက အခန်းတစ်ခုအတွင်းမှာ မိသားစုနေရသည်။ အမေ၏ လက်သုံးတော်ရက်ကန်းစင်ကလည်းပါလာသေး၏။ ထန်းလျက် ဂိုဒေါင်၏ထောင့်တစ်နေရာမှာ အဖီကလေးချ၍ ရက်ကန်းစင်ဆင်ပေးထားရသည်။ ကျွန်တော့်ကို တန်းမြင့်ကျောင်းမှာ ထားရတော့မည်ဖြစ်၍ အဖေကဝမ်းသာနေသည်။ စာသင် ကြာသပတေး၊ စာရေး သောကြာဆိုသည့်စကားအတိုင်း အဖေသည် ရောက်ရှိပြီးနောက်တစ်ရက် ကြာသပတေးနေ့မှာ ကျောင်းအပ်ဖို့ ပြင်သည်။ ကျောင်းသားကြီး ကိုကျော်၏ အကူအညီဖြင့် အဖေနှင့် ကျွန်တော် ကျောင်းအုပ်ဆရာကြီး ဦးဘသန်းအိမ်သို့ရောက်သည်။ အုန်းသီး၊ ငှက်ပျောသီး၊ လက်ဖက်ထုပ်၊ ဆေးလိပ်စည်းတို့ပါသော

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ပွဲဖြင့် ဆရာကြီးကိုအပ်သည်။ ဆရာကြီးကို ဦးသုံးကြိမ်ချစေသည်။ ပြီးမှ"ကျွန်တော့်သားကို ဆရာကြီးထံအပ်ပါတယ်၊ စာတတ်အောင်၊ ပညာတတ်အောင်သင်ပေးပါ။ မတော်မိုက်မဲမှုရှိရင်လည်း ရိုက်ဆုံးမပါ ဆရာကြီး" ဟု အဖေက ပြောသည် ရွှေကိုင်းမျက်မှန်ကြီး တဝင်းဝင်းနှင့် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးဘသန်းက သဘောကျနေဟန်ရှိပါသည်။

တန်းမြင့်ကျောင်းမှာ ကျွန်တော်တတိယတန်းကစ၍ နေရသည်၊ ညမှာ အခန်းကျဉ်းကလေးထဲတွင် စာကျက်ရသည်။ အမေရက်ဖောက်ယောက်နေသော ရေနံဆီမီးခွက်ရောင့်အောက်တွင် ကျွန်တော်စာကျက်ရသည်။ အဖေက တစ်ဖက်ကတိုက်မှာသွား၍ ရေဒီယိုနားထောင်သည်။ အပြန်မှာ ကုန်ဈေးနှုန်းသတင်းတွေ နိုင်ငံရေးအခြေအနေတွေ၊ ဗဟုသုတတွေပြန်ပြောပြသည်။ တစ်ခါတစ်ရံလသာ ကြမ်းပြင်မှာ၊ ဇာတ်၊ နိပါတ်၊ ဗုဒ္ဓဝင်၊ မဟာဝင်တွေ မြန်မာရာဇဝင်တွေပြောလေ့ရှိသည်။ အဖေသည် ဘုန်းကြီးကျောင်းစာတွေ ကောင်းကောင်းတတ်ခဲ့သူဖြစ်ပါသည်။

စတုတ္ထတန်းရောက်သည့်နှစ်မှာ ကျွန်တော့်အား စကောလားရှစ်စာမေးပွဲ၊ ဝင်ဖြေဖို့ရွေးချယ်ကြောင်းအတန်းပိုင်ဆရာ ဦးဘကောင်းက လာပြောသောအခါ အဖေသည် အလွန်ဝမ်းသာသွား၏၊ သူ့မျက်နှာက ကြည်လင်၍ ဝင်းလာသည်။ ချောင်းကလေးတဟာန့်ဟာန့်နှင့်ဝမ်းသာ ဂုဏ်ယူ၍မဆုံး၊ ဆရာ့အိမ်မှာညအိပ်ရသည်၊ စာသင်ရစာကျက်ရသည်မှာ အမော၊ ထိုနှစ်က ကျွန်တော်စကောလားရှစ်စာမေးပွဲအောင်ပါသည်။ အလယ်တန်းပညာစသင်ဖို့ အစိုးရက ရွေးချယ်စိစစ်သော စာမေးပွဲအောင်မြင်ခြင်းဖြစ်သည်။ လစဉ်ငွေတစ်ဆယ်ကျပ်ရသည်။ အလယ်တန်းအတွက် အဝတ်အစားဖိုးနှင့်စာအုပ်ဖိုးလုံလောက်ပါသည်။

အလယ်တန်းအဆင့်ရောက်တော့ အဖေက ဆရာဦးလှဖေအိမ် လိုက်အပ်ပြန်သည်။ အိမ်မှာစာကျက်ရုံနှင့်မပြီး အမှားရှိလျှင် အိမ်တ

www.burmeseclassic.com

www.burmeseclassic.com



မထောက်နိုင်၊ ဆရာ့အိမ်သွား၍ ဆရာ့ဝေယျာဝစ္စဆောင်ရွက်ရင်း စာကျက်သည်က ကောင်းသည် "ကြက်ကောင်းကြိုးမကျွာ နေရမည်" ဟု အဖေကပြောသည်။ ခွပ်လတ်ကောင်းသောတိုက်ကြက်ကို ကြိုးနှင့်မကင်းမကျွာထား၍ လေ့ကျင့်ပျိုးထောင်ရသည်။ ကြိုးလွှတ်လိုက်၍ သွားခြင်ရာသွား ဖြစ်ချင်ရာဖြစ်ဆိုလျှင် ထိုတိုက်ကြက်ပျက်တတ်သည်ဟု အဖေက ပြောပြသည်။ ဆရာဦးလုဖေကလည်း တပည့်တွေကို သူ့အိမ်မှာအိပ်စေသည်၊ ညစဉ်စာသင်ပေးသည်၊ စာစစ်ပေးသည်၊ တစ်ခါတစ်ရံ မုန့်ဟင်းခါး၊ ခေါက်ဆွဲထပ်တစ်ရာသုပ်တွေ ကျွေးသေးသည်၊ ကျောင်းသားတွေ ကိုယ်တိုင်ဝိုင်းလုပ် အတူစားဖြစ်သည်။ ဆရာ၏ မြေတောင်မြှောက်ပေးမှုဖြင့် ကျွန်တော်တို့ကျောင်းဝေယျာဝစ္စအဖွဲ့တွေ၊ ကျောင်းကပွဲတွေမှာ ပါရသည်။ ငါးတန်းမှရှစ်တန်းအထိ ဆရာအိမ်မှာချည်း ညအိပ်ရသည်။ အိမ်ကို ထမင်းစားချိန်မှရောက်သည်၊ အမေက ဘာအလုပ်မျှမခိုင်း "မင်းစာကိုသာ မင်းကြိုးစား"ဟု အမေက အားပေးတတ်သည်။ ရှစ်တန်းစာမေးပွဲအောင်ပြီးလျှင် ထိုခေတ်က တက္ကသိုလ်ဝင်တန်းဖြေရသည်။ ရှစ်တန်းအောင်စာရင်းထွက်ပြီးသောအခါ ဆရာက "မင်းတို့စာကြည့်တတ်ပြီ ကိုယ့်ခြေထောက်နှင့်ကိုယ်လှမ်းနိုင်ပြီး ဆယ်တန်းအောင်အောင်ကြိုးစားကြတော့ အိမ်ပြန်စာကြည့်ကြတော့"ဟု ပြောသဖြင့် အမေ့အိမ်သို့ ပြန်ရောက်ရပြန်ပြီ။

မက်ထရစ်စာမေးပွဲဟုခေါ်သော တက္ကသိုလ်ဝင်စာမေးပွဲအောင်ဖို့ဆိုသည်မှာ လွယ်ကူသောကိစ္စမဟုတ် အပတ်တကုတ်ကြိုးစားနိုင်မှ တော်ကာကျမည်။ ထိုကာလက တကယ်ကြိုးစားသူတို့၏ အောင်ပွဲဖြစ်သည်၊ အောင်လျှင်လည်း ဂုဏ်ယူလောက်ပါသည်။ ဘဝအောင်မြင်မှု၏ မှန်ဦးဟုလည်းဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ဝင်တန်းရောက်သည့်နှစ်မှာ မိမိကိုယ်ကိုအသင့်ပြင်ရတော့သည်။ ကျန်းမာရေး၊ လူမှုရေး၊ စိတ်ခါတ်ကြံ့ခိုင်ရေးတို့ဖြစ်သည်။ ဘုရင့်နောင်ဖောင်ဖျက်၍တိုက်ပွဲဝင်သလို အောင်စိတ်မွေးရသည်။ အဖေက ကျွန်တော်စာကြည့်ရန်စားပွဲကလေးတစ်လုံးရိုက်ပေးသည်။ သုံးကျပ်ခွဲတန် မှန်အိမ်တစ်လုံးဝယ်ပေးသည်။

ဆယ်တန်းမှာ ပထမအစမ်းစာမေးပွဲစစ်တော့ ကျွန်တော်ပထမရသည်။ အတန်းပိုင်ဆရာ ဦးတင်မောင်က "ဒီအတိုင်းဆိုရင် မင်းဆယ်တန်းကို နှစ်ချင်းပေါက်အောင်နိုင်တယ်မပေါ့နဲ့ ဆက်ကြိုးစား"ဟု နိမိတ်ဖတ်ခဲ့သည်။ ကျွန်တော်ကြိုးစားအားရှိလာသည်။ ခပ်မှိန်မှိန်မှန်အိမ်မီးရောင်အောက်တွင် ညသန်းခေါင်ထိစာကြည့်သည်။ စာမတတ်ခဲ့ရရှာသော အမေက သူ့သားကို ဆယ်တန်းအောင်စေချင်၍ ညစဉ်အနီးမှာ ထိုင်ပေးသည်။ ရေနွေးကြမ်း၊ မရမ်းပေါင်း၊ လက်ဖက်သုပ် အိပ်ချင်ပြေအမေကျွေးနေကျ။ ကျွန်တော်အိပ်မှ အမေအိပ်သည်။ နံနက်လေးနာရီကျွန်တော်ထစာကျက်တော့ အမေဆွမ်းချက်သည်။ မေတ္တာစေတနာနှင့်ရစ်ထွေးသော အမေ၏စောင့်ရှောက်မှုကို ခံစားရပါသည်။

တစ်ခုသော ညတွင်ဖြစ်သည်။ အဖေသည်ကျွန်တော်စာကြည့် စားပွဲနားသို့လာထိုင်သည်။ အဖေ၏မျက်နှာမှာ တစ်စုံတစ်ရာစိုးရိမ်နေသလိုရှိ၏။ ကျွန်တော့်ကို ဒီနှစ်ဆယ်တန်းနှစ်ချင်းပေါက်အောင် အောင်ဖြေနောက်ပိုင်းကိစ္စတွေ ဘာမှမဲမတင်းနဲ့ အဖေဖြစ်အောင်လုပ်မယ်ဟုပြောသည်။ တကယ်တော့ ထိုအချိန်မှာအဖေအလုပ်လက်မဲ့ဖြစ်နေသည်ဆိုသည်ကို ကျွန်တော်သိသည်။ ထိုနှစ်များက အခြေအနေအရထန်းလျက် ရောင်းဝယ်ရေးလုပ်ငန်းတွေကျနေသည်။ အဖေအလုပ်လုပ်သော ပွဲရုံပိုင်းက ပိတ်သွားသည်။ အဖေသည် အခြားမိတ်ဆွေပွဲရုံပိုင်းတွေသွား၍ အလုပ်ရှာနေရသောအချိန်ဖြစ်သည်။ အမေကတော့ စိတ်မပူသူ့အလုပ်ပိုလုပ်သည်။ နေ့မှာရက်ကန်းရက်၍ ညမှာ ယောဖက်ခေါ်းလိပ်

www.burmeseclassic.com

www.burmeseclassic.com



အငှားလိုင်သည်။ တစ်လိုင်ဆယ်ပြား၊ တစ်ညအလိုင်နှစ်ဆယ့်ငါးလိုင် ပြီးလျှင် နှစ်ကျပ်ခွဲရသည်။ ဆန်နှစ်ပြည်ဖိုးရသည်။

ထိုနှစ်က ကျွန်တော်ပြင်းပြင်းထန်ထန်ကြိုးစားရပါသည်။ မိဘ၏ ဆင်းရဲခြင်းကို အားပြု၍ပင် အပတ်တကုတ်ကြိုးစားခဲ့ရသည်။

"ကျမ်းထိုမျှကို၊ တွေ့ကမရှောင်
ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသို့
လွှသွားပမာ ကျော်ကျော်ထက်စာသို့
လိုရာရအောင် ကြံဆောင်လေ့ကျက်
အနက်အဓိပ္ပာယ် နှုတ်ဝယ်ရှုရှု
ထားချေမှတည့် တစ်စပေါ်လျှင်
ချည်စင်သို့ သဘင်ပွဲမှောက်
ဆိုရေးရောက်က လန့်ကြောက်မရှိ
သတိမြဲခိုင် ကျော်တိုင်ပမာ

ကေသရာသို့" ဟူသော ပြဋ္ဌာန်းချက် ကဗျာပန်းကုံးစာအုပ်တွင်ပါသည့် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာတွင် ကျွန်တော့်ကို ပညာအလင်းရောင်ပေး၍ တွန်းပို့ခဲ့သည်။ ထိုနှစ်မှာပင် ကျွန်တော် မစ်ထရစ်စာမေးပွဲ နှစ်ချင်းပေါက်အောင်ပါသည်။

အောင်စာရင်းထွက်သည့်နေ့က အဖေရော အမေပါ အလွန်ဝမ်းသာနေကြသည်။ ဇရာ၏လက္ခဏာပါးရေနားရေကလေးတွေ လှိုင်းထနေပြီ ဖြစ်သော အမေနှင့်အဖေ၏ မျက်နှာတို့ ကြည်လင်ရွှင်ပျ၍နေသည်။ ဆန်အိုးထဲမှာ ဆန်နည်းကောင်းနည်းမည် သို့သော် အမေတို့ပျော်နေကြသည်။

◻

တက္ကသိုလ်သွားဖို့က အမြင်နီးသော်လည်း ခရီးဝေးသည့်တောင်ဟု ဆိုရလောက်သည်။ ပညာသင်စရိတ်ကကြီးလာပြီ။ စားဝတ်နေရေးကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါလာပြီ။ ထိုစဉ်က အညာမှာမန္တလေးတက္ကသိုလ်တစ်ခုသာရှိသည်။ တက္ကသိုလ်မှာလေးနှစ်တာ ပညာခရီးအတွက်စဉ်းစားရသည်။ ဝန်နှင့်အား နှင့် မျှပါမည်လားဟု တွက်ဆကြရသည်။

အဖေနှင့်အမေသည် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြရရှာသည်။ မိမိတို့၏ ခနအင်အားကို တွက်ဆကြည့်တော့လည်း မယ်မယ်ရရ ရှိကြဟန်မတူပါ။ ထိုကာလက ပညာရေးတွင် အလှူဒါနပြုကြသူငါဟူသော လူမှုရေး အထောက်အပံ့တို့က ရှားပါးလှသေးသည်။ ကိုယ့်ထီးကိုယ်ဆောင်းကိုယ့်ကျောင်းကိုယ်သွားနေရသောကာလဖြစ်သည်။ တက္ကသိုလ်မှာ အစိုးရကပေးသော စတိုင်ပင်တစ်ခုသာမြှော်လင့်ရသည်။ စတိုင်ပင်မရလျှင် အတော်ကြမ်းတမ်းသော ခရီးဖြစ်မည်။

ကျွန်တော့်အနေနှင့်လည်း ကြိုတင်ပြင်ဆင်မှုများရှိထားခဲ့သည်။ မိဘတွေက တက္ကသိုလ်ဆက်ထားခဲ့လျှင် ခြိုးခြံချွေတာစွာဖြင့် ပညာသင်မည်။ ဘွဲ့ရအောင်ကြိုးစားမည်။ အကယ်၍သာ မိဘတို့က ဆက်မထားလျှင် မူလတန်းပြဆရာအလုပ်၊ စာရေးအလုပ်ဝင်လုပ်မည်။ နောက်မှဘွဲ့ရအောင် အလွတ်ဖြေမည်ဟူ၍ဖြစ်သည်။

ကျောင်းဖွင့်ရက်နီးလေ၊ အဖေနှင့်ကျွန်တော်တို့ အပြင်းအထန် ကြံစည်လှုပ်ရှားရလေဖြစ်သည်။ တစ်ညနေတွင် အတန်းပိုင်ဆရာ ဦးတင်မောင်၏အိမ်သို့ ကျွန်တော်သွားခဲ့သည်။ အိမ်အပေါ်ထပ်မှာ ဆရာ အေးအေးဆေးဆေး စာဖတ်နေချိန်ဖြစ်သည်။ ကျွန်တော်အိမ်ပေါ်တက် လာကတည်းက အခြေအနေကို ဆရာခန့်မှန်းပြီးဖြစ်ပါမည်။ ကျွန်တော် ဆရာနှင့်မနီးမဝေးမှာ ထိုင်မိလျှင် ...

"ကိုင်းဆိုစမ်းကွ မင်းဘာတွေပြောစရာရှိလို့တုန်း"

ကျွန်တော်ဆရာမျက်နှာကို ရဲရဲမကြည့်ရဲပါ။ အောက်သို့ခေါင်းငုံ့ ငုံ့ပြီး "ကျွန်တော်တက္ကသိုလ်ဆက်တက်ဖို့ကိစ္စ ဆရာ့ဆီလာပြီးတင်ပြ တာပါဆရာ" ဟု အစချီကာ မိဘအခြေအနေ၊ ငွေရေးကြေးရေးအခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေ သွားသင့် မသွားသင့် မိသားစုစဉ်းစားနေရသည့် အခြေအနေတို့ကို အသေးစိတ်တင်ပြလိုက်သည်။ တင်ပြမှုကို အသေးစိတ်နားထောင်၍ ဆရာသည် ပက်လက်ကုလားထိုင်နောက်မှီကိုမှီကာ အတန်ကြာစဉ်းစားနေ၏ ချင်းတွင်းမြစ်ဘက်ဆီမှ တိုက်လာသော လေနုအေးတွင် တပည့်၏အပူသည် ဆရာသို့ကူးနေဟန်ရှိသည်။ ခဏကြာမှ ဆရာက -

"မင်းဉာဏ်နဲ့တက္ကသိုလ်နဲ့တော့လိုက်တယ်။ ဘဝမှာ အခက်အခဲဆိုတာတော့ရှိတာပေါ့ကွာ။ ယောက်ျားကောင်းတို့မည်သည် အခက်အခဲကိုဖြေရှင်းကျော်လွှားနိုင်ရမှာပေါ့။ "ယောက်ျားတံခွန်လူ့ရည်ချွန်ကား မိုးစွန်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်းရမြဲလမ်း" တဲ့ အဲဒီတော့ဆရာပြောချင်တာက မင်းတက္ကသိုလ်သွားတာသွားကွာ။ ဟိုရောက်ရင်သူ့သဘောသူ့ဆောင်ပြီးဖြစ်လာပါလိမ့်မယ်"

ဆရာဦးတင်မောင်၏ တိုက်တွန်းချက်က ကျွန်တော်နှင့်အဖေတို့၏အတွေးတံခါးကို တွန်းဖွင့်ပေးလိုက်သည်။

အဖေကလည်း သူ့ပတ်ဝန်းကျင် လက်လှမ်းမှီသမျှ လေ့လာထားပြီးဖြစ်သည်။ မန္တလေးတက္ကသိုလ်တွင် တက်နေသော အကိုကြီးလှမြင့်နှင့်တွေ့ဆုံပြီးဖြစ်သည်။ သူသိသမျှနှင့် တွေးမိသမျှကိုလည်း ပြောပြရှာသည်။

"မန္တလေးတက္ကသိုလ်မှာ ဘော်ဒါနေတာထက် အပြင်ဗောဓိကုန်းရပ်မှာ အိမ်ငှားပြီးနေတာက စရိတ်သက်သာတယ်တဲ့။ ကိုယ့်ထမင်းကိုယ်ချက်စားပြီး ကျောင်းတက်နိုင်ရင် ပိုတောင်သက်သာသေးသတဲ့မင်းလည်းဖြစ်အောင်နေကွာ။ အဖေလည်း နောက်ပိုင်းက ဖြစ်အောင်ဆောင်ကြဉ်းမှာပါကွာ" ဟု ပြောရှာသည်။

အမေကမူ ဘာမှမပြော။ သူ့ရက်ကန်းစင်မှာ ကျွန်တော်တက္ကသိုလ်တက်ဖို့ မာဆလိုက်ချည်ချောဖြင့် ယောလုံချည်အဆင်ကျေးတော်ရာနှင့်စကြောလည်နှစ်ကွင်းရက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အညာကျေးတောနေ ရိုးသားသောအမေ၊ စာမသင်ခဲ့ရ၊ စာမဖတ်ခဲ့ရသောအမေ၊ ဘုန်းကြီးကျောင်းပညာ၊ ဘုန်းကြီးကျောင်းစာသင်ခဲ့ရသော အဖေတို့က ကျေးလက်မှာ ဆင်းဆင်းရဲရဲနှင့်လှုပ်ရှား ရုန်းကန်ရင်း သားတစ်ယောက်ကို ဘွဲ့ရအောင် ပညာတတ်နိုင်ငံ့ဝန်ထမ်းကောင်း တစ်ယောက်ဖြစ်အောင် ပညာသင်ပေးနိုင်ခဲ့ကြသည်။

မေတ္တာနှင့်သစ္စာကို အရင်းခံ၍ တည်ဆောက်ခဲ့ကြသော လောကလှရွာ အိမ်ထောင်ရှင်ဘဝတွင် အဖေနှင့်အမေသည် အေးအတူပူအမျှ၊ အပေး အယူတူမျှလျက် လောကဓံတရားတို့ကို ရဲရဲရင်ဆိုင်ကာ မျိုးဆက်သစ် အတွက် တာဝန်ကျေအောင် ဆောင်ကြဉ်းနိုင်ခဲ့ကြသော မိဘဂုဏ်ရည်ကို လွမ်းလွမ်းတသ ဖူးမြင်ကြည်ညိုရပါသည်။

မြေနီတောလမ်းအတိုင်း မောင်းလာသော ကျွန်တော်တို့ဂျစ်ကား ကလေးသည် ဖိုးပြောင်ဇရပ်သို့ရောက်၏။ ထိုမှကွေ့၍ အောင်နန်းရွာ တွင်းသို့ ဝင်ခဲ့သည်။ ရွာအဝင်မူလတန်းကျောင်းကလေးဆီမှ ကျောင်း သားကျောင်းသူကလေးများ ကျောင်းဆင်းချိန်ဖြစ်၍ တပျော်တပါးပြေး ထွက်လာကြသည်ကိုတွေ့ရသည်။ လုံချည်စိမ်း၊ အင်္ကျီဖြူကလေးတွေနှင့် စပယ်ပန်းခက်ကလေးတို့ ကြဲဖြန့်လိုက်သလို စာင့်တယ်ကြပါဘိသည်။ အော်သံဟစ်သံ ခေါ်သံထူးသံ၊ ငြင်းသံ၊ ခုံသံ၊ ကဗျာဟစ်သံ စာရွတ်သံတွေ နှင့်လည်း လှိုင်သွားသည်။ မြင်ကွင်းကိုကြည့်၍ ဝမ်းသာရွှင်လန်းရသည်။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ကြပါစေ၊ မေတ္တာနှင့် သစ္စာကိုအရင်းတည်၍ လူ့ဘုံလောကတွင် အိမ်ထောင်ရှင်ဖြစ်လာကြ သော မိဘတို့သည် မျိုးဆက်သစ်ကလေးငယ်တို့၏ ပညာရေးဘဝကို ကြိုးပမ်းမြှင့်တင်ပေးနိုင်ကြပါစေ၊ အမေက မြေ၊ အဖေက မိုး ပဖော ရင်သွေးဘဝ ပန်းလိုလှအောင် ပျိုးထောင်နိုင်ကြပါစေ ဟုဆန္ဒပြုမိသည်။

ရင်သွေးငယ်တို့၏ ပညာရေးခရီးတွင် ငွေကြေးမနည်းသည့် အရေးပါ လှသည်မှန်သော်လည်း မိဘတို့၏ မေတ္တာစေတနာနှင့် စွမ်းဆောင်ရည်က ပဓာနကျသည်ဟု ဆိုချင်ပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၆ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆု
ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ

**လောကအလှ ဘဝကြေးမုံ ဝတ္ထုတိုများ**

ရေးသူ - နေမျိုးသန့်

အဖ ဦးဘသန့်၊ အမိ ဒေါ်အေးကြွယ်တို့မှ ၁၉၄၃ ခုနှစ်တွင် အောင်နန်းရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်း၌ မွေးဖွားသည်။

ရေစကြိုအထက်တန်းကျောင်း၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။ မြင်းမူမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ အရာတော်မြို့နယ်တို့တွင် အထက်တန်းပြ၊ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးစသည့်တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၇၁ ခုနှစ်မှစ၍ "တင်မြင့်" ကလောင်အမည်ဖြင့် ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ စာနယ်ဇင်းများစွာတွင် ရေးသားခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ "နေမျိုးသန့်" အမည်ဖြင့် စာနယ်ဇင်းများတွင် ရေးသားသည်။

၁၉၉၀ ပြည့်နှစ်၊ စာပေဗိမာန်စာမူပြိုင်ပွဲတွင် "ပုံတောင်ပုံညာ ခရီးသည်" စာမူဖြင့် ပထမဆု၊ ၁၉၉၁ ခုနှစ်၊ စာပေဗိမာန်စာမူပြိုင်ပွဲတွင် "ဗန့်ကျိုကို လှမ်းပါလို့ ပခန်းကိုဝင်ခဲ့တယ်" စာမူဖြင့် ပထမဆု၊ ၁၉၉၃ ခုနှစ်၊ စာပေဗိမာန်စာမူပြိုင်ပွဲတွင် "အညာတရိုးက ဆရာဖိုး" စာမူဖြင့် ဒုတိယဆု၊ ၁၉၉၇ ခုနှစ်၊ စာပေဗိမာန်စာမူပြိုင်ပွဲတွင် "ခယောင်းမြေမှာ ပန်းတွေကမွှေး" စာမူဖြင့် ပထမဆု၊ ၂၀၀၀ ပြည့်နှစ်၊ စာပေဗိမာန်စာမူပြိုင်ပွဲတွင် "သရဖီကြိုင် သင်းပါတဲ့ဝင်းမြရည်မြေ" ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိခဲ့သည်။

အထက်မြန်မာပြည် အမှတ် (၂) အခြေခံပညာဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး (သင်ကြား) ရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။

အမည်ရင်း - ဦးတင်မြင့်

နေရပ်လိပ်စာ - သဇင်လမ်း၊ ဘုရင့်နောင်ရပ်၊ မြင်းမူမြို့။

www.burmeseclassic.com